www.burmeseclassic.com


# ရသစုံလင် တရုတ်ပုံပြင်များ (၃) နှင့် (၄)



## FAMOUS CHINESE SHORT STORIES PART III & IV

Retold by LIN YUTANG (1959)

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# FAMOUS CHINESE SHORT STORIES PART 3 & 4

## Retold by Lin Yutang (1959)

## မာတိကာ

**အပိုင်း - ၁**


၁ - မုတ်ဆိတ်နီကြီး ( တုကွမ်ထျင်း - တန်မင်းဆက်)

၂ - လူမျောက်ဖြူ ( အမည်မသိ - တန်မင်းဆက်)

၃ - လူစိမ်းရဲ့စာ ( ချင်ပင်းရှန်တန် - ဆွန်မင်းဆက်)

၄ - ကျောက်စိမ်းနတ်မယ် (ချင်ပန်ထန်ရှု - ဆွန်မင်းဆက်)

၅ - ပြဟ္မစရိယမုခ်ခုံး ( ပါးစပ်ရာဇဝင် - တန်မင်းဆက်)


**အပိုင်း - ၂**


၆ - ရမ္မက် သို့မဟုတ် အနောက်ဆောင်လေသာခန်းကချစ်ပုံပြင် ( ယွင်ချန် - တန်မင်းဆက် )

၇ - ချန်နန် ( ချန်ဆွမ်ယူ - တန်မင်းဆက်)

၈ - မင်းကတော် မဒီ ( လျန်ပူ - ဆွန်မင်းဆက် )

၉ - မနာလိုစိတ် ( ချင်ပန်ထန်ရှု - ဆွန်မင်းဆက် )

၁၀ - ဂျိုဂျို ( ပုဆန်လင်း - ချင်မင်းဆက် )




www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း - ၃

၁၁ - တညတာနားခိုရာ ( လီဖူယန်း - တန်မင်းဆက်)

၁၂ - ငါးဘဝမှာ ခဏတာ ( လီဖူယန်း - တန်မင်းဆက်)

၁၃ - ဟင်းမျိုးကြီး ( လီဖူယန်း - တန်မင်းဆက် )

၁၄ - ဖူးစာတည်းခိုခန်း ( လီဖူယန်း - တန်မင်းဆက်)

၁၅ - ဖိုးသမားအိမ်မက် ( လီကွမ်စို- တန်မင်းဆက် )

## အပိုင်း - ၄

၁၆ - အပယ်ခံမိန်းကလေး (တွမ်ချန်ရှူ - တန်မင်းဆက်)

၁၇- ပုရစ်ကလေး ( ပုဆန်လင်း - ချင်မင်းဆက်)

၁၈ - ကဗျာ့ရိပ်မြုံ (ဝမ်ချူး - ဆွန်မင်းဆက် )

၁၉ - စာဂျပိုး ( ပုဆန်လင်း - ချင်မင်းဆက် )

၂၀ - ချွန်ရှန် က ဝံပုလွေ ( ရှဲ့လျန် - ဆွန်မင်းဆက်)



www.burmeseclassic.com

www.burmeseclassic.com



# A LODGING FOR THE NIGHT

A Lodging for the Night, The Man Who Became a Fish, The Tiger, and Matrimony Inn

These four stories are written by Li Fu-Yen (See Introduction). They are Preserved in T'aip'ing Kwangchi as Numbers 418,471,429 and 159 respectively. Another story by the same author may be found in my Vigil of a Nation (John Day), pages 155-58; it is told against the same weird background of magic and answers the question: When is it hardest for a person to keep his mouth shut? Among the four here, "Matrimony Inn" is the best known, and the phrases "the old man under the moon" and "tying red threads" have passed into current Chinese vocabulary.

**Lin Yutang**



www.burmeseclassic.com

www.burmeseclassic.com

# ၁၁ ။ တညတာနားခိုရာ

စာရှုသူများ ပထမဆုံးပုံပြင် " မုတ်ဆိတ်နီကြီး "ရဲ့ဇာတ်လိုက်တစ်ဦးဖြစ်တဲ့ စစ်သေနာပတိချုပ် လီဆင်းကိုမှတ်မိကြသေးလားမဆိုနိုင်ဘူး ။ အခုပြောမဲ့ဇာတ်လမ်းကအဲဒီသေနာပတိလီဆင်းမျက်နှာမွဲလူရွယ်ဘဝကကြုံခဲ့ရတဲ့အဖြစ်ဆန်းတစ်ခုပေါ့ ။ လီဆင်းတစ်ယောက်နိုင်ငံရေးလောကထဲကိုခြေစုံပစ်မဝင်ခင် ငယ်ငယ်ပဲရှိသေးတဲ့အရွယ်တုန်းကဟူအိုတောင်တန်းတွေဘက်ကိုမကြာခဏအမဲလိုက်ထွက်လေ့ရှိပါသတဲ့ ။ အဲဒီနားကတောင်ပေါ်သားတွေဆိုတာတော့ လီဆင်းကိုမမြင်ချင်မှအဆုံးပဲ ။ တောင်ပေါ်ရွာမှန်သမျှကလည်း အရပ်မြင့်မြင့်နဲ့ရုပ်ရည်သန့်ပြန့်ရည်မွန်ပြီးခင်မင်စရာကောင်းတဲ့လီဆင်းကိုချစ်ကြတယ်။ လီဆင်းကလည်းတောင်ပေါ်သားတွေနဲ့ဆို လုံးထွေးနေတာများဆွေမျိုးအရင်းလားမှတ်ရတာ ။ သူမို့အမဲလိုက်ထွက်ပြီဆိုရင် အဲဒီနားကတစ်ရွာမဟုတ်တစ်ရွာမှာဝင်နားခိုပြီးညစာဖြစ်ဖြစ် ၊ နေ့လည်စာဖြစ်ဖြစ်ဝင်စားနေကြပေါ့ ။ အဲဒီထဲကမှရွာတစ်ရွာမှာတော့ လီဆင်းမြို့မပြန်နိုင်တိုင်းတညတာနားဖို့အတွက်နေရာထိုင်ခင်းနဲ့ အစားအသောက်တွေကိုအမြဲပြင်ပေးထားတဲ့အဖိုးတစ်ယောက်ရှိသတဲ့ ။ အဲဒီအဖိုးဟာစားနိုင်သောက်နိုင်ရှိတဲ့အပြင် မြေးအရွယ်လူကြမ်းကြီးလီဆင်းကိုချစ်ခင်လို့သက်သက်ကူညီတာဆိုတော့တည်းခိုနေထိုင်ခဘာညာလည်းမယူရှာပါဘူး ။ လီဆင်းများအမဲလိုက်ရာကနေညဥ့်နက်သန်းခေါင်ပြန်လာပြီဆိုရင်အဲဒီအဖိုးအိမ်ကိုသာတန်းသွား... ညစာပူပူနွေးနွေးနဲ့ အိပ်ယာကလည်းအသင့်ပဲ ။ ဒီလောက်ထိ လီဆင်းနဲ့အဖိုးဟာမြေးအဖိုးအရင်းတွေလိုမျိုး သံယောဇဉ်ကြီးကြပါသတဲ့ ။

တရက်တော့လီဆင်းဟာထုံးစံအတိုင်းအမဲလိုက်ထွက်ရင်းနဲ့ သမင်တစ်အုပ်ကိုခြေရာခံမိပြီး ဖွဲနပဲကြီးကြီးနဲ့လိုက်သတဲ့ ။ လီဆင်းဆိုတာ အဲဒီခေတ်ကနာမည်ကျော်မြင်းသမားမုဆိုးမဟုတ်လား ။ တောင်ဆိတ်အုပ်များဆိုတောင်ပေါ်တက်လိုက် ၊ လျှိုထဲဆင်းချသွားလိုက်နဲ့ခြေရာခံလိုက်ရင် ဘယ်လောက်မှမကြာဘူး၊ မိတာပဲ ။ ဒါပေမဲ့ဒီသမင်အုပ်ကတော့ ရုတ်ကနဲပဲမြင်လိုက်ရပြီး စုတ်စမြုတ်စပျောက်သွားလိုက်တာများ အစအနတောင်ရှာမရတော့ဘူး ။ ဒါပေမဲ့ဖွဲကြီးလှတဲ့ လီဆင်းကတော့ ကိုက်ငါးရာအကွာလောက်ဆိုရင်ကို ကောင်းကောင်းမြင်ရနိုင်တယ်ဆိုပြီးလက်မလျှော့စတမ်းလိုက်တာပဲ ။ ဒီလိုနဲ့တောင်ထွတ်တွေတစ်ခုပြီးတစ်ခုသာကျော်လာတယ်...သမင်မတွေ့ပဲလမ်းပျောက်တာသာအဖတ်တင်ရတဲ့အထဲမိုးပါချုပ်သွားရော ။ ဒါနဲ့မောလည်းမော ၊ရှက်လည်းရှက်နဲ့ မခံချိမခံသာပဲလာရာလမ်းအတိုင်းပြန်လှည့်ဖို့ကြိုးစားတဲ့အခါမှ သမင်ဖောကပ်ပြီးသူတစ်ခါမှမရောက်ဖူးတဲ့နေရာဘက်နားအထိတောကျွံလာမှန်းသိရတော့တယ် ။ ဒါနဲ့စမ်းတဝါးဝါးနဲ့ပဲအပြန်လမ်းပြန်ရှာကြည့်နေတုန်း မိုးမှောင်ကြီးကျလာပြန်လို့



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပူစပြုလာတဲ့အချိန်မှာပဲ မြင်နေရတဲ့မျက်နှာချင်းဆိုင်တောင်ထိပ်မှာ မီးရောင်ဖြာထွက်နေတာကိုသတိပြုလိုက်မိသတဲ့ ။ ကြည့်ရတာအခုနေရာကနေမြင်းအသာစိုင်းသွားလိုက်ရင် နာရီဝက်လောက်နေရင်ရောက်မဲ့ခရီးလို့မှန်းရတော့ တစ်ညတာတည်းစရာနေရာရလိုရငြား အဲဒီဘက်ကိုမျှော်လင့်တကြီးနဲ့သွားတာပေါ့လေ ။

အဲဒီမီးရောင်နားရောက်တော့ နံရံဖြူဖြူမြင့်မြင့်ကြီးကာလို့ တံခါးနီကြီးတွေနဲ့အလွန်ကြီးတဲ့ရဲတိုက်ဖြစ်နေတာကိုတအံ့တသြတွေ့လိုက်ရတယ်။ ဒါနဲ့လီဆင်းတံခါးခေါက်ကြည့်လို့ တအောင့်လောက်လဲကြာရော ဘေးတံခါးလေးတစ်ခုပွင့်လာပြီး အစေခံတစ်ယောက်ထွက်လာတယ် ။ လီဆင်းလည်း သူအမဲလိုက်ရင်းလမ်းပျောက်သွားလို့ ဒီမှာတစ်ညလောက်တည်းခိုချင်ပါကြောင်း မေတ္တာရပ်ခံတော့ အစေခံကဆိုသတဲ့ ။

"…….အင်း…မဖြစ်ဘူးထင်တယ်ဗျ…အိမ်တော်ကသခင်လေးတွေအကုန်ခရီးလွန်နေတော့..သခင်မကြီးပဲရှိတာ..ဧည့်စိမ်းလက်ခံချင်မယ်မထင်ဘူး…."

"…….ဘာပဲဖြစ်ဖြစ်..သခင်မကြီးကိုတော့သွားလျှောက်တင်ပေးပါဦးဗျာ…ကျုပ်အခုမှလမ်းရှာပြီးအိမ်ပြန်ဖို့မိုးသိပ်ချုပ်သွားလို့ပါ…."

ဒါနဲ့အစေခံလည်းပြန်ဝင်သွားပြီး ခဏနေတော့လီဆင်းကိုအိမ်ထဲဝင်ခွင့်ပေးပါသတဲ့ ။

"……အင်း…သခင်မကြီးကဧည့်စိမ်းလက်မခံချင်လှဘူးရယ်…နောက်မှခင်ဗျားအမဲလိုက်ရင်းလမ်းပျောက်လာမှန်းသိတော့သနားပြီးလက်ခံလိုက်တာ..ဒီတညတော့ဒီမှာတည်းခိုနိုင်ပါတယ်တဲ့..ကဲ..ဝင်ခဲ့ပါ..မိတ်ဆွေ…."

ပြောပြောဆိုဆိုနဲ့ လီဆင်းကိုသလင်းဖလ်မီးအိမ်တွေ ၊ ရှေးဟောင်းအနုပညာပစ္စည်းတွေ ၊ နပေ့ဆိုတဲ့ကြွေထည်တွေနဲ့သားသားနားနားပြင်ဆင်ထားတဲ့ဧည့်ခံခမ်းမဆောင်ကြီးထဲကိုခေါ်သွားရော ။ တအောင့်လောက်နေတော့ ရှေ့ပြေးကျွန်မကလေးတစ်ယောက်ထွက်လာပြီး အသိပေးကြေငြာပါသတဲ့ ။

"…….သခင်မကြီးကြွချီတော်မူလာပါပြီ…."



www.burmeseclassic.com

www.burmeseclassic.com

ကြေငြာသံအဆုံးမှာ အသက်ငါးဆယ်ကျော်လောက် ပိန်ပိန်ပါးပါးနဲ့အင်မတန်ယဉ်ပြီးခံ့ထည်လှတဲ့ သခင်မကြီးဝင်လာတယ် ။ အလွန်ရိုးတဲ့အနက်ထည်ကိုပဲဆင်ထားပေမဲ့ ဝတ်ရုံကိုကအဖိုးထိုက်တန်လှမှန်းသိသာလှပါသတဲ့ ။ ဒါနဲ့လီဆင်းလည်းအရိုအသေပေးဦးညွှတ်ရင်း အခုလိုညကြီးမင်းကြီးအနှောက်အယှက်ပေးမိတဲ့အတွက် တောင်းပန်စကားဆိုတော့ သခင်မကြီးက အေးအေးပဲပြန်ပြောတယ် ။

"…..အေးကွယ်…ဒီညမှပဲကျုပ်သားတွေအကုန်လုံးအပြင်သွားနေကြတာ..သားတွေမရှိရင်ကျုပ်ကဧည့်သည်လက်ခံလေ့မရှိဘူး…ဒါပေမဲ့ဒီလောက်ကြီးမိုးမှောင်ကျနေတဲ့ညကြီးထဲမှာ…လမ်းပျောက်လာတဲ့မောင်ရင့်ကိုမျက်နှာလွှဲခဲပစ်တော့လည်းကျုပ်ကမလုပ်ရက်ပြန်ဘူး….ကံဆုံလို့ကြုံရတယ်မှတ်ပါတယ်..မောင်ရင်လေးရယ်…"

သခင်မကြီးဟာ အလွန်တည်တည်ကြည်ကြည် ရာဇအိန္ဒြေအပြည့်နဲ့ပေမဲ့ သူ့စကားသံဟာအင်မတန်ကြင်နာတတ်ပြီးသားတွေကို အလွန်ချစ်တတ်တဲ့မိခင်ရဲ့ စကားဆိုဟန်မျိုးနဲ့မို့ လီဆင်းရဲ့ရင်ထဲကိုအေးမြသွားတာပါပဲ ။ မိခင်လိုအေးဆေးနူးညံ့လွန်းလှတဲ့ သခင်မကြီးရဲ့ဖြူစပြုနေတဲ့ကေသာတွေကတောင် ကြက်သရေရှိလှပါသတဲ့ ။ ဒါနဲ့ဗိုက်ဆာနေရောပေါ့မယ်ဆိုပြီး လီဆင်းကိုညစာကျွေးကြတယ် ။ ညစာကတော့ရိုးရိုးရှင်းရှင်းပေမဲ့ အင်မတန်မှကိုအရသာရှိလှပါသတဲ့ ။ ငါးကိုအဓိကထားပြီးတော့အမျိုးအမည်စုံအောင်ချက်ထားပြီး သလင်းပန်းကန်လုံးလေးတွေထဲမှာဆင်စွယ်တူတွေနဲ့တည်ခင်းဧည့်ခံကြတယ် ။ ညစာစားပြီးတာနဲ့ သခင်မကြီးကလီဆင်းကိုနှုတ်ဆက်ရင်း အတွင်းခန်းထဲဝင်ဖို့လုပ်သတဲ့ ။

"…….မောင်ရင်လေးလည်းပင်ပန်းလှရောပေါ့ကွယ်..နားချင်ရှာရောပေါ့မယ်..မောင်ရင့်အတွက်လိုတာမှန်သမျှပြည့်စုံအောင်ကျုပ်ကျွန်မတွေကိုမှာထားပါတယ်…ကဲ..ကဲ…ကောင်းကောင်းအိပ်စက်အနားယူတော့..ဟုတ်ပြီလား……."

ဒါနဲ့ကျေးဇူးစကားအထပ်ထပ်နေဆိုတဲ့ လီဆင်းကိုသခင်မကြီးကကောင်းသောညပါလို့နှုတ်ဆက်ရင်း ချိုချိုသာသာနဲ့သတိပေးသလိုပြောပြန်သတဲ့ ။

"………ညလယ်လောက်မှာဆူဆူညံညံအသံတွေများကြားခဲ့ရင်စိတ်မရှိနဲ့နော်..မောင်ရင်လေး….အေးအေးလူလူသာအနားယူပါကွယ်…ထကြည့်ပြုစရာလည်းမလိုပါဘူး..ဟုတ်ပြီလား….."



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့အံ့ဩနေပုံရတဲ့လီဆင်းကိုသတိပြုမိတော့ သခင်မကြီးကထပ်ဖြည့်ပြောသတဲ့ ။

"………ကျုပ်သားတွေကတခါတလေ..အလွန်မိုးချုပ်မှအိမ်ပြန်လာတတ်ကြတာကွယ့်…အဲ..သူတို့များပြန်လာရင် အခြွေအရံတွေတစ်အုပ်ကြီးနဲ့ဆိုတော့..နည်းနည်းဆူညံတတ်တယ်…ကျုပ်ကမောင်ရင်လေးအလန့်တကြားဖြစ် သွားမှာစိုးလို့ကြို့ပြောထားတာပါ…အားတော့နာပါတယ်ကွယ်…"

"…..အို…မဖြစ်ပါဘူး..သခင်မကြီးခင်ဗျား..တညတာကျောချစရာနေရာရတာကိုတောင်ကျေးဇူးကြီးလှပါပြီ…ကျွန် တော်ကသာအားနာရမဲ့သူပါ……"

လီဆင်းမှာသခင်မကြီးရဲ့သားတွေကဘယ်အရွယ်တွေရှိပြီး ဘာတွေလုပ်နေကြလို့ညကျမှပဲပြန်ရောက်လာတတ် ကြတာပါလိမ့်လို့သိချင်လာပေမဲ့ စပ်စုရာကျမှာစိုးလို့နှုတ်ကတော့ထုတ်မမေးဖြစ်ပါဘူးတဲ့ ။ ခဏနေတော့ ကျွန်မ လေးနှစ်ယောက်ရောက်လာပြီး ဖြူဖွေးနူးညံ့နေတဲ့အိပ်ယာကိုလာခင်းပေးကြတယ် ။ အစစအရာရာပြည့်စုံပြီဆိုမှ တံခါးကိုအသာပိတ်လို့ပြန်ထွက်သွားကြတယ် ။ အိပ်ယာကနွေးထွေးနူးညံ့ပြီး သက်တောင့်သက်သာရှိလွန်းလှလို့ လီဆင်းမှာအိပ်ယာဝင်ဝင်ချင်းကိုအိပ်ပျော်လှမတတ်ပဲ ။ တနေကုန်အမဲလိုက်ထားတော့ပင်ပန်းလှပြီမဟုတ်လား။ ဒါပေမဲ့ဒီလောက်ဝေးလံခေါင်ခိုက်ပြီး အင်မတန်မြင့်တဲ့တောင်ထွတ်တွေကြားမှာ ဘာကိစ္စဒီလိုစံအိမ်ကြီးလာတည် ပြီးနေကြသလဲဆိုတာကိုတွေးလိုက်မိတော့မျက်လုံးကြောင်သွားရော ။ တကယ်ကခြေလက်တွေနာလို့ တစ်ကိုယ် လုံးကိုင်ရိုက်ခံထားရသလိုဖြစ်နေတော့ အိပ်ချင်လှပြီ ။ ဒါပေမဲ့လူသူတောင်မရောက်တဲ့ဒေသကထူးထူးဆန်းဆန်း အိမ်တော်ကြီးထဲမှာတည်းခိုနေရတော့ အာရုံကြောတွေလန်းဆန်းပြီးမျက်စိကျယ်နေပါသတဲ့ ။ သားကောင်ချောင်း နေတဲ့မုဆိုးများလိုပေါ့လေ ။ အိပ်ယာထဲမလှုပ်မယှက်နဲ့လှဲနေပေမဲ့ ဘာများဖြစ်လာမလဲဆိုပြီးအသာစောင့်နေမိပါ သတဲ့ ။

သန်းခေါင်လောက်တိုင်တော့ စံအိမ်တံခါးမကြီးကိုအပြင်းအထန်အရေးတကြီးပုံစံမျိုးနဲ့ ထုရိုက်သံကြား ရသတဲ့ ။ ပြီးတော့ဘေးတံခါးလေးကျီကနဲပွင့်သံကြားရပြီး အစေခံတစ်ယောက်ကအပြင်ကလူနဲ့လေသံလေးတွေ နဲ့ပဲစကားပြောသံကိုကြားရရော ။ ခဏနေတော့အိမ်တော်ဘက်ကိုသုတ်သီးသုတ်ပျာလှမ်းလာတဲ့ခြေသံတွေနဲ့အ တူသခင်မကြီးရဲ့အသံထွက်လာသတဲ့ ။



www.burmeseclassic.com

www.burmeseclassic.com

"…….ဟဲ့..ဘာတဲ့လဲကွယ့်…"

"…..ဆက်သားကဒီစာချွန်တော်ကိုယူလာပါတယ်..သခင်မကြီးဘုရား..အဆောတလျင်ဆောင်ရွက်ရပါမယ်တဲ့… သားတော်ကြီးဘုရားက..ဒီနားကတောင်တန်းတွေရဲ့ခုနစ်မိုင်ပတ်လည်ကိုမိုးရွာသွန်းပေးရပါမယ်တဲ့ဗျာ့…အရက်မတက်ခင်မိုးတိတ်ပြီးသားဖြစ်နေဖို့ရယ်…အသီးအနှံတွေမပျက်ရလေအောင်မိုးသိပ်မများစေဖို့ရယ်..သတိထားပါတဲ့..ဘုရား…အရေးကြီးလှလို့ဒီညမပျက်မကွက်ဆောင်ရွက်ရပါမယ်တဲ့…."

"…….ကိုင်း…အဲဒါမှဒုက္ခပဲကွယ်…သားတော်ကြီးရော..သားတော်လေးရောအပြင်ရောက်နေကြတာ..အခုမှသူတို့နောက်ဆက်သားလွှတ်ပြီးလိုက်ခိုင်းရင်တောင်ဘယ်မှီပါတော့မလဲ..အခုပဲသန်းခေါင်ကျော်နေမင့်ဟာ…တခြားလူစားလည်းလွှတ်စရာဘယ်သူမှမရှိဘူး…မိုးနတ်မင်းကတော့မျက်မာန်ရှတော့မှာပဲ……"

သခင်မကြီးရဲ့စိုးရိမ်ပူပန်လှဟန်နဲ့ပြောတဲ့စကားအဆုံးမှာ ကျွန်မလေးဖြစ်ဟန်တူတဲ့မိန်းကလေးသံနဲ့ ဝင်အကြံပေးတာကိုလီဆင်းကြားမိသတဲ့ ။

"……ဟို…ညဉ့်သည်ကိုအကူအညီတောင်းကြည့်ရင်ရော..သခင်မကြီးဘုရား…သူ့ကိုကြည့်ရတာသန်သန်မာမာနဲ့တကယ့်မုဆိုးကျော်လိုပဲ…အင်မတန်ကောင်းပြီးသန်တဲ့မြင်းကိုစီးဟန်ထောက်တော့..မြင်းသမားကောင်းဖြစ်ပုံရပါတယ်..ဘုရား…."

ဒါနဲ့ခြေသံတရှပ်ရှပ်ကြားရပြီး လီဆင်းရဲ့အခန်းတံခါးကိုအသာခေါက်လို့နိုးကြရော ။

"……မောင်ရင်လေး..နိုးနေလားကွယ်…."

"….ဟုတ်ကဲ့..သခင်မကြီး..ကျွန်တော်ဘာများလုပ်ပေးရမလဲ…."

"…..အပြင်ခဏလောက်ထွက်လာခဲ့ပါလား…သားရယ်..ကျုပ်အကူအညီတောင်းစရာရှိလို့ပါ…."



www.burmeseclassic.com

လီဆင်းလည်းအိပ်ရာထဲကနေချက်ခြင်းခုန်ထပြီး သခင်မကြီးရှိရာကိုသွားတော့ ဟိုကအကြောင်းစုံရှင်းပြသတဲ့ ။

"......မောင်ရင်လေးရေ့..မပြောမဖြစ်ဆိုတော့လည်းပြောရဦးမယ်...ဒီအိမ်တော်ဟာလူသာမန်တို့ရဲ့နေအိမ်မဟုတ်ပါဘူးကွယ်...မိုးနဂါးတို့ရဲ့အသိုက်ပါပဲ...အခုပဲမိုးနတ်မင်းဆီကနေပြီးအမိန့်တော်စေလာတယ်...ဒီနားကဒေသတွေကိုသန်းခေါင်ချိန်နဲ့အရုဏ်မတက်ခင်စပ်ကြားကာလမှာမိုးရွာသွန်းပေးရမတဲ့...ဒီတာဝန်ကိုရွက်ဆောင်ဖို့လောလောဆယ်အိမ်တော်မှာဘယ်သူမှမရှိဘူးဖြစ်နေတယ်..ကျုပ်ရဲ့သားတော်ကြီးကတောင်ပင်လယ်ကမင်္ဂလာအခမ်းအနားတစ်ခုကိုတက်ရောက်နေသလို..သားတော်လေးကလည်းသူ့နှမလေးခရီးဝေးသွားရာကို..လိုက်လံအဖော်ပြုစောင့်ရှောက်ပေးနေတာ..နှစ်ယောက်စလုံးကဒီနေရာကနေ..မိုင်ပေါင်းထောင်ချီဝေးတဲ့အရပ်ဒေသကိုရောက်နေကြတာအခုမှဆက်သားလွှတ်ပြီးခေါ် ခိုင်းရင်လည်းမမှီနိုင်တော့ဘူးကွယ်..ဒီတော့မောင်ရင်လေးကျုပ်တို့ကိုကူညီနိုင်မလားဟင်...ကျုပ်တို့မိုးနဂါးတွေဟာဒီဒေသကို..မိုးရွာသွန်းပေးဖို့အတွက်တာဝန်ပေးခံထားရသူတွေပဲ...တကယ်လို့ဒီတာဝန်ကိုပျက်ကွက်ခဲ့ရင်...ကျုပ်သားတွေမှာအပြစ်ဒဏ်ကြီးကြီးလေးလေးကျရောက်တော့မှာမို့...အားနာနာနဲ့ပဲမင်းကိုအကူအညီတောင်းရတာပါကွယ်......"

လီဆင်းကတော့ မိုးနဂါးစံအိမ်မှာတည်းခိုမိရက်သားဖြစ်နေလို့ အလွန်ကိုစိတ်လှုပ်ရှားနေတာကတကြောင်း ၊ မိုးရွာသွန်းပေးဖို့အကူအညီတောင်းခံရတာကိုအင်မတန်မှဂုဏ်ယူပြီး လုပ်ကြည့်ချင်နေတာကတကြောင်းနဲ့ အမြန်ခေါင်းညိတ်သဘောတူရင်း အထစ်ထစ်အငေါ့ငေါ့ဆိုမိတယ် ။

"........အို..ကျွန်..ကျွန်တော်ကူညီချင်ပါတယ်....တခုပဲရှိတယ်..သခင်မကြီးရဲ့..မိုးရွာသွန်းပေးဖို့အတွက်ဆိုရင်တိမ်တွေကြားထဲပျံသန်းရမှာမဟုတ်လား..အဲဒါကိုဘယ်လိုလုပ်ရမှန်းမသိတာပါပဲခင်ဗျာ....."

".......အဲဒါကျုပ်တတ်နိုင်ပါတယ်...မောင်ရင်လေးမြင်းစီးကျွမ်းကျင်ရဲ့မဟုတ်လား..."

".......ဟုတ်ကဲ့..ကျွန်တော်ဘယ်မြင်းမျိုးကိုမဆို..ကောင်းကောင်းစီးနိုင်ပါတယ်..."

".....အို..ဒါဆိုရင်ရပြီကွယ့်....မောင်ရင်လေးလုပ်ရမှာကကျုပ်ပေးတဲ့မြင်းကိုစီးလို့..ကျုပ်ညွှန်ကြားချက်အတိုင်းတသွေမတိမ်းလုပ်ပေးဖို့ပါပဲ...ဒါကလည်းရှင်းရှင်းလေးပါ...ဟဲ့..ကျွန်တွေ...တိမ်ညွှန့်စားကိုထုတ်လာကြစမ်းကွဲ့......"



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့အင်မတန်အဆက်အပေါက်လှတဲ့ အနက်ရောင်မြင်းမချောချောတစ်စီးကိုထုတ်လာကြပြီး ကကြိုးဆင်ပြီးတာနဲ့ သခင်မကြီးကမိုးရေပါတဲ့ပုလင်းလေးတစ်လုံးကို လီဆင်းကိုထုတ်ပေးရင်း မြင်းဇက်ကြိုးမှာချိတ်ထားဖို့မှာတယ် ။

"…….တိမ်ညွှန့်စားကနတ်မြင်းပျံကွဲ့..ဒီတော့မောင်ရင်လေးကဇက်ကြိုးကိုအသာထိန်းလို့..သူသွားလိုရာနောက်ကို အသာလိုက်ဖို့ပဲ…ကဆုန်စိုင်းဖို့လည်းမလိုဘူး…သွားရမဲ့နေရာကိုသူသိတယ်…မောင်ရင်လေးလုပ်ရမှာကတနေရာ ရောက်လို့တိမ်ညွှန့်စားကခွာရပ်လိုက်ရင်..အဲဒီနေရာမှာခဏနားပြီးဒီပုလင်းထဲကမိုးရေတစ်စက်ကိုသူ့လည်ဆံပေါ် သွန်ချပေးရုံပဲ….မိုးရေတစ်စက်ထက်ပိုမဖြန်းမိအောင်သတိထားနော်..အမှားအယွင်းရှိလို့မဖြစ်ဘူးကွဲ့…မေ့မသွား အောင်သတိထားပါကွယ်…ဟုတ်ပြီလား…ကဲ…သွားပေတော့……"

ဒါနဲ့လီဆင်းလည်း နတ်မြင်းပျံပေါ်တက်ပြီးခရီးစသတဲ့ ။ အင်မတန်မြန်ပေသိ အသားကျကလေးပြေးနေတဲ့တိမ် ညွှန့်စားကိုစီးရတာညက်ညောလွန်းလို့အံ့တောင်ဩယူရတယ် ။ ဒါနဲ့တနေရာရောက်တော့ နည်းနည်းကလေးပို မြန်လာသတဲ့ ။ ဒါပေမဲ့ကတ္တီပါဖုံပေါ်ထိုင်နေရသလိုပဲ လှုပ်တာခါတာရယ်လို့လုံးလုံးမရှိဘူး ။ တအောင့်နေတော့ အမြင့်တနေရာကိုတက်နေသလိုခံစားရလို့ အောက်ငုံ့ကြည့်လိုက်တော့ သူတို့တိမ်ပေါ်ရောက်နေကြပြီ ။ စိုစွတ် နေတဲ့လေကအဟုန်ပြင်းပြင်းနဲ့တိုက်ခတ်လို့ ၊ အောက်မှာလည်းလျှပ်စီးတလက်လက်နဲ့ မိုးတွေချုန်းလို့တဲ့ ။ ဒါနဲ့ သခင်မကြီးမှာလိုက်တဲ့အတိုင်း လီဆင်းလည်းတိမ်ညွှန့်စားခွာရပ်ရာနေရာတိုင်းမှာ မိုးရေတစ်စက်စီချပေးရော ။ တခါတော့လျှပ်စစ်ပြက်အလိုက်မှာ တိမ်တွေကိုလေဖွေ့လို့ကွဲသွားချိန် လီဆင်းအောက်ကိုအမှတ်တမဲ့ကြည့်လိုက် မိတော့ သူ့သံယောဇဉ်ကြီးတဲ့အဖိုးရှိရာ နားနေကျရွာကလေးကိုမြင်လိုက်မိပါသတဲ့ ။ ဒါနဲ့လီဆင်းက ဒီလိုတွေးမိ တယ်ဆိုပဲ ။

"…အင်း..ငါလည်းအဖိုးနဲ့ရွာသူရွာသားတွေဆီ…တံခါးမရှိခါးမရှိဝင်ထွက်စားသောက်နေတာကြာပြီ…သူတို့ခမြာ ငါ့ကိုချစ်ခင်ကြလို့ဘာအဖိုးစားနားမှယူကြရှာတာမဟုတ်ဘူး… သူတို့ကျေးဇူးကိုဆပ်ချင်နေခဲ့တာအခုတော့ဟန် ကျတာပဲ…မနေ့ကလယ်တွေနားဖြတ်သွားမိတော့..မိုးမရလို့ပျိုးပင်ကလေးတွေဝါရော်ညှိုးနွမ်းနေတာတောင်မြင် ခဲ့မိတယ်…အခုငါမိုးရွာပေးနေရတုန်းအတူတူ…ကိုယ့်လူတွေအတွက်မိုးနည်းနည်းပိုပေးလိုက်မှပဲ….."

ဆိုပြီးတစ်စက်ပဲနော်ဆိုတဲ့ သခင်မကြီးရဲ့စကားကိုမလိုက်နာပဲ သူချစ်တဲ့ရွာကလေးအပေါ်အစက်နစ်ဆယ်တိတိ သွန်းပေးလိုက်ပြီး မိုးသည်းသည်းမည်းမည်းရွာချနေတာကို စိတ်ချမ်းသာလက်ချမ်းသာနဲ့ထိုင်ကြည့်နေပါသတဲ့ ။



www.burmeseclassic.com

ပြီးတာနဲ့သူ မိုးနဂါးစံအိမ်ဘက်ကိုပြန်သွားရော ။ ဒါပေမဲ့စံအိမ်လည်းရောက်ရော ရင်ပြင်ပေါ်မှာသခင်မကြီးထိုင်ငိုနေတာကိုတွေ့လိုက်ရတော့တာပဲ ။ သူဝင်လာတာကိုမြင်မြင်ချင်းပဲ သခင်မကြီးကရင်အစုံထုလို့ငိုယိုရင်းအပြစ်တင်တော့တယ် ။ မျက်နှာမရခြေထောက်ရ ဖြစ်သွားတဲ့လီဆင်းခမြာ တအံ့တသြနဲ့ စိတ်ရှုပ်ထွေးသွားပါသတဲ့ ။

"..အမလေးလေး...မောင်ရင်ရဲ့...ဘယ်လိုများလုပ်လိုက်တာတုန်း....ကျုပ်သေသေချာချာမှာလိုက်ရဲ့နဲ့ကွယ်...မိုးရေတစ်စက်ထက်မပိုရဘူးလို့ပြောလိုက်တာကို..အခုတော့ပုလင်းတစ်ဝက်နီးပါးကိုသွန်းခဲ့တော့တာပါလား...ကိုယ်ကျိုးတော့နည်းပါပေါ့ကွယ်.....တို့မိုးနဂါးတွေရဲ့မိုးရေတစ်စက်ဟာ..မြေပြင်အထက်တစ်ပေတိတိရေလွှမ်းစေတယ်ကွဲ့...အခုမင်းဘယ်နှစ်စက်သွန်းခဲ့မိသလဲ...."

".....ဟို..ဟိုဒင်း..အစက်နှစ်ဆယ်တည်းပါ....."

"....အစက်နှစ်ဆယ်..ဟုတ်လား...ဘုရား...ဘုရား..ရွာတစ်ရွာကိုတစ်ညအတွင်းမှာ..ပေနှစ်ဆယ်လောက်ရေလွှမ်းသွားမှတော့တစ်ရွာလုံးကုန်ရောပေါ့..မောင်ရင်..ကောက်ပင်တွေမဆိုထားနဲ့..လူသူကျွဲနွားတိရစ္ဆာန်တစ်ယောက်မကျန်ရေနစ်သေရှာကြရောပေါ့...အင်း...ဖြစ်ပြီးမှတော့ဘာမှမတတ်နိုင်တော့ဘူး..မိုးနတ်မင်းအပေါင်းကိုအကြောင်းကြားရတော့မှာပဲ...ကျုပ်သားတွေလည်းအပြစ်ပေးခံကြရတော့မယ်...မောင်ရင်ရယ်..ကျုပ်စကားကိုပဲနားထောင်လိုက်ပါတော့လားကွယ်...အင်း..ဒုက္ခ..ဒုက္ခ...."

စေတနာပိုမိတဲ့လီဆင်းလည်း အခုမှပဲဝမ်းအနည်းကြီးနည်းပြီး မဆင်မခြင်လုပ်မိတဲ့အတွက်အလွန်မှအရှက်ရမိပါသတဲ့ ။ သူ့ကြောင့်ဒုက္ခရောက်ရတော့မဲ့ မိုးနဂါးညီနောင်အတွက်စိတ်မကောင်းလွန်းလို့ မိုးနဂါးသခင်မကြီးကိုအထပ်ထပ်တောင်းပန်မိတယ် ။ ဒါပေမဲ့အားလုံးနောက်ကျသွားခဲ့မှကိုး ။ သူချစ်တဲ့ရွာကလေးရဲ့ကံကြမ္မာကိုတော့တွေးတောင်မတွေးရဲတော့ဘူး ။ စေတနာလွန်မိတော့ ဝေဒနာဖြစ်ခဲ့ရပြီကော ။

"......အင်း..မောင်ရင့်ကိုကျုပ်အပြစ်မတင်ပါဘူးကွယ်..မင်းကလူသားပဲ..တို့မိုးနဂါးတွေရဲ့အရာကိုဘယ်နားလည်ပါ့မလဲ...ဒါပေမဲ့ကျုပ်သားနဂါးညီနောင်ပြန်ရောက်လာရင်တော့..ဒီကိစ္စကလွယ်လွယ်နဲ့ပြီးမှာဟုတ်ဘူး...လူငယ်တွေဆိုတော့စိတ်ထက်ကြတယ်ကွယ်...ဒီတော့ဘေးမတွေ့ခင်...မောင်ရင်လေးအခုပဲအိမ်တော်ကထွက်သွားဖို့..ကျုပ်အကြံပြုချင်တယ်....စိတ်တော့မရှိပါနဲ့..သားရယ်...ကျုပ်စကားကိုနားထောင်ပေးပါ...."



www.burmeseclassic.com

www.burmeseclassic.com

လီဆင်းကတော့ကြင်နာတတ်တဲ့သခင်မကြီးကိုကြည်ညိုအားနာလို့မဆုံးဘူး ။ ရောင်နီလည်းလာခါနီးပြီဆိုတော့ အမြန်ပဲထွက်သွားဖို့ပြင်ရတယ် ။ သူဆတ်ဆော့မိလို့ ဒီလောက်ဒုက္ခဖြစ်သွားတာတောင် အေးအေးဆေးဆေးနဲ့ပဲ သူ့ကိုအမြန်ပြန်သွားဖို့ပြောနိုင်သေးတဲ့ သခင်မကြီးရဲ့စိတ်ထားမြင့်မြတ်မှုကိုအံ့ဩနေတုန်းပဲ သခင်မကြီးကသူ့ဆီ ကိုလာနှုတ်ဆက်ရင်းပြောပြန်သတဲ့ ။

"....မောင်ရင်လေး..ကူညီခဲ့တဲ့ကျေးဇူးကိုကျုပ်ပြန်ပေးဆပ်ပါရစေ...ကိုယ့်အိမ်မှာတည်းခိုနေတဲ့ဧည့်သည်ကိုညကြီး သန်းခေါင်နိူးပြီး..သားတွေလုပ်ရမဲ့အလုပ်ကိုလုပ်ခိုင်းခဲ့တာ..ကျုပ်အိမ်ရှင်ကောင်းမပီသရာကျလှပါတယ်..ဒီမိုးနဂါး စံအိမ်တော်မှာတော့မောင်ရင့်ကိုပေးဖို့ရာအဖိုးတန်လက်ဆောင်မျိုးကျုပ်မှာမရှိဘူးကွယ်...ဒါပေမဲ့မောင်ရင့်အတွက် ကျုပ်ကျွန်နှစ်ယောက်တော့ထည့်ပေးလိုက်နိုင်မယ်...သူတို့နှစ်ယောက်စလုံးကိုဖြစ်ဖြစ်..ကြိုက်ရာတစ်ယောက်ကိုပဲ ဖြစ်ဖြစ်ရွေးယူပြီးအမြန်ခရီးစပေတော့...."

လီဆင်းလည်းအံ့ဩအားနာစွာနဲ့ သခင်မကြီးဘေးကကျွန်နှစ်ယောက်ကိုကြည့်မိသတဲ့ ။ အရှေ့ပိုင်းဒေသသားပုံ နဲ့တစ်ယောက်ကတော့သွယ်လျပြီး ရည်ရည်မွန်မွန်နဲ့ဉာဏ်ပညာကြီးဟန်ပဲ ။ အနောက်ပိုင်းသားကျွန်ကတော့ရုပ် ခပ်ကြမ်းကြမ်းနဲ့ ကြွက်သားတွေဖုထစ်ပြီး အင်မတန်မှသန်မာတောင့်တင်းသတဲ့ ။ လီဆင်းမှာအပြစ်တင်မခံရတဲ့ အပြင်လက်ဆောင်များတောင်ပေးခံနေရတာကို အင်မတန်မှအားနာလွန်းလှပေမဲ့ ကျွန်တစ်ယောက်လောက်လို နေတာကတကြောင်း ၊ မိုးနဂါးစံအိမ်မှာတည်းခိုခဲ့ရတဲ့အဖြစ်ဟာ ခြောက်အိပ်မက်မဟုတ်ဘဲ တကယ်ဆိုတာကို အတည်ပြုဖို့ အမှတ်တရတစ်ခုခုလိုချင်နေတာကတကြောင်းနဲ့ ကျွန်တစ်ယောက်ယူဖို့ဆုံးဖြတ်လိုက်သတဲ့ ။

".....ကျေးဇူးကြီးလှပါတယ်...သခင်မကြီးခင်ဗျား..မိုးနဂါးစံအိမ်အမှတ်တရကျွန်တစ်ဦးကိုကျွန်တော်ခေါ်သွားချင် ပါတယ်..."

"......မင်းစိတ်ကြိုက်ရွေးပေတော့ကွယ်..."

လီဆင်းခဏဆိုင်းပြီးစဉ်းစားကြည့်တော့ရည်မွန်တဲ့ကျွန်ကိုကြည့်ရတာ ပါးနပ်ပြီးသိမ်သိမ်မွေ့မွေ့နဲ့ဉာဏ်ပညာကြီး ဟန်တူပေမဲ့ အမဲလိုက်ခရီးမှာတော့သိပ်အသုံးမဝင်လောက်ဘူးလို့တွေးပြီး ရုပ်ကြမ်းကြမ်းနဲ့ဗလကြီးကိုပဲရွေးလိုက် တော့တယ် ။ ဒါနဲ့ဗလကြီးကိုခေါ်ပြီး မိုးနဂါးသခင်မကြီးကိုကျေးဇူးစကားအထပ်ထပ်ဆိုလို့ စံအိမ်ကနေထွက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com

တော့သတဲ့ ။ ဒါနဲ့ဝေးမသွားခင်နောက်ဆုံးအနေနဲ့ စံအိမ်ကြီးကို နှုတ်ဆက်အကြည့်နဲ့လှည့်ကြည့်မိတဲ့အခါမှာတော့ မိုးနဂါးစံအိမ်ကြီးဟာ မြင်ကွင်းကနေလုံးလုံးပျောက်ကွယ်သွားခဲ့ပြီ ။ အံ့ဩလွန်းလို့ သူ့ကျွန်ဗလကြီးဘက်ကိုလှည့် လိုက်ပြန်တော့လည်း ဗလကြီးပါအပ်ပျောက်မြေကျသလို အစအနတောင်ရှာမရတော့လို့ ဇဝေဇဝါနဲ့ပဲသွားလိုက်ရ တာမကြာခင်ပဲ သူမှတ်မိတဲ့လမ်းဘက်ကိုပြန်ရောက်လာပါသတဲ့ ။ လမ်းခုလတ်ကသူနားနေကျ သူချစ်တဲ့အဖိုးတို့ ရွာကလေးကတော့ ရေတွေအကြီးအကျယ်လွှမ်းနေလိုက်တာ သစ်ပင်ထိပ်ဖျားလေးတွေလောက်ပဲပေါ်နေသတဲ့ ။ တစ်ရွာလုံးကရွာသူရွာသားတွေနဲ့လူသူတိရစ္ဆာန်တွေကတော့ ခွေးတစ်ကောင်ကြောင်တစ်မြီးတောင်မကျန်အောင် မနေ့ညကပဲအားလုံးရေနစ်သေဆုံးကြရှာပြီ ။ လီဆင်းဘယ်လောက်တောင်နောင်တရပူဆွေးမိမလဲဆိုတာတော့ စဉ်းစားသာကြည့်ကြပေတော့ ။

ဒါနဲ့ပေါ့လေ နောင်နှစ်ပေါင်းများစွာကြာတော့ လီဆင်းလည်းစစ်သေနာပတိချုပ်ဖြစ်လာပြီး တန်ခေတ်ကို ဝိုင်းဝန်းထူထောင်ဖို့အတွက်အရေးအကြီးဆုံးတိုက်ပွဲတွေတိုင်းမှာအောင်ပန်းအရယူပေးခဲ့သတဲ့ ။ ဒါပေမဲ့သူ့ရဲ့မိတ်ဆွေရင်းဖြစ်တဲ့ တန်ဧကရာဇ်အောက်မှာတာဝန်ထမ်းဆောင်ခဲ့တဲ့ကာလတစ်လျှောက်လုံးမှာ လီဆင်းဟာစစ်ဘက်မှာပဲအမှုထမ်းခဲ့ပြီး နောက်နောင်တိုင်းပြည်သာယာအေးချမ်းလာတဲ့အချိန်မှာတောင် အရပ်ဘက်ကိုကူးလို့ နန်းရင်းဝန်လို ဝန်ကြီးချုပ်လိုရာထူးမျိုးကို ပြောင်းသွားရတာမျိုးရှိမလာခဲ့ပါဘူးတဲ့ ။ ဒါဟာ မိုးနဂါးသခင်မကြီးပေးတဲ့ ကျွန်နှစ်ယောက်ထဲက လက်ရုံးရည်သမားကိုသာရွေးယူခဲ့ပြီး နှလုံးရည်သမားကိုချန်ခဲ့တဲ့အကျိုးဆက်ပေါ့ ။ အဲဒီအချိန်ကစလို့ဟန်ပြည်ကြီးမှာ ဆိုရိုးစကားတစ်ခုပေါ်လာခဲ့တယ် ။ အဲဒါကတော့ အနောက်မြောက်ပိုင်းဒေသကနေ စစ်ခေါင်းဆောင်တွေ ၊ သေနာပတိကောင်းတွေ အစရှိတဲ့လက်ရုံးရည်သမားတွေပေါ်ထွန်းတတ်သလို ၊ နှလုံးရည်နဲ့ပြည့်စုံတဲ့နန်းရင်းဝန်လို ၊ မှူးကြီးမတ်ရာနဲ့ အုပ်ချုပ်ရေးသမားတွေကတော့ အရှေ့ပိုင်းမြေပြန့်ဒေသကနေသာလာတတ်ကြပါသတဲ့ ။ မိုးနဂါးသခင်မကြီးရဲ့လက်ဆောင်ကျွန်နှစ်ယောက်ဆိုတာကလည်း တကယ်တော့တင်စားချက်သက်သက်ပဲလည်းဖြစ်နိုင်တာပါပဲ ။ လူတွေကတော့ တကယ်လို့များလီဆင်းသာ ကျွန်နှစ်ယောက်စလုံးကိုယူဖြစ်ခဲ့မယ်ဆိုရင်စစ်ဘက်မှာသာမက အရပ်ဘက်မှာပါအုပ်ချုပ်သူဖြစ်ကောင်းဖြစ်လာနိုင်မယ်လို့ ထင်ကြေးပေးကြပါသသတဲ့လေ ။ ကိုင်း..ဒါကတော့တန်ခေတ်ရဲ့အုတ်မြစ်ချသူတစ်ဦးဖြစ်တဲ့စစ်သေနာပတိလီဆင်း တညတာနားခိုခဲ့တဲ့ မိုးနဂါးစံအိမ်အဖြစ်ဆန်းပါပဲ ။





www.burmeseclassic.com



# THE MAN WHO BECAME A FISH

A Lodging for the Night, The Man Who Became a Fish, The Tiger, and Matrimony Inn
These four stories are written by Li Fu-Yen (See Introduction). They are Preserved in T'aip'ing Kwangchi as Numbers 418,471,429 and 159 respectively. Another story by the same author may be found in my Vigil of a Nation (John Day), pages 155-58; it is told against the same weird background of magic and answers the question: When is it hardest for a person to keep his mouth shut? Among the four here, "Matrimony Inn" is the best known, and the phrases "the old man under the moon" and "tying red threads" have passed into current Chinese vocabulary.

**Lin Yutang**



www.burmeseclassic.com

www.burmeseclassic.com

## ၁၂ ။ ငါးဘဝမှာ ခဏတာ

အရာရှိမင်းရှေဝေဆိုတာဇီချမ်နယ်ကအသက်သုံးဆယ်ကျော်လူလတ်ပိုင်းပေါ့ ။ ချင်ချန်မြို့အောက်တရားရုံးမှာဌာနခွဲမှူးအဖြစ်တာဝန်ထမ်းဆောင်သူပါတဲ့ ။ အရာရှိမင်းရှေဝေရဲ့ရုံးမှာ လူကြီးပိုင်းထဲကတော့တရားသူကြီးစိုရယ် ၊ လက်ထောက်တရားသူကြီးနှစ်ဦးဖြစ်တဲ့ အရာရှိလေနဲ့ အရာရှိပေ တို့ပဲရှိကြတယ် ။ လူနည်းစုကလေးလိုဖြစ်နေတော့ တစ်ရုံးလုံးလည်း မိသားစုတွေလိုဖြစ်နေကြပြီ ။ ဒါနဲ့သက္ကရာဇ် ၇၅၈ ခုနှစ်နွေနှောင်းပိုင်းဆောင်းဦးဝင်ချိန်ချိန်မှာ အရာရှိမင်းရှေဝေတစ်ယောက် ပြင်းပြင်းထန်ထန်ကိုနေမကောင်းဖြစ်ပါသတဲ့ ။ ကိုယ်အပူရှိန် ကြောက်စရာကောင်းလောက်အောင်ထိုးတက်လာပြီး အဖျားကြီးလွန်းလို့လူးလိမ့်နေရတဲ့ အရာရှိမင်းရှေဝေအတွက် မိသားစုကသမားတော်မှန်သမျှပင့်ပြီး ကုသပေမဲ့နည်းနည်းမှသက်သာမလာခဲ့ဘူး ။ ဒီလိုနဲ့ခုနစ်ရက်မြောက်တဲ့နေ့မှာတော့ တခါတည်းသတိလစ်သွားပြီး ရက်ပေါင်းများစွာ ဒီလိုပဲမျောနေပါတော့သတဲ့ ။ မိသားစုဝင်တွေသာမက သူ့ရုံးကမိတ်ဆွေတွေကပါ လက်လျှော့လိုက်ကြရပြီ ဆိုပါတော့ ။ ဖျားနေတုန်းအစပိုင်းတော့ အမြဲလိုလိုရေငတ်နေပြီး တချိန်လုံးရေပဲတောင်းသောက်နေတဲ့ အရာရှိမင်းရှေဝေခမြာ နောက်တော့လုံးဝသတိလစ်သွားပြီး အစာလည်းမဝင် ၊ ရေရေလည်းမဝင်တော့ဘူး ။ ဒါနဲ့နေ့လားညလားဆိုပြီး အဆိုးဆုံးကိုပြင်ဆင်နေကြတုန်း အရက်နှစ်ဆယ်မြောက်တဲ့နေ့မှာတော့ထူးထူးခြားခြားပဲ အရာရှိမင်းရှေဝေဟာဝါးကနဲသန်းလိုက်ပြီး လူကောင်းတစ်ယောက်လိုထထိုင်လာပါရော ။ နိုးနိုးခြင်းသူ့မိန်းမကိုလည်းမေးသေးတယ် ။

“......ငါဘယ်လောက်ကြာကြာအိပ်ပျော်နေခဲ့သလဲဟေ...”

“.....သုံးပတ်လောက်နီးနီးပဲ..မောင်ရဲ့..ကျွန်မဖြင့်စိတ်ပူလိုက်ရတာ..”

“.....အေး..ငါလဲအဲလောက်ကြာသွားမယ်လို့တော့ထင်မိသား...ကဲ..ကဲ..ငါ့ရုံးကိုလူလွှတ်ပြီးငါနေကောင်းသွားပြီဆိုတဲ့အကြောင်းငါ့မိတ်ဆွေတွေကို..အကြောင်းကြားစမ်းပါဦး..ပြီးတော့သူတို့ငါးသိုင်းစင်းကောဟင်းများစားဖို့ပြင်နေကြသလားဆိုတာပါကြည့်ခဲ့ခိုင်းပါ...တကယ်လို့စားနေကြတယ်ဆိုရင်...အဲဒီထမင်းပွဲကိုထားပစ်ခဲ့ပြီး..ငါ့ဆီကိုလာတွေ့ကြဖို့ပြောပါကွယ်..ငါ့မှာသူတို့ကိုပြောပြစရာတွေရှိတယ်..ဪ..ပြီးတော့တို့ရုံးကမင်းစေကလေးချန်ကိုလည်းပါအောင်ခေါ်ခဲ့ဖို့ပြောလိုက်ပါ....”



www.burmeseclassic.com

ဒါနဲ့ရှေကတော်လည်းအရာရှိမင်းခိုင်းတဲ့အတိုင်းပဲ ကျွန်တစ်ယောက်ကိုကောင်းကောင်းမှာပြီး တရားရုံးကိုလွှတ်လိုက်တယ် ။ ဟိုကိုရောက်တော့အရာရှိမင်းရှေဝေမှန်းတဲ့အတိုင်း တကယ်ပဲရုံးအဖွဲ့သားတွေကငါးသိုင်းစင်းကောဟင်းနဲ့ အဆာပြေနေ့ခင်းစာစားဖို့လုပ်နေကြသတဲ့ ။ ဒါနဲ့ကျွန်ကလေးက သူ့သခင်မှာတဲ့အတိုင်းပြောပြတာပေါ့ ။ သူတို့မိတ်ဆွေနေကောင်းလာပြီဆိုတာကြားတဲ့ ရုံးကတသိုက်လည်းထမင်းဝိုင်းကိုပစ်ထားခဲ့ပြီး ဝမ်းသာအားရနဲ့အရာရှိမင်းရှေဝေအိမ်ကိုလိုက်လာကြရော ။ အိမ်ရောက်ရောက်ချင်းပဲ အရာရှိမင်းရှေဝေကဆီးမေးသတဲ့ ။

"....ခင်ဗျားတို့ချန်ကိုငါးဝယ်ဖို့လွှတ်ခဲ့ကြတယ်မဟုတ်လား...."

"....အေးဗျ...ဒီနေ့အဆာပြေနေ့ခင်းစာကိုငါးဟင်းနဲ့စားမယ်ဆိုပြီးလေ..နေပါဦး..ခင်ဗျာကအိပ်ရာထဲလဲနေပြီးဘယ်လိုသိတာတုန်း...."

အရာရှိမင်းရှေဝေကမဖြေသေးပဲ ချန်ဘက်လှည့်ပြီးမေးပြန်သတဲ့ ။

".....ဟော့..ချန်...မင်းတံငါသည်ချောင်ကောင်ဆီမှာငါးသွားဝယ်တော့...ဟိုကမင်းကိုငါးအကြီးဆုံးမရောင်းပေးချင်လို့ညာပြောတယ်မဟုတ်လား...နေဦး..ငါ့ကိုဖြတ်မမေးနဲ့ဦး...ပြောတာသာဆုံးအောင်နားထောင်ကွဲ့..နောက်တော့ရေအိုင်နားကလက်ယက်တွင်းကလေးထဲမှာ..ကျူပင်တွေနဲ့ဖုံးထားတဲ့ငါးသိုင်းကြီးကိုတွေ့ပြီးအတင်းဝယ်လာခဲ့တဲ့အပြင်မင်းကိုညာရကောင်းမလားဆိုစိတ်ဆိုးပြီး..ချောင်ကောင်ကိုရုံးခေါ် သွားသေးတယ်မဟုတ်လား....မင်းငါးတစ်ဖက်..ချောင်ကောင်တစ်ဖက်နဲ့ရုံးထဲဝင်လာတော့..အခွန်ဌာနကစာရေးကတံခါးအရှေ့ဘက်မှာထိုင်နေပြီး....အရာရှိလက်သင်ကလေးကအနောက်နားထိုင်လို့..စစ်တုရင်ကစားနေကြတာလေ...နောက်တော့မင်းရုံးအပေါ် ကိုတက်လာတော့..အရာရှိလေနဲ့တရားသူကြီးစိုတို့ဖဲကစားနေကြတာကို..အရာရှိပေကသစ်တော်သီးစားရင်းကြည့်နေတာမဟုတ်လား..မင်းကချောင်ကောင်ညာတဲ့အကြောင်း..စိတ်ဆိုးမာန်ဆိုးနဲ့တိုင်တော့ပေကချောင်ကောင့်ကိုပိတ်ကန်ထည့်လိုက်တာ..ဟိုခမြာအပြင်အထိတောင်လွင့်သွားပါရောလား..ပြီးတော့မင်းကငါးသိုင်းကြီးကိုယူပြီးထမင်းချက်ဝမ်ရှီလျန်လက်ထဲကိုပေးလိုက်ရော...ငါပြောတာမှန်ရဲ့လား....."

အံ့သြနေကြတဲ့မိတ်ဆွေတွေက ချန်ကိုအသေးစိတ်စစ်မေးကြတော့ အရာရှိမင်းရှေပြောတဲ့အတိုင်းတစ်လုံးတောင်မလွဲဘူးဆိုပဲ ။ ဒါနဲ့ အိပ်ရာထဲလဲပြီးမျောနေတဲ့လူမမာက ရုံးကအသေးစိတ်အကြောင်းတွေကိုဘယ်လိုသိလဲဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com

အံ့သြတကြီးနဲ့ဝိုင်းမေးကြတော့ အရာရှိမင်းကဒီအဖြစ်အပျက်ကိုပြန်ပြောပြပါသတဲ့ ။

"…….ကျုပ်အဖျားကြီးနေတုန်းကပေါ့….ပူလွန်းလောင်လွန်းလို့ခင်ဗျားတို့သိတဲ့အတိုင်း..သတိလစ်သွားတဲ့အထိပဲ.. မခံနိုင်လွန်းလို့သတိလစ်သွားပေမဲ့..ဒီအပူရှိန်ကြီးကတော့ကျုပ်ကိုယ်ထဲမှာရှိနေတုန်းပဲဗျ…ကျုပ်လိပ်ပြာကပဲထင်ပါ ရဲ့ဗျာ..ဒီလောက်ပူလောင်နေတဲ့အိပ်ယာကြီးထဲကနေ..ဘယ်လိုထွက်သွားရမလဲလို့ပဲတွေးနေမိတော့တာ..နောက် ဆုံးတော့မြစ်နားကိုလမ်းလျှောက်ထွက်ရရင်ကောင်းမှာပဲဆိုပြီး….ကျုပ်လည်းလမ်းလျှောက်တုတ်ကောက်ကိုဆွဲလို့ ထွက်လာရော….မြို့ပြင်ကိုထွက်လိုက်တော့ဗျာ..ဘာပြောကောင်းမလဲ..လေချိုအေးကလေးက..တသုန်သုန်သုတ် ဖြူးလာတာနဲ့အပူချိုသွားပြီးချက်ခြင်းကိုသက်သာလာသဗျ….မြို့ထဲဘက်ကိုပြန်ကြည့်လိုက်မိတော့..အိမ်ခေါင်တွေ ကနေပြီးအပူငွေ့တွေတရှိန်ရှိန်ထွက်နေတာကိုမြင်ပြီး…ကျုပ်မှာအခုလိုမြစ်ဘက်ရောက်နေတာကိုဝမ်းသာလို့မဆုံး ဘူး…ပြီးတော့တချိန်လုံးရေငတ်လွန်းလို့..ရေရှိရာနီးနီးနားနားမှာနေချင်နေတာလည်းပါမှာပေါ့…ဒါနဲ့ကျုပ်လည်းအ ရှေ့ကန်တော်ကြီးနဲ့မြစ်နဲ့သွားဆုံတဲ့နေရာအထိ..သွားလို့မြစ်ကမ်းနားကမိုးမခပင်ရိပ်မှာခိုပြီး..ရေပြင်ကိုလှမ်းကြည့် မိတော့ဗျာ..ကူးချင်စရာကြည်လဲ့ပြာလွင်နေတာပဲ…ဖန်ပြာသားလိုရေပြင်ပေါ်ကိုလေနုကလေးလှုပ်တိုက်ပြေးတိုင်း အကြေးခွံများလိုတလက်လက်ထလို့..လေဘယ်ဘက်ကလာနေသလဲဆိုတာတောင်သိနိုင်တယ်…..ပတ်ဝန်းကျင် တခုလုံးငြိမ်သက်အေးချမ်းနေလိုက်တာဗျာ…ကျုပ်လည်းချက်ချင်းပဲရေကူးချင်စိတ်ပေါ်လာတော့တာပဲ…..ကန်ထဲ မှာရေကူးရတာလောက်ကောင်းတာ..ဘယ်မှာရှိတော့မလဲဗျာတို့…..ကျုပ်ငယ်ငယ်ကတော့ခဏခဏကိုဆင်းကူးခဲ့ တာပဲ….အခုတော့ကန်ထဲရေဆင်းမချိုးတာကြာပေါ့….ဒါနဲ့ကျုပ်လည်းပြောပြောဆိုဆိုနဲ့အဝတ်တွေအကုန်ချွတ်ပစ် လိုက်ပြီးကန်ထဲဆင်းချသွားရော…အမလေးဗျာ..အရသာရှိလိုက်ပုံများတော့..အေးမြနေတဲ့ရေထဲကိုစိမ်နေရင်းနဲ့ ကျုပ်မှာအခုအချိန်ရုံးထဲထိုင်နေမဲ့တရားသူကြီးစိုရယ်..လေရယ်..ပေရယ်ကိုသနားလိုက်ပါဘိတော့လို့ပဲရေရွတ်မိ တော့တယ်….ချွေးတပြန်ပြန်နဲ့လှောင်နေတဲ့ရုံးကိုလဲတွေးမိလိုက်ရော..အင်း…ဒီတံဆိပ်တုံးတွေ..စာရွက်စာတန်း တွေ..ချိတ်တံဆိပ်တွေ..လက်မှတ်တွေနဲ့ဝေးရာ…ဒီရေထဲကငါးသာဖြစ်လိုက်ချင်ပါတော့တယ်လို့တမ်းတမိသဗျ.. ဟုတ်တယ်လေ..ငါးတွေဆိုတာနေ့ရောညရော..အေးမြကြည်လင်နေတဲ့ရေထဲမှာပဲ..ကူးခတ်သွားလာပျော်မြူးနေ တာဘာခေါင်းမှမပူဘူး..ကိုယ်ခန္ဓာလည်းကျုပ်တို့လိုပူလောင်မနေဘူး..ငါးသာဖြစ်လိုက်ချင်စမ်းတယ်လို့ယောင်ပြီး အသံထွက်ပြောမိလိုက်တော့..ကျုပ်ခြေထောက်နားမှာကူးနေတဲ့ငါးတစ်ကောင်က..ပြန်ဖြေသဗျို့….

"…….ငါးဖြစ်ချင်တာများ..လွယ်ပါတယ်..မိတ်ဆွေရဲ့…ခင်ဗျားသာဆန္ဒရှိရင်ကျုပ်လိုပဲတစ်သက်လုံးငါးဘဝနဲ့နေ သွားလို့ရပါ့ဗျာ…ကျုပ်စီစဉ်ပေးရမလား……..''



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်လည်း..ဝမ်းသာအားရနဲ့ဒီလိုပြန်ပြောမိတယ်...

".....မိတ်ဆွေသာကူညီနိုင်မယ်ဆိုရင်တော့..ကျေးဇူးကြီးလှပါရဲ့...ကျုပ်တကယ်ကိုငါးဖြစ်ချင်တာပါ...စကားမစပ် ကျုပ်ကအရာရှိမင်းရှေဝေပါပဲ..ချင်ချန်မြို့အောက်တရားရုံးကဌာနခွဲမှူးပါ...ခင်ဗျားလူတွေကိုပြောလိုက်စမ်းပါဗျာ ကျုပ်သူတို့ထဲကဘယ်သူနဲ့မဆိုနေရာချင်း..ပျော်ပျော်ကြီးလဲနိုင်ပါတယ်လို့...ခင်ဗျားတို့လိုသာအေးမြတဲ့ရေထဲအ ချိန်ပြည့်ကူးနေရရင်ကိုကျေနပ်ပါပြီ...."

ဒါနဲ့အဲဒီငါးကအင်းဆိုပြီးထွက်သွားပြီးတော့..ခဏနေတော့လူတစ်ယောက်နဲ့ပြန်ရောက်လာရော...အဲဒီလူကကိုယ် ခန္ဓာကတော့ကျုပ်တို့လိုလူ့ကိုယ်ပဲ...ခေါင်းကတော့ငါးခေါင်းနဲ့ဗျ...အဲ..ဝါဝါစီးပြီးရောက်လာတယ်....ဝါဝါဆိုတာခင် ဗျားတို့သိတယ်မဟုတ်လား..ဟို..ရေထဲမှာနေတဲ့..ခြေလေးချောင်းနဲ့အကောင်ပေါ့..သစ်ပင်လည်းတက်တတ်သေး တယ်လေ...အဲ..မတော်တဆများဝါဝါကိုဖမ်းမိခဲ့ရင်..ဒါမှမဟုတ်သတ်ပစ်ရင်..ကလေးငိုသလိုအော်တတ်တဲ့ကောင် ပေါ့...ထားပါတော့...ဒါနဲ့အဲဒီငါးခေါင်းနဲ့လူနောက်မှာရေချိုငါးဖယ်တို့..ဒေါင်းငါးတို့စသဖြင့်ငါးမျိုးစုံအခြွေအရံတွေက တစ်ကျိပ်လောက်ပါသေးတယ်...ဒါနဲ့ဝါဝါပေါ်ကငါးခေါင်းဆရာက..မြစ်နတ်မင်းဆီကအမိန့်စာကိုစဖတ်တော့တာပဲ အံမလေး..ရေထဲနေလို့များအထင်မသေးလိုက်ကြနဲ့ဗျာတို့..အင်မတန်ခံ့တဲ့အရေးအသားခင်ဗျ...ဒီလိုတဲ့...

".....ကုန်းပေါ်တွင်မွေးဖွားကြီးပြင်းခဲ့သောလူသားများ၌..ပင်လယ်ရေအောက်ချောင်းမြောင်းမြစ်ပြင်သားတို့နှင့်ကွဲ ပြားခြားနားလှသောနေထိုင်မှုစရိုက်ပုံစံရှိပေသောကြောင့်...လူ့အသွင်သဏ္ဌာန်အားဆောင်နေသရွေ့ရေအောက် လောကသားတို့နှင့်သဟဇာတဖြစ်နိုင်မည်မဟုတ်ပေ...ဌာနခွဲမှူးရှေဝေသည်ပါရမီဓါတ်ခံပါသူပီပီ..ကိုယ်ရောစိတ် ပါငြိမ်းချမ်းမှုကိုရေအောက်လောက၌ရှာဖွေလိုသူဖြစ်သည်နှင့်အညီ..ငါးဘဝကိုတောင့်တနေသည်ကိုသိရပေသည် ငြီးငွေ့ဖွယ်ရုံးဝတ္တရားများမှရှောင်ဖယ်ခွာ၍..ရေအောက်ပြည်၏အဆုံးအစမရှိသောလွတ်လပ်မှုနှင့်ရေပြာအိုင်များ.. မြစ်ချောင်းများ၏အေးချမ်းသောလှဘဝကိုလိုလားနေသူဖြစ်ပေသည်...ထို့အတွက်အရာရှိမင်းရှေဝေ၏..အကြေးခွံ ပါသောအနွယ်တော်များထဲမှ..တစ်ဦးအပါအဝင်ဖြစ်လိုသောဆန္ဒကိုဖြည့်ဆည်းပေးလိုက်သည်..ယခုအချိန်မှာစ၍ အရာရှိမင်းရှေဝေသည်..အညိုရောင်ငါးသိုင်းဘဝသို့ကူးပြောင်းပြီး..အရှေ့ကန်သည်သူ၏နေထိုင်ရာအရပ်ဖြစ်လာ ပေလိမ့်မည်.....သတိပြုရန်မှာ..ရေအောက်လောကသားများဖြစ်သောပင်လယ်သား..မြစ်ချောင်းသားများအတွက် အန္တရယ်များ..သွေးဆောင်မှုများအမြဲရှိနေသည်ကိုသိထားရပေမည်..အချို့သည်ဆင်ခြင်မှုကင်းမဲ့စွာပင်..လှေများ ကိုတိုက်ခိုက်တတ်ကြသည်..အချို့မှုကားအတွေ့အကြုံနုသေးသောကြောင့်သော်လည်းကောင်း..မိမိကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ထိန်းချုပ်နိုင်စွမ်းမရှိသောကြောင့်သော်လည်းကောင်း.လူတို့ထောင်ထားသောထောင်ချောက်မျိုးစုံတွင်းသက်ဆင်းကာ..ဇီဝိန်ကြွေကြရပေသည်...ထို့အတွက်ရေအောက်လောကသားများအတွက်သတိသည်သာအလုံခြုံဆုံး..ဘဝအာမခံချက်ဖြစ်ပေတော့သည်ကိုမမေ့လျော့လေနှင့်...ယခုအချိန်မှစ၍သင့်ဘဝကိုတန်ဖိုးထား၍..ငါးတို့၏ဘဝနှင့်ခလေ့၌ကျင်လည်လေ့ကျက်ကာရေအောက်ကမ္ဘာ၌ပျော်မွေ့လေလော့...ကောင်းသောငါးတစ်ကောင်အဖြစ်အသက်ရှင်နေထိုင်သွားပါလေ....မြစ်စောင့်နတ်မင်းအမိန့်တော်...”

တဲ့ဗျ...ကျုပ်လည်း..နားထောင်ကောင်းကောင်းနဲ့နားထောင်နေလိုက်တာ..အမိန့်တော်ဆုံးတာနဲ့..ငါးသိုင်းဘဝကိုပြောင်းသွားတော့တာပဲ..ကျုပ်တစ်ကိုယ်လုံးလည်းအကြေးခွံလှလှညိုညိုကြီးတွေဖုံးလို့...ရေကူးရတာလည်းလွယ်လိုက်တာဗျာ...နည်းနည်းလေးလှုပ်လိုက်ရင်ကို..လှလှပပပဲနေရာအစုံကိုရောက်သွားတော့တာပဲ..ဆူးတောင်ကိုအသာလှည့်လိုက်ရုံနဲ့ရေပြင်ပေါ်အထိတက်သွားလိုက်...ရေယက်ကိုကော့လိုက်ရုံနဲ့မြစ်ကြမ်းပြင်ကိုကြက်သရေရှိရှိလွန့်ဆင်းသွားလိုက်နဲ့..ကျုပ်မှာဒီဘဝကိုပြောင်းခွင့်ရတဲ့အတွက်..ဘယ်လိုကျေနပ်မှန်းကိုမသိတော့ဘူး..ကျုပ်ဖြင့်မြစ်ရိုးတလျှောက်လုံးအစုန်အဆန်.အပြောင်းပြောင်းအပြန်ပြန်ကိုသွားပစ်တာပဲ..ကျုပ်မရောက်ဖူးတဲ့ချောင်ကြိုချောင်ကြားရယ်လို့မကျန်သလို..မြစ်ကမ်းပါးစောက်၌ရှိတွင်းမှန်သမျှလည်းမလူးဖူးတာမရှိဘူး..ချောင်းလက်တက်လေးတွေထဲလည်းသွား..စမ်းပေါက်တွေထဲလည်းကူးနဲ့.အို..ပျော်လိုက်တာဆိုတာဗျာ..ဒါပေမဲ့ကျုပ်နေရာလို့သတ်မှတ်ပေးထားတဲ့အရှေ့ကန်ထဲကိုတော့ညတိုင်းကျုပ်ပြန်လာပါတယ်.....

ဒီလိုနဲ့ပျော်ပျော်ကြီးနေလာလိုက်တာ..တနေ့တော့ကံဆိုးမိုးမှောင်ကျတာပဲဗျို့....ကျုပ်မှာဗိုက်အလွန်ဆာနေတဲ့အချိန်ကို..အစာကလည်းဘယ်လိုမှကိုရှာမရဘူးဗျ...တံငါသည်ချောင်ကောင်ကငါးမျှားတံကိုရေထဲအသာချလိုက်ပြီးကျုပ်ကိုဖမ်းဖို့ချောင်းနေတာလည်းသိပါရဲ့...ဒါပေမဲ့ငါးမျှားချိတ်ထိပ်ကတီကောင်ဝဝကြီးကိုကြည့်ရတာ..အရသာရှိမဲ့ပုံပေါက်လွန်းလို့..ကျုပ်ပါးဟက်တွေကတောင်သွားရည်ယိုလာမိတယ်..ကျုပ်လည်းလူ့ဘဝကလာတဲ့သူပဲဗျာ..ငါးမျှားချိတ်ရဲ့အန္တရယ်ကိုကောင်းကောင်းသိတာပေါ့...ခါတိုင်းဆိုအနားတောင်သီတာမဟုတ်ဘူး....ဒါပေမဲ့အဲဒီနေ့မှာတော့ဒီတီကောင်ကြီးကိုမစားရရင်..သေမလောက်ဖြစ်တော့တာပဲ...အလွန်ကိုစားကောင်းမှာပဲလို့လဲထင်မိတယ်..ဒါပေမဲ့ဝါဝါပေါ်ကငါးခေါင်းဆရာရဲ့သတိပေးသံကိုကြားယောင်ပြီး..ကိုယ့်ကိုယ်ကိုထိမ်းချုပ်လို့အဲဒီနားကကူးထွက်လာသေးတယ်...ဒါပေမဲ့ဗိုက်ကပူနေအောင်ကိုဆာတော့တောင့်မခံနိုင်ဘူးရယ်..မိုက်မဲစွာနဲ့ပဲဒီလိုတွေးမိသဗျ....



www.burmeseclassic.com

"…….အင်း…ချောင်ကောင်ကငါ့ကိုသိတာပဲဟာ..သူငါ့ကိုဘယ်သတ်ရဲပါ့မလဲ…တီကောင်ကိုအသာဟပ်ကြည့်မယ်လေ..မိချင်မှလဲမိမှာပါ…အဆုံးစွန်မိသွားရင်တောင်..ငါ့ကိုရုံးခေါ် သွားဖို့ပြောလိုက်ရုံပေါ့…."

ဒါနဲ့ကျုပ်လည်းတီကောင်ကြီးကိုပြေးဟပ်ပစ်လိုက်မိတယ်..တကယ်ပဲငါးမျှားချိတ်ကအာခေါင်ကိုဖောက်ဝင်သွားသဗျ…ချောင်ကောင်ကကျုပ်ကိုသတိကြီးကြီးထားပြီးရစ်တင်တယ်..ကျုပ်လည်းအပြင်းအထန်ကိုရုန်းပါသေးတယ်..ဒါပေမဲ့အောက်နှုတ်ခမ်းတခုလုံးပြဲကျလာပြီး..သွေးတွေထွက်လာတော့..လက်လျှော့လိုက်ရတယ်..ဒါနဲ့သူကပျော်ပြီးကျုပ်ကိုရစ်တင်ရော..ကျုပ်မှာနာလွန်းလို့အော်ဟစ်ရင်း..လွှတ်ဖို့အမိန့်ပေးတာပေါ့…

"….ဟေ့..ချောင်ကောင်..ချောင်ကောင်လို့ဆိုနေတာ..ငါပါကွ..ဌာနမှူးအရာရှိမင်းရွှေဝေပါ..ငါ့ကိုအခုပြန်လွှတ်စမ်းမင်းတော့နာတော့မယ်…အပြစ်ပေးမခံချင်ရင်ငါ့ကိုပြန်လွှတ်ဟေ့…."

ချောင်ကောင်ကတော့ကြားဟန်မတူဘူးဗျ…ကျုပ်ပါးဟက်ထဲကြိုးဖောက်သီလိုက်ပြီးကန်နားကလက်ယက်တွင်းထဲထည့်လို့ကျူပင်နဲ့ဖုံးထားလိုက်တာပဲ…ကျုပ်မှာစိတ်ပျက်လက်ပျက်နဲ့အသာငြိမ်နေတုန်း…မိုးနတ်မင်းများမလိုက်သလိုပဲရုံးကချန်ရောက်ချလာရောဗျ…ချောင်ကောင်ကကျုပ်ကိုမရောင်းချင်လို့…ချန်နဲ့အချီအချဖြစ်နေကြတာကိုကြားနေရတယ်..နောက်တော့ချန်ကကျုပ်ကိုတွေ့သွားရောဗျို့..ငနဲသားကတခါတည်းကျုပ်ကိုဆွဲထုတ်သွားတော့တာပဲ..ကျုပ်မှာပါးဟက်ကြိုးတန်းလန်းနဲ့..ကူကယ်ရာမဲ့ပါသွားတော့စိတ်ဆိုးလွန်းလို့..ငေါက်ငမ်းမိတယ်….

"…ချန်…ဟဲ့..ချန်..စော်ကားလှချည်လားကွ…ဟင်…ငါမင်းရဲ့ဆရာအရာရှိမင်းရွှေဝေပါကွ..ငါးဘဝကိုခဏပြောင်းထားလို့မင်းမမှတ်မိတာပါ…အခုချက်ချင်းငါ့ကိုအရှိအသေပေးပြီး..ပြန်လွှတ်ပေးစမ်း…."

ချန်ကလုံးလုံးကိုမကြားတာလား..ဒါမှမဟုတ်ဂရုကိုမစိုက်တာလားတော့မသိဘူးဗျို့…ခပ်အေးအေးပဲကျုပ်ကိုဆွဲလာရင်း..ချောင်ကောင်ကိုဆူပူလာတယ်..ကျုပ်လည်းအော်လိုက်..ဆဲလိုက်..ဆူပူလိုက်နဲ့အတင်းရုန်းတာပဲ..ဘာမှအရာမထင်ပါဘူး…ဒါနဲ့ကျုပ်တို့ရုံးထဲရောက်လာတော့..ရုံးချိန်မှာစစ်တုရင်ကစားနေတဲ့စာရေးနှစ်ကောင်ကိုတွေ့တာနဲ့စိတ်ဆိုးလွန်းလို့လှမ်းအော်ငေါက်မိသေးတယ်..သူတို့လည်းဘယ့်နှယ်မှမနေဘူးဗျ…အဲ..စာရေးတစ်ကောင်ကတော့….အလိုလေး..လှလိုက်တဲ့ငါးသိုင်းကြီးဗျာ..သုံးပိဿာခွဲတော့အသာလေးပဲ….လို့တောင်လှမ်းပြောလိုက်သေး…ကျုပ်မှာရှက်လွန်းလို့မျက်နှာတောင်မဖော်နိုင်ဘူး…ဒါနဲ့ရုံးပေါ် ရောက်တော့ခင်ဗျားတို့တစ်စုကိုတွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

တာပဲဗျို့…ချန်ကချောင်ကောင်ငါးကြီးကိုမရောင်းချင်လို့..မရှိချင်ယောင်ဆောင်ပြီးငါးသေးလေးတွေပဲထိုးပေးတာလို့တိုင်တော့ပေကဒေါသထွက်ပြီး..ချောင်ကောင်ကိုပိတ်ကန်လိုက်ပါရောလား...ဟိုခမြောမှာလိမ့်သွားလိုက်တာမှရုံးပြင်ရောက်တဲ့အထိပဲ..ပြီးတော့ခင်ဗျားတို့အားလုံးကျုပ်ကိုကြည့်ပြီး..ဝမ်းတွေသာလို့လေ…ပြီးတော့ပေ..ကလားဘယ်သူလားမသိကပြောပါရော..

"……ဒီငါးကြီးကိုထမင်းချက်ဆီယူသွားဟေ့…ငါးသိုင်းစင်းကောလေးလုပ်ပါလို့ပြောလိုက်ချေ..ကြက်သွန်နီအကွင်းလိုက်လှီးထည့်ပြီး..မှိုလတ်လတ်ဆတ်ဆတ်ဖဲ့ထည့်လို့…ဝိုင်နည်းနည်းပါထည့်လို့ပြော..ဟုတ်ပြီလား…..အရသာရှိလိုက်မဲ့ဖြစ်ချင်းကွာ…ဒီနေ့အဆာပြေနေ့လည်စာကတော့မြိန်ဦးတော့မယ်….."

ကျုပ်လည်းအတော်ကြောက်သွားပြီး..အာခေါင်ခြစ်အော်မိတော့တာဗျ ။

"……ဟေ့လူတွေ…ဟေ့..ဟေ့..မလုပ်ကြနဲ့လေဗျာ..ကျုပ်ရှေဝေပါဗျ…ခင်ဗျားတို့ရုံးသားမိတ်ဆွေရင်းကြီးပါ…ကျုပ်ကိုမမှတ်မိကြဘူးလား..ကျုပ်ကိုသတ်စားကြတော့မှာလား…အတော်ရက်စက်တဲ့လူတွေဗျာ…ကျုပ်တောင်းပန်ပါတယ်ဗျ…မလုပ်ကြပါနဲ့…."

ကျုပ်ဘယ်လောက်ပဲတောင်းပန်ပေမဲ့..ခင်ဗျားတို့အားလုံးကိုကြည့်ရတာ..နားပင်းနေသလိုပဲ..နည်းနည်းလေးမှကိုဂရုမထားကြဘူး..ကျုပ်လည်းအသနားခံတဲ့မျက်လုံးတွေနဲ့လူစေ့ကြည့်ပြီး..အဆက်မပြတ်တောင်းပန်မိပြန်တယ် ။

"……ကြက်သွန်နီကွင်းတွေရယ်..မှိုနဲ့ဝိုင်ရယ်ဟုတ်လား…ခင်ဗျားတို့ဗျာ…ကိုယ့်မိတ်ဆွေအရင်းအချာကြီးကိုများမြိန်မြိန်ကြီးချက်စားကြမလို့တဲ့ဗျာတို့…လုပ်ရက်လိုက်ကြတာ…."

လို့ပဲကျုပ်တွေးမိတော့တယ်….တကယ်ကိုဘာမှမတတ်နိုင်တော့ဘူးကိုး….ဒါနဲ့ချန်ကကျုပ်ကိုရုံးစားဖိုဆောင်ကိုယူသွားတယ်…အောင်မယ်…ထမင်းချက်ဝမ်ရှီလျန်ဆိုတဲ့ကောင်ကလဲကျုပ်ကိုမြင်တော့..မျက်နှာကြီးတခုလုံးကိုဝင်းပသွားတော့တာပဲ….ကျုပ်ကိုစားပွဲပေါ် ချပြီးဓါးသွေးတော့တာပဲဗျို့..ဂုတ်တယားယားနဲ့စောင့်နေရတဲ့ကျုပ်အဖြစ်ကိုတွေးသာကြည့်ကြပေတော့ဗျာ…ကျုပ်မှာနောက်ဆုံးအနေနဲ့ကြိုးစားကြည့်ပါသေးတယ်….



www.burmeseclassic.com

www.burmeseclassic.com

"…..ဝမ်ရှီလျန်ရေ…ငါ့အသက်ကိုချမ်းသာပေးပါကွာ…မင်းကိုငါအလုပ်ပေးထားတဲ့ကျေးဇူးကိုထောက်ပါဦး…."

ဝမ်ရှီလျန်ကတော့ခပ်အေးအေးပဲ..ကျုပ်ကိုယူပြီးခါးကနေမြဲမြဲကြီးဆုပ်တော့တာပဲ….ကျုပ်ခေါင်းပေါ်ကိုဓါးကျမလာခင်ဓါးသွားက..လက်ကနဲဖြစ်သွားတာကိုတောင်မြင်မိသေးတယ်..မကြာပါဘူး..ရှပ်ကနဲအသံနဲ့အတူဓါးလည်းကျုပ်ဇက်ပေါ်ကိုအေးကနဲအကျ..ကျုပ်လည်းနိုးလာတော့တာပါပဲဗျာ…."

အရာရှိမင်းရှေဝေရဲ့မိတ်ဆွေတွေဟာ ဒါကိုလဲနားထောင်ပြီးကြရော ပြင်းပြင်းထန်ထန်စိတ်ထိခိုက်ကုန်ကြသတဲ့ ။ ရှေဝေပြောသမျှအသေးစိတ်အကြောင်းအရာတွေဟာ တလုံးတပါဒမကျန်မှန်ကန်နေလို့အလွန်လဲအံ့သြကြတယ် ။ သူ့မိတ်ဆွေတချို့ကတော့ ငါးသိုင်းကြီးရဲ့ပါးစပ်ဟာစိဟာစိဖြစ်နေတာကိုတော့သတိထားမိခဲ့ကြတယ်ဆိုပဲ ။ ဒါပေမဲ့ငါးတို့ထုံးစံဘာအသံမှတော့မကြားခဲ့ကြရပါဘူးတဲ့ ။ ဒါနဲ့အရာရှိမင်းရှေဝေပြန်ပြီး နာလန်ထလာတဲ့အချိန်ကနေစပြီး သူ့မိတ်ဆွေတစ်စုဟာ ငါးသိုင်းဟင်းကိုတစ်သက်လုံးဝေရာမဏီလိုက်ကြပါတော့သတဲ့ ။

☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯





www.burmeseclassic.com

www.burmeseclassic.com



# THE TIGER

A Lodging for the Night, The Man Who Became a Fish, The Tiger, and Matrimony Inn

These four stories are written by Li Fu-Yen (See Introduction). They are Preserved in T'aip'ing Kwangchi as Numbers 418,471,429 and 159 respectively. Another story by the same author may be found in my Vigil of a Nation (John Day), pages 155-58; it is told against the same weird background of magic and answers the question: When is it hardest for a person to keep his mouth shut? Among the four here, "Matrimony Inn" is the best known, and the phrases "the old man under the moon" and "tying red threads" have passed into current Chinese vocabulary.

**Lin Yutang**



www.burmeseclassic.com

www.burmeseclassic.com

# ၁၃ ။ ဟင်းမျိုးကြီး

ယွမ်ဟိုမင်းဆက်အစဦးပိုင်းလောက်ဖြစ်တဲ့ သက္ကရာဇ် (၈၀၆-၈၂၀)လောက်မှာ ချန်ဖိန်းဆိုတဲ့တောင်ပိုင်းသားတစ်ယောက်ဟာ ဖူကျန်နယ်ဘက်ကိုခရီးထွက်လာသတဲ့ ။ တောင်ပိုင်းဒေသကလာသူပီပီ မြောက်ပိုင်းရဲ့အနွေးပိုင်းအသီးအနှံခင်းတွေ ၊ ရှုခင်းတွေကိုချန်ဖိန်းစိတ်ဝင်စားလို့မဆုံးနိုင်ဘူး ။ ပြီးတော့ ဒီမြောက်ပိုင်းဒေသတွေမှာ ဟင်းမျိုးကြီး (ကျား)တွေရှိတယ်ဆိုတဲ့သတင်းကြောင့်လဲ သူ့မှာစွန့်စားခန်းဝင်ရသလိုတထိတ်ထိတ်နဲ့အင်မတန်မှ ကျေနပ်နေသတဲ့ ။ ဒီလိုနဲ့ခရီးနှင်လာလိုက်တာ တနေ့တော့ဖူချောင်နားက ဟိန်ရှန်ဆိုတဲ့မြို့သေးသေးလေးတစ်ခုကတည်းခိုခန်းမှာ သူ့တပည့်နဲ့အတူဝင်နားကြတယ် ။ ဟိန်ရှန်မြို့ဟာ ဖူကျန်နဲ့ချေကျန်နယ်ကိုခြားထားတဲ့တောင်တန်းဒေသကြီးရဲ့ရေဝေရေလဲဒေသထဲမှာရှိတာပေါ့ ။ ချန်ဖိန်းကတော့ဘာပြောကောင်းမလဲ..မြောက်ပိုင်းကိုအင်မတန်စိတ်ဝင်စားနေသူပီပီ ဟိန်ရှန်ကိုရောက်ရောက်ချင်းတည်းခိုခန်းမှာအထုတ်ချပြီး မြို့ထဲကိုစနည်းနာထွက်တော့တာပဲ ။ ဒီဒေသရဲ့တမူထူးခြားတဲ့ဓလေ့တွေ ၊ ရှုခင်းတွေနဲ့ အမျိုးသမီးတွေရဲ့ဝတ်စားဆင်ယင်ပုံကအစအကုန်မြင်ဖူးချင်တာကိုး ။ ဒါနဲ့လမ်းလျှောက်တုတ်ကောက်လေးကိုင်ပြီး တစ်ယောက်တည်းသွားလိုက်တာ မိုးမပြတ်ဟန်နဲ့စိမ်းဖန့်ဖန့်ဝန်းကျင်တွေ ၊ တောင်တွေဘက်ကတိုက်လာတဲ့လေချိုအေးကလေးတွေ ကိုခံစားရင်းအတော်ဝေးဝေးထိလျှောက်မိသွားပါသတဲ့ ။ ရှုခင်းတွေကသူတို့တောင်ပိုင်းလိုမွဲခြောက်ခြောက်မဟုတ်ဘဲ တမင်ဆေးခြယ်ထားသလားထင်ရအောင်အရောင်စုံနေတော့ ချန်ဖိန်းမှာမောလို့မောရကောင်းမှန်းတောင်မသိပါဘူး ။ ဆောင်းဦးပေါက်ရာသီဆိုတော့စိမ်းနေတဲ့တောင်တွေရဲ့တောင်ကြောတလျှောက်မှာ အရောင်ပြောင်းစပြုနေတဲ့မေပယ်လ်ပင်တွေရဲ့နီစွေးစွေး ၊ ဝါရွှေရွှေအရောင်တွေပက်ကြဲထားတာများ ကြည့်လို့ကိုမဝနိုင်ဘူး ။ တောင်ခါးပန်းတနေရာမှာတော့အင်မတန်သပ္ပါယ်တဲ့ ပုထိုးတော်တစ်ဆူနဲ့ ဖြူဖွေးနေတဲ့ဘုံကျောင်းပြသာဒ်အဆင့်ဆင့်တွေက တစွန်းတစပေါ်လို့ ။ ဒီကြားထဲ ဝင်လုဆဲနေလုံးနီနီက အဲဒီတောင်စောင်းတဝိုက်နဲ့အောက်ကစပါးခင်းတွေအပေါ်ကို အပြာမှိန်ဖျော့ဖျော့ ၊ အစိမ်းလွင်လွင် ၊ ခရမ်းတောက်တောက်စတဲ့အရောင်မျိုးစုံပြန်ဟပ်နေတဲ့အထဲကို မေပယ်လ်ပင်အုပ်ရဲ့အနီနဲ့ရွှေအိုရောင်ပါပေါင်းစပ်အားဖြည့်လိုက်ပြန်တော့ နတ်သမီးတိုင်းပြည်ကပန်းချီလိုမယုံနိုင်စရာသာယာလှပါသတဲ့ ။

အင်မတန်လှပတဲ့ရှုမျှော်ခင်းကို ချန်ဖိန်းတစ်ယောက်အားပါးတရခံစားနေတုန်းရှိသေး ၊ ရုတ်တရက်ဆိုသလိုမှုံးဝေလာပြီးတော့မျက်စိထဲကြယ်တွေလတွေတောင်မြင်လာပါရော ။ အစကတော့တောင်ပေါ်မှာလေထုကျဲပါးတာရယ် ၊ အမောလွန်သွားတာရယ်နဲ့ ရာသီဥတုအပြောင်းအလွဲရယ်ကြောင့်ဖြစ်မှာပါလို့ထင်မိသေးတယ် ။ ဒါမှမဟုတ်ထူးထူးခြားခြားရောင်စုံပြန်ဟပ်နေတဲ့ နေရောင်ကြောင့်လဲဖြစ်နိုင်တာပဲပေါ့လေ ။ ဒါနဲ့နားဖို့ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

သူ့ရှေ့တစ်ကိုက်နှစ်ကိုက်လောက်အကွာမှာ ကတ္တီပါလိုစိမ်းနုနေတဲ့မြက်ခင်းပြင်လေးကိုတွေ့မိသတဲ့ ။ မြက်ခင်းအစပ်မှာတော့တောအုပ်ထူထူနဲ့တောင်ကုန်းလေးရှိတယ် ။ ဒါနဲ့ချန်ဖိန်းလည်းဝတ်ရုံကိုအသာချွတ်လို့ မြက်ခင်းပြင်ထဲကိုဆင်းပြီး လမ်းလျှောက်တုတ်ကောက်ကိုသစ်ပင်မှာမှီထောင်လို့ အိစက်နေတဲ့မြက်တွေပေါ် လှဲချလိုက်သတဲ့ ။ ပြာလွင်နေတဲ့ကောင်းကင်ကိုစိုက်ကြည့်နေရင်းမှာ နောက်တောက်တောက်ဖြစ်နေတဲ့ခေါင်းကသက်သာလာတော့ သဘာဝတရားရဲ့အလှအပကိုဆက်ခံစားနေမိတော့တယ် ။ အပြင်လောကမှာတော့လူတွေဟာနေရာတွေ ၊ ကျော်ကြားမှုတွေ ၊ စည်းစိမ်ချမ်းသာတွေအတွက်လိမ်လိုက်ကြ ၊ ကောက်လိုက်ကြ ၊ သတ်လိုက်ကြနဲ့ ဒီမှာကတော့အေးချမ်းလိုက်တာနော် ဆိုပြီးတွေးမိသတဲ့ ။ ဒါနဲ့ချန်ဖိန်းလည်း မြက်ခင်းပြင်ပေါ်မှာ စိတ်ရှိလက်ရှိပဲလူးလိမ့်အညောင်းဆန့်ရင်း အလွန်မှသက်တောင့်သက်သာနဲ့ စိတ်ချမ်းသာနေတာပေါ့ ။ မြက်စိမ်းနံ့လေးတသင်းသင်းနဲ့ လေအေးကလေးကသုတ်ဖြူးနေတော့ ခဏအတွင်းပဲအိပ်ပျော်သွားပါလေရော ။

သူနိုးလာတော့ညနေစောင်းလောက်လို့ထင်မိတာပဲ ။ ဗိုက်လည်းဆာလှပြီလေ ။ ဒါနဲ့တဂွီဂွီမြည်နေတဲ့သူ့ဗိုက်ကိုအသာပွတ်လိုက်တော့ သူ့လက်မှာထူးထူးခြားခြားအမွေးဝါဝါနုနုတွေ ပေါက်နေသတဲ့ ။ ဒါနဲ့ချန်ဖိန်းလည်းအလန့်တကြားခုန်ထမိတော့ သူ့တစ်ကိုယ်လုံးကိုကြက်သရေရှိလှတဲ့ အဝါအနက်စင်းကျားအရေချောချောပြောင်ပြောင်ဖုံးအုပ်ထားတာကိုမြင်မိသတဲ့ ။ လက်မောင်းတွေကိုဆန့်ကြည့်ပြန်တော့ အင်အားသစ်တစ်မျိုးနဲ့အလွန်သန်နေတာအံ့သြစရာတွေ့လိုက်ရတယ် ။ ဒါနဲ့ဝါးကနဲသန်းလိုက်မိတော့ ဟိန်းသံကြီးပါထွက်လာသတဲ့ ။ သူ့မျက်နှာကိုမြင်သလောက်ကြည့်မိပြန်တော့ နှုတ်ခမ်းမွေးရှည်ဖြူဖြူတွေ ထိုးထိုးထောင်ထောင်နဲ့ ။ အလို..သူအိပ်ပျော်နေတုန်းမှာပဲ ဟင်းမျိုးကြီးလို့လူတွေကြောက်ကြောက်နဲ့ နာမ်နိမ်ပြီးခေါ်ကြတဲ့ ကျားဘဝကိုပြောင်းသွားမှကိုး ။

ချန်ဖိန်းကတော့နည်းနည်းမှလန့်မသွားတဲ့အပြင် အတော်လေးပျော်သွားဆိုပဲ ။ ဟုတ်သလေ..ပြောင်းမဲ့ပြောင်းတော့ တောရဲ့ဘုရင်ကျားအဖြစ်ကိုရတာဘယ်လောက်ကောင်းသတုန်း ၊ ကော်တာပဲကွာဆိုပြီး သူ့ခန္ဓာအသစ်ရဲ့ခွန်အားကိုစမ်းသပ်ဖို့တောထဲကိုပြေးဝင်လို့ မြင့်ပေ့ဆိုတဲ့ကျောက်ဆောင်တစ်ခုကနေတစ်ခု လွှားကနဲလွှားကနဲခုန်ကျော်ပြီး အကျေနပ်ကြီးကျေနပ်နေသတဲ့ ။ ပြီးတော့ရောက်တုန်းဘုရားဖူးခဲ့ဦးမှပဲဆိုပြီး တော်တော်မတ်တဲ့တောင်ခါးပန်းမှာရှိတဲ့ ဘုံကျောင်းဆီကိုသက်သက်သာသာပဲတက်သွားပြီး ဘုံကျောင်းတံခါးကို သူ့ရဲ့ရှေ့လက်ကြီးတွေနဲ့ခေါက်..အဲလေ..သွားပုတ်သတဲ့ ။ ပြီးတော့တံခါးဖွင့်ပေးဖို့ရပ်စောင့်နေတုန်းအထဲက ဘုန်းကြီးတစ်ပါးရဲ့ဒီလိုပြောသံကိုကြားလိုက်ရပါလေရော ။



www.burmeseclassic.com

www.burmeseclassic.com

"…..ဟဲ့…ဟဲ့…မဖွင့်နဲ့..မဖွင့်လိုက်နဲ့…ဒါဟင်းမျိုးကြီးအနံ့ကွဲ့…ငါကောင်းကောင်းသိတယ်…."

ဟင်..ဝက္ကျတာပဲဟော့လို့ချန်ဖိန်းတွေးမိသတဲ့ ။ ဘုံကျောင်းကိုလာရတဲ့ရည်ရွယ်ချက်ကတော့ဘုရားဝင်ဖူးရင်း၊ ဗိုက်ကလည်းအတော်ဆာနေပြီဆိုတော့ ဘုန်းကြီးတွေကျွေးတဲ့ညစာစားမယ်ပေါ့လေ ။ ပြီးရင်ဘုန်းကြီးတွေနဲ့တရားအကြောင်းဆွေးနွေးရုံပါ ။ အင်း..ဒါပေမဲ့ငါကအခုကျားဖြစ်နေပြီဆိုတော့လဲ သူတို့ပြောသလိုကျားနံ့ထွက်နေပြီထင်ပါရဲ့ဆိုပြီး သူလည်းအသာပဲပြန်လှည့်ထွက်လာတယ် ။ ဒါပေမဲ့ဗိုက်ဆာလွန်းတော့ တောင်ခြေဆင်းပြီးရွာထဲမှာစားစရာရှာရရင်ကောင်းမယ်ဆိုပြီး ဆင်းချသွားရော ။ ဒါနဲ့ရွာဝင်လမ်းနားက ခရိုးမှာအသာဝပ်ပြီးချောင်းနေသတဲ့ ။ ခဏနေတော့မိန်းမလှလေးတစ်ယောက်ဖြတ်လာရော ။ မိန်းကလေးကကိုယ်ဟန်သွယ်သွယ်နဲ့ အသားအရေဝင်းမွတ်ကြည်လင်ပြီးလှလွန်းလို့ ဖူချောင်သူတွေအင်မတန်ချောတယ်ဆိုတာတယ်မှန်ပါလားလို့ ကျားချန်ဖိန်းတွေးမိတယ်။ ဒါနဲ့ကြုံတုန်းလူပျိုလှည့်ဦးမှပဲလေဆိုပြီး ရွာခရိုးအကွယ်ကနေအသာထွက်လိုက်တော့ မိန်းကလေးကကြောက်လန့်တကြားအော်ဟစ်ပြီးပြေးပါလေရော ။ ဒီတင်ချန်ဖိန်းမှာကျားဖြစ်ရတာကို နည်းနည်းစိတ်ကုန်စပြုလာတယ်။ ဘယ့်နယ်ဘဝကြီးပါလိမ့်ဆိုပြီးတော့ပေါ့ ။ လူတကာကသူ့ကို သရဲသဘက်လိုဆက်ဆံနေကြတာကိုး ။ သူဗိုက်ဆာနေပေမဲ့ဒီမိန်းကလေးကိုစားဖို့တော့ မရည်ရွယ်ရိုးအမှန်ပါပဲ ။ ဒီလောက်လှတာ ဘယ်စားလို့ဖြစ်မလဲ ။ ဝက်လေးဘာလေးတွေ့ရင်တော့ဆွဲသွားမှာပေါ့ ။ ဒီလောက်ပါပဲ ။

ဝက်ဆူဆူတို့ ၊ သိုးပေါက်စဝဝတို့များတွေ့ရင်တော့ကွာ ဆိုပြီး သွားရည်တမြားမြားဖြစ်လာလို့ ချန်ဖိန်းမှာကိုယ့်ကိုယ်ကိုရှက်မိပါသေးသတဲ့ ။ ဒါပေမဲ့ဗိုက်ဆာတာမှအူကိုလိမ်နေတော့ ရွာနားကပ်ရပြန်တယ် ။ နွားကလေးဖြစ်ဖြစ်၊ ဝက်ဖြစ်ဖြစ်၊ နောက်ဆုံးကြက်ဆိုရင်ကိုမဆိုးပါဘူးဆိုပြီး ရွာထဲလှည့်ပတ်ရှာတာပေါ့ ။ ဒါပေမဲ့တိရစ္ဆာန်တွေကိုကောင်းကောင်းမွန်မွန်ခြံခတ်ပြီးထည့်ထားတာချည်းပဲ ။ သူလာသံကြားလို့အိမ်တံခါး ၊ ခြံတံခါးတွေကိုလုံလုံပိတ်လိုက်ကြတော့ ချန်ဖိန်းမှာရွာနောက်ဖေးလမ်းအမှောင်ထဲဝပ်လို့ ခွေးဝဲစားလောက်မှစားရရင်ကိုတော်ပါပြီဆိုပြီးစိတ်ဒုန်းဒုန်းချလိုက်ရသတဲ့ ။ ကျားသိက္ခာကျလိုက်ပုံများတော့ ။ ဝင်းတံခါးတွေ၊ ပြတင်းတွေကိုစေ့ကြပ်နေအောင်ပိတ်ထားတဲ့အိမ်တွေထဲမှာတော့လူတွေဝိုင်းထိုင်လို့ ဒီနေ့ရွာထဲအထိ အတင့်ရဲစွာဝင်လာတဲ့ ဟင်းမျိုးကြီးအကြောင်းကိုတီးတိုးပြောကြဆိုကြနဲ့ နိုးနိုးကြားကြားရှိနေကြပုံပဲ ။

နောက်ဆုံးတော့ ဟယ်..တတ်နိုင်ပါဘူးဆိုပြီးတောင်ပေါ်ကိုပဲပြန်တက်လာရသတဲ့ ။ ဆာတာကတော့ ဆာတုန်းပဲဆိုတော့ ညကြီးမင်းကြီးခရီးထွက်လာတဲ့ ခြေကျင်ခရီးသည်ရှိလိုရှိငြားမျှော်ရပြန်တယ် ။ ဒီလိုနဲ့တည

www.burmeseclassic.com

လုံးစောင့်လိုက်တာ သားကောင်လည်းမတွေ့ ၊ လူလည်းမလာတာနဲ့ဗိုက်မှောက်ပြီးအိပ်လိုက်ရတော့သတဲ့ ။ မိုးလင်းတော့တောင်ပေါ်လမ်းကိုလူတွေဖြတ်လာစပြုပြီ ။ ဒီတင်မြို့ထဲကနေတက်လာတဲ့လူတစ်ယောက်က အနားကခရီးသွားတွေကို ဖူချောင်နယ်အစိုးရအရာရှိမင်းချိန်ချူကိုတွေ့မိလားဆိုပြီးလိုက်မေးနေတာကို ဟင်းမျိုးကြီးချန်ဖိန်းတစ်ကောင်မြင်မိရော ။ အဲဒီအရာရှိမင်းချိန်ချူဆိုတာမနေ့ကတည်းက ရုံးကိုအရောက်လာရမှာဆိုပြီး လူတွေကိုလိုက်စုံစမ်းနေတဲ့ရုံးစာရေးကပြောနေတာလည်း ကြားရတယ် ။ ရုတ်တရက်ပဲ ကျားတဖြစ်လဲချန်ဖိန်းရဲ့စိတ်ထဲမှာဒီအရာရှိမင်းချိန်ချူဆိုတာကိုစားချင်စိတ်ပေါက်လာသတဲ့ ။ ဘာလို့မှန်းတော့မသိပေမဲ့ သူ့ကျားဘဝရဲ့ပထမဆုံးသားကောင်ဟာချိန်ချူပဲဆိုပြီး သွားရည်တောင်ယိုလာမိတယ် ။ ဒီတင်အရာရှိမင်းချိန်ချူကိုလိုက်ရှာနေတဲ့ စာရေးကိုလူတစ်ယောက်ကသတင်းပေးရော ။

"......ကျုပ်တို့တည်းခဲ့တဲ့တည်းခိုခန်းမှာ..အရာရှိမင်းချိန်ချူကိုမြင်ခဲ့သဗျ...ဒီမနက်ကျုပ်တို့ထွက်လာတော့..အရာရှိမင်းကအိပ်ရာထဲမှာပဲရှိသေးတယ်...ခဏနေလောက်ဆိုရင်ရောက်လာမယ်ထင်တယ်...."

"...ဟုတ်လား..မိတ်ဆွေ...ကျေးဇူးတင်ပါတယ်ဗျာ...ဒါနဲ့အရာရှိမင်းချိန်ချူကတစ်ယောက်တည်းလား....ဒါမှမဟုတ်အဖော်တွေပါသေးလား..ပြီးတော့ဘယ်လိုဝတ်စားထားသလဲဗျ..ကျုပ်ကအရာရှိမင်းကိုကြိုဆိုဖို့တာဝန်ပေးခံထားရတဲ့သူဆိုတော့အမှားအယွင်းမဖြစ်ချင်လို့ပါဗျာ...."

".......သြော်..ခင်ဗျားကဟိန်ရှန်ကရုံးစာရေးထင်ပါရဲ့...အရာရှိမင်းနဲ့နောက်ထပ်နှစ်ယောက်ပါကြသေးတယ်..သူတို့ထဲကအစိမ်းရင့်ရောင်ဝတ်လုံနဲ့ဟာက..ချိန်ချူပဲဗျ...."

ဆိုပြီးရုံးစာရေးနဲ့ခရီးသွားအပြန်အလှန်ပြောနေကြတာကို ဟင်းမျိုးကြီးချန်ဖိန်းကချုံကွယ်ကနေပြီး နားထောင်မှတ်သားနေမိသတဲ့ ။ ချိန်ချူကိုစားမယ်လို့သာကြံနေပေမဲ့ တခါမှလည်းမမြင်ဖူး ၊ ကြားလည်းမကြားဖူးဘူးကိုး ။ ဒါနဲ့ချုံရှုပ်ရှုပ်အနောက်ကနေပြီး အသာဝပ်လို့ချောင်းနေတုံး ချိန်ချူနဲ့သူ့အတွင်းရေးမှူးနှစ်ယောက်ရောက်လာကြတော့တာပဲ ။ အရာရှိမင်းချိန်ချူဆိုတာက ထောပတ်တုံးကြီးလိုဖြူဖြူဝဝကြီးဆိုတော့ စားကောင်းလိုက်မဲ့အမျိုးဆိုပြီး ချန်ဖိန်းဟာတခါတည်းနေရာကထွက်လို့ ချိန်ချူကိုခုန်အုပ်ပြီးတောင်ပေါ်ကိုကိုက်ချီသွားရော ။ အတူပါလာတဲ့လူတွေကြိုဖို့စောင့်နေတဲ့လူတွေလည်း အကုန်အော်ဟစ်ပြီးပြေးကြတော့တာပဲ ။ တောင်ပေါ်ရောက်တာနဲ့ အရာရှိချိန်ချူကိုချန်ဖိန်းတစ်ယောက်အားပါးတရပွဲတော်တည်ပစ်တာ ဆံပင်နဲ့အရိုးလောက်ကျန်ပါသတဲ့ ။ ဟင်းမျိုးကြီးချန်ဖိန်း



www.burmeseclassic.com

မှာအခုမှပဲအဆာပြေသွားတော့တယ် ။ ကျားဖြစ်နေတော့ လူဝကြီးတစ်ယောက်လုံးလုံးကိုစားပစ်တာတောင် ချန်ဖိန်းအဖို့မနက်စာများများစားမိသလောက်ပဲခံစားရတယ်ဆိုပဲ ။ ဒါနဲ့ဗိုက်ဝသွားတော့ တရေးတမောအိပ်လိုက်သေးတယ် ။ အိပ်ရာကနိုးလာတော့ သူ့ကိုဘာရန်သတ္တုရှုမှမပြုခဲ့တဲ့လူတစ်ယောက်ကို အသားလွတ်ကြီးစားပစ်လိုက်မိလို့နောင်တရစပြုနေပြီ ။ ဗိုက်လည်းဝ ၊အိပ်ရေးလည်းဝသွားတော့ ခေါင်းထဲမှာကြည်ကြည်လင်လင်ရှိပြီး လူလိုပြန်တွေးမိပါသတဲ့ ။ အင်း..သူများအသတ်ကိုသတ်ဖြတ်စားသောက်ရတဲ့ ကျားဘဝဟာမဟန်လှဘူးလို့တွေးပြီး စိတ်ပျက်လာမိတယ် ။ တစ်ရက်ပြီးတရက်သူများအသက်သေရခြင်းအပေါ်ကိုမှီခိုပြီး အသက်ရှင်နေထိုင်ရတဲ့ဘဝကိုး ။ ဟိုတညကပဲဗိုက်ဆာလွန်းတော့ အမဲလိုက်ချင်တဲ့ဟင်းမျိုးကြီးဗီဇပေါ်လာပြီးရွာထဲဝင်မွှေမိသေးတယ်မဟုတ်လား။ ဒါနဲ့ အကြံကုန်ဂဠုန်ဆားချက်ဆိုတာလို ဒီလိုတွေးကြည့်သတဲ့ ။

"…..ငါ့ကိုကျားဘဝပြောင်းသွားစေတဲ့..ဟိုမြက်ခင်းပြင်နားပြန်သွားကြည့်ရရင်ကောင်းမယ်…ကံကောင်းရင်ငါလူ့ဘဝတောင်ပြန်ရောက်ရင်လည်းရောက်သွားမှာပဲ…."

ဒါနဲ့ဟိုနေရာရောက်တော့ သူ့အဝတ်တွေ ၊ လမ်းလျှောက်တုတ်ကောက်တွေကိုခြေရာမပျက်လက်ရာမပျက်ပြန်တွေ့ရသတဲ့ ။ ဒါနဲ့မြက်ခင်းပေါ်အသာလှဲချပြီး လူပြန်ဖြစ်သွားရင်သိပ်ကောင်းမှာပဲလို့တွေးပြီး မြက်နုနုအိအိတွေအပေါ်လူးလိမ့်နေတုန်းရှိသေး ချက်ခြင်းပဲလူ့အသွင်ပြန်ပြောင်းသွားတော့သတဲ့ ။ ချန်ဖိန်းမှာအံ့သြတကြီးဖြစ်နေပေမဲ့ လူ့ဘဝပြန်ရတာကိုဝမ်းသာလွန်းလို့ အမြန်ဆုံးပဲအဝတ်တွေထကောက်ဝတ်ပြီး မြို့ဘက်ကိုသုတ်ခြေတင်ပါလေရော ။ တည်းခိုခန်းပြန်ရောက်တော့ သူတစ်ရက်တိတိအပြင်ရောက်နေခဲ့တာကိုသိလိုက်ရတယ် ။ သူ့တပည့်ကလည်းစိတ်ပူလွန်းလို့မေးစမ်းတော့တာပဲ ။

"..တစ်ရက်လုံးလုံးဘယ်များသွားနေတာလဲ..ဆရာရယ်…ကျွန်တော့မှာရှာလိုက်ရတာ..တမြို့လုံးကိုနှံ့သွားတာပဲ.."

တည်းခိုခန်းပိုင်ရှင်ကလည်း ချန်ဖိန်းပြန်ရောက်မှန်းသိတော့မှ ဟင်းချနိုင်ပြီးလာမေးစမ်းပါသတဲ့ ။

"…အလိုလေး…ခင်ဗျားအတွက်စိတ်ပူလိုက်ရတာ..မိတ်ဆွေရာ…မနေ့ကဒီနားမှာဟင်းမျိုးကြီးသောင်းကျန်းနေလို့ဗျို့….ရွာနားရောက်နေတာကိုမိန်းကလေးတစ်ယောက်တွေ့လိုက်တဲ့အပြင်..ရွာထဲတောင်ဝင်မွှေသွားလိုက်သေးသတဲ့…ဒါတင်ဘယ်ကမလဲ…ဒီမနက်နေ့ခင်းကြောင်တောင်ကြီးမှာ..ရုံးကိုပြောင်းလာတဲ့အရာရှိမင်းချိန်ချူတောင်

www.burmeseclassic.com

ဟင်းမျိုးကြီးလက်ချက်မိသွားပါရောလား...အရေးထဲခင်ဗျားကလည်းပျောက်နေတော့သွားပြီထင်နေကြတာ....."

ဒါနဲ့ချန်ဖိန်းမှာသူတောင်ပေါ်ဘုံကျောင်းမှာပဲ ညအိပ်လိုက်တဲ့အကြောင်းလည်ဆည်ပြီးပြောလိုက်ရသတဲ့ ။ တည်း ခိုခန်းပိုင်ရှင်ကဆက်ပြောသေးတယ် ။

"......အလိုလေး..ကံကောင်းလို့ပါလား...အရာရှိရှိန်ချူကိုဟင်းမျိုးကြီးဆွဲသွားတာအဲဒီနားမှာပဲဗျ....."

"......အင်း...ကျားကကျုပ်ကိုဆွဲစရာအကြောင်းမရှိပါဘူးဗျာ..."

"......အို..ဘယ့်နှယ်ကြောင့်သိပ်သေချာနေရသတုန်း..မိတ်ဆွေရ...အဟိတ်တိရစ္ဆာန်ဆိုတာသိနိုင်တာမှတ်လို့ဗျာ ပြီးတော့ဒီနယ်ကဟင်းမျိုးကြီးတွေကဆိုးကဆိုးသနဲ့...."

"....သေချာဆို...အဲဒီကျားကကျုပ်ကိုဘယ်လိုမှမဆွဲနိုင်လို့ပဲဆိုကြပါစို့ဗျာ....."

ဆိုပြီးချန်ဖိန်းကအဓိပ္ပါယ်ပါပါနဲ့ ဒီလောက်ပဲပိတ်ပြောလိုက်ပါတော့သတဲ့ ။ သူဟင်းမျိုးကြီးဘဝကို တစ်ရက်တိတိ ရောက်သွားခဲ့တယ်ဆိုတဲ့အကြောင်းကိုတော့ ဘယ်သူ့မှမပြောရဲဘူး ။ ပြောပြဖို့နေနေသာသာ သူလူတစ်ယောက် ကိုစားပစ်မိခဲ့တယ်ဆိုတာ ပြန်တောင်မတွေးရဲတော့ဘူး ။ အခုလူ့ဘဝကိုပြန်ရောက်နေတော့ သူလူသားစားခဲ့တဲ့အ ဖြစ်ဟာ အင်မတန်မှစက်ဆုတ်ရွံရှာစရာ ၊ ရက်စရာကြောက်စရာဖြစ်နေတော့တာကိုး ။ ဒါနဲ့ဒီအဖြစ်ကိုလုံးလုံးလျှို့ ဝှက်ထားဖို့ပဲဆုံးဖြတ်လိုက်သတဲ့ ။

မကြာခင်ချန်ဖိန်းလည်း ဟိုနန်ကိုပြန်သွားတော့တယ် ။ ဒီလိုနဲ့ပဲနှစ်တွေတော်တော်ကြာသွားတယ် ။ တစ် ရက်တော့ ဟွေမြစ်ကမ်းပေါ်ကဟွေယန်မြို့ကိုခရီးထွက်ရင်း မိတ်ဆွေတွေဝင်တွေ့ဖို့ ခဏရောက်ခဲ့သတဲ့ ။ ချန်ဖိန်း အတွက်ဆိုပြီးမိတ်ဆွေတွေကညစာစားပွဲကျင်းပပေးကြတယ် ။ ညစာစားပွဲဆိုတော့အရက်ပါတာပေါ့လေ ။ ဒါနဲ့သူ ငယ်ချင်းဟောင်းတွေကိုပြန်တွေ့ကြရလို့ ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့သောက်လိုက်ကြတာ အတော်လေးထွေကုန် ကြသတဲ့ ။ ဒီလိုနဲ့စားပွဲတစ်ဝိုင်းလုံးကလူမှန်သမျှက ကြုံဖူးခဲ့တဲ့ထူးထူးဆန်းဆန်းအဖြစ်တွေကို တစ်လှည့်စီပြောပြ တမ်းကစားကြရော ။ တကယ်လို့အဖြစ်အပျက်ကမထူးဆန်းဘူးလို့ထင်ကြရင် ပြောသူရဲ့ပါးစပ်ထဲအရက်တစ်ခွက်



www.burmeseclassic.com

လောင်းထည့်ကြေးတဲ့လေ ။ ဒီလိုနဲ့ပြောလိုက်ကြတာအကုန်မူးကွဲကုန်တော့တာပဲ ။ ချန်ဖိန်းအလှည့်လည်းရောက်ရော အရက်မူးတော့ကျွဲခိုးပေါ် ဆိုသလို သူအမြဲလျှို့ဝှက်ထားခဲ့တဲ့ ဟင်းမျိုးကြီးဘဝရောက်ခဲ့တဲ့ဇာတ်လမ်းကိုပြောပြမိရက်သားဖြစ်နေပါသတဲ့ ။ ဖြစ်ချင်တော့သူ့မိတ်ဆွေတွေဖိတ်ထားတဲ့ဧည့်သည်တွေထဲမှာ သူစားပစ်မိခဲ့တဲ့အရာရှိမင်းချိန်ချူရဲ့သားလည်းပါနေတာကိုး ။ ချန်ဖိန်းကတော့မသိပါဘူး ။ မူးမူးနဲ့ဆက်ပြောလေ ၊ အဲဒီလူရွယ်ကအဖြစ်အပျက်တစ်ခုလုံးကိုဆက်စပ်မိလေဖြစ်ပါရော ။ ဒါနဲ့ဇာတ်လမ်းလည်းဆုံးရော ၊ သူ့အဖေကိုသတ်တဲ့တရားခံ ဘယ်သူလဲဆိုတာသိလိုက်ရတဲ့ လူရွယ်လည်း ဒေါသမထိန်းနိုင်တော့ပဲ နားထင်ကသွေးကြောကြီးတွေတောင်ထောင်ထလာပြီး ရန်မူဖို့ခုန်ထလာတော့တာပဲ ။

"......ဟင်...လူယုတ်မာကြီး..အခုမှသိတော့တယ်....ခင်ဗျားပဲကိုး...ကျုပ်အဖေကိုသတ်ခဲ့တာ..ခင်ဗျားဗျာ..လူတစ်ယောက်လုံးကိုသတ်ခဲ့တာတောင်..ရက်ရမှန်းမသိပဲ..ပါးစပ်အရသာခံပြောနေသေးတယ်...သိကြရောပေါ့...."

ချန်ဖိန်းလည်းထွေနေတာလေးတွေ ပျောက်ကုန်ပြီး အဲဒီတော့မှအလောတကြီးထရပ်လို့ တောင်းပန်သတဲ့ ။ ကိုယ်သေတွင်းကိုယ်တူးမိပြီးသားဖြစ်နေမှကိုး ။

".......တောင်းပန်ပါတယ်..ငါ့ညီရယ်...ကျုပ်စားပစ်မိတဲ့အရာရှိမင်းချိန်ချူဟာမင်းရဲ့ဖခင်မှန်းမသိလို့...ဒီဇာတ်လမ်းကိုပြောပြမိတာပါ...မူးလည်းမူးနေလို့ပါကွာ....ကျုပ်တကယ်ကိုစိတ်မကောင်းပါဘူး..."

ဒေါသထွက်နေတဲ့လူရွယ်ကတော့ ခါးကြားကဓါးမြှောင်ကိုဆွဲထုတ်လိုက်ပြီးချန်ဖိန်းကိုလှမ်းပေါက်တော့တာပဲ ။ ကံကောင်းထောက်မစွာပဲ သီသီလေးလွဲသွားပြီးအနားကတံခါးမှာသွားစိုက်ရော ။ ဒီတင်လူငယ်က ချန်ဖိန်းကိုခုန်အုပ်ပြန်သတဲ့ ။ အဲဒီအခါမှသတိဝင်လာတဲ့ မိတ်ဆွေတွေမှာ လူငယ်ကိုမနည်းဝိုင်းဆွဲကြရတော့တာပေါ့ ။ ဒါတောင်ဒေါသကြီးနေတဲ့လူရွယ်က အော်ဟစ်ရန်းကန်နေတုန်းပဲ ။

"......ခင်ဗျားကံကောင်းလို့အခုမသေပေမဲ့...ရေဆုံးမြေဆုံးလိုက်ပြီးကျုပ်အဖေအတွက်လက်စားချေမယ်..."

မိတ်ဆွေတွေလည်း ချန်ဖိန်းကိုအမြန်ထွက်သွားပြီးတစ်နေရာမှာခဏရှောင်နေဖို့ပြောရတယ် ။ တဖက်ကလည်းသွားလေသူချိန်ချူရဲ့သားကိုဖြောင့်ဖျကြရတာပေါ့လေ ။ ဖခင်အတွက်လက်စားချေတယ်ဆိုတာလုပ်ထိုက်တဲ့ကိစ္စ



www.burmeseclassic.com


www.burmeseclassic.com

ဖြစ်ပေမဲ့ချန်ဖိန်းဟာ တမင်သက်သက်အရာရှိချိန်ချူကိုသတ်ပစ်ခဲ့တာမဟုတ်ကြောင်း၊ တိရစ္ဆာန်ဘဝရောက်နေ ခိုက်မို့အမှားအမှန်မသိပဲ လုပ်မိတာသာဖြစ်နိုင်ကြောင်း ပေါ့ ။ ဖြစ်ခဲ့ပြီးမှတော့ တစ်သက်ကနေ နှစ်သက်ဘာလို့ အသေခံမလဲဆိုတာတွေလည်းပါတယ် ။ ပြီးတော့ပြောမယ်ဆို ချန်ဖိန်းကျားဘဝမှာကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် လူချန်ဖိန်းကိုအပြစ်ပေးတာဟာ တရားမျှတရဲ့လားဆိုတာကို စဉ်းစားဖို့လည်းဝိုင်းပြောကြတယ် ။ ချိန်ချူရဲ့သား ကတော့ဘယ်သူဘာပြောပြော ဖခင်အတွက်လက်စားချေမဲ့အကြံကိုလုံးလုံးလက်မလျှော့ဘူး ။

နောက်ဆုံးတော့ ဘယ်လိုမှဖြောင့်ဖျမရတဲ့အဆုံး မိတ်ဆွေတွေမှာ တပ်မှူးကြီးကိုအကျိုးအကြောင်းသွား ရှင်းပြပြီး ချိန်ချူရဲ့သားလူရွယ်ကိုမလုပ်သင့်တာမလုပ်မိရလေအောင် ပေွမြစ်ကိုဖြတ်လို့တောင်ပိုင်းဒေသကိုဘယ် တော့မှပြန်မလာဖို့နယ်နှင်ဒဏ်ပေးခိုင်းလိုက်ရသတဲ့ ။ ချန်ဖိန်းလည်းနာမည်ပါပြောင်းပြီး သူ့ရန်သူနဲ့အဝေးဆုံး အနောက်တောင်ပိုင်းနယ်တစ်နယ်မှာ သွားဇာတ်မြှုပ်နေလိုက်ရတော့တယ် ။ ဒါနဲ့ချိန်လူရွယ် သူ့နယ်ကိုပြန်ရောက် တော့အကြောင်းစုံကိုသိလိုက်ရတဲ့ ဆွေမျိုးမိဘအပေါင်းအသင်းတွေကဝိုင်းဝန်းနားချကြသတဲ့ ။

"......မင်းဖခင်အတွက်..လက်စားချေချင်တာဟာ...သားတို့ရဲ့ဝတ္တရားဆိုတာတို့နားလည်ပါတယ်...ဒါပေမဲ့ချန်ဖိန်း ကမင်းဖခင်ကိုစားပစ်တုန်းက..ကျားဘဝအဖြစ်နဲ့ကိုး...သူကမင်းဖခင်ကိုမသိတဲ့အပြင်..သတ်ပစ်ချင်တဲ့စိတ်ရင်းနဲ့ လည်းမဟုတ်နိုင်ဘူး....အဟိတ်တိရစ္ဆာန်တို့သဘာဝအစာရှာစားတဲ့သဘောပဲဆိုတော့...သာမန်လူသတ်မှုတွေလို မဟုတ်ဘူးကွဲ့...မင်းကအခုသူ့ကိုသွားသတ်ရင်..တရားဥပဒေအရမင်းသာလျှင်..လူသတ်မှုနဲ့အပြစ်ဒဏ်ကျခံရမှာပဲ မင်းအဖေကိုလည်းတို့ဆုံးရှုံးခဲ့ရပြီးပြီ...အခုမင်းကိုလည်းထပ်ပြီးမဆုံးရှုံးရပါစေနဲ့တော့ကွယ်...."

ဒီတော့မှကွယ်လွန်သူအရာရှိမင်းချိန်ချူရဲ့သားလူငယ်လည်းမာန်ချလိုက်ပြီး အဲဒီအချိန်ကစလို့ချန်ဖိန်းကိုရှာသတ် ဖို့ထပ်ပြီးမကြိုးစားတော့ပါဘူးတဲ့လေ ။





www.burmeseclassic.com

www.burmeseclassic.com



# MATRIMONY INN

A Lodging for the Night, The Man Who Became a Fish , The Tiger , and Matrimony Inn
These four stories are written by Li Fu-Yen (See Introduction). They are Preserved in T'aip'ing Kwangchi as Numbers 418,471,429 and 159 respectively. Another story by the same author may be found in my Vigil of a Nation (John Day) , pages 155-58; it is told against the same weird background of magic and answers the question : When is it hardest for a person to keep his mouth shut? Among the four here, "Matrimony Inn" is the best known, and the phrases "the old man under the moon" and "tying red threads" have passed into current Chinese vocabulary.

**Lin Yutang**



www.burmeseclassic.com

www.burmeseclassic.com

# ၁၄ ။ ဖူးစာတည်းခိုခန်း

ဝေကူတစ်ယောက် ဇနီးလေးတစ်ယောက်ရှာနေတာကြာပြီဖြစ်ပေမဲ့ သူကပဲအရွေးလွန်နေလို့လားတော့ မဆိုနိုင်ဘူး ။ အခုထိလူပျိုကြီးဘဝကနေမကျွတ်နိုင်သေးဘူး ။ သက္ကရာဇ် ၈၀၇ လောက်မှာတော့ ဈင်ဟိုဘက်ကို ခရီးထွက်လာရင်းနဲ့ ဆွန်ချိန်တောင်တံခါးအပြင်က တည်းခိုခန်းသေးသေးလေးမှာဝင်နားသတဲ့ ။အခုဈင်ဟိုကိုလာရင်းကိစ္စလည်းသူနဲ့အဆင့်အတန်းဂုဏ်ဒြပ်ချင်းတန်းတူရည်မျှရှိတဲ့ ပန်မိသားစုရဲ့သမီးတစ်ယောက်နဲ့မြန်းဖို့ အောင်သွယ်တော်ကချိန်းဆိုလိုက်လို့လာတာပါပဲ ။ ဒီနေ့မနက်မှာပဲဝေကူနဲ့အောင်သွယ်တော်တို့ လုံရှင်းဘုံကျောင်းမှာဆုံတွေ့ကြဖို့စီစဉ်ထားတယ် ။ အခုမြန်းမဲ့ပန်မိန်းကလေးရဲ့ကျော်ကြားတဲ့အလှနဲ့ မိသားစုကောင်းသတင်းကြောင့် ဝေကူခမြာစိတ်လှုပ်ရှားလွန်းလို့ ညကကောင်းကောင်းတောင်အိပ်မပျော်ခဲ့ဘူး ။ ဒါနဲ့အိပ်ယာထဲလူးလိုက် လှိမ့်လိုက်နဲ့နေရင်းဘယ်လိုမှသည်းမခံနိုင်တော့လို့ အရုဏ်တောင်မတက်ခင်မှာပဲ ထပြီးရေမိုးချိုးသန့်စင်လို့ဝတ်ရုံလဲမိသတဲ့ ။ ဝေကူအပြင်ထွက်လာတော့ ရောင်နီတောင်မလာတတ်သေးလို့ ကောင်းကင်မှာလခြမ်းကွေးလေးရေးရေးသာနေတုန်းပဲ ။ ဒါနဲ့သူနဲ့အောင်သွယ်တော်တို့ ချိန်းဆိုထားကြတဲ့ဘုံကျောင်းကိုရောက်တော့ စောလွန်းလို့တံခါးတောင်မဖွင့်ကြသေးဘူး ။ ဘုံကျောင်းလှေကားထစ်မှာထိုင်နေတဲ့ အဖိုးအိုတစ်ယောက်ကလွဲရင် အနီးအပါးမှာလူသူလေးပါးလည်းမရှိပဲ အင်မတန်မှတိတ်ဆိတ်နေပါသတဲ့ ။ အိတ်အသေးလေးကိုနံဘေးမှာချထားတဲ့ အဖိုးအိုကတော့လရောင်မှိန်ဖျော့ကလေးကိုအားပြုပြီး စာအုပ်တစ်အုပ်ကိုသည်းကြီးမည်းကြီးဖတ်လို့နေတယ် ။

မနက်ဝေလီဝေလင်းမှာ စာထဖတ်နေတဲ့အဖိုးအိုကိုကြည့်ရတာ ဝေကူ့စိတ်ထဲတစ်မျိုးဖြစ်လာလို့ အနားကပ်သွားပြီးဘာတွေများဖတ်နေသလဲဆိုပြီး အဖိုးအိုရဲ့ပုခုံးပေါ်ကနေအသာကျော်လို့ကြည့်ပါသတဲ့ ။ အံ့သြစရာပဲ အဖိုးအိုရဲ့စာအုပ်ထဲကစာတွေကို ဝေကူလုံးလုံးဖတ်မရဘူး ။ အံ့သြဆိုတော့ဒီလိုလေ..ဝေကူဟာဘာသာစကားအမျိုးမျိုးလေ့လာတာကိုဝါသနာထုံတော့ ရှေးဟောင်းဘာသာစကားမှန်သမျှ ပေါ်ရာဏရော ပါဠိပါမကျန် တော်တော်လေ့ကျက်မိသူကိုး ။ ဒါ့အပြင်တိုင်းခြားဘာသာစကားတော်တော်များများကိုလဲ တီးမိခေါက်မိရှိသေးတယ် ။ ဒါပေမဲ့ ဒီအဖိုးရဲ့စာအုပ်ထဲကစာမျိုးကိုတော့ တစ်ခါမှမမြင်ဖူးတာနဲ့ မေးကြည့်မိသတဲ့ ။

"......အဖိုးရေ...စိတ်တော့မရှိပါနဲ့ဗျာ...ဒါပေမဲ့အဖိုးဖတ်နေတဲ့စာအုပ်ကဘာဘာသာနဲ့ရေးထားတာလဲဆိုတာ..ကျွန်တော့်ကိုပြောပြနိုင်မလား..ကျွန်တော်ကစာပေလေ့လာတာဝါသနာထုံတဲ့အတွက်...ဘာသာစကားတော်တော်များ



www.burmeseclassic.com

www.burmeseclassic.com

များကိုတီးမိခေါက်မိရှိပေမဲ့..အဖိုးစာအုပ်ထဲကစာမျိုးကိုတော့တစ်ခါမှမမြင်ဖူးလို့ပါ....”

အဖိုးအိုကပြုံးရင်းပြန်ဖြေတယ် ။

“.......အေး...မင်းဘယ်မြင်ဖူးပါ့မလဲ...ဒါကမင်းသိနိုင်တဲ့ဘာသာစကားမျိုးနဲ့ရေးထားတဲ့စာမှမဟုတ်တာကွဲ....”

“......ဗျာ..ဘယ်လိုစာမျိုးမို့လို့လဲ..အဖိုးရဲ့....”

“.......မင်းကလူသားကိုးကွ...ဒီစာကတို့နတ်တို့ဘုံမှာသုံးတဲ့ဘာသာစကားနဲ့ရေးထားတာကိုး...”

“.....ဟင်...ဒါဆို..အဖိုးကလူမဟုတ်ဘူးပေါ့...ဒီမှာဘာများလုပ်နေတာတုန်း..အဖိုးရဲ့....”

“.......ဘာလုပ်နေရမှာတုန်းကွာ...ဒါငါတို့နတ်တွေကျင်လည်ကျက်စားတဲ့အချိန်ဥစ္စာ.....မင်းကသာသိပ်စောပြီး အပြင်ထွက်လာတာကိုး.....ညဥ့်သန်းခေါင်နဲ့ဒီလိုအရုဏ်မတက်ခင်စပ်ကြားမှာ..ခရီးသွားနေတဲ့သူတွေဆိုရင်လူ ကတစ်ဝက်..နတ်ကတစ်ဝက်ပဲ...မင်းတို့ကတော့ဘယ်ခွဲခြားသိနိုင်ပါ့မလဲ.....ဒါပေမဲ့တို့တွေကတော့မင်းတို့တွေ ကြားထဲရောနှောသွားလာနေကြတာပါပဲ...အဖိုးကလူသားတွေရဲ့အရေးကိစ္စတစ်ချို့ကိုကိုင်တွယ်စီမံပေးရသူကွဲ့ ဆိုတော့ညအချိန်မှာအပြင်ထွက်ပြီး..အဖိုးအလုပ်နဲ့သက်ဆိုင်တဲ့သူတွေရဲ့နာမည်တွေ..လိပ်စာတွေကိုအမြဲစုံစမ်း စစ်ဆေးနေရတယ်....”

“....အဖိုးရဲ့အလုပ်ကဘာပါလဲခင်ဗျာ...”

“.....အဖိုးလား..အင်း..အဖိုးကဖူးစာရေးနတ်ပေါ့ကွယ်..”

ဝေကူလည်းမျက်လုံးတွေကျယ်သွားပြီး တအားစိတ်ဝင်စားသွားသတဲ့ ။ ဇနီးလောင်းရှာနေတဲ့သူလောက် ဖူးစာရေး နတ်ကိုတွေ့ချင်တာဘယ်သူရှိပါတော့မလဲ ။



www.burmeseclassic.com

"…….ဟန်ကျလိုက်တာ..အဖိုးရယ်……ကျွန်တော်လေ..သင့်တော်မဲ့မိသားစုတွေထဲက…ကျွန်တော့်အတွက်ဇနီးလောင်းရှာနေတာကြာပါပြီ…တခါမှကိုအဆင်မပြေခဲ့ပါဘူးဗျာ….အခုဒီဘုံကျောင်းကိုလာတာလည်း..ပန်မိသားစုရဲ့သမီးပျိုနဲ့မြန်းဖို့ကိစ္စအတွက်..အောင်သွယ်တော်နဲ့လာတွေ့တာပါပဲ…ပန်မိန်းကလေးကအင်မတန်မှနူးညံ့သိမ်မွေ့ပြီးချောမောလှပတယ်လို့..နာမည်ကျော်ကြားနေတော့..ကျွန်တော်ဒီတခါတော့အဆင်ပြေမပြေသိချင်တာပါပဲခင်ဗျာ…."

"…..အင်း…ဈင်ဟိုကပန်မိန်းကလေးဟုတ်လား..မင်းရဲ့နာမည်နဲ့နေရပ်လိပ်စာကိုပြောပါဦး…."

ဝေကူကသူ့နာမည်အပြည့်အစုံနဲ့ နေရပ်လိပ်စာကိုပြောပြလိုက်တော့ ဖူးစာရေးနတ်ကြီးကသူ့စာအုပ်ထူကြီးထဲမှာ အပြန်ပြန်အထပ်ထပ်ရှာပြီးမှ ဆိုသတဲ့ ။

"……အင်း…ဒီတခါလည်းအဆင်မပြေနိုင်သေးဘူး..မောင်ရင်ရေ့…လက်ထပ်ထိမ်းမြားခြင်းမှန်သမျှကိုကောင်းကင်ဘုံကစီစဉ်ထားပြီးသားကိုးကွဲ့….လက်ထပ်ကြဖို့ဇာတာပါလာတဲ့စုံတွဲမှန်သမျှရဲ့နာမည်တွေကို..ဒီစာအုပ်ထဲမှာအကုန်မှတ်တမ်းတင်ထားပြီးသားရယ်…ဒီစာအုပ်အတိုင်းဆိုရင်မင်းရဲ့ဖူးစာရှင်ကအခုမှအသက်သုံးနှစ်ပဲရှိသေးတယ်ဆိုတော့အဲဒီမိန်းကလေးအသက်ဆယ့်ခုနစ်နှစ်ပြည့်တာနဲ့မင်းတို့လက်ထပ်ကြမှာပဲ…မင်းစွဲတော့မှာပါ..မောင်ရင်ရမပူပါနဲ့ကွာ…"

"…….ဘာဗျ…ဘယ့်နှယ်လုပ်မပူဘဲနဲ့နေနိုင်ပါ့မလဲ..အဖိုးရယ်…နောက်ထပ်ဆယ့်လေးနှစ်ကြီးများတောင်စောင့်ရဦးမဲ့ဟာကို…အဖိုးမို့မပူဖို့ပြောရက်တယ်…."

"…….အေးကွာ….မင်းရဲ့ကံကြမ္မာကဒီအတိုင်းဖြစ်နေတာကိုး…."

"….ဆိုတော့ဒီပန်မိန်းကလေးနဲ့..ကျွန်တော်မြန်းတာမအောင်မြင်နိုင်ဘူးဆိုတဲ့..သဘောလား…"

"…..အေးကွယ်…ပန်မိန်းကလေးက..မင်းရဲ့ဖူးစာဘက်မဟုတ်ပေဘူး…"



www.burmeseclassic.com

www.burmeseclassic.com

ဝေကူခမြာ တည်တည်ငြိမ်ငြိမ်ပြောနေတဲ့အဖိုးကြီးကိုကြည့်ပြီး ယုံရမလား ၊ မယုံရဘူးလားဆိုတာကို မဝေခွဲတတ်တော့ဘူး ။ ဒါနဲ့ဘာလုပ်ရမှန်းမသိဘဲ ဟိုဟိုသည်သည်ကြည့်နေရင်း အဖိုးကြီးရဲ့ဘေးမှာချထားတဲ့အိတ်သေးသေးလေးဆီအကြည့်ရောက်သွားပြီး မေးမိသတဲ့ ။

"…….အဲဒီအိတ်ထဲကရော..ဘာတွေတုန်း..အဖိုးရဲ့…."

ဝေကူမေးလိုက်တော့ အဖိုးကြီးရဲ့မျက်နှာဟာတခါတည်းပြုံးရွှင်သွားပြီး စိတ်ရှည်လက်ရှည်ပြောပြသတဲ့ ။

"…ဒါလား..ဖူးစာကြိုးလေးတွေပေါ့..မောင်ရင်..ဒီပိုးကြိုးနီလေးတွေကိုကြည့်စမ်း…အဖိုးရဲ့အလုပ်ကကလေးတွေမွေးပြီဆိုတာနဲ့သူတို့ရဲ့ဖူးစာဘက်တွေကိုဒီစာအုပ်ထဲကနေရှာရတယ်…ပြီးတော့နောင်တချိန်မှာသမီးခင်ပွန်းဖြစ်လာမဲ့ယောက်ျားလေးနဲ့..မိန်းကလေးရဲ့ခြေထောက်တွေကို..ဒီဖူးစာကြိုးကလေးတွေနဲ့တွဲချည်ပေးရသကွဲ့…အဲ..ဒီကြိုးတွေကိုတခါချည်ပြီးတာနဲ့…ဘယ်တော့မှပြုတ်ပျက်ထွက်မသွားရအောင်..အဖိုးကဂရုတစိုက်နဲ့အင်မတန်မှမြဲမြဲချည်ပေးရတယ်…တစ်ယောက်ကအင်မတန်ဆင်းရဲတဲ့မိသားစုကလာပြီး..နောက်တယောက်ကအလွန်ချမ်းသာတဲ့အိမ်တော်ကနေပဲလာလာ…အဖိုးကသာဒီပိုးကြိုးနီလေးနဲ့ဖူးစာရှင်ဘက်တွေကိုချည်ပေးလိုက်ပြီဆိုတာနဲ့သူတို့နှစ်ဦးကြားမှာမိုင်ပေါင်းထောင်ချီပဲဝေးနေနေ..မိသားစုတွေကငြိုးသူရန်ဘက်ပဲဖြစ်နေနေ..တချိန်မှာတော့ဒီကလေးနှစ်ယောက်ဟာ..တွေ့ဆုံချစ်ကြိုက်ပြီးညားသွားကြတာပဲကွဲ့…ဖူးစာဆိုတာဒါပေါ့..မောင်ရင်…မိုးနတ်အပေါင်းကဆုံးဖြတ်စီရင်ထားပြီးသားအရာကို..ဘာကမှပြောင်းလဲအောင်မတတ်နိုင်ဘူး…"

"……ဒီတော့အဖိုးကကျွန်တော်နဲ့ကျွန်တော့်ဖူးစာရှင်ကိုလည်း..ပိုးကြိုးနီနဲ့ချည်နှောင်ပြီးခဲ့ပြီပေါ့နော်….."

"…အေးပေါ့ကွ…ကောင်မလေးမွေးမွေးချင်း..အဖိုးကိုယ်တိုင်မင်းတို့နှစ်ယောက်ရဲ့ဖူးစာကြိုးကိုခိုင်ခိုင်ကြီးချည်ပေးခဲ့တာပေါ့…."

"……ဒါဆိုရင်ကျွန်တော့်ဇနီးလောင်းဖြစ်လာမဲ့..သုံးနှစ်သမီးလေးဘယ်နားနေတယ်ဆိုတာအဖိုးသိမှာပေါ့…."

"…..မင့်သတို့သမီးလေးကဈေးနားမှာဟင်းသီးဟင်းရွက်ရောင်းတဲ့မိန်းမကြီးနဲ့အတူနေသကွဲ့….သူတို့နေတာဒီနား



www.burmeseclassic.com

www.burmeseclassic.com

တင်ပဲ…သိပ်မဝေးဘူးရယ်..အဲဒီမိန်းမကြီးကနေ့တိုင်းဈေးကိုလာလေ့ရှိတယ်…မောင်ရင်လေးကြည့်ချင်သပဆိုရင် ဒီနေ့မနက်မှာသူတို့ဈေးလာတာနဲ့..အဖိုးလိုက်ပြပါ့မယ်….”

ပြောရင်းဆိုရင်းနဲ့မိုးသာစင်စင်လင်းသွားတယ် ။ ဝေကူနဲ့ချိန်းထားတဲ့အောင်သွယ်တော်ကတော့ လုံးလုံးပေါ်မလာဘူး ။ ဒီတော့ဖူးစာရေးနတ်လို့သူ့ကိုယ်သူဆိုတဲ့အဖိုးအိုက ဆိုသတဲ့ ။

“……ကိုင်း…အဖိုးမပြောဘူးလားကွယ်…ပန်မိန်းကလေးနဲ့ကိစ္စကမဖြစ်နိုင်ပါဘူးလို့…မင်းမှာဖူးစာဘက်ရှိပြီးသားကိုးသူငယ်ရဲ့….”

ဝေကူလည်းစိတ်ညစ်ညစ်နဲ့ အဖိုးနဲ့ပဲထိုင်စကားပြောနေမိတော့တယ် ။ စကားသေချာပြောမိတော့မှ အဖိုးဟာသိပ်စကားပြောကောင်းသလို အင်မတန်ဖော်ရွေခင်မင်တတ်တာကိုတွေ့ရသတဲ့ ။ ပြီးတော့သူ့အလုပ်ကို အင်မတန်မှနှစ်သက်ဟန်နဲ့ဝေကူကို အားပါးတရပြောပြရှာတယ် ။

“…ဒီလိုကွ..မောင်ရင်လေးရ…ဖူးစာကြိုးလို့အဖိုးတို့ခေါ်တဲ့ပိုးကြိုးနီကလေးရဲ့အစွမ်းကတော့အံ့မခန်းပဲ…အဖိုးဖြင့်မြင်ခဲ့ပေါင်းများလှပြီ…ဖူးစာဘက်ယောကျ်ားလေးနဲ့မိန်းကလေးဟာ..တခြားတယောက်ရှိမှန်းတောင်မသိဘဲကိုယ့်ဘဝနဲ့ကိုယ်ကြီးပြင်းလာကြပေမဲ့…အချိန်ကျပြီဆိုတာနဲ့အလိုလိုတိုက်ဆိုင်မှုတွေရှိလာပြီးတွေ့ဆုံကြရတယ်….အဲတွေ့တာနဲ့လဲအချစ်ကြီးချစ်ကုန်ကြတာပဲကွဲ့..သူတို့ကိုယ်သူတို့ဘယ်လိုမှထိန်းချုပ်လို့မရဘူး…ဒီဖူးစာကြိုးခိုင်ခိုင်ချည်ပြီးသားနှစ်ယောက်ကြားကို..တခြားတစ်ယောက်ကများမတော်တဆဝင်လာခဲ့မယ်ဆိုရင်..ဖူးစာကြိုးနဲ့ငြိလဲပြီးနောက်မှပေါ်တဲ့ရွှေကြာပင်ခမြာသေကြောင်းကြံသွားရတာချည်းပဲ…..အဖိုးဖြင့်ဒီလိုအဖြစ်တွေကိုဖန်တရာတေနေအောင်ကိုမြင်ခဲ့ရလှပေါ့ကွယ်….များသောအားဖြင့်တော့..ပျော်စရာနဲ့အဆုံးသတ်ကြတာပါပဲ….”

အဖိုးအိုနဲ့စကားပြောနေတုန်း မနီးမဝေးကဈေးကလေးမှာတဖြည်းဖြည်းနဲ့လူစည်စပြုလာတော့ အဖိုးအိုကဝေကူကိုပြောသတဲ့ ။

“…..လာဟေ့..မောင်ရင်..မင့်ဇနီးလောင်းလေးကိုသွားကြည့်ကြစို့….”

ပြောပြောဆိုဆိုနဲ့အဖိုးကသူ့စာအုပ်နဲ့လွယ်အိတ်ကလေးကိုကောက်လွယ်ပြီး ရှေ့ကနေဦးဆောင်ထွက်သွားရော ။ ဈေးကိုရောက်ကြတော့ချောင်ကျကျဈေးဆိုင်ခန်းလေးတစ်ခုမှာဆံပင်ဖိုရှို့ဖားယားနဲ့ထိုင်နေတဲ့ ညစ်ထေးထေးမိန်းမကြီးတစ်ယောက်ကို ဖူးစာရေးနတ်အဖိုးအိုကညွှန်ပြသတဲ့ ။ မိန်းမကြီးကဒူးထောင်ပေါင်ကားထိုင်လို့ ရင်ခွင်ထဲမှာလည်းညစ်ညစ်ပတ်ပတ်ကလေးတစ်ယောက်ကို ပွေ့ထားသေးတယ် ။ ကလေးရော ၊ မိန်းမကြီးရောမန္တမရေရှိလှတဲ့အပြင် မိန်းမကြီးကမျက်လုံးတိမ်စွဲနေတော့ မမြင်မကန်းနဲ့တဲ့လေ ။ မျက်ဝတ်တွေဘာတွေလည်း ပေပွလို့ပေါ့ ။ အဖိုးအိုကတော့ ကလေးပိန်ညှော်မည်းတူးလေးကိုညွှန်ပြရင်း တက်တက်ကြွကြွဆိုသတဲ့ ။

"......ဒါမင်းရဲ့ဖူးစာဘက်လေးပဲ..မောင်ရင်ရဲ့...ဘယ့်နှယ်လဲ...."

အဖိုးအိုကဒီလိုလည်းပြောလိုက်ရော ဝေကူခမြာဒေါသထွက်လွန်းလို့ အသံထွက်ပြီးတောင် ကျိန်ဆဲလိုက်မိသတဲ့ ။ ပြီးတော့ဖူးစာရေးနတ်အဖိုးအိုဘက်ကို ဒေါသတကြီးလှည့်မေးတော့တာပဲ ။

"......ဒါဘာသဘောလဲ..အဖိုးရဲ့...ဒီသူတောင်းစားကလေးကကျွန်တော့်ဖူးစာရှင်ဟုတ်လား....အဖိုးနောက်နေတာတော့မဟုတ်ပါဘူးနော်...လုပ်ရက်လိုက်တာဗျာ..."

".....မင်းနယ်ကွာ..ဒီကလေးမကနယ်နယ်ရရမဟုတ်ဘူးကွဲ့...အချိန်ကောင်းအခါကောင်းမှာ..ကံကောင်းတဲ့နက္ခတ်တွေအောက်မှာမွေးလာတဲ့ကလေး...အချိန်ကျတာနဲ့မင်းနဲ့လက်ထပ်ပြီးပျော်ပျော်ရွှင်ရွှင်နေသွားရမဲ့အပြင်..မင်းတို့သားကိုအမှီပြုလို့..သခင်မကြီးဖြစ်လာမဲ့မိန်းကလေးကွဲ့...မင်းကံကောင်းပါတယ်..မောင်ရင်လေးရာ."

ဝေကူကတော့ ဟင်းရွက်သည်မျက်မမြင်မိန်းမရင်ခွင်ထဲက ပိန်ညှော်စုတ်ပြတ်နေတဲ့ကလေးကိုကြည့်ပြီး ဒေါသထွက်လွန်းလို့ ဖူးစာရေးနတ်ကြီးကိုစောဒကတက်မယ်အကြံနဲ့ လှည့်ကြည့်လိုက်တဲ့အခါမှာတော့ အဖိုးကလည်းမျက်စိတမှိတ်အတွင်းမှာ ဖြုတ်ကနဲကွယ်သွားခဲ့ပြီ ။ ဝေကူ့မှာအဖိုးအိုကိုစိတ်လည်းဆိုးတဲ့အပြင် ယုံရမလား ၊မယုံရမလားမသိရတဲ့ကြားထဲ ချိန်းထားတဲ့အောင်သွယ်တော်ကို ဘယ်လောက်စောင့်စောင့်မလာပြန်ဘူး ။ ဒါနဲ့အိမ်ကိုစိတ်ပျက်လက်ပျက်ပြန်လာပြီး မခံချိမခံသာဖြစ်လွန်းလို့အံတကြိတ်ကြိတ်နဲ့တွေးမိသတဲ့ ။



www.burmeseclassic.com

www.burmeseclassic.com

"......ငါလည်းစာပေပညာရှင်တစ်ယောက်ပဲဟာ....အိမ်တော်ကြီးကြီးမားမားကသခင်မလေးတွေနဲ့မထိမ်းမြားနိုင်ခဲ့ရင်တောင်အနည်းဆုံးတော့ဇာတ်သမလှလှလေးလောက်ရှာယူနိုင်သေးတာပဲ...ဖူးစာဘက်ဆိုတိုင်းဈေးထဲကဟင်းရွက်သည်မသမီးကိုယူစရာလား......တောက်...."

တွေးလေဒေါသထွက်လေနဲ့ တညလုံးလည်းကောင်းကောင်းအိပ်မရဘူး ။ နောက်ဆုံးတော့စိတ်မထိန်းနိုင်တော့ပဲမကြံကောင်းမစည်ရာတွေလုပ်မိပါသတဲ့ ။ နောက်နေ့လည်းကျူးရော သူ့တပည့်ကိုဈေးခေါ်သွားပြီးသူ့ဖူးစာဘက်ဆိုတဲ့ကလေးကိုဓါးနဲ့ထိုးသတ်ဖို့ ဆုလာဘ်ကြီးကြီးပေးပြီးခိုင်းတော့တာ ။ သူတို့ဈေးရောက်တော့ ကလေးနဲ့ဟင်းရွက်သည်မကြီးကိုချောင်တစ်ခုမှာတွေ့ရော ။ ဒါနဲ့အခွင့်အခါကောင်းကိုစောင့်ပြီး ဝေကူရဲ့တပည့်လည်းကလေးကိုဓါးနဲ့ထိုးပြီးပြေးသတဲ့ ။ ထိုးထိုးပြေးပြေးလုပ်ရတော့ချက်ကောင်းကိုထိဟန်မတူပဲ ကလေးကစီကနဲအော်အငိုမှာ ၊ ဟင်းရွက်သည်မကြီးကလည်းမမြင်မကန်းနဲ့"ကယ်တော်မူကြပါ "ဆိုပြီးအော်ပါလေရော ။ ဒါနဲ့အကုန်ရှုတ်ရှုတ်သဲသဲဖြစ်နေတုန်းမှာ ဝေကူနဲ့သူ့တပည့်လည်းရောထွေးပြီးလွတ်သွားကြတယ် ။ အပြင်ရောက်တော့ဝေကူကမေးသတဲ့ ။

"....ဟေ့ကောင်...ကလေးကငိုလို့ပါလား...ကိစ္စတုံးလုပ်ခဲ့ဖို့ပြောထားရဲ့သားနဲ့ကွာ...."

".......ထိုးတုန်းကတော့..ရင်ဝချိန်တာပဲ..ဆရာရဲ့...ကလေးကရုတ်တရက်လှည့်လိုက်တော့..မျက်နှာကိုပဲထိုးမိသွားတယ်ထင်တယ်...မျက်လုံးများထိသွားသလားမဆိုနိုင်ဘူး...တော်ပြီ..ဆရာရယ်..ကျွန်တော်တော့ထပ်မလုပ်ချင်တော့ဘူး...ဆုငွေလည်းမလိုချင်တော့ပါဘူး....."

ဝေကူလည်းအမြန်ဆုံးပဲ ဟိန်ရှန်ကနေထွက်သွားပြီးတော့ ဒီကိစ္စကိုမကြာခင်ပဲ မေ့မေ့ပျောက်ပျောက်ဖြစ်သွားတယ် ။ ဒါနဲ့အနောက်ဘက်မြို့တော်ကိုတခါသွားပြီးတော့ လက်ထပ်ဖို့ကြိုးစားသေးသတဲ့ ။ ဒီတခါလည်းထုံးစံအတိုင်းမအောင်မြင်ပြန်တာနဲ့ အဲဒီနောက်ပိုင်းဇနီးရှာဖို့ဘာဖို့တို့ကို သိပ်ဟက်ဟက်ပက်ပက်မရှိလှတော့ဘူး ။ ဒီလိုပဲနေသွားတော့မယ်ဆိုခါမှ သုံးနှစ်လောက်အရမှာ တန်မိသားစုကမိန်းမပျိုလေးနဲ့တခါ မြန်းဖို့ဖြစ်လာပြန်ပါရော ။ ဒီတန်မိန်းကလေးကစာပေအရာမှာရော ၊ အလှအပဘက်မှာပါအင်မတန်ကျော်ကြားတော့ အဘက်ဘက်ကပြည့်စုံတဲ့မိန်းကလေးမျိုးပါပဲ ။ ဒါနဲ့စေ့စပ်တာအောင်မြင်သွားပြီး လက်ထပ်ဖို့တောင် အားလုံးစီစဉ်ပြီးသွားကြသတဲ့ ။ လူတိုင်းကဝေကူကိုဖိုးစွံဆိုပြီးအားတွေကျလို့ ၊ ဝေကူလည်းအခုမှပဲအိမ်နဲ့ယာနဲ့နေရတော့မယ်ဆိုပြီးဟင်းချခါရှိသေး ၊ တမနက်မှာသူ့ဆီကိုသတင်းဆိုးကြီးရောက်လာတော့တယ် ။ တန်မိန်းကလေးဟာတခြားလုလင်ပျိုတစ်ယောက်နဲ့

www.burmeseclassic.com

မေတ္တာမျှနေခဲ့တာကိုး ။ အဲဒါသူ့ချစ်သူနဲ့ခွဲပြီး ဝေကူနဲ့လက်ထပ်ဖို့ကိစ္စကိုဘယ်လိုမှသဘောမတူနိုင်လို့ သူ့ကိုယ်သူ အဆုံးစီရင်သွားရှာတာပါပဲ ။

ဒီအဖြစ်နောက်ပိုင်းမှာတော့ဝေကူဟာ လက်ထပ်ဖို့အရေးကိုစိတ်ကုန်သလောက်ဖြစ်သွားသတဲ့ ။ နှစ်နှစ်တိတိဘယ်သူကပဲလာစပ်စပ် လက်မခံတော့ဘူး ။ အသက်ကလည်း နှစ်ဆယ့်ရှစ်နှစ်ရှိသွားခဲ့ပြီလေ ။ ပိုပြီးလည်း ရင့်ကျက်လာတော့အိမ်တော်တွေ ၊ မိသားစုကောင်းကောင်းရဲ့သမီးတွေနဲ့မှထိမ်းမြားချင်တာမျိုးတွေမရှိတော့ဘူး။ ဒီလိုအေးအေးနေလာလိုက်တာ တနေ့မှာတောနယ်ဘက်ကပုထိုးတော်တစ်ဆူကိုသွားဖူးမိရင်း လယ်သမားတစ်ယောက်ရဲ့သမီးပျိုလေးကိုမြင်ပြီး ချစ်သွားမိသတဲ့ ။ မိန်းကလေးကလည်းဝေကူကိုဘဝေဘဝကဖူးစာပါသလိုမျိုးကိုမြင်မြင်ချင်းပြန်ချစ်ရှာတယ် ။ အောင်သွယ်မပါ၊ ဂုဏ်တွေငွေတွေလည်းထည့်မတွက်တဲ့ သူတို့အချစ်ရေးဟာ အတော်ဖြောင့်ဖြူးပါတယ် ။ ဒါနဲ့ဝေကူတောင်မြို့ပြန်ပြီး သူ့သတို့သမီးအတွက်ပိုးဖဲတွေ ၊ လက်ဝတ်ရတနာတွေဝယ်ခြမ်းရင်းနဲ့မင်္ဂလာကိစ္စစီစဉ်တဲ့အဆင့်အထိရောက်နေပြီ ။ ဒါနဲ့အားလုံးအသင့်ဖြစ်လို့ပစ္စည်းပစ္စယတွေတပွေ့တပိုက်နဲ့ပြန်လာတော့ သူ့သတို့သမီးလေးခမြာထူးဆန်းတဲ့အနာရောဂါတမျိုးစွဲကပ်ပြီး အပြင်းအထန်မမာဖြစ်နေရှာသတဲ့ ။ ဝေကူကတော့ချစ်သူကိုဘယ်နှစ်နှစ်စောင့်ရစောင့်ရစောင့်ချင်ပေမဲ့ မိန်းကလေးကအိမ်ယာထူထောင်နိုင်တဲ့အခြေအနေမှာမရှိတော့ဘူး ။ တစ်နှစ်ကျော်ကျော်အကြာမှာတော့ သူ့ခမြာအိပ်ရာကတောင်မထနိုင်တော့တဲ့အပြင်ရောဂါပြင်းထန်လွန်းလို့ ဆံပင်တွေအကုန်ကျွတ်သွားပြီး မျက်လုံးတောင်လုံးလုံးကွယ်သွားခဲ့ပြီ ။ မိန်းကလေးကဝေကူကိုတောင် မှတ်မိတချက် မမှတ်မိတချက်နဲ့ သတိဝင်လာတိုင်းမှာ သူ့ကိုစွန့်ပြီးတခြားတစ်ယောက်ကိုရှာဖို့ချည်းပြောနေသတဲ့ ။ နောက်ဆုံးတော့ ဒီအချစ်ဇတ်လမ်းလှလှလေးကို ဒီလိုပဲဝမ်းနည်းစရာအဆုံးသတ်လိုက်ရပြန်တော့တယ် ။

နလုံးလမ်းကြောင်းမှာ ကျွန်းကြီးကြီးခံနေတဲ့ ဝေကူအတွက်ကတော့ဒီလောက်နဲ့တင်မပြီးသေးဘူး ။ နှစ်ပေါင်းတော်တော်ကိုကြာတဲ့အခါမှာ မိန်းကလေးတစ်ယောက်နဲ့ဆုံဖို့ဖြစ်လာပြန်တယ် ။ မိန်းကလေးကငယ်လည်းငယ်၊ လှလည်းလှတဲ့အပြင် စာပေအနုပညာဂီတစတာတွေကိုမြတ်နိုးကျွမ်းကျင်သူလည်းဖြစ်သေးတယ် ။ ကြားလူမပါတဲ့အပြင်သူတို့ချင်းလည်းသဘောကျကြတော့ ဒီတခါလည်းစေ့စပ်ဖြစ်သွားပြန်ပါရောတဲ့ ။ နတ်ဖက်တဲ့ဖူးစာပဲထင်ပါရဲ့ပေါ့လေ ။ ဒါနဲ့လက်ထပ်ဖို့တခါစီစဉ်ကြပြန်ရော ။ အားလုံးအဆင်သင့်ဖြစ်လို့ လက်ထပ်ဖို့သုံးရက်အလိုမှာ မိန်းကလေးကလမ်းလျှောက်ထွက်သတဲ့ ။ ကြမ္မာများငင်ချင်တော့ စကြံပေါ်ထွက်နေတဲ့အုတ်ခဲကိုနင်းမိပြီး ချော်လဲရာကအကျမတော်တော့ ခေါင်းကိုကိုင်ရိုက်သလိုဖြစ်ပြီး ပွဲချင်းပြီးဆုံးရှာပါရော ။ ဝေကူအတွက်ကတော့ ကံကြမ္မာ



www.burmeseclassic.com

www.burmeseclassic.com

ကသူ့ကိုအငြိုးကြီးကြီးနဲ့ကျိစားနေခဲ့တာ ဒီတခါတော့နောက်ဆုံးကောက်ရိုးတစ်မျှင်ပါပဲ ။

နောက်ဆုံးအဖြစ်အပြီးမှာတော့ဝေကူဟာ ကံကြမ္မာကြိုးဆွဲရာအတိုင်းကဖို့ပဲအသင့်ပြင်ထားတော့တယ် ။ မိန်းမတို့ဘာတို့ကိုလုံးလုံးစိတ်မဝင်စားတော့ဘူး ။ ရှန်ချောင်မြို့ကရာထူးကိုယူပြီး သူ့အလုပ်ထဲမှာပဲစိတ်ရောကိုယ်ပါနစ်ထားတော့သတဲ့ ။ လက်ထပ်ဖို့အရေးဆို လုံးလုံးကိုစကားအစမခံတော့ဘူး ။ ဒီလိုနဲ့အလုပ်မှာအင်မတန်အားကိုးရတဲ့သူဖြစ်လာတော့ရာထူးလည်းတရှိန်ထိုးတက်လာတဲ့အပြင် တရားသူကြီးချုပ်ဝမ်ထိုင်ကိုယ်တိုင်ကဝေကူ့ကိုသူ့တူမလေးနဲ့အိမ်ထောင်ချပေးချင်လာသတဲ့ ။ ဝေကူအဖို့ကတော့ လက်ထပ်တယ်ဆိုတဲ့စကားမျိုးကိုကြားတောင်မကြားချင်တော့ဘူး ။ ဒါပေသိအထက်လူကြီးဆိုတော့ စိတ်ထဲရှိရာပြောမဖြစ်ပဲ အလိမ္မာနဲ့ငြင်းရတာပေါ့လေ ။

"…..တရားသူကြီးမင်းရယ်….ကျေးဇူးကြီးလှပါရဲ့…သို့ပေမဲ့ကျွန်တော်တို့ကြားမှာအသက်ကွာလှပါတယ်…ပိုပြီးသင့်တော်မဲ့သူနဲ့သာတူမတော်လေးကိုအိမ်ထောင်ချပေးလိုက်ပါ…..ကျွန်တော့်ထက်သာတဲ့လူတွေရှိမှာပါဗျာ…."

ဒါပေမဲ့တရားသူကြီးက ဝေကူမှဝေကူဖြစ်နေတော့ ဘာမှမတတ်နိုင်ပဲ စိတ်မပါလက်မပါနဲ့ပဲလက်ခံလိုက်ရပါရော ။ ဝေကူတို့ဒီတခါဖာသိဖာသာရှိပုံများ သူ့သတို့သမီးကိုတောင်မင်္ဂလာအခမ်းအနားကျမှပဲတွေ့တော့သတဲ့ ။ ဒီတခါတော့ချောချောမောမောနဲ့မင်္ဂလာဆောင်တဲ့အထိတော့ပြီးသွားပါတယ် ။ ဇနီးလေးကငယ်လည်းငယ် ၊ ချောလည်းချောတော့ဝေကူလည်းဘာသားနဲ့ထုထားတာမို့လဲလေ ။ ဇနီးကောင်းပီသရှာတဲ့မိန်းကလေးကို တဖြည်းဖြည်းနဲ့ချစ်လာမိတော့တာပေါ့ ။ သူတို့ရဲ့အိမ်ထောင်ဟာ ချစ်လို့ယူကြတဲ့အိမ်ထောင်တွေထက်တောင်သာယာပါသေးသတဲ့ ။

အိမ်ထောင်သက်လအနည်းငယ်ရလာတော့ ဝေကူကဇနီးလေးနဲ့ပတ်သက်လို့ထူးဆန်းတာတစ်ခုသတိပြုမိတယ် ။ အဲဒါကတော့ သူကလေးကဆံပင်ကို အမြဲညာခွဲခွဲပြီးတခြမ်းစောင်းလေးဖြီးထားတတ်တာပါပဲ ။ အဲဒီလိုပုံစံနဲ့တော်တော်လှတာငြင်းမရပေမဲ့ အမြဲတမ်းဒီတပုံစံတည်းဖြစ်နေတော့ စပ်စုချင်လာမိတယ် ။ အဲဒီအချိန်မှာတော့ သူတို့နှစ်ယောက်ဟာ ငယ်ကတည်းကချစ်လာတဲ့သူတွေလို အင်မတန်ရင်းနှီးကျွမ်းဝင်နေခဲ့ပြီ ။

"…ခင်လေးကဘာလို့ဆံပင်ကိုအမြဲညာခွဲခွဲပြီး..တခြမ်းစောင်းလေးဖုံးထားရတာလဲ…တစ်ခါတစ်လေအပြောင်လေးဘာလေးသိမ်းပါဦးကွာ..ခင့်မျက်နှာလှလှလေးကိုကြည့်ချင်လို့ပါ…."



www.burmeseclassic.com

ဒီတင် ဝေကူ့ဇနီးကဆံပင်ကိုအသာမပြီး မျက်ခုံးပေါ်ကကန့်လန့်ဖြတ်အမာရွတ်ကြီးကို ပြသတဲ့ ။

"…..ဒါကြီးကြောင့်ပေါ့…မောင်ရယ်…"

"……ဟင်…ဘယ်လိုဖြစ်ရတာလဲကွယ်…မောင့်အချစ်ကိုသနားလိုက်ပါဘိတော့…..."

"….ပြောပြရင်အတော်ထူးဆန်းသား..မောင်ရေ့…အဲဒီတုန်းကကျွန်မတော်တော်ကိုငယ်သေးတာ..သုံးနှစ်ကျော်ပဲရှိဦးမှာပေါ့…ဖေဖေကတာဝန်ထမ်းဆောင်ရင်းတန်းလန်းဆုံးသွားပြီး…မေမေနဲ့ကျွန်မအစ်ကိုလည်းအဲဒီနှစ်မှာပဲရှေ့ဆင့်နောက်ဆင့်ဆုံးပြန်ရော…တစ်ယောက်တည်းကျန်ခဲ့တဲ့ကျွန်မကိုဆွေမျိုးတွေလာမခေါ်နိုင်သေးခင်မှာ..ကျွန်မရဲ့နို့ထိန်းသည်ကြီးကပဲကျွန်မကိုစောင့်ရှောက်ခဲ့ရတာ…ကျွန်မတို့နှစ်ယောက်တည်း..ဆွန်ချိန်တောင်တံခါးနားကအဖော့ရုံးအိမ်မှာပဲနေပြီး..နို့ထိန်းသည်ကြီးခမြာခြံထဲကအသီးအနှံတွေကို..ဈေးမှာရောင်းလို့အသက်မွေးကြရတယ်တစ်ရက်တော့ခါတိုင်းလိုပဲနို့ထိန်းသည်ကြီးကကျွန်မကိုခေါ်ပြီး...ဈေးရောင်းနေတုန်းလူဆိုးတစ်ယောက်ကကျွန်မကိုဓါးနဲ့ထိုးသတ်ဖို့ကြိုးစားသတဲ့….ဘာကြောင့်လဲဆိုတာတော့အခုအချိန်ထိဘယ်သူမှမသိကြဘူး….ကျွန်မတို့မှာရန်သူမရှိသလို…လုစရာငွေလည်းဘာမှမရှိခဲ့ကြပါဘူး…ဒါနဲ့ကံသီလို့အဲဒီလူသတ်သမားရဲ့ဓါးချက်လွဲသွားပြီးကျွန်မရဲ့မျက်ခုံးပဲပြတ်ထွက်သွားခဲ့တာ…သေရာပါအမာရွတ်ကျန်ခဲ့တာပေါ့..မောင်ရယ်…အဲဒါကြောင့်ကျွန်မကဆံပင်နဲ့အမြဲဖုံးထားရတာပဲရှင်….."

"……အဲဒီနို့ထိန်းသည်ကြီးက..မျက်စိကွယ်လုမတတ်ဖြစ်နေတယ်မဟုတ်လား…."

"…..ဟုတ်တယ်…ဟုတ်တယ်…မောင်ကဘယ်လိုသိတာလဲ…."

"…..ဘုရား..ဘုရား..ကံကြမ္မာဆိုတာဆန်းကြယ်လှချည့်ကွယ်…အချစ်ရယ်..မောင့်ကိုခွင့်လွှတ်ပါတော့…မင်းကိုသတ်ဖို့ကြိုးစားခဲ့တဲ့လူဆိုးဟာမောင်ပါပဲ….အင်း..ဘာမဆိုဖြစ်ဖို့ကြမ္မာပါလာရင်..ဖြစ်ကိုဖြစ်ရတော့တာပဲကိုး…"

ဆိုပြီးဝေကူက လွန်ခဲ့တဲ့ဆယ့်လေးနှစ်က ဖူးစာရေးနတ်အဖိုးအိုနဲ့တွေ့တဲ့အကြောင်းကို ဇာတ်ကြောင်းပြန်ပြပါသတဲ့ ။ ဇနီးလေးကလည်း သူ့အသက်ခြောက်နှစ် ၊ ခုနစ်နှစ်လောက်မှာမှ သူ့ဦးလေးတရားသူကြီးချုပ်ကသူ့ကိုရှာဖွေ



www.burmeseclassic.com

တွေ့ရှိသွားပြီး အခုနေရာရှန်ချောင်ကိုခေါ်လာလို့ ဒီမှာကြီးပြင်းလာရင်းဝေကူနဲ့ဆုံရကြောင်းပြောပြတယ် ။ အခုမှပဲ သူတို့မောင်နှံဟာ မိုးကောင်းကင်ကသတ်မှတ်ပေးခဲ့တဲ့ဖူးစာဘက်အစစ်အမှန်ဖြစ်မှန်းသိကြရလို့ တစ်ဦးနဲ့တစ်ဦးပို လို့တောင်မြတ်နိုးချစ်ခင်မိကြပါတော့သတဲ့ ။

မကြာခင်ပဲသူတို့မောင်နှံမှာသားလေးတစ်ယောက်ထွန်းကားလာတယ် ။ ဝေကွန်လို့ခေါ်တဲ့သားဟာ ကြီးပြင်းလာတော့တိုင်ယွမ်ရဲ့အဖြောင့်မှန်ဆုံးတရားသူကြီးချုပ်ဖြစ်လာပါသတဲ့ ။ ဝေကူရဲ့ဇနီးလည်း နိုင်ငံ့ဂုဏ်ဆောင်သားရတနာကိုမွေးထုတ်ပေးခဲ့တဲ့အတွက် ဘွဲ့ထူးဂုဏ်ထူးတွေချီးမြှင့်ခံရပြီး သခင်မကြီးတစ်ပါးဖြစ်လာခဲ့တယ် ။ ဟိုလွန်ခဲ့တဲ့ဆယ့်လေးနှစ်ရဲ့ ဝေလီဝေလင်းတမနက်ခင်းမှာ ဖူးစာရေးနတ်ကြီး နိမိတ်ဖတ်ခဲ့တဲ့အတိုင်းပါပဲ ။

ဒီအကြောင်းတွေကိုဆွန်ချန်မြို့စားသိရတော့ လွန်ခဲ့တဲ့ဆယ့်လေးနှစ်ကဝေကူတည်းခဲ့တဲ့ဆွန်ချန်တောင်တံခါးနားကတည်းခိုခန်းကလေးကို "ဖူးစာတည်းခိုခန်း"ဆိုပြီးနာမည်ပြောင်းပေးလိုက်ပါတော့သတဲ့ ။

♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥♥





www.burmeseclassic.com

www.burmeseclassic.com



## THE DRUNKARD'S DREAM

This is one of the best known of the Tang tales, written by Li Kung-tso, who also wrote several other popular stories. Like Li Fu-yen, he lived in the first half of the ninth century. "The Dream of South bough" has now become a standard Chinese expression signifying that all life is but a dream.

**Lin Yutang**



www.burmeseclassic.com

www.burmeseclassic.com

# ၁၅ ။ ဖိုးသမားအိပ်မက်

ချွန်ယုဖန်ဆိုတာ ရပ်ကျော်ရွာကျော်ဖိုးသမားကြွက်တွင်း ဆိုပါတော့ ။ သူ့ရဲ့နာမည် "ဖန်" ဆိုတာကိုက "မရေမရာနဲ့ထွေတဲ့စိတ်"လို့အဓိပ္ပါယ်ရလေတော့ပညတ်သွားရာ ဓါတ်သက်ပဲပါသလားမဆိုနိုင်ဘူး ။ သူ့ဘဝကြီးတစ်ခုလုံးရဲ့အတွေးအမြင်သာမက ငွေရေးကြေးရေးအခြေအနေတွေပါအမြဲဝေဝါးနေလေ့ရှိသတဲ့ ။ အဲ..ဝေဝါးဆိုတော့ပြောပါဦး အခုလောလောဆယ်ကိုသူ့အမွေတစ်ဝက်လောက် ဖြုန်းမိပြီးသားဖြစ်နေပြီ ။ သူ့အနားမှာကပ်ရပ်စားနေတဲ့ဟေးလားဝါးလားအရက်သမားတစ်အုပ်ကြီးရယ် ၊ မိန်းမရှင်တွေရယ်စတဲ့အပေါင်းအသင်းတွေကပဲဖျက်သလား ၊ ဒါမှမဟုတ်ပျက်ပြီးသားသူ့ဘဝကိုယ်ကအဖတ်ဆည်မရအောင်ဖြစ်နေလို့ မထူးဇာတ်ခင်းပြီးဘဝကိုရေစုံပဲမျှောနေတော့တာလားဆိုတာလည်း တွေးမိတဲ့လူတိုင်းအတွက် ဇဝေဇဝါဖြစ်စရာပါပဲ ။ ဖန်ဟာအခုမှသာဖိုးသမားဖြစ်နေပေမဲ့ ခေသူတော့မဟုတ်ပေဘူး ။ တစ်ခါကဆိုဗိုလ်မှူးလေးအဆင့်နဲ့တောင် တာဝန်ထမ်းဆောင်ဖူးသတဲ့ ။ ဒါပေမဲ့အမြဲတမ်းမူးနေပြီး အမိန့်မနာခံလို့တပ်ထဲကနေထုတ်ခံလိုက်ရဆိုပဲ ။ လောလောဆယ်တော့ ချွန်ယုဖန်မှာအလုပ်လည်းမရှိ ၊ အပူအပင်ရယ်လို့လည်းမရှိပဲ သူ့သောက်ဖော်စားဖက်တွေနဲ့ ပျော်ပျော်ကြီးနေနေတာပါပဲ ။ ဖိုးသမားတို့ထုံးစံငွေတွင်းခန်းခါနီးလေ၊ နှစ်ဆတိုးအရည်ဖျော်ပစ်လေပေါ့ ။ တစ်ခါတလေ လူမှန်းသူမှန်းမသိအောင်မူးမနေတဲ့ရှားရှားပါးပါးအခါမျိုးဆိုရင်တော့ သူငယ်ငယ်ကတပ်မှူးကြီးဖြစ်ချင်ခဲ့တာ ၊ သူသာကြိုးစားခဲ့မယ်ဆိုရင်တကယ်လည်းဖြစ်နိုင်ချေရှိခဲ့တာတွေကိုပြန်ပြန်တွေးမိပြီး လက်လွှတ်ခဲ့ရတဲ့တက်လမ်းအတွက်နောင်တမျက်ရည်ဝဲသလိုလိုဖြစ်မိပါသတဲ့ ။ ဒါပေမဲ့ သူရာရည်ကလေးဝင်လိုက်တာနဲ့ရည်မှန်းချက်တွေ ၊ အတိတ်တွေ ၊ ဖြစ်မလာတဲ့အိပ်မက်တွေအကုန်မေ့ပြီး အပူဆိုလို့မြူလောက်တောင်မရှိတဲ့ သောက်သောက်စားစားလူ့မင်းသား ပြန်ဖြစ်သွားပါလေရော ။ တကယ့်ကို ဟိုဒင်းမြီးကောက်ကျည်တောက်စွပ်လူစားမျိုးပေါ့ ။

ဖန်ဟာမြို့ကနေသုံးမိုင်လောက်ဝေးတဲ့ ကွမ်လင်းကသူ့ဘိုးဘွားမိဘအိမ်မှာနေတယ် ။ သူ့အိမ်ရဲ့တောင်ဘက်စူးစူးမှာအလွန်ကြီးပြီး အခက်အလက်ဝေဆာနေလို့ အလွန်အရိပ်ကောင်းတဲ့ ထနောင်းပင်အိုကြီးရှိသတဲ့ ။ဒီထနောင်းပင်ကြီးရဲ့ စိမ်းဖျော့ဖျော့နဲ့အေးမြလှတဲ့အရိပ်ဟာ ဖန်နဲ့အပေါင်းအသင်းတစ်စုသောက်ပွဲကြီးကျင်းပရာနေရာပေါ့ ။ ဒီလိုအပင်ကြီးမျိုးဆိုတာက နှစ်ပေါင်းကိုရာနဲ့ချီပြီးအသက်ရှည်တာကလား ။ တခါတလေများဆိုရင်သေသွားသလိုထင်ရပြီးနှစ်ပေါင်းသုံးလေးဆယ် ဒီအတိုင်းခြောက်နေရာက ရုတ်တရက်အညွန့်တွေထိုးလို့အသက်ပြန်ရှင်လာတတ်သေးတယ် ။ အခုဖန့်အိမ်တောင်ဘက်ကထနောင်းပင်ကြီးဟာလည်း အသက်ကြီးလွန်းလို့ အခက်အလက်တွေများ အိမ်တခုလုံးကိုစိမ်းဖန့်ဖန့်ပန်းဖောက်ဇာကွက်ခြယ်တဲ့အထိ ဆန့်ထွက်ဖြာကျအုပ်မိုးနေသတဲ့ ။ အ



www.burmeseclassic.com

www.burmeseclassic.com

ပင်ကြီးမှာသက်တမ်းရင့်လွန်းလို့ အပင်အောက်ခြေကမြေတွေတောင်လှိုက်စားလို့ ဖုထစ်ရှုတ်တွနေတဲ့အမြစ်ကွေးကြီးတွေကိုတောင်မြင်နေရတယ် ။ အဲဒီလှိုဏ်ခေါင်းကလေးတွေလိုဖြစ်နေတဲ့အမြစ်တွေဟာ ပိုးခြပုရွက်စတဲ့ပိုးမွှားမျိုးစုံခိုလှုံနေထိုင်ရာ နေရာဖြစ်နေတာပေါ့ ။

တစ်ရက်မှာတော့ ဖန်နဲ့သူ့အဖွဲ့တွေထုံးစံအတိုင်း အပင်အောက်မှာအရက်ထိုင်သောက်ကြရင်းနဲ့ ရေချိန်ကိုက်စပြုလာတော့ ဖန်ကမူးမူးနဲ့ငိုပါသတဲ့ ။ သူ့မိတ်ဆွေတွေအပြောအရတော့ အဲဒီနေ့ဟာသက္ကရာဇ်၇၉၂ခုနှစ်ရဲ့ ၁၀လပိုင်းပါတဲ့ ။ ငိုရခြင်းအကြောင်းအရင်းကတော့ အမူးသမားတွေထုံးစံအတိုင်း ဘာမှရေရေရာရာမဟုတ်လှပါဘူး ။ အရက်ကလေးခပ်ထွေထွေနဲ့ ထနောင်းပင်အိုကြီးကိုမော့ကြည့်ပြီးအတိတ်ကိုလွမ်းလှချည့်ဆိုပြီးတော့ငိုတာပါတဲ့ ။ သူရော ၊ သူ့အဖေရော ၊ သူ့အဖိုးရော မျိုးဆက်သုံးဆက်စလုံးဟာကလေးဘဝတွေကို ဒီအပင်ကြီးအောက်မှာကစားကုန်လွန်ခဲ့ကြောင်းစတဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကိုတသသပြောရင်း အခုတော့ပျော်ရွှင်စရာအတိတ်ကိုဇရာအရိပ်မိုးပြီး ဗျာမိပိုးထိုးလို့ဆွေးမြေ့လွင့်ပြယ်ခဲ့ပြီဆိုပြီးဟီးချငိုသတဲ့ ။ ဇရာလေးဘာလေးနဲ့မူးပြီးအကြောင်းရှာငိုချင်လို့သာငိုနေတာ တကယ်တော့သူဖြင့်အဲဒီတုံးကအသက်သုံးဆယ်တောင်မပြည့်တတ်သေးဘူး ။ ဒါပေမဲ့ ငိုစရှိရင်ငိုချင်ချင်ကိုး ။ နည်းနည်းကလည်းထွေနေတော့ ငိုကောင်းကောင်းနဲ့မပြီးနိုင်မစီးနိုင်ငိုလိုက်တာ နောက်ဆုံးမှာသူ့မိတ်ဆွေချိုနဲ့ထျန်တို့မှာ မဖြစ်တော့ဘူးဆိုပြီး ဖန့်ကိုအိမ်ဘက်ကိုပြန်ပွေ့ခေါ်လာပြီး အရှေ့ဆောင်စင်္ကြံလမ်းမှာခင်းထားတဲ့ပက်လက်ကုလားထိုင်ပေါ် ခဏအိပ်ခိုင်းလိုက်ရသတဲ့ ။

"........ကိုင်း...ဖန်...ငိုမနေနဲ့တော့ဗျာ..ခဏအိပ်လိုက်ပါ...ကျုပ်တို့လည်းမြင်းစာကျွေးရင်း..ရေသွားချလိုက်ဦးမယ်..ကျုပ်တို့ခြေလက်ဆေးပြီးတာနဲ့..ခင်ဗျားနားပြန်လာခဲ့မယ်...ဟုတ်ပြီလား...နားလိုက်ဦး...."

မိတ်ဆွေတွေထွက်သွားတာနဲ့ ဖန်လည်းချက်ခြင်းလိုလိုအိပ်ပျော်သွားရော ။ အိပ်ပျော်လို့မှ တမေးတောင်မရသေးဘူး..ရုတ်တရက်ပဲသူ့အိမ်ဝင်းထဲကို ခရမ်းရောင်ဝတ်စုံနဲ့ဆက်သားနှစ်ယောက်ဝင်လာပြီး ဖန်လှဲနေတဲ့ပက်လက်ကုလားထိုင်အနားကိုလာလို့ သူ့ကိုဦးညွတ်ရင်းသတင်းစကားပြောကြားကြပါသတဲ့ ။

".....ထနောင်းပြည်သာယာရဲ့ပြည့်ရှင်မင်းကြီးက..သခင်လေးဖန်ကိုနှုတ်ခွန်းဆက်သလိုက်ပါတယ်...ရွှေပြည်ကြီးကိုအလည်အပတ်ကြွရောက်ဖို့အတွက်..လေးမြတ်စွာဖိတ်ကြားလိုက်ရုံမျှမက..ရထားတော်ကိုပါတပါတည်းအကြို လွှတ်လိုက်ကြောင်းပါ...သခင်လေး..."



www.burmeseclassic.com

www.burmeseclassic.com

ဖန်လည်းတအံ့တသြလူးလဲထပြီး သူ့ရဲ့အကောင်းဆုံးဝတ်ရုံကို ကပျာကသီကောက်လဲလို့ ဆက်သားနှစ်ယောက်နဲ့လိုက်သွားရော ။ သူ့အိမ်တံခါးဝမှာတော့တကယ်ပဲ အလွန်တင့်တယ်တဲ့နန်းသုံးရထားလုံးတစ်စီးကိုမြင်းချောကြီးလေးကောင်ကလို့တွေ့ရပါသတဲ့ ။ ရထားထဲမှာတော့မင်းတို့ရဲ့အဆောင်အယောင်ဖြစ်တဲ့ရွှေပိန်းချအဆင်တန်ဆာတွေ၊ ကတ္တီပါနီဖုံတွေ ၊ ရွှေပန်းပွားတွေနဲ့ပေါ့လေ ။ ရထားနောက်မှာလည်းအရွယ်ကောင်းမင်းလုလင်ခုနစ်ယောက်ရှစ်ယောက်လောက်ကခစားစောင့်ကြိုနေကြသေးတယ် ။ တကယ့်ကိုမင်းခမ်းမင်းနားပါပဲ ။

ဒါနဲ့ဖန်ရထားလုံးထဲဝင်ထိုင်ပြီးတာနဲ့ ရွှေရထားလုံးဟာငြိမ့်ကနဲထွက်သွားပြီး ထနောင်းပင်အိုကြီးရဲ့အမြစ်မြစ်တွေကြားက မြေလှိုက်စားနေလို့ဟောက်ပက်ကြီးဖြစ်နေတဲ့နေရာဘက်ကိုဦးတည်မောင်းထွက်သွားလို့ ဖန့်မှာဟဲ့..ဘယ်လိုကြီးတုံးလို့တွေးလို့မှမဆုံးသေးဘူး...ရထားလုံးဟာထနောင်းပင်မြစ်တွေကြားထဲကိုသာမန်ဥမင်လှိုဏ်ခေါင်းထဲဖြတ်သလိုမျိုးပဲ ချောင်ချောင်ချိချိကြီးဖြတ်ဝင်သွားပါလေရော ။ ထနောင်းမြစ်တွေရဲ့ဟိုတစ်ဖက်ကိုဖြတ်မိပြီးတာနဲ့တွေ့လိုက်ရတဲ့မြင်ကွင်းကတော့ အံ့သြစရာပါပဲ ။ မြစ်ချောင်းအင်းအိုင် ၊ တောင်ကုန်းတောင်တန်းအစုံအလင်နဲ့အတော်လေးထူးဆန်းတဲ့ နိုင်ငံတစ်ခုကိုမြင်လိုက်ရပါရော ။ သူရောက်နေတဲ့နေရာကနေသုံးလေးမိုင်အကွာမှာပြအိုးပြစွင်တွေနဲ့ မြို့ရိုးမြင့်ကြီးဟီးနေတဲ့ နေပြည်တော်တည်ရှိသတဲ့ ။ မြို့တံခါးကိုသွားရာ လမ်းမတော်အပေါ်သွားလာနေလိုက်ကြတဲ့လူသူယာဉ်ရထားတွေဆိုတာပျားပန်းခတ်လို့ ၊ လမ်းမတော်ရဲ့နံဘေးဝဲယာမှာလည်းဘုရင့်ဧည့်သည်တော်ကိုလာရောက်ကြည့်ရှုတဲ့သူတွေဆိုတာညွတ်လို့ အင်မတန်စည်ကားတဲ့မြို့တော်ကြီးပါပဲ ။ ဒီလိုနဲ့မြို့တံခါးဝကိုရောက်တော့ နန်းတော်မျှော်စင်ပေါ် ရွှေစာလုံးရောမကြီးတွေနဲ့ထွင်းထားတဲ့ "ထနောင်းရွှေမြို့တော်" ဆိုတဲ့နာမည်ကိုတောင်တစေ့တစောင်းလှမ်းမြင်မိသေးတယ် ။

မြို့ရိုးမြင့်ကြီးကိုကြည့်ရတာမိုင်ပေါင်းမြောက်များစွာမဆုံးနိုင်တဲ့အပြင် မြို့ထဲလမ်းတွေပေါ် လည်းလူတွေအပြည့်သွားလာနေကြလို့အင်မတန်လူနေထူထပ်ပြီးကြီးမားတဲ့မြို့တော်ဆိုတာမှန်းဆသိနိုင်သတဲ့ ။ မြို့သူမြို့သားတွေကိုကြည့်ရတာအင်မတန်အလုပ်ကြိုးစားဟန်နဲ့ ဖျတ်လတ်နေတာပဲ ။ ဘယ်သူ့ကိုပဲကြည့်ကြည့်ခပ်ဆင်ဆင်အရောင်တွေကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားကြတဲ့အပြင် ယဉ်ကျေးသိမ်မွေ့ဟန်လည်းရှိကြသတဲ့ ။ အသိမိတ်ဆွေတွေနဲ့လမ်းမှာဆုံမိရင်လည်း နှုတ်ဆက်ဖို့နှစ်စက္ကန့်ထက်ပိုကြာပြီးမရပ်ကြပဲ အင်မတန်အလုပ်များဟန်နဲ့ မြန်မြန်ပဲသာကြောင်းမာကြောင်းတစ်ခွန်းလောက်မေးပြီး အလုပ်ထဲပြန်ရမလိုချက်ခြင်းထွက်သွားကြတာပဲ ။ တစ်သက်လုံးအသက်တောင်ပြင်းပြင်းမရှူခဲ့ဖူးတဲ့ ဖန်အဖို့တော့ဒီကလူတွေဘာကြောင့်များ ဒီလောက်တောင်အလုပ်များနေကြသလဲဆိုတာနားမလည်နိုင်ဘူး ။ အလုပ်ကြမ်းသမားတွေကလည်း ခပ်သွယ်သွယ်ပေမဲ့ သူတို့ကိုယ်လေးငါးဆရှိမဲ့



www.burmeseclassic.com

www.burmeseclassic.com

အထမ်းတွေကိုခေါင်းပေါ်လွယ်လင့်တကူရွက်လို့ ၊ ထောင်ထောင်မောင်းမောင်းနဲ့သန့်ပြန့်တဲ့စစ်သားတွေကလည်း တူညီဝတ်စုံသပ်သပ်ရပ်ရပ်နဲ့ သူ့နေရာသူရပ်ပြီးစောင့်ကြပ်လို့ ၊ အင်မတန်စနစ်ကျတဲ့မြို့ပါပဲတဲ့ ။

ဒါနဲ့ ဖန့်ကိုမြို့တံခါးဝမှာပဲ အထူးကြိုဆိုရေးအဖွဲ့ကလာရောက်တွေ့ဆုံပါသတဲ့ ။ ပြီးတော့သူ့ကိုရင်ပြင်အထပ်ထပ်နဲ့ ပန်းဥယျာဉ်ကြီးတွေဝိုင်းရံထားတဲ့ရွှေနန်းတော်ထဲကိုခေါ်သွားကြတယ် ။ ဖန် နန်းတော်ထဲရောက်လို့ငါးမိနစ်လောက်မှာ နန်းရင်းဝန်ကြွလာကြောင်း မိန်းမစိုးတွေကအသိပေးကြေငြာကြသတဲ့ ။ ဒါနဲ့အပြန်အလှန်ဦးညွှတ်နှုတ်ဆက်အပြီးမှာတော့ နန်းရင်းဝန်ကြီးက ဖန့်ကိုထနောင်းပြည်သာယာရဲ့ရေမြေရှင်ဆီ အခစားဝင်ဖို့လာကြိုတာဖြစ်ကြောင်းအသိပေးရင်းနဲ့ အံ့သြစရာသတင်းကိုပါဆက်ပြောပြပါရော ။

"......ဖန်သခင်လေးကို..ကျုပ်တို့ရွှေပြည်အထိအလည်အပတ်ခေါ်လာရခြင်းအကြောင်းကတော့...ဘုန်းတော်ကြီးဘုရားက..ဒုတိယသမီးတော်နဲ့ဖန်သခင်လေးကိုလက်ထပ်ထိမ်းမြားပေးချင်တဲ့အတွက်ပါပဲ...သခင်လေးကရော..ဘယ်လိုသဘောရပါသလဲ......"

"......အို...ကျွန်တော်မျိုးကြီးလိုဘာမဟုတ်တဲ့အညတရတစ်ယောက်ဟာ...သမီးတော်နဲ့မထိုက်တန်ပါဘူး..နန်းရင်းဝန်ကြီးခင်ဗျား...ဒါပေမဲ့အမိန့်တော်မြတ်ကိုနာခံဖို့အသင့်ရှိကြောင်းပါ......"

ဆိုပြီးဖိုးသမားကအကျပဲ ယဉ်ကျေးနိမ့်ချစွာတုန့်ပြန်ပေမဲ့ ရင်ထဲကတော့ဖိုးကျိုင်းတုတ်ဖြစ်နေတာပေါ့လေ ။ အင်း..ကံများကောင်းချင်တော့စုတ်ရော ၊ လာဘ်ရောဝင်ပဟော့ဆိုပြီးဒီထနောင်းပြည်သာယာကလူတွေကို ချွန်ယုဖန်ဟာဘယ်လိုလူလဲဆိုတာပြရသေးတာပေါ့လို့စိတ်ထဲကနေကြုံးဝါးပါသတဲ့ ။ ဟုတ်တယ်လေ..သူ့ကိုဆိုရင်အမြင်မှုးငမူးနဲ့အခုတော့ဘုရင့်သမီးတော်နဲ့တောင် ပေါင်းဖက်ရတော့မှာမဟုတ်လား ။ သူ့ယောက္ခမရဲ့တိုင်းပြည်မှာစိတ်သစ်လူသစ်နဲ့ လူချွန်တစ်ယောက်ဖြစ်လာအောင် ကြိုးစားပြမယ်ဆိုပြီး တပါတည်းဆုံးဖြတ်လိုက်သတဲ့ ။ ဒါနဲ့သူရောက်နေရာနန်းဆောင်ကနေပြီး ကိုက်တစ်ရာလောက်အကွာကအလွန်ကြီးတဲ့နန်းဆောင်ကို နန်းရင်းဝန်ကဖန်ကိုခေါ်သွားတယ် ။ နန်းဆောင်ကြီးကရွှေပိန်းချရောမတံခါးနီကြီးတွေနဲ့ နန်းစောင့်တပ်သားတွေကလည်း လုံတွေ ၊ အဲမောင်းတွေကိုင်ပြီးစောင့်ကြပ်လို့ ခန့်ညားကြောက်ရွံ့စရာပါပဲ ။ ညီလာခံခမ်းမကြီးထဲဝင်ကြတော့ အထဲမှာမှူးကြီးမတ်ရာနယ်စားပယ်စားတွေကရာထူးအဆင့်အတန်းနဲ့အညီ အဆင်တန်ဆာဝတ်စုံအပြည့်နဲ့ အဝင်လမ်းတစ်ဖက်တစ်ချက်မှာရပ်ပြီးကြိုဆိုနေကြပါသတဲ့ ။ ဖန်ရဲ့ဘဝမှာပထမဆုံးအကြိမ်အနေနဲ့ အလွန်မှအရေးပါအရာရောက်သူလိုခံစားမိ



www.burmeseclassic.com

www.burmeseclassic.com

စေတဲ့ဂုဏ်ပြုမှုပါပဲ ။ အံ့သြစရာပဲ ကြို့နေကြတဲ့အရာရှိအရာခံတန်းရှည်ကြီးထဲမှာ ဖန်ရဲ့သောက်ဖော်စားဖက်တွေ ဖြစ်တဲ့ချိုန့်ထျန်ပါ ပါတယ်ဆိုပဲ ။ ဖန်ကတော့အသာပဲဦးညွှတ်ပြရင်း စိတ်ထဲမှာတော့ ဒီလူတွေငါ့ကိုအားအကျကြီး ကျနေကြလောက်ပြီ ဆိုပြီးဝင့်ကြွားမိတာပေါ့ ။

ဒါနဲ့နန်းရင်းဝန်ကြီးကဖန့်ကို မင်းကြီးစံပယ်ရာအတွင်းဆောင်ကိုခေါ်သွားတယ် ။ လှေကားထစ်တွေကိုစ တက်ကြကတည်းက ဖန့်မှာခေါင်းမဖော်ဝံ့တော့ဘူး ။ နောက်ဆုံးမင်းကြီးရဲ့ရာဇပလ္လင်တော်နား ဒုတ်ဒုတ်ထိလို့နန်း ရင်းဝန်ကဒူးထောက်ခစားလို့ မော်ဖူးစေလို့အမိန့်ပေးမှပဲမော်ကြည့်ရဲတော့တယ် ။ အနီရောင်ဦးရစ်သရဖူနဲ့ ဝတ်လုံ ဖြူဖြူကိုဆင်ထားတဲ့မင်းကြီးဟာ အတော်ကိုခံ့ငြားပါသတဲ့ ။ ဘေးကမိဖုရားကြီးကလည်း အနီရောင်မကိုဋ်နဲ့အဖြူ ဆွတ်ဆွတ်ဇာပါးဝတ်စုံနဲ့ ကျက်သရေရှိလှတာပါပဲ ။ ကြောင်တက်တက်ဖြစ်နေတဲ့ဖန်ကိုမင်းကြီးကတည်တည်ငြိမ် ငြိမ်ပဲ ဖော်ဖော်ရွေရွေအမိန့်ရှိပါသတဲ့ ။

"......မောင်မင်းချွန်ယုဖန်...မောင်မင်းရဲ့ဂုဏ်သရေရှိဖခင်ကြီးရဲ့မေတ္တာရပ်ခံချက်အရ..မောင်မင်းကိုငါကိုယ်တော် မြတ်ရဲ့ဒုတိယသမီးတော်နဲ့လက်ဆက်ပေးဖို့သဘောတူတော်မူတယ်...အဲဒီတော့ဒုတိယသမီးတော်ထနောင်းဒေဝီ ထိပ်ခေါင်တင်ယောင်ဖန်းနဲ့မောင်မင်းကို..မကြာခင်ပဲထိမ်းမြားပေးဖို့စီစဉ်ထားသကွဲ့...."

ကြက်ကန်းဆန်အိုးတိုးသွားတဲ့ဖိုးသမားဖန်မှာဝမ်းသာလွန်းလို့ ကျေးဇူးတင်စကားတောင် ချက်ခြင်းပြောမထွက်နိုင် ဘူး ။

"......ကိုင်း..ကိုင်း...မောင်မင်းနားချင်ရာရော့မယ်...တစ်ပတ်တန်သည်နှစ်ပတ်တန်သည်အေးအေးလူလူအနားယူ ဦးပေါ့ကွယ်....မြို့တော်ထဲလည်းလှည့်ပတ်ကြည့်ပေါ့....ဒီကနန်းရင်းဝန်ကြီးကမောင်မင်းကိုအဖော်ပြုလို့ကြည့်စရာ မှန်သမျှကိုလိုက်ပြပါလိမ့်မယ်..ကြားရဲ့လား..မောင်မင်း....ဒီကြားထဲမင်္ဂလာကိစ္စကိုစီစဉ်ကြတာပေါ့......"

တကယ်ပဲနောက်ရက်တွေထဲမှာ တမြို့လုံးအုံးအုံးကျွက်ကျွက်နဲ့ဖန်နဲ့သမီးတော်ရဲ့မင်္ဂလာပွဲအတွက် ပြင်ကြဆင်ကြ တော့တယ် ။ မင်္ဂလာရက်မြတ်နေ့မှာတော့ မြို့တော်တစ်ခုလုံးက လှည်းနေလှေအောင်းမြင်းဖောင်းမကျန် လူကုန် ရှိသမျှထွက်လို့ပါဝင်ဆင်နွှဲကြသတဲ့ ။ ထနောင်းရွှေပြည်ရဲ့ဝတ်စားပုံဓလေ့အတိုင်း အဖြူရောင်ပေါ်မှာအကြောတွေ ယှက်သန်းပြီး သက်တံ့ရောင်ရေးရေးလေးလဲ့နေတဲ့ဇာပါးပါးဝတ်စုံနဲ့ ရတနာစီခြယ်လို့မိန်းမလှလေးတွေဝန်းရံပြီးကြွ



www.burmeseclassic.com

လာတဲ့ ထနောင်းဒေဝီဒုတိယသမီးတော်ယောင်ဖန်း တင့်တယ်လိုက်ပုံကတော့ စာပန်းချီခြယ်ပြဖို့တောင်စကား လုံးရှာမရဘူး ။ သမီးတော်ဟာ ချောမောလှပသလောက် သိမ်မွေ့ကြင်နာတတ်ပြီး ဉာဏ်ပညာအရာမှာလည်း ကျော်ကြားပါသတဲ့ ။ ဖန်ကတော့သတို့သမီးကို မြင်မြင်ချင်းအရူးအမူးချစ်မိတော့တာပဲ ။ မင်္ဂလာဦးညမှာတော့ သမီးတော်က ဖန့်ရင်ခွင်ထဲခိုတွယ်ရင်းဆိုတယ် ။

"………မောင်မောင့်အတွက်..ခမည်းတော်ဆီကနေပြီးနယ်တစ်နယ်လောက်..ထိပ်ထားတောင်းပေးနိုင်ပါတယ်.. ထနောင်းပြည်သာယာပိုင်နက်ထဲက..မောင်မောင်အလိုရှိတဲ့နယ်ပယ်ကိုသာပြောပါကွယ်…"

အင်မတန်ကောင်းစားပြီးရင်းကောင်းစားနေတဲ့ ဖိုးသမားလည်းရှက်ရှက်နဲ့ဖွင့်ပြောရတော့တာပေါ့လေ ။

"…အဟမ်း…ဟိုဒင်း…ဒီလိုရှိသလေ..အချစ်ရဲ့..မောင်က..မောင်ကတပ်ထဲကအနားယူပြီးကတည်းက..အလုပ်ရယ် လို့ကြီးကြီးမားမားမရှိခဲ့တော့အုပ်ချုပ်ရေးပိုင်းတွေကိုသိပ်မသိဘူးဖြစ်နေတယ်…ပြီးတော့နယ်တစ်ခုလုံးကိုအုပ်ချုပ် ဖို့လည်းဘယ်ကနေဘာစလုပ်ရမှန်းမသိဘူးကွဲ့….."

"…….မပူပါနဲ့..မောင်မောင်ရယ်….ထိပ်ထားကူမှာပေါ့…."

ဆိုပြီးသမီးတော်က ချစ်စဖွယ်ဆိုသတဲ့ ။ ဘုရင့်သမီးတော်နဲ့ထိမ်းမြားရရုံတင်မဟုတ်ဘဲ နယ်စားပါဖြစ်လာဦးမှာကို သိလိုက်ရတော့ဖန်ဟာ ဝမ်းသာလွန်းလို့ငိုချပစ်ချင်စိတ်တောင်ပေါက်လာတယ်ဆိုပဲ ။ သို့ပေမဲ့ယောက်ျားရင့်မကြီး တန်မဲ့နဲ့မင်္ဂလာဦးညမှာတရှုံ့ရှုံ့ငိုနေဖို့မတော်လို့သာ မျက်ရည်ကိုမနည်းထိန်းထားလိုက်ရတာပဲ ။ နောက်တနေ့ကျ တော့သမီးတော်ရဲ့လျှောက်တင်ချက်အရဘုရင်ကြီးက ဖန်တို့မောင်နှံကိုတောင်ကိုင်းနယ်စားရာထူးချီးမြှင့်လိုက်သ တဲ့ ။ အရင်တောင်ကိုင်းနယ်စားကိုတာဝန်ပေါ့လျော့မှုနဲ့ရာထူးကနေဖယ်ရှားထားတာမကြာသေးဘူးကိုး ။ ပြီးတော့ တောင်ကိုင်းနယ်ကတောင်ခြေခရိုင်းဒေသထဲမှာတည်ရှိပြီး တောနက်ကြီးတွေ ၊ ရေတံခွန်တွေ ၊ လှိုဏ်ဂူတွေဝန်းရံ လို့အင်မတန်လှပတဲ့နယ်တစ်နယ်ပေါ့ ။ နယ်သူနယ်သားတွေကလည်း အလုပ်ကြိုးစားပြီးတရားဥပဒေကိုလေးစား ကြသူတွေပါပဲ ။ အဲ..အသားအရောင်ကတော့ ထနောင်းနေပြည်တော်သားတွေထက်ညိုမောင်းပေမဲ့ အင်မတန်ရဲ ရင့်တဲ့စစ်သည်ကောင်းတွေထွက်ရာနယ်ပေါ့ ။ ဆိုတော့ချုပ်ပြောရရင် သိပ်အေးချမ်းပြီးလှပတဲ့နယ်ဆိုတော့ သမီး တော်နဲ့ သမက်တော်ဖန်တို့အတွက်အကောင်းဆုံးနေရာပေါ့ ။ ဖန်ကတော့ပျော်နေတာပါပဲ ။ မှန်တာပြောရရင်သူ့



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူသမီးတော်သာအနားမှာရှိလို့ကတော့ ဘယ်ပဲပို့ပို့ကျေနပ်ပြီးသားကိုး ။

"…….ဒီတော့အခုမောင်က..တောင်ခရိုင်နယ်ရဲ့နယ်စားမင်းပေါ့…ဟုတ်လား…."

"…….အင်း….အခုထိပ်ထားတို့အုပ်ချုပ်မဲ့အဲဒီနယ်ကို..တောင်ကိုင်းနယ်လို့ခေါ်တယ်..မောင်မောင်ရဲ့…မှတ်ထားနော်….ကိုယ်အုပ်ချုပ်ရမဲ့နယ်ရဲ့နာမည်ကိုမှားခေါ်လို့မဖြစ်ဘူး….."

"…ဟင်….အတူတူပဲမဟုတ်ဘူးလား..အချစ်ရဲ့….အေးလေ..တောင်ကိုင်းဆိုတော့လဲတောင်ကိုင်းပေါ့ကွယ်….."

ဒါနဲ့သူတို့တွေတောင်ကိုင်းနယ်ကိုထွက်လာကြသတဲ့ ။ ဖန်ရဲ့တခုတည်းသောတောင်းဆိုချက်ကတော့သူ့မိတ်ဆွေရင်းတွေဖြစ်တဲ့ ချိုနဲ့ထျန်ကိုပါခေါ်လာချင်တာပါပဲ ။ ဒါနဲ့သူတို့တွေတစ်အုပ်ကြီးတောင်ကိုင်းနယ်ကိုမသွားခင်ညမှာနန်းတော်ထဲနှုတ်ဆက်ညစာစားပွဲကျင်းပပေးကြတယ် ။ နောက်တနေ့ကျတော့ မင်းကြီးကိုယ်တိုင်နန်းမြို့တံခါးနားအထိ လိုက်ပို့နှုတ်ဆက်တဲ့အပြင် လူထုကြီးကလည်း သမီးတော်နဲ့ဖန်ရဲ့ရွှေရထားလုံးနောက်ကို လိုက်ပါပြီးနှုတ်ဆက်ကြသတဲ့ ။ မိန်းမတွေကတော့ငိုယိုလို့ပေါ့လေ ။ ထနောင်းနေပြည်တော်သားတွေက သိပ်သံယောဇဉ်ကြီးတတ်ကြတာကလား ။ မြင်းစီးစစ်သည်တွေ ၊ စစ်ခရာနဲ့တံပိုးသမားတွေ ၊ ခြေလျင်တပ်သားတွေဝန်းရံလို့ သမီးတော်နဲ့ဖန်ရဲ့ရထားလုံးလည်းတောင်ကိုင်းနယ်ကိုခရီးစတော့တယ် ။ သုံးရက်တိတိသွားအပြီးမှာ တောင်ကိုင်းနယ်ကိုရောက်လာကြသတဲ့ ။ နယ်သူနယ်သားတွေကတော့ နယ်စားအသစ်မောင်နှံရောက်လာတော့ပျော်လို့ရွှင်လို့ ။

ဒီလိုနဲ့တောင်ကိုင်းနယ်မှာ ဖန်တို့နယ်စားမောင်နှံအုပ်ချုပ်လာတာ တစ်နှစ်ရှိသွားပြီ ။ နယ်သူနယ်သားတွေဟာအင်မတန်တာဝန်သိပြီးစည်းစနစ်ကြီးတဲ့အပြင် အသက်မွေးဝမ်းကျောင်းပညာသည်တွေချည်းပဲဆိုတော့အလွန်အေးချမ်းလှပါတယ် ။ သူတောင်းစားလည်းမရှိ ၊ လူဆိုးသူခိုးလည်းမရှိပေဘူး ။ ဖန်ကြားဖူးတာကတော့ဒီနယ်သားတွေဟာ အလွန်အေးချမ်းတဲ့စရိုက်ရှိပေမဲ့ စစ်မက်အရေးများကြုံလာရင် ယောက်ျားမိန်းမ မရွေးစစ်သည်တော်တွေအဖြစ်ပြောင်းလဲတိုက်ခိုက်ကြပါသတဲ့ ။ စစ်မက်အရေးမှာအင်မတန်ကျွမ်းကျင်ကြတဲ့အပြင် အသက်ကိုပဓာနမထားပဲတိုက်ခိုက်တတ်ကြလို့ တောင်ကိုင်းနယ်သားစစ်သည်ဆိုရင်ဖိန့်ဖိန့်တုန်ကြရတယ်လို့ဆိုတာကိုး ။ ဒါပေမဲ့ရန်လိုတာမျိုးလုံးလုံးမရှိပဲ သူတို့ရဲ့အိုးအိမ်စည်းစိမ်ကိုထိပါးလာမှသာခုခံကာကွယ်ကြတာပါတဲ့ ။ ပြီးတော့သူတို့အချင်းချင်းကြားထဲ ခိုက်ရန်ဖြစ်ပွားတာမျိုးများမရှိသလောက်ကိုရှားလှတယ် ။ အခုတောင်ကိုင်းနယ်စားအသစ်

www.burmeseclassic.com

သမီးတော်မောင်နံ့ကိုလည်း နယ်သူနယ်သားတွေက အင်မတန်ကြည်ညိုကြတယ် ။ သမီးတော်ကအမျှော်အမြင်နဲ့ ပြည့်စုံတဲ့အပြင်ကြင်နာတတ်တာကိုး ။ ဖန်ကတော့ ဖိုးသမားလူထွက်ပီပီနည်းနည်းပျင်းချင်ပါသတဲ့ ။ ဘာမှမလုပ် ပဲဝေလေလေလုပ်ခဲ့တဲ့နှစ်တွေမနည်းကြာခဲ့ပြီဆိုတော့ အကျင့်ဟောင်းဆိုတာဖျောက်နိုင်ခဲသားမဟုတ်လား ။ သို့ ပေမဲ့သမီးတော်က သူ့ကိုအမြဲစောစောနိုးပြီးရုံးမှန်မှန်တက်အောင် ၊ လူတွေထဲစံနမူနာဖြစ်အောင်ကြိုးစားနေထိုင် နိုင်းပါသတဲ့ ။ ပြောမယ်ဆိုရင်ဘဝသစ်ထဲမှာ ဒီတခုကိုပဲဖန်သိပ်သဘောမကျလှဘူး ။ ဒါနဲ့တခါတလေအမောပြေ ဆိုပြီးရုံးထဲမှာ ပုလင်းတစ်လုံးအသာဖွက်ထားပြီးနည်းနည်းခိုးမော့လေ့ရှိတယ် ။ သမီးတော်ရဲ့မေတ္တာကိုစော်ကား သလိုမဖြစ်ရအောင်အလွန်အကျွံတော့ ဘယ်တော့မှမလုပ်ပါဘူး ။ သူ့ကိုချစ်ရှာတဲ့သမီးတော်အတွက် ၊ ပြီးတော့ဒီ လိုနယ်စားဘဝကိုရတဲ့အတွက် အဖိုးအခအဖြစ် အမြဲစံပြဖြစ်အောင်နေထိုင်ရမယ်ဆိုတာလည်း ဖန်နားလည်ပါရဲ့ ။ အဲ..အားလပ်ချိန်တွေမှာသမီးတော်နဲ့မြို့ပြင်တောအုပ်စိမ်းညို့ညို့ကြီးတွေထဲ အတူလက်တွဲလို့ လမ်းလျှောက်နေ ဒါမှမဟုတ်မြသားရောင်ရေညှိခင်းမြစ်ကမ်းတွေပေါ် ချစ်ရသူကိုရင်ခွင်ထဲထားလို့ မြင်းစီးထွက်နေရရင်တော့အရက် လဲမလို ၊ ဘာမှမလိုတော့ဘူး ။ ဒါပေမဲ့ဝါသနာဆိုတာမျိုးက စွန့်နိုင်ခဲသားရယ် ။ ဒါနဲ့တစ်ခါတလေတော့ ဖန်ကသူ့ မိတ်ဆွေချိုနဲ့ထျန်ကိုခေါ်ပြီး ရုံးလစ်လို့မြို့ပြင်လိုက်ခေါင်းတွေ ၊ ချောင်ကောင်းကောင်းလေးတွေနားသွားပြီး တစ် ခွက်တစ်ဖလား ခွက်ပုန်းချမိတတ်တယ် ။ သူ့လိုအထိန်းအချုပ်မရှိပဲ စိတ်ထင်သလိုနေခဲ့တဲ့လူအဖို့ နယ်စားဘဝမှာ ရာဇအိန္ဒြေတစ်ခွဲသားနဲ့ အမှားအယွင်းမရှိအောင်နေပြရတာလွယ်တာမှမဟုတ်ပဲ ။ ကြီးကျယ်ခမ်းနားမှုနဲ့တွဲပါလာ တဲ့ အရင်းအနှီးကလဲအတော်ကြီးပေသကိုး ။ ဒါတွေကိုသမီးတော်သိသွားပြန်တော့အပြစ်မတင်ပဲ ဖန့်ကိုကြင်ကြင် နာနာနဲ့ချော့မော့ပြေပြစ်ပြောရှာသတဲ့ ။

"..မောင်မောင်ရေ...ဒါနောက်ဆုံးဖြစ်ပါစေကွယ်...ထိပ်ထားကိုချစ်ရင်သေရည်ကိုတို့တောင်မတို့ပါနဲ့တော့နော်...."

အင်းလေ..လောကကြီးမှာလိုချင်တာမှန်သမျှဘယ်ရနိုင်ပါ့မလဲလို့ ဖန်တွေးမိပါတယ် ။ သူဟာအခုဆိုရင်နယ်စား ရင့်မကြီးဖြစ်နေပြီ ။ နေပြည်တော်ကိုပို့ရမဲ့ အစီရင်ခံစာတွေ ၊ အရေးကြီးစာရွက်စာတမ်း ၊ သဝဏ်လွှာတွေ ၊ စာ ချွန်တော်တွေနဲ့ပတ်သက်လို့လည်း သမီးတော်ကလိုလေသေးမရှိကူညီပေးရှာတယ် ။ ချိုနဲ့ထျန်ကိုလည်းသူ့အပါး တော်မြဲတွေအဖြစ်ခန့်ထားခွင့်ရတဲ့အပြင် အခုဆိုရင်လူတွေရဲ့ချစ်ခင်လေးစားမှုကိုလည်းခံရသေးတယ် ။ လောက ကြီးမှာဒီ့ထက်ပိုပြီးလောဘကြီးလို့ဘယ်ဖြစ်နိုင်ပါ့မလဲလို့ ဖန်စဉ်းစားမိပါသတဲ့ ။ ဆိုတော့အတတ်နိုင်ဆုံး သူ့ရဲ့အမူ မူအကျင့်ဟောင်းတွေကိုပြင်ဖို့ ကြိုးစားရတာပေါ့လေ ။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့တောင်ကိုင်းနယ်မှာပျော်ပျော်ရွှင်ရွှင်နေလာရင်း တစ်နှစ်ကျော်ကျော်လောက်အရမှာတော့ သမီးတော်ဟာရုတ်တရက်ပဲအနာရောဂါစွဲကပ်ပြီးကံကုန်ရှာသတဲ့ ။ ဖန် ဝမ်းနည်းပူဆွေးခဲ့ရပုံကတော့ ပြောမပြတတ်တော့လောက်အောင်ပဲ ။ ဘယ်လိုမှဖြေမရတဲ့အဆုံးမှာ သူ့ချစ်သူမုန်းခဲ့ရှာတဲ့အရက်ဘက်ကိုပြန်ပြီး ခြေဦးလှည့်မိတော့တယ် ။ တောင်ကိုင်းနယ်မှာနေရင် သမီးတော်ကိုပဲနေရာတိုင်းမြင်နေမိလို့ သူ့ကိုရာထူးကနေအနားပေးပြီးနေပြည်တော်ကိုပြန်လာခွင့်ပြုဖို့လဲ အသနားခံတာအကြိမ်ကြိမ်ပါပဲ ။ သမီးတော်ရဲ့ဈာပနမှာလည်း ကိုယ်တိုင်အခေါင်းထမ်းလို့ ချစ်သူရဲ့နောက်ဆုံးခရီးကိုပုခုံးနဲ့ထမ်းပို့လို့ နှုတ်ဆက်ရှာပါသတဲ့ ။ ပြီးတော့မြို့ပြင်က တောင်ပူစာထိပ်မှာ သမီးတော်အတွက်သူ့ကိုယ်ပိုင်စုငွေလေးနဲ့ ကျောက်ဖြူသားအထိမ်းအမှတ်ဂူဗိမာန်ကလေးတစ်ခုကိုတည်ပေးပြီး အဲဒီဗိမာန်နားမှာပဲနေ့ရောညပါပူဆွေးငိုယိုနေလိုက်တာ သုံးလလုံးလုံးအနားကမခွာတော့ဘူး ။

အရက်သမားလူပေလူလွင့်ဘဝကနေ လူကောင်းမှဖြစ်လာစရှိသေးတဲ့ဖန်ရဲ့ဘဝဟာ သမီးတော်ကွယ်လွန်သွားတာနဲ့ ဒုံရင်းဒုံရင်းပဲပြန်ရောက်တော့တာပါပဲ ။ ပိုပြီးတောင်ဆိုးလာသေးတယ်ဆိုရမယ် ။ အမြဲဝမ်းနည်းနေတော့တဲ့ဖန်ဟာ နေ့နေ့ညညတောင်ကိုင်းနယ်ကအရက်ဆိုင်တကာမှာ မူးရူးသောက်စားလို့သာ နေတော့သတဲ့ ။ ဖိုးသမားကြွက်တွင်းစစ်စစ်ပြန်ဖြစ်သွားတဲ့ဖန်ကို သမီးနဲ့စပ်မှသမက်တော်ရတဲ့ ယောက္ခမဘုရင်ကြီးကလဲမကြည်သာလှတော့ဘူး ။ ဒါပေမဲ့သမီးတော်လေးကိုလွမ်းတဲ့စိတ်ကြောင့် သမီးတော်ချစ်ခဲ့တဲ့သမက်ရဲ့သတင်းဆိုးတွေကိုကြားနေရပေမဲ့ လူသိရှင်ကြားမျက်နှာပျက်အောင်တော့ မလုပ်ရက်ပြန်ဘူး ။ ဒီလိုနဲ့ဖန့်နံဘေးက လူတွေ တဖြည်းဖြည်းနဲ့စွန့်ခွာသွားလိုက်ကြတာ ၊ နောက်ဆုံးမှာအပေါင်းအသင်းလည်းမရှိ ၊ ငွေလည်းမရှိတော့ပဲအရက်ကိုတောင် ချိုနဲ့ထျန်ဆီကငွေချေးပြီး သောက်ရတဲ့ဘဝကိုရောက်သွားပါသတဲ့ ။ တစ်ခါများမှာတော့ သူ့နယ်ကအရက်ဆိုင်တစ်ခုရဲ့ကြမ်းပြင်ပေါ်မှာ မူးပြီးတစ်ညလုံးစင်းစင်းကြီးလဲနေရော ။ နယ်စားတစ်ယောက် အတွက်တော့ဒါဟာအဆုံးစွန်ပဲဆိုတော့ နယ်သူနယ်သားတွေက သည်းမခံနိုင်ကြတော့ဘူး ။ တောင်ကိုင်းနယ်ကိုမျက်နှာပျက်အရှက်ရစေတဲ့ နယ်စားဖန်ကိုရာထူးကနေဖယ်ရှားပေးဖို့ ဝိုင်းဝန်းတောင်းဆိုကြတော့တာပဲ ။ ဘုရင်ကြီးခမြာလည်းမူးရူးပြီးဖြစ်ချင်သလိုဖြစ်နေတဲ့သမက်အတွက်အရှက်ရလှပြီ ။ ဒါနဲ့တနေ့တော့မိဖုရားကြီးကဖန့်ကိုအမှာတော်ရှိပြီး ဒီလိုမိန့်ပါသတဲ့ ။

"......အင်း...သမက်တော်နယ်စားမင်းကလေးလည်း...သမီးတော်နတ်ရွာစံကတည်းကပူဆွေးနေရတာ..အပြောင်းအလဲလေးဖြစ်သွားအောင်..အိမ်ကိုပြန်ပြီးအနားယူလိုက်ပါဦးကွယ်...."

www.burmeseclassic.com

"......ဒါပေမဲ့..မယ်မယ်ရယ်...ဒါဟာကျွန်တော့်အိမ်ပဲဟာ..ဘယ်ကိုသွားရဦးမှာလဲ...."

"…….မင့်အိမ်ကကွမ်လင်းမှာရှိခဲ့တာလေ…အဲဒီကိုပေါ့ကွဲ့….."

မိဖုရားကြီးကဒီလိုပြောတော့မှ ဖန်လည်းကွမ်လင်းမှာသူ့အိမ်ကြီးရှိတာတွေ ၊ ဒီထနောင်းပြည်သာယာကိုလွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကမှရောက်လာတာတွေကို ရေးရေးလေးပြန်သတိရလာပါသတဲ့ ။ ဒါနဲ့ဖန်လည်းမိဖုရားကြီး ရဲ့မျက်နှာထိမျက်နှာထားကိုကြည့်ပြီး အိမ်ပြန်ပါ့မယ်လို့ စိတ်မပါ့တပါနဲ့သဘောတူလိုက်ရော ။

"……..အိမ်း…အိမ်း….မယ်မယ်..မင်းအတွက်ကျွန်နှစ်ယောက်စီစဉ်လိုက်မယ်….ကိုင်း..သွားပေဦးတော့……"

ချက်ခြင်းပဲသူ့ကိုကွမ်လင်းအိမ်မှာလာကြိုတဲ့ ဆက်သားနှစ်ယောက်ဝင်လာပြီး မြို့တံခါးကိုခေါ်သွားသတဲ့ ။ ဟိုမှာ အသင့်ရပ်ထားတဲ့ရထားကတော့ လာကြိုတုန်းကလိုရွှေရထားလုံးမဟုတ်တော့ဘူး ။ အတော်လေးအိုဟောင်းပြီး စုတ်ပြတ်နေတဲ့ရထားတစ်စီးပါပဲ ။ ဒီတခါတော့မင်းလုလင်တွေလည်းမပါ ၊ လက်နက်ကိုင်စစ်သားတွေလည်းမပါ တဲ့အပြင် သူ့ကိုထွက်နှုတ်ဆက်မဲ့လူလည်းတစ်ယောက်မှမရှိဘူး ။ ရထားသမားရဲ့အဝတ်အစားကတောင်ဟောင်း နွမ်းလို့ရယ် ။ ဒါနဲ့ဖန်ရထားပေါ်တက်လို့ထွက်လာကြတော့လည်းဘယ်သူမှဂရုမစိုက်ကြပါဘူး ။ ဖန်ကတော့အကြီး အကျယ်တရားကျမိပါသတဲ့ ။ ဘဝရဲ့ထင်ပေါ်ကျော်ကြားမှု ၊ဂုဏ်အသရေတွေဆိုတာလည်း ရေပွက်ပမာပဲခဏဆို မှခဏတာ တဒင်္ဂသက်သက်ပဲ ဆိုတာကိုမျက်ဝါးထင်ထင်ကိုယ်တိုင်မြင်တွေ့ခံစားခဲ့ရမှုကိုး ။

ဒီလိုနဲ့သွားလိုက်တာ လွန်ခဲ့တဲ့တစ်နှစ်ကျော်ကသူဖြတ်လာခဲ့တဲ့လမ်းကိုပြန်မှတ်မိလာသတဲ့ ။ ထနောင်း မြစ်တွေကြားကထွက်လို့ သူ့အိမ်ကိုပြန်ရောက်လာတော့မျက်ရည်တောင်ကျမိတယ် ။ ဒါနဲ့ဖန့်ကိုဆက်သားတွေက ရထားပေါ်ကဆွဲချပြီး အရှေ့ဆောင်စင်္ကြံကပက်လက်ကုလားထိုင်ပေါ်ကိုတွန်းချလို့ အသံနက်ကြီးနဲ့အော်ပြောကြ သတဲ့ ။

"......ကိုင်း...မင့်အိမ်ပြန်ရောက်ပြီ...နေခဲ့ပေတော့...ငမူးရေ့...ထွီ....."

ဖန်လည်းဆတ်ကနဲလန့်နိုးသွားပြီး ဘေးဘီလှည့်ပတ်ကြည့်လိုက်တော့ သူ့မိတ်ဆွေချိုနဲ့ထျန်ကအိမ်ကပြင်မှာခြေ



www.burmeseclassic.com

www.burmeseclassic.com

ဆေးကြတုန်းပဲရှိသေးတယ် ။ ညနေစောင်းဝင်လုဆဲနေကလည်း အရှေ့ဆောင်နံရံပေါ်ပြပြလေးထိုးလို့ ။ ဘာတွေလဲဟာရို့ဆိုပြီးတော့သာ ဖန့်မှာညည်းမိပါတော့သတဲ့ ။

"…….အင်း…ဘဝ..ဘဝ…အရာအားလုံးဟာအနတ္တသက်သက်ချည်းပါပဲလားဗျာတို့……"

"…….ဟင်….ဖန်…ခင်ဗျားကလည်း..ခဏလေးနဲ့ပြန်နိုးလာပါလားဗျ….တရေးတောင်မရလိုက်ဘူးထင်ရဲ့…."

"……..ခဏလေးဟုတ်လား…ကျုပ်ဖြင့်တစ်ဘဝလုံးစာကြာသွားတယ်လို့ထင်နေတာ…."

ဆိုပြီးဖန်ကထနောင်းပြည်သာယာကိုသူရောက်ခဲ့တဲ့အကြောင်း အိပ်မက်ဆန်းကို ချိုနဲ့ထျန်ကိုပြောပြတော့ အံ့သြကုန်ကြသတဲ့ ။ ဒါတင်မကသေးဘူး …ဖန်ကသူတို့ကိုထနောင်းပင်ကြီးနားပြန်ခေါ်သွားပြီး အမြစ်တွေကြားကမြေလိုက်စားနေတဲ့ တွင်းဟောက်ပက်ကြီးကိုပြရင်းဆိုတယ် ။

"…….ဒါထနောင်းပြည်သာယာဆီသွားတုန်းက..ကျုပ်တို့ရထားလုံးမောင်းဝင်သွားတဲ့လမ်းဗျ…ကျုပ်ကောင်းကောင်းမှတ်မိတယ်…"

"……အင်း…ခင်ဗျားတော့ထနောင်းပင်ကြီးဖမ်းစားတာခံလိုက်ရပြီထင်ပါရဲ့…ဒီလိုအင်မတန်အိုတဲ့အပင်ကြီးတွေကနတ်ကြီးတယ်ဗျ…."

"…….ခင်ဗျားတို့မနက်ဖြန်ဆက်ဆက်ပြန်လာကြဗျာ…ကျုပ်ဒီတွင်းကိုဖြိုကြည့်ချင်တယ်…."

နောက်တနေ့မှာတော့ ချိုနဲ့ထျန်တို့ရောက်တာနဲ့ ဖန်ကသူ့တပည့်တွေကိုခေါ်ပြီးပေါက်တူးတွေ ၊ ရဲတင်းတွေနဲ့အလုပ်စကြပါလေရော ။ ထနောင်းမြစ်မကြီးတွေကိုနည်းနည်းခုတ်ချပြီး ဟောက်ပက်ကြီးဖြစ်နေတဲ့နေရာကနေစပြီးတူးကြည့်ကြပါသတဲ့ ။ အံ့သြစရာပဲ အထဲမှာမြွေလိမ်မြွေကောက်နဲ့ ရှုပ်ပွနေအောင်ပေါက်နေတဲ့အမြစ်ပွားအတက်အခက်တွေအောက်မှာ ဆယ်ပေပတ်လည်လောက်ကျယ်တဲ့လိုဏ်ခေါင်းကြီး ရှိနေတာကိုတွေ့လိုက်ကြရတယ် ။ လိုဏ်ခေါင်းကြီးတစ်ဖက်က နည်းနည်းမြင့်တဲ့ကုန်းလေးဘက်မှာတော့ ရာနဲ့ချီတဲ့လမ်းမတွေ ၊ သပ်



www.burmeseclassic.com

www.burmeseclassic.com

သပ်သပ်ရပ်ရပ်အကွက်အကန့်တွေ ၊ တိုးလျှိုပေါက်ဆက်နေတဲ့စင်္ကြံလမ်းတွေနဲ့ အင်မတန်ပီပြင်တဲ့မြို့တော်သေး သေးလေးတစ်ခုရှိနေသတဲ့ ။ ဟုတ်ပါတယ်..ရောမပုရွက်ဆိတ်အုံကြီးပါပဲ ။ ထောင်နဲ့ချီတဲ့ ပုရွက်ဆိတ်ဝါဝါတွေက ကတော့မြို့လေးထဲမှာလှုပ်လှုပ်ရွရွနဲ့သွားလာလို့ ။ မြို့အလယ်ခေါင်က လှေကားထစ်ပွဲကြည့်စင်လိုစင်မြင့်မြင့်တစ် ခုမှာတော့ ခေါင်းနီနီ၊အဖြူရောင်အတောင်ပံတွေနဲ့အတော်ကြီးတဲ့ပုရွက်ဆိတ်ကြီးနှစ်ကောင်ရှိနေသတဲ့ ။ ဘေးမှာ လည်း အတောင်မပါတဲ့ရောမပုရွက်ဆိတ်ကြီးတွေကဝိုင်းရံစောင့်ကြပ်လို့ရယ် ။ ဒါကိုမြင်တော့ ဖန့်မှာတအံ့တသြနဲ့ လက်ညှိုးထိုးညွှန်ပြရင်းအော်ဟစ်မှတ်ချက်ချမိသတဲ့ ။

"…….အလိုလေး…ကျုပ်အိပ်မက်ထဲကထနောင်းပြည်သာယာကဒီမှာကိုးဗျ…တွေ့လား..မြို့ရိုးတွေ..အဲ..ဒီမှာဒါက တော့လမ်းမတော်ပေါ့..ဒီမှာကတော့ကျုပ်ယောက္ခမရဲ့နန်းတော်ဗျ…ဟုတ်ပါ့…အဲဒါထနောင်းပြည့်ရှင်မင်းနဲ့မိဖုရား ကြီးပေါ့……ဆန်းလှချည်လားဗျာတို့….."

ဒီလိုနဲ့ဆက်တူးလိုက်ကြတာ အလယ်လိုဏ်ကြီးကနေပြီး တောင်ဘက်အကိုင်းတွေဘက်ကိုသွားတဲ့ဥမင် လမ်းတွေ့တာနဲ့ ဝိုင်းဖြိုကြည့်ကြတော့အဲဒီနားမှာ တော်တော်ကြီးတဲ့ပုရွက်ဆိတ်အုံတစ်အုံကို ထပ်တွေ့ကြရပြန်ပါ သတဲ့ ။ အံ့သြစရာဗိသုကာလက်ရာနဲ့ဒီရွှံ့အုံကြီးဟာလဲ လမ်းမတွေ ၊ အခန်းအကန့်တွေ ၊ စင်္ကြံလမ်းချိုးလမ်းကွေ့ တွေနဲ့ အင်မတန်မှသပ်သပ်ရပ်ရပ်ကို တည်ဆောက်ထားတဲ့ ပုရွက်ဆိတ်မြို့ကြီးတစ်မြို့ပါပဲ ။ ဒီအသိုက်ကပုရွက် ဆိတ်တွေကတော့ အလယ်အသိုက်ကြီးကအကောင်တွေထက် ပိုပြီးအရောင်ညိုသတဲ့ ။ ချက်ခြင်းဆိုသလိုပဲ ဖန် ဖန်ဟာတောင်ကိုင်းနယ်ကမျှော်စင်တံခါးနဲ့ သူတစ်နစ်ပတ်လုံးပျော်ရွှင်စွာနေခဲ့တဲ့မြို့ကလေးကိုပြန်မှတ်မိသွားတော့ တယ် ။ အသိုက်ကိုအတူးအဆွခံရလို့ လူးလာခတ်ပြေးလွှားနေကြရတဲ့ သူ့နယ်သူ့နယ်သားတွေကိုကြည့်ပြီး ဖန့်မှာ ဝမ်းနည်းထိခိုက်လို့ရယ် ။ ချစ်တဲ့သူ သမီးတော်သံယောဇဉ်ကြီးခဲ့တဲ့နယ်ကိုး ။

တောင်ဘက်အကိုင်းကြီးရဲ့အောက်ပိုင်းတွေမှာဆွေးမြေ့နေတော့ ရေစားထားတဲ့အရာမြောင်းလိုက်ပေါ် နေတဲ့အထဲရေပြည့်တဲ့ဟာကပြည့်နေသတဲ့ ။ တချို့ခြစ်ရာကြီးတွေကနေတော့ ရေတွေတစိမ့်စိမ့်စီးဖြာကျနေသေး တယ် ။ အကိုင်းကြီးရဲ့တဖက်မှာတော့ ရေညှိကွက်စိမ်းစိမ်းကြီးတွေဟိုတခုဒီတခုနဲ့ ။ အဲဒါတောင်ကိုင်းနယ်ရဲ့မြစ် ချောင်းအင်းအိုင်တွေနဲ့ ရေတံခွန်တွေရှိတဲ့နေရာပေါ့ ။ ဖန့်မှာဒီသစ်တောထဲကသူနဲ့သမီးတော်ရဲ့ဆွတ်ကြင်စရာအ မှတ်တရနေ့တွေကိုပြန်မြင်ယောင်မိပြီး မျက်ရည်ဝဲလို့ ။ ရေညှိကွက်တွေကြားမှာတော့ အခေါင်းပေါက်ကလေးတွေ စီလို့ရယ် ။ သူနဲ့ချိုတို့ထျန်တို့တိတ်တိတ်လေးလစ်ထွက်ပြီး တစ်ခွက်တစ်ဖလားခွက်လှည့်ခိုးချခဲ့ကြတဲ့လိုဏ်ဂူလေး



www.burmeseclassic.com

www.burmeseclassic.com

တွေလေ ။ ပြီးတော့ဒီနေရာမှာပါပဲ..ချစ်တဲ့သူကတိုးတိုးလေးဆိုခဲ့တာ...။

"...မောင်မောင်ရေ...ဒါနောက်ဆုံးဖြစ်ပါစေကွယ်...ထိပ်ထားကိုချစ်ရင်သေရည်ကိုတို့တောင်မတို့ပါနဲ့တော့နော်...."

ဖန်တို့တစ်တွေမှာသိချင်ဇောပိုကြီးလာပြီးတူးလိုက်ကြတာ အလယ်လှိုဏ်ခေါင်းဘက်ကိုသွားတဲ့ လမ်းကို တွေ့ပြန်သတဲ့ ။ သမီးတော်နဲ့သူနေပြည်တော်ကိုသွားတိုင်းသုံးရက်တိတိဖြတ်ရတဲ့လမ်းပေါ့ ။ လွမ်းစရာတွေချည်း ပါပဲ ။ တောင်ကိုင်းနယ်ရဲ့အရှေ့စူးစူး ဆယ်ပေအကွာလောက်မှာတော့ ချိုင့်ငယ်ငယ်လေးတစ်ခုရှိနေသေးတယ် ။ ချစ်တဲ့သူကိုသူကိုယ်တိုင် ပုခုံးနဲ့ထမ်းပို့ခဲ့တဲ့နေရာကို ရောက်တော့မယ်ထင်ပါရဲ့ ။ အဲဒီကျင်းတိမ်လေးရှိရာဘက်မှာ တော့ပုရွက်ဆိတ်အသိုက်တွေမရှိတော့ဘဲ ကျောက်စရစ်ခဲတွေသာပြန့်ကျဲလို့နေသတဲ့ ။ ဒါကိုမြင်တော့ဖန့်မှာသမီး တော်ရဲ့နောက်ဆုံးလဲလျောင်းရာကျောက်ဆောင်တွေထူထပ်လှတဲ့ လွင်တီးခေါင်မြေကိုပြန်အမှတ်ရမိတယ် ။ အခု တော့ပုရွက်ဆိတ်တချို့ပဲ ဦးတည်ရာမဲ့ရောက်တတ်ရာရာသွားလာလို့ပေါ့ ။ အဲဒီကျင်းအလယ်တည့်တည့်မှာတော့ သုံးလက်မလောက်မြင့်တဲ့တောင်ပို့လေးရှိနေပြီး တောင်ပို့ထိပ်မှာသူကိုယ်တိုင်ကြီးကြပ်ထုလုပ်စေခဲ့တဲ့ သမီးတော် အမှတ်တရလွမ်းသူ့ဂူဗိမာန်နဲ့ပုံစံအတော်တူတဲ့ စကျင်ကျောက်ဖြူအခြမ်းပဲ့ကလေးကစောင်းစောင်းကလေးတင်လို့ တဲ့လေ ။ ဒါတွေအားလုံးဟာအိပ်မက်သာဖြစ်မှန်းလဲ ဖန်ကောင်းကောင်းသိပါရဲ့ ။ ဒါပေမဲ့သူသမီးတော်ကိုချစ်ခဲ့တဲ့ သံယောဇဉ်ကြိုးဟာ ခုချိန်ထိဖန့်ရင်ထဲခိုင်ခိုင်ကြီးငြိတွယ်ဆဲမို့ ချစ်ရသူရဲ့ဂူသချိုင်းကိုပြန်မြင်လိုက်ရတဲ့အခါမှာအား လုံးအဟောင်းကနေအသစ်ပြန်ဖြစ်ရပါတော့တယ် ။ ပြီးတော့ဘဝသံသရာကြီးရဲ့ ခဏတာမတည်မြဲမှုတွေနဲ့ အရာ အားလုံးရဲ့နောက်ဆုံးတော့အချည်းနှီးသက်သက်သာဖြစ်ပုံကို သံဝေဂရပြီးရင်းရလို့ အကြာကြီးငြိမ်နေပြီးမှ ဖန်က သမီးတော်ရဲ့ဂူကိုဆွေးဆွေးမြည့်မြည့်ငေးရင်းနဲ့ သက်ပြင်းရှည်ကြီးချလို့ဆိုတယ် ။

"..........ကျုပ်ကိုယ်ကျုပ်အိပ်မက်မက်နေခဲ့တယ်လို့ပဲထင်နေခဲ့တာ..အခုမှပဲထနောင်းပြည်သာယာဟာအပြင်မှာ တကယ်ရှိနေတယ်ဆိုတာသိလိုက်ရတော့တယ်.....ခင်ဗျားတို့ကျုပ်တို့လိုပဲသူတို့လည်း..တကယ်ကိုသူ့ဘဝနဲ့သူ ရှင်သန်နေထိုင်နေကြတာပဲကိုး.....အင်းလေ..ဒါကတော့ဖြင့်အိပ်မက်..ဒါကမှဘဝအမှန်ရယ်လို့တရားသေပြောလို့ မရပါဘူး...တကယ်တော့ကျုပ်တို့လူသားတွေကကောဘာများထူးလို့လဲ....လူတိုင်းလူတိုင်းဟာဘဝဆိုတဲ့အိပ်မက် ရှည်ကြီးကိုမဆုံးတမ်းမက်နေကြရသူတွေပဲမဟုတ်လား......."



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက်ပိုင်းမှာတော့ ဖန်ဟာအပြောင်းလဲကြီးပြောင်းလဲသွားတော့တယ် ။ အိပ်မက်ထဲကဘဝမှာခဏတာ တွေ့ဆုံကြုံကွဲခဲ့ရတဲ့ချစ်သူကိုပဲလွမ်းဆွတ်နေပြီး အရာအားလုံးရဲ့ရေပွက်ပမာမတည်မြဲမှုကိုငြီးငွေ့သွားဟန်နဲ့ ပိုပြီးတိတ်ဆိတ်လာသတဲ့ ။ အဲဒီနောက်မှာတော့ အမြဲမှိုင်နေတတ်တဲ့ ဖန်တစ်ယောက်ဝတ်ကြောင်စွန့်လို့ပုတီးနဲ့ရိပ်ကြီးပဲခိုတော့မယ်ဆိုပြီး သာသနာ့ဘောင်တောင်ဝင်လိုက်သေးတယ် ။ ဒါပေမဲ့ လူတွေဝိုင်းချီးမွမ်းအံ့ဩလို့မှမဆုံးသေးဘူး..ဘယ်လောက်မှမကြာခင်လူပြန်ထွက်ချလာပြီး အရက်အလွန်အကျွံပြန်သောက်ရင်းနဲ့ သုံးနှစ်လောက်အကြာမှာ ဆုံးရှာပါတော့သတဲ့ ။

☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯ ☯





www.burmeseclassic.com



# CINDERALLA

The story is found in Yuyang Tsatsu, by Tuan Ch'engshih who died in 863. Tuan was a zealous recorder of strange tales. Folklorists have studied the migration of this universally loved fairy tale, and it is interesting that the earliest record in writing of this tale is found in Chinese. The Chinese version has both the Slavonic feature of animal friend and Germanic feature of the lost slipper. Tuan recorded that this story was told him by his servant who came from the aboriginal tribes of Yungchow in modern Kwangsi. The earliest record of European record of this story is by Des Perriers in his Nouvelles recreations et joyeux devis, published in 1558. Because of this historic interest of this piece, I have made here as exact a translation as possible.

**LIN YUTANG**



www.burmeseclassic.com

www.burmeseclassic.com

# ၁၆ ။ အပယ်ခံမိန်းကလေး

သက္ကရာဇ်(၂၀၆-၂၂၂)လောက် ချင်နဲ့ဟန်မင်းဆက်တွေတောင်မပေါ်ထွန်းသေးခင် တစ်ခါတုန်းကပေါ့ ။ တောင်ပေါ်ဂူနေလူမျိုးစုကြီးတစ်စုရဲ့ခေါင်းဆောင်ဝူဆိုတာရှိသတဲ့ ။ အဲဒီတုန်းကခေါင်းဆောင်တွေရဲ့ထုံးစံအတိုင်း ဝူမှာမယားနှစ်ယောက်ရှိတယ် ။ မယားအကြီးကတော့သမီးလေးကိုမွေးရင်းနဲ့မီးတွင်းမှာပဲဆုံးရှာသတဲ့ ။ အဲဒီမိတဆိုးသမီးလေးကို ယဲ့ရှန်လို့ခေါ်ကြတယ် ။ ယဲ့ရှန်ဟာလူရိုင်းသာသာရှိတဲ့ သူတို့ရဲ့လူမျိုးစုထဲမှာတော့ အတော်ကို ဉာဏ်ပညာကြီးမားသလို ရုပ်ရည်လည်းမွန်ရည်ပြေပြစ်ပါသတဲ့ ။ လျှော်ပင်တွေကိုထုရိုက် ၊ သားကောင်အရေခွာစတဲ့လက်မှုတွေပဲ သိနားလည်ကြတဲ့သူ့လူမျိုးစုနဲ့ တမျိုးတဘာသာကွဲပြီး ဆန်းကြယ်လှပတဲ့ရွှေထည်တွေကိုလက်ရာမြောက်မြောက်လုပ်တတ်လို့ သူ့ဖခင်ခေါင်းဆောင်ဝူရဲ့မျက်နှာသာပေးချစ်ခင်တာကိုခံရတဲ့အပြင် သူတို့လူမျိုးစုထဲမှာ အရည်အချင်းရှိတဲ့မိန်းကလေးအဖြစ် အသိအမှတ်ပြုကြရတယ် ။ ကံများဆိုးချင်တော့ သူ့ဖခင်ကြီးကကွယ်လွန်သွားရှာပြီး ယဲ့ရှန်ခမျာမိထွေးလို့ခေါ်ရမဲ့ဝူရဲ့မယားငယ်နဲ့ကျန်ခဲ့ပါလေရော ။ အဲဒီအချိန်ကနေစပြီး ယဲ့ရှန်မှာ ရွှေထည်တွေကိုလုပ်ဖို့မပြောနဲ့ အနားတောင်မသီရတော့ဘူး ။ တောင်စောင်းမှာပေါက်နေတဲ့သစ်ခြောက်ပင်တွေကိုချိုင်ပြီး ထင်းခွေရတာတို့ ၊ အင်မတန်ဝေးတဲ့ချောက်တွေ ၊ အလွန်နက်တဲ့ရေထွက်တွေနား ခက်ခက်ခဲခဲတွယ်ကပ်ပြီးရေခပ်ရတာတို့ စတဲ့အလွန်ပင်ပန်းပြီးအန္တရယ်များတဲ့အလုပ်ကြမ်းတွေကိုပဲ တရစပ်လုပ်ရတော့သတဲ့ ။

တနေ့တော့ယဲ့ရှန်ထုံးစံအတိုင်းရေသွားငင်ရင်းနဲ့ ဆူးတောင်နီနီ၊ မျက်လုံးရွှေရောင်နဲ့ငါးလေးတစ်ကောင် ဖမ်းမိလာပါရော ။ ငါးလေးကနှစ်လက်မတောင်မပြည့်တဲ့ ပေါက်စလေးပါ ။ ယဲ့ရှန်လည်းဝမ်းသာအားရဂူအိမ်ဘက်ကိုပြန်ယူလာပြီး ရေဇလုံလေးထည့်မွေးထားသတဲ့ ။ ဒါနဲ့အစာမှန်မှန်ကျွေး ၊ သူအထီးကျန်တိုင်းငါးလေးဆီကိုသွားကြည့်ရင်း ရွှေငါးကလေးကကြီးလာလိုက်တာ နောက်ဆုံးတော့ရေဇလုံနဲ့မဆံ့တော့လို့ အိမ်နောက်ကရေကန်လေးသွားထည့်လိုက်ရသတဲ့ ။ ယဲ့ရှန်ကနေ့စဉ်နေ့တိုင်းသူ့ဝေစုမဝရေစာနည်းနည်းလေးထဲကအမြဲခွဲပြီးသူ့ရွှေငါးကိုသွားကျွေးလေ့ရှိတော့ ငါးကြီးကအင်မတန်ယဉ်ပါးနေပြီ ။ ယဲ့ရှန်ရေကန်နားဆင်းလာတိုင်း ငါးကြီးကကန်စပ်အထိလာပြီးယဲ့ရှန်တွတ်တီးတွတ်တာပြောသမျှကိုနားထောင်လေ့ရှိတယ် ။ တခြားလူရိပ်မြင်ရင်တော့ ရေနက်ပိုင်းကိုဖြုတ်ကနဲပြန်ဆင်းသွားတတ်သတဲ့ ။ ဒါကိုယဲ့ရှန်ရဲ့မိထွေးကတစ်ရက်မှာရိပ်ကနဲမြင်လိုက်တော့ ကန်စပ်နားကိုခဏခဏဆင်းကြည့်တယ် ။ ငါးကြီးကပေါ်မလာတော့အစာနဲ့မျှားပြန်သတဲ့ ။ ဒါလည်းအလုပ်မဖြစ်ပြန်ဘူး ။ ဒါနဲ့တစ်ရက်ကျတော့မိထွေးကယဲ့ရှန်ကိုခေါ်ပြောရော ။

www.burmeseclassic.com

"….ဟဲ့…ညည်းလည်းအလုပ်ပင်ပန်းတာများပြီ….ရော့…ရော့..ညည်းအတွက်ငါအနွေးထည်အသစ်ချုပ်ထားပေးတယ်..ညည်းကိုယ်ပေါ် ကစုတ်ပြတ်နေတဲ့..အကျီပောင်းနဲ့အစုလဲဝတ်စမ်း….တကတည်းတော်..သူများမြင်ရင်ငါ့ကိုတော့မကောင်းထင်ကြတော့မှာပဲ…..အဲ..အကျီပောင်းကငါ့ကိုပေး….လှွင့်ပစ်မှဖြစ်တော့မယ်……"

ယဲ့ရှန်ခမြာ အနွေးထည်အသစ်ဆိုတာအခုမှပဲရဖူးတော့ သူ့အကျီပောင်းကလေးကိုဝမ်းသာအားရချွတ်ပြီးလဲဝတ်တာပေါ့လေ ။ ပြီးတာနဲ့မိထွေးကယဲ့ရှန်ကို မိုင်ပေါင်းများစွာဝေးတဲ့စမ်းပေါက်တစ်နေရာကို ရေသွားခပ်ခိုင်းသတဲ့ ။ ယဲ့ရှန်ထွက်သွားတာနဲ့မိထွေးလည်း ကလေးမရဲ့အကျီပောင်းကိုကောက်စွတ်ပြီး ဂူနောက်ကရေကန်ဆီကိုသွားရော ။ ကျောနောက်ဘက်မှာဓါးဖွက်ယူလာတဲ့ မိထွေးဟာယဲ့ရှန်ရဲ့ကိုယ်နံ့ပါတဲ့အဝတ်ကိုဝတ်ထားတော့ ငါးကြီးကယဲ့ရှန်ပဲထင်ပြီးရေပေါ်တက်လာရှာတယ် ။ ဒါနဲ့ရေအိုင်စပ်နားအထိလာတဲ့ငါးကြီးကို မိထွေးကဝမ်းသာအားရနဲ့ဖမ်းသတ်ပစ်လိုက်သတဲ့ ။ အဲဒီအချိန်မှာတော့ ငါးကြီးကကြီးလွန်းလို့ဆယ်ပေနီးနီးရှိနေပြီ ။ တစ်ဂူလုံးဝမ်းသာအားရနဲ့စားပွဲသောက်ပွဲကြီးကျင်းပကြတာပေါ့လေ ။ ငါးကြီးကိုချက်စားကြည့်ကြတော့ တခြားငါးတွေနဲ့မတူပဲ အင်မတန်မှကိုအရသာထူးကဲလှပါသတဲ့ ။ ဒါနဲ့ယဲ့ရှန်ရဲ့ရွှေငါးကြီးကို ဂူနေလူမျိုးစုတစ်စုလုံးက အဝအတင်းစားပစ်လိုက်ကြပြီး ငါးရိုးတွေကိုတော့နွားချေးပုံအောက် ပစ်စလက်ခတ်ပဲထိုးထားလိုက်ကြရော ။

ရေသွားခပ်တဲ့ယဲ့ရှန်ကတော့ စမ်းပေါက်ကဝေးလွန်းလို့နောက်နေ့မှပဲအိမ်ပြန်ရောက်လာတော့တယ် ။ ဒါနဲ့သူလုပ်နေကြအတိုင်းကန်နားသွားပြီးငါးကြီးကိုခေါ်ရှာသတဲ့ ။ သူဘယ်လောက်စောင့်စောင့် ငါးကြီးကပေါ်မလာတော့တဲ့အခါ တခုခုမှားနေပြီဆိုတာသိလိုက်တဲ့ယဲ့ရှန်ခမြာချုံးပွဲချငိုတော့တာပဲ ။ ဒီတင်အဝတ်အစားစုတ်စုတ်ပြတ်ပြတ် ၊ ဆံပင်ထိုးထိုးထောင်ထောင်နဲ့ လူတစ်ယောက်ကမိုးပေါ် ကနေဆင်းချလာပြီး ယဲ့ရှန်ကိုပြောသတဲ့ ။

"…….ဟဲ့…ဟဲ့…ငိုမနေနဲ့တော့ကွဲ့….ညည်းရေသွားခပ်နေတုန်း..ညည်းမိထွေးနဲ့သူ့လူတွေ..ညည်းရဲ့ငါးကြီးကိုဖမ်းချက်စားပစ်လိုက်လို့ကုန်ပါရောလား …ငါးရိုးတွေကိုတော့နွားချေးပုံအောက်မှာထိုးထားကြတယ်…အဲဒီတော့အခုအိမ်ပြန်ပြီးညည်းငါးကြီးရဲ့အရိုးတွေကို..နွားချေးပုံအောက်ထဲကဖော်ယူကွဲ့….ပြီးတော့ရေစင်စင်ဆေးပြီးညည်းရဲ့အခန်းထဲမှာဖွက်ထားချေ….လိုချင်တာရှိတိုင်းငါးရိုးတွေကိုပွတ်ပြီးဆုတောင်းပါကွယ်…ညည်းဆုတောင်းတွေပြည့်လာပါလိမ့်မယ်….."

အဲဒီနောက်ပိုင်းမှာတော့ ယဲ့ရှန်ဟာအဝတ်အထည်လှလှတွေ ၊ တိုတိုထွာထွာရတနာပစ္စည်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

စတဲ့မိန်းကလေးတွေကြိုက်တတ်တဲ့အသုံးအဆောင်တွေကို လိုတရငါးရိုးဆီကနေတောင်းယူပြီးသုံးစွဲရှာပါသတဲ့ ။ ဒီလိုနဲ့တောင်ပေါ်ဂူနေလူမျိုးစုရဲ့ ပွဲတော်နေ့ရောက်လာရော ။ ပွဲတော်ကအကြီးအကျယ်ပဲဆိုတော့ လူတိုင်းကအ ပီနွှဲမယ်ဆိုပြီးအားတခဲခဲပေါ့လေ ။ ယဲ့ရှန်လည်းမိန်းမပျိုလေးပီပီသွားချင်ရှာတယ် ။ ဒါပေမဲ့မိထွေးကသူ့ကို အဲဒီည မှာသစ်သီးခြံကိုသွားစောင့်အိပ်ခိုင်းပါလေရော ။ ယဲ့ရှန်လည်းစိတ်ပျက်သွားရှာတာပေါ့ ။ ဒါနဲ့တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှပွဲလမ်းတွေမရောက်ဖူးတော့ သွားချင်လွန်းလို့သူ့ရဲ့လိုတရငါးရိုးဆီကနေပြီး အစိမ်းရောင်ပိုးဝတ်စုံနဲ့ဖိနပ်လှ လှတစ်ရံတောင်းပြီး မိထွေးနဲ့တခြားသူတွေထွက်သွားပြီး ထမင်းတစ်အိုးချက်လောက်ကြာတော့ တိတ်တိတ်လေး ပွဲဘက်ထွက်လာသတဲ့ ။ ပွဲတော်ကြီးကမီးရောင်ထိန်ထိန်ပြောင်ပြောင် ၊ အဝတ်အစားလှလှပပဝတ်ထားတဲ့လူတွေ အပြည့်နဲ့ ထူးထူးဆန်းဆန်းဆိုင်တန်းတွေ၊ ကြည့်စရာရှုစရာတွေနဲ့ပျော်စရာပါပဲ ။ ဒါပေမဲ့ဖြစ်ချင်တော့ တနေရာမှာ မိထွေးနဲ့သူ့သမီးကယဲ့ရှန်ကိုမြင်မိကြရော ။ အိမ်မှာလိုစုတ်တိစုတ်ပြတ်နဲ့မဟုတ်ပဲ ပိုးဝတ်စုံအစိမ်းလေးနဲ့ အလှကြီး လှနေတဲ့ယဲ့ရှန်ကိုသူတို့ရုတ်တရက်မမှတ်မိကြဘူး ။ ဒါပေမဲ့ မိထွေးရဲ့သမီးကသူ့အမေအင်္ကျီစကိုဆွဲလို့ပြသတဲ့ ။

"......အမေ...အမေ....ဟိုပိုးဝတ်စုံအစိမ်းနဲ့အစ်မကြီးက..အိမ်ကယဲ့ရှန်နဲ့မတူဘူးလား......"

မိထွေးလည်းသေချာကြည့်ရင်းနဲ့ ယဲ့ရှန်ကိုမှတ်မိသွားပါလေရော ။ ယဲ့ရှန်ကတော့မိထွေးနဲ့သူ့သမီးတို့ သူ့ကိုကွက် ကြည့်ကွက်ကြည့်လုပ်နေတာလည်းမြင်ရော လူကြားထဲတိုးလို့ကိုယ်ယောင်ဖျောက်ပြီးပြေးတော့တာပဲ ။ လူတွေ အင်မတန်တိုးကြိတ်နေတဲ့ကွင်းထဲကနေ တိုးတိုက်ပြီးပြေးရတော့သူ့ရဲ့ဖိနပ်လေးတစ်ဖက်ကျွတ်ကျန်ခဲ့တာတောင် ပြန်မကောက်နိုင်တော့ဘူး ။ မိထွေးတို့အိမ်ပြန်မရောက်ခင် အရင်ဦးအောင်ရောက်နင့်ဖို့ပြေးရတော့တယ် ။ လူတို့ လက်နဲ့လုပ်ထားတာနဲ့မတူပဲ အင်မတန်မှုနနယ်လှပတဲ့ဖိနပ်ကလေးကိုတော့ ဂူနေလူမျိုးစုတွေထဲကတစ်ယောက် ကကောက်ရသွားသတဲ့ ။ မိထွေးနဲ့သူ့သမီးလည်း ယဲ့ရှန်ကိုအမိဖမ်းမယ်ဆိုပြီး ဒေါကြီးမောကြီးနဲ့အိမ်ပြန်ကြတော့ ယဲ့ရှန်ကအသီးခြံထဲကအပင်တစ်ပင်ကိုမှီပြီးအိပ်မောကျနေတာကိုတွေ့ကြရပါရော ။ ဒါနဲ့မိထွေးလည်းဟိုလှလှပပ ဝတ်ထားတဲ့မိန်းကလေးက ယဲ့ရှန်မဖြစ်နိုင်လောက်ပါဘူးလေ ဆိုပြီးပဲထားလိုက်ရတော့သတဲ့ ။

ယဲ့ရှန်အပြင်ခိုးထွက်တဲ့ကိစ္စကတော့ဒီလိုနဲ့ပဲပြီးသွားခဲ့ပေမဲ့ ကျွတ်ကျကျန်ခဲ့တဲ့ဖိနပ်ကလေးကိစ္စကတော့ ဒီလောက်နဲ့တင်မပြီးဘူး ။ ဒီလိုလေ..ယဲ့ရှန်တို့တောင်ပေါ်ဂူနေလူမျိုးစုတွေရှိတဲ့နားမှာ တောင်ဟွမ်လို့ခေါ်တဲ့ကျွန်း နိုင်ငံကြီးတစ်ခုရှိသတဲ့ ။ တောင်ဟွမ်ရဲ့စစ်တပ်ကအင်မတန်မှအင်အားကြီးမားတော့ လက်အောက်ခံနိုင်ငံတွေဆို တာအများကြီးပဲ ။ ကျွန်းပေါင်းကိုကနစ်ဆယ့်လေးကျွန်းတိတိရှိပြီး ရေပိုင်နက်ကလည်း မိုင်ပေါင်းထောင်နဲ့ချီပြီးရှိပါ



www.burmeseclassic.com

သတဲ့ ။ အဲ..ဒါနဲ့ခုနကဖိနပ်ဖတ်လမ်းကိုဆက်ရရင် ယဲ့ရှန်ရဲ့ဖိနပ်ကလေးတစ်ဖက်ကိုကောက်ရတဲ့ ဂူသားကကျွန်းသားတွေဆီရောင်းလိုက်ရော ။ အဲဒီကျွန်းသားတွေကနေတဆင့် လက်လွှဲသွားလိုက်တာ နောက်ဆုံးတောင်ဟွမ်ဘုရင်လက်ထဲအထိရောက်သွားသတဲ့ ။ ဖိနပ်ကလေးကအလွန်လှတဲ့အပြင် အင်မတန်မှသေးသွယ်နယ်တဲ့ခြေအတွက်ပြုလုပ်ထားဟန်နဲ့ အလွန်သေးပြီးအချိုးတကျရှိလှလို့ မြင်သူတကာကအံ့သြကြရတယ် ။ ဒါနဲ့တောင်ဟွမ်ဘုရင်လည်း သူ့နန်းတော်ကနန်းတွင်းသူတစ်ယောက်မကျန် ဒီဖိနပ်စွတ်ကြည့်ခိုင်းတဲ့အခါ အံ့သြစရာခြေထောက်အသေးဆုံးသူ့ရဲ့ခြေလှလှပေါ်မှာတောင် ဖိနပ်ကလေးကအမြဲတစ်လက်မလောက်ငယ်နေပါသေးသတဲ့ ။ ဒါနဲ့ဖိနပ်ပိုင်ရှင်ဟာဘယ်လိုမိန်းကလေးမျိုးပါလိမ့်လို့ အံ့သြမိတဲ့ဘုရင်ဟာနေပြည်တော်တစ်ခုလုံးက ရှိသမျှအရွယ်ကောင်းမိန်းကလေးတွေထဲမှာ ဒီဖိနပ်နဲ့တော်တဲ့လူကိုလိုက်ရှာစေပြန်ပေမဲ့လည်း အချည်းနှီးပါပဲ ။

ဒါနဲ့ဒီဖိနပ်ကိုကောက်ရပြီး ကျွန်းသားတွေဆီရောင်းလိုက်တဲ့ တောင်ပေါ်ဂူသားကိုဖမ်းပြီးဘယ်လိုနေရာမျိုးကနေရသလဲဆိုတာကိုစစ်ကြပြန်ရော ။ ဟိုခမြာလည်းပွဲတော်လူရှုပ်ရှုပ်ထဲကကောက်ရတယ်ဆိုတာကလွဲပြီးပိုမပြောနိုင်ဘူး ။ နောက်ဆုံးမှာ အင်မတန်မှသိချင်နေတဲ့ တောင်ဟွမ်ဘုရင်ရဲ့အမိန့်အရ ဖိနပ်ကလေးကိုတိုင်းပြည်တစ်ဝှမ်းလုံးမှာရှိတဲ့ အိမ်တကာယူသွားပြီး ဆက်သားတွေကတစ်အိမ်ဝင်တစ်အိမ်ထွက်လို့ မိန်းကလေးမှန်သမျှကိုဒီဖိနပ်လိုက်စီးခိုင်းတော့တယ် ။ ဒီလိုနဲ့နောက်ဆုံးမှာ ယဲ့ရှန်တို့အိမ်ကိုရောက်လာသတဲ့ ။ ဖိနပ်ကိုစမ်းစီးကြည့်ဖို့ဆိုအဲဒီအိမ်ကမိန်းကလေးတွေကိုခေါ်ထုတ်ကြတော့ ယဲ့ရှန်ကသူ့ပွဲတော်ညတုန်းကဝတ်ခဲ့တဲ့ ပိုးဝတ်စုံအစိမ်းလေးကိုဆင်ပြီး သူ့မှာကျန်ခဲ့တဲ့ဖိနပ်ကလေးတစ်ဖက်ကိုစီးပြီးထွက်လာပါသတဲ့ ။ ဆက်သားတွေလည်း လူမကနတ်တမျှလှပနေတဲ့ယဲ့ရှန်ကိုတလှည့် ၊ သူ့ခြေပေါ်ကတဖက်တည်းသောဖိနပ်ကလေးကိုတလှည့်ကြည့်ရင်းသူတို့ယူလာတဲ့ဖိနပ်ကလေးကို ယဲ့ရှန်ရဲ့ခြေဗလာဘက်မှာအသာစွတ်ပေးလိုက်ပြီး ဖိနပ်ပိုင်ရှင်ကိုတွေ့ပြီဖြစ်ကြောင်း နန်းတော်ကိုခြေမြန်တော်တွေလွှတ်လို့အကြောင်းကြားလိုက်ကြပါသတဲ့ ။ မကြာပါဘူး..တောင်ဟွမ်ဘုရင်ကိုယ်တိုင်လိုက်လာပြီးယဲ့ရှန်ကိုနေပြည်တော်ကိုတပါတည်းခေါ်သွားတော့တာပဲ ။ ယဲ့ရှန်လည်း သူ့ငါးရိုးတွေကိုမမေ့မလျော့ယူဆောင်ပြီးအတူလိုက်သွားပါတော့သတဲ့ ။

ယဲ့ရှန်လည်းတောင်ပေါ်ဂူအိမ်ကိုစွန့်ပြီး နေပြည်တော်လိုက်သွားရော သူ့မိထွေးသားအမိဟာယဲ့ရှန်လုပ်နေကျအလုပ်တွေကို ကိုယ်တိုင်ဝင်လုပ်ကြရရင်းနဲ့ တစ်ရက်မှာတောင်ပေါ်ကပြုတ်ကျပြီး လွင့်စင်ပျံထွက်လာတဲ့ကျောက်တုံးတွေထိမိလို့သေကြရပါသတဲ့ ။ တောင်ပေါ်ဂူနေလူမျိုးစုတွေလည်း အဖြစ်ဆိုးနဲ့ကြုံရတဲ့သားအမိကိုအတူမြေမြှုပ်ပေးလိုက်ကြရင်း "ဝမ်းနည်းစရာသေဆုံးရရှာသောမိန်းမသားများရဲ့ဂူ" ဆိုပြီးတော့ သူတို့ရဲ့မြေပုံသချိုင်း



www.burmeseclassic.com

www.burmeseclassic.com

မှတ်တိုင်မှာရေးထိုးပေးလိုက်ကြသေးတယ် ။ နောက်တော့ဘယ်လိုကနေဘယ်လိုဖြစ်တယ်တော့မသိဘူး ။ အသေဆိုးနဲ့သေကြရတဲ့ဒီသားအမိနစ်ယောက်ဟာ လက်ထပ်ထိမ်းမြားတဲ့အရေးကိစ္စမှာ ဆန္ဒပြည့်ဝအောင်ကူညီပေးနိုင်တဲ့နတ်စိမ်းတွေဖြစ်သွားတယ်ဆိုပြီး တောင်ပေါ်ဂူနေလူမျိုးစုတွေကိုးကွယ်တဲ့နတ်ဖြစ်လာကြတယ်ဆိုပဲ ။ ဖူးစာရေးနတ်သဘောမျိုးပေါ့လေ ။ ကြံကြံဖန်ဖန်ဖြစ်ပုံများပြောပါတယ် ။

အဲ..ယဲ့ရှန်ကတော့ တောင်ဟွမ်ဘုရင့်မဟေသီဖြစ်လာသတဲ့ ။ ပုံပြင်ကိုဒီမှာတင်လုလုပပအဆုံးသတ်နိုင်ဖို့ကောင်းပေမဲ့ ဒီလောက်နဲ့မပြီးသေးဘူး ။ ယဲ့ရှန်ကိုဘုရင်ကမိဘုရားခေါင်ကြီးအနေနဲ့ စကောက်တဲ့ပထမနှစ်မှာပဲ တောင်ဟွမ်ဘုရင်က ယဲ့ရှန်ရဲ့လျှို့ဝှက်ချက်ကိုသိသွားပြီး လိုတရငါးရိုးဆီကနေ ကျောက်စိမ်းတွေ ၊ ရတနာရွှေငွေတွေကိုတရားလွန်တောင်းပစ်လိုက်တာ ငါးရိုးတွေကနေပြီးအစွမ်းသတ္တိပျက်ပြယ်သွားတဲ့အထိပါပဲတဲ့ ။ ဒါနဲ့နောက်နောင်ကျရင်ပြန်သုံးလို့ရနိုင်ကောင်းပါရဲ့ဆိုပြီးတောင်ဟွမ်ဘုရင်ဟာ လိုတရငါးရိုးတွေကိုပင်လယ်ကမ်းစပ်နားလျှို့ဝှက်နေရာတစ်ခုမှာ တခြားရတနာတွေ ၊ ပုလဲတင်းပေါင်းမြောက်များစွာတွေ ၊ ရွှေတွေနဲ့သွားမြှုပ်ပစ်လိုက်တော့သတဲ့ ။ ဒါနဲ့တခါမှာတော့ တောင်ဟွမ်ပြည်မှာ သူပုန်ထလို့စစ်ဖြစ်တော့ငွေလိုလာတဲ့ဘုရင်ဟာ ငါးရိုးတွေနဲ့သူ့ရတနာသိုက်ကိုပြန်သွားရှာတဲ့အခါမှာ ဘာဆိုဘာမကျန်အောင်ကို ဒီရေကတိုက်စားပစ်ခဲ့ပြီလို့ဆိုတယ် ။ ဒါမှမဟုတ် လိုတရငါးရိုးကိုလောဘတကြီးသုံးမိတဲ့အကျိုးဆက်လည်းဖြစ်နိုင်တာပါပဲ ။

ဒီပုံပြင်ကိုတော့သူ့ကိုယ်သူ ယွင်ချောင်တောင်ပေါ်ဂူနေလူမျိုးစုရဲ့ နောက်ဆုံးမျိုးဆက်ကနေလာတယ်ဆိုတဲ့ကျုပ်ရဲ့အစေခံအိုကြီးလီရှီယွမ်ကပြောပြခဲ့တာပါ ။ သူက တောင်ပိုင်းသားပီပီ ပုံပြင်ထူးထူးဆန်းဆန်းတွေတော့တော်တော်သိတဲ့လူဗျ ။ အခုယဲ့ရှန်ရဲ့အကြောင်းကလည်း ဟုတ်တာမဟုတ်တာအပထား နားထောင်ရတာအပျင်းတော့ပြေတယ်မဟုတ်လား...မိတ်ဆွေတို့ ။

✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿





www.burmeseclassic.com

www.burmeseclassic.com



# THE CRICKET BOY

From Liaotsai , by P'u Sungling ( See note for JOJO, No. 10 )

**Lin Yutang**



www.burmeseclassic.com

www.burmeseclassic.com

# ၁၇ ။ ပုရစ်ကလေး

ကီတီဆယ့်တစ်နှစ်သားလောက်ကပေါ့ ။ တနေ့မှာသူ့အဖေနဲ့အတူတနေကုန်တနေခန်းပုရစ်ရှာပုံတော်ထွက်ကြပြီးတစ်ကောင်တမြီးမှမရပဲ မောမောပန်းပန်းနဲ့ပြန်လာခဲ့ရပေမဲ့ အင်မတန်မှစိတ်ချမ်းသာပျော်ရွှင်နေခဲ့ပါသတဲ့ ။ ဘာဖြစ်လို့လဲဆိုတော့ အမြဲတမ်းမျက်နှာတင်းထားတတ်တဲ့ သူ့အဖေကိုတနေကုန်သူ့ကစားဖော်အဖြစ်နဲ့ပုရစ်အတူလိုက်ရှာခွင့်ရလိုက်လို့ပါပဲ ။ ကီတီဟာ အလွန်ထိခိုက်ခံစားလွယ်ပြီး တော်တော်စိတ်ပျော့တဲ့ကလေးလို့ဆိုရမလားပဲ ။ ပျော်စရာရှိရင်လည်း စိတ်လွတ်လက်လွတ် ၊ ကြောက်စရာရှိရင်လည်း ထိန်းမနိုင်သိမ်းမရကိုး ။ ကီတီငါးနှစ်သားလောက်က သူဂျီကျနေလို့ သူ့အဖေကနည်းနည်းမှတ်သွားအောင်ဆော်မှပဲဆိုပြီး တုတ်ပေါက်စလေးကောက်ကိုင်ခါရှိသေး ၊ ကီတီဟာတခါတည်းအကြောက်လွန်ပြီး သွေးဆုတ်ဖြူဖွေးသွားလို့ သူ့အဖေကြီးကတောင်တပြန်လန့်ပြီးတုတ်ပစ်ချလိုက်ရဖူးတဲ့ သာဓကတောင်ရှိသေးတယ် ။ အဲဒီအချိန်ကစပြီးကီတီကိုလက်ဖျားနဲ့တောင်မတို့ကြတော့ဘူး ။ ဘာပဲဖြစ်ဖြစ်ကီတီကတော့ နှုတ်နည်းပြီးမျက်နှာထားတည်လှတဲ့သူ့အဖေကို တော်တော်ကြောက်ရှာတာ အခုချိန်အထိပဲ ။

ကီတီကတခြားကလေးတွေနဲ့စာလိုက်ရင် နည်းနည်းလည်းညှက်ချင်တယ် ။ ဆယ့်တစ်နှစ်သားသာဆိုပေမဲ့ သူများကလေးတွေကိုးနှစ် ၊ ဆယ်နှစ်အရွယ်လောက်ပဲရှိသတဲ့ ။ တစ်နှစ်နှစ်နှစ်အတွင်း တဟုန်ထိုးထွားလာမယ်ထင်ပြီးသူ့အမေကခပ်ကြီးကြီးမှန်းချုပ်ထားပေးတဲ့အနွေးထည်ဆိုရင် အခုချိန်အထိဖားဖားလျားလျားရှိနေတုန်းပဲ ။ ကီတီရဲ့မျက်လုံးဝိုင်းဝိုင်းကြီးတွေ ၊ ပါးဖောင်းဖောင်းနဲ့ ပိန်သေးတဲ့သူ့ကိုယ်ထက် ပိုကြီးနေသလိုထင်ရတဲ့ခေါင်းကြောင့်လည်း ကလေးပုံပိုပေါက်နေသတဲ့ ။ ပြီးတော့ကီတီကိုကြည့်လိုက်ရင် အမြဲခုန်ပေါက်ပြီးပြေးလွှားနေတာပဲ ။ ဘယ်တော့မှငြိမ်ငြိမ်ထိုင်နေတယ်၊ လမ်းလျှောက်နေတယ်လို့ကိုမတွေ့ရဘူး ။ ကီတီရဲ့အစ်ကိုဆိုရင်ဒီအရွယ်မှာသူ့အမေအားကိုးရလှပေါ့ ။ ကီတီကတော့ကလေးလိုပဲ အမေ့မေ့အလျော့လျော့ရယ် ။ အခုတော့ကီတီ့အစ်ကိုလည်းဆုံးရှာပြီး အစ်မကလည်းတခြားနယ်မှာအိမ်ထောင်ခွဲနေပြန်တော့ အိမ်မှာကီတီတို့တတွေပဲကျန်ခဲ့သတဲ့ ။ ဆိုတော့ကျန်ရစ်သားကလေးကီတီကို သူ့အမေကလိုသည်ထက်နည်းနည်းလေးပိုပြီးအလိုလိုက်ထားမိလို့ အခုအချိန်ထိကလေးလုပ်နေတာလည်းဖြစ်နိုင်တာပဲ ။ ကီတီ့အမေဟာသားဆုံးခဲ့တဲ့မိခင်ပီပီ အမြဲဝမ်းနည်းနေတတ်ပေမဲ့ကြံ့ခိုင်တဲ့မိန်းမတစ်ဦးပါပဲ ။ အမြဲတမ်းမှုန်မှိုင်းနေတတ်တဲ့သူ့မျက်လုံးတွေကတော့ တစ်ခါတစ်လေကီတီနောက်တီးနောက်တောက်လုပ်နေတာကိုမြင်တဲ့အခါကျမှပဲ နည်းနည်းအသက်ဝင်တောက်ပလာပြီး ပြုံးဖော်ရတော့တယ် ။



www.burmeseclassic.com

www.burmeseclassic.com

အခုချိန်ထိကလေးကြီးလိုဖြစ်နေသေးတဲ့ကီတီဟာ တခြားကောင်ကလေးတွေလိုပဲ ပုရစ်ဆိုရင်အသေအလဲကိုချစ်တာပါပဲ ။ ကလေးတို့မှာသာရှိတတ်တဲ့စိတ်ကူးနဲ့ကွန့်မြူးတဲ့တေးကဗျာဝိညာဉ်ကြောင့်သာ တွေ့မြင်သတိထားနိုင်မဲ့ပုရစ်လိုမြေအောင်းတွင်းသတ္တဝါရဲ့လှပပုံ၊ ခွန်အားကြီးပုံ ၊ ခံ့ငြားပုံတွေကို ကီတီဟာအသေးစိတ်နားလည်ပြီးအင်မတန်သဘောကျပါသတဲ့ ။ ပုရစ်ရဲ့သန်မာတဲ့အောက်မေးရိုးတွေကိုပဲ ကြည့်ဦးမလား ၊ အခွံမာအုပ်ထားတဲ့အတောင်ပံပါးညိုရွှေရွှေတွေကိုပဲဖြန့်ကြည့်မလား ၊ အို..နောက်ဆုံးအကောင်းစားယွန်းထည်လို ပြောင်လက်ညိုလဲ့လို့အဆင်အကွက်ထနေတဲ့ အခွံမာကိုယ်ခန္ဓာတွေ ၊ ခြေထောက်တွေကိုကြည့်ဦးမလား ၊ ပုရစ်လောက်တင့်တယ်တဲ့သတ္တဝါဘယ်ရှိတော့မလဲ ။ တစ်ခါတလေတော့ ကီတီကစိတ်ကူးယဉ်ကြည့်ပါသတဲ့ ။ ခွေးလို ၊ ဝက်လိုအရွယ်အစားနဲ့အကောင်တွေမှာ ပုရစ်လိုလှလှပပချပ်ဝတ်တန်ဆာများရှိခဲ့ရင်ဆိုပြီးပေါ့ ။ ဟင့်အင်း..ပုရစ်လောက်တော့ဘယ်လိုကောင်ကမှအချိုးတကျနဲ့ လှပပြည့်စုံမှာမဟုတ်ပါဘူး ။

ရွာမှာနေတဲ့ ကလေးပီပီ ကီတီဟာ ငယ်ငယ်ကတည်းကပုရစ်ချစ်တတ်တဲ့အပြင် ၊ တိုက်ပုရစ်ကောင်းတို့ရဲ့သဘောသဘာဝအတော်များများကိုလည်းနားလည်တယ် ။ ဥပမာ-မြည်သံနားထောင်ပြီး ဘယ်လောက်ကြီးမားတဲ့ပုရစ်ဖြစ်မလဲဆိုတာတွေ ၊ ခြေတံလက်တံတွေကိုကြည့်ပြီး တိုက်ပုရစ်ကောင်းဖြစ်မဖြစ်ဆိုတာတွေ ၊ ကိုယ်ဟန်အနေအထားနဲ့ခေါင်းအရွယ်အစားကိုကြည့်ပြီး ဒီကောင်ပွဲတိုင်းကျော်ဖြစ်မလား ၊ အီးဘောသောကြီးပဲလားဆိုတာမျိုးတွေပေါ့ ။ ကီတီ့အိပ်ခန်းရဲ့မြောက်ဘက်ပြတင်းပေါက်က နောက်ဖေးဥယျာဉ်ဘက်ကိုလှည့်ဖောက်ထားတာဆိုတော့ ညလူခြေတိတ်ချိန်ဆိုရင်ညပိုးညမွှားပုရစ်ပိုးနံ့တို့ရဲ့အသံကြားရလေ့ရှိတယ် ။ ဒီအထဲကပုရစ်မြည်သံကိုရွေးနားထောင်ပြီး ဘယ်လိုအကောင်များလဲဆိုတာမှန်းကြည့်ရတာလောက်ပျော်စရာကောင်းတဲ့အလုပ်တော့မရှိတော့ဘူး ။ ကမ္ဘာပေါ်မှာအကောင်းဆုံးဂီတသံပဲလို့လဲ ပုရစ်သံကိုကြားရတိုင်းတွေးတတ်သတဲ့ ။ ကွန်ဖြူးရှပ်စ်တို့ ၊ မန်စီးယပ်စ်တို့ရဲ့အဆိုအမိန့်တွေကို သူ့အဖေနှုတ်တိုက်ချပေးလိုက်တာနဲ့လွယ်လွယ်ရတတ်တဲ့ ကီတီဟာစာသင်စားပွဲကနေထလိုက်တာနဲ့ လွယ်လွယ်ပြန်မေ့သွားပေမဲ့ ဒီလိုပုရစ်သံများကျတော့ အမြဲမှတ်မိနေတဲ့အပြင် နားလဲလည်တယ် ။ သူ့အတွက်တော့ ဒါဟာလောကကြီးထဲက အလှတရားတို့ ၊ ခွန်အားတို့ကိုကိုယ်စားပြုတဲ့အသံကိုး ။ ပုရစ်လေးတွေလာနေအောင်ဆိုပြီး ကီတီကသူ့ပြတင်းပေါက်ရဲ့အောက်မှာ ကျောက်ခဲတွေပုံပေးထားတာမျိုးကိုဆိုရင်လူကြီးတွေကနားမလည်ကြဘူး ။ အထူးသဖြင့်သူ့အဖေပေါ့လေ ။ အင်မတန်တင်းကြပ်တဲ့ သူ့အဖေရဲ့စိတ်ထဲမှာတော့ ဆယ့်တစ်နှစ်ဆိုတာလူကြီးပေါက်စဖြစ်နေသင့်ပြီပေါ့လေ ။ ဆိုတော့သူ့သားကို အခုထိပေါတုန်းပဲဆိုတဲ့အကြည့်မျိုးနဲ့ စိတ်ပျက်လက်ပျက်ကြည့်တတ်တယ် ။ ဒါပေမဲ့ ဒီနေ့မှာတော့ သူ့အဖေနဲ့ကီတီတို့တနေကုန်တနေခန်းပဲတောင်ပေါ်တက်ပြီး ပွဲတိုင်းကျော်တိုက်ပုရစ်တက်ရှာခဲ့ကြတယ်လေ ။ ကီတီထီပေါက်တဲ့နေ့ဆိုပါတော့ ။



www.burmeseclassic.com

www.burmeseclassic.com

တိုက်ပုရစ်ဆိုလို့ ပုရစ်သရဲကီတီခြောက်နှစ်သားလောက်က ရယ်စရာကိစ္စတစ်ခုဖြစ်ခဲ့သေးတယ် ။ တနေ့တော့ကီတီကကျောင်းကို သူ့အချစ်တော်ပုရစ်တစ်ကောင်ယူလာပါရော ။ ကလေးတိုင်း ပုရစ်ကိုယ်ပိုင်ရှိပြီး ဝါးခြင်းကလေးတွေနဲ့ထည့်လို့ ဟိုဟိုဒီဒီယူသွားတတ်ကြတဲ့ခေတ်ကိုး ။ ဒါနဲ့အတန်းဆရာက ကီတီစာသင်ချိန်မှာ ပုရစ်ယူလာတာမြင်သွားပြီးရိုက်ပြားပစ်လိုက်သတဲ့ ။ ကီတီလည်းအလွန်စိတ်ဆိုးသွားပြီး ဆရာ သူ့ခုံနားကပြန်လှည့်ဖို့ပြင်တုန်း ဆရာ့ကျောပေါ်ကိုစားပွဲပေါ်ကနေတဆင့်ခုန်တက်ခွစီးပြီး သူ့လက်သီးသေးသေးလေးတွေနဲ့ ဆရာ့ခေါင်းကိုအတင်းထုနက်တော့တာပဲ ။ ဆရာဘယ်လောက်ပဲခါချချ ဆံပင်တွေကိုမြဲမြဲဆုပ်လို့ အားနေတဲ့လက်တစ်ဖက်နဲ့အပြင်းအထန်ရိုက်ပါသတဲ့ ။ တတန်းလုံးရယ်လိုက်ကြတာမှ တအုန်းအုန်းပဲ ။ ဆရာ့ခမြာ ကီတီ့ကိုမနည်းကြီးခါချယူလိုက်ရတယ် ။ ပုရစ်နဲ့ပက်သတ်လာရင် ဒီလောက်သည်းသည်းလှုပ်တဲ့ကီတီပေါ့ ။

ဒါနဲ့ကီတီနဲ့အတူသူ့အဖေပါမကြီးမငယ်နဲ့ပုရစ်ဖမ်းထွက်ရတဲ့ဇာတ်လမ်းကိုပြန်ဆက်ရမယ်ဆိုရင် တနေ့ကီတီကျောင်းကပြန်လာတော့ သူ့အဖေကလက်ကိုင်ရှည်ရှည်နဲ့ ပုရစ်ဖမ်းပိုက်ကိုဝါးနီးတွေသပ်လို့ယက်နေတာကိုထူးထူးဆန်းဆန်းတွေ့လိုက်ရရော ။ ကီတီအံ့သြနေတာမြင်တော့ ဖအေကြီးခမြာ မျက်နှာထားတည်တည်နဲ့တတ်နိုင်သမျှအိန္ဒြေဆောင်လို့ပြောရှာသတဲ့ ။ စာပေသမားရွှာသူကြီးမင်းရင့်မကြီးတန်မဲ့ ပုရစ်ဖမ်းထွက်ရတော့လည်း စိတ်ညစ်ရှာမှာပေါ့လေ ။ နဂိုကတည်းကကီတီ့အဖေဟာဒီပုရစ်တိုက်တာတို့ဘာတို့ကို အင်မတန်ပေါ့သွမ်းတဲ့အလုပ်မျိုးလို့ယူဆပြီး လုံးလုံးအစမလုပ်သူကိုး ။

"......အဟမ်း...ကီတီရေ...ဟိုနားကဝါးခြင်းယူခဲ့ကွဲ...တို့တွေဒီနေ့တောင်ဘက်ကုန်းတွေကြားသွားပြီး..ပုရစ်ဖမ်းရမယ်...."

ကီတီကတော့ နှစ်သစ်ကူးနေ့ကိုနှစ်ခါပြန်ကြုံလိုက်ရသလို အပျော်ကြီးပျော်သွားသတဲ့ ။ သူ့အဖေစာပေသမားကြီးပုရစ်ဖမ်းထွက်ရလို့ သိက္ခာကျတာတို့ဘာတို့လည်း မတွေးမိပါဘူး ။ ဒီနေ့တော့ကီတီ့ဆုတောင်းပြည့်တဲ့နေ့ဆိုရမယ် ။ သူ့ခမြာပုရစ်သာတချိန်လုံးထွက်ဖမ်းနေပေမဲ့ ပိုက်နဲ့ဝါးခြင်းနဲ့ဘာနဲ့ကျကျနနမသွားရရှာပါဘူး ။ ဒီအတိုင်းလက်နဲ့အုပ်ဖမ်းပြီး အကျီအောက်စလေးနဲ့သိမ်းထုတ်ပြန်လာတာပါပဲ ။ ပြီးတော့အိမ်ကနေတစ်မိုင်ခွဲလောက်ဝေးတဲ့တောင်ဘက်ကုန်းဘက်များတော့ တိုက်ပုရစ်ကောင်းတွေအင်မတန်ပေါမှန်းသိပေမဲ့ ခြေဦးတောင်လှည့်ခွင့်မရဖူးဘူး ။ အခုတော့ပုရစ်ဖမ်းပိုက်နဲ့ဘာနဲ့ ဟန်ကျပန်ကျသွားရမဲ့အပြင် သူ့အဖေတောင်ပါဦးမဲ့ဥစ္စာကိုး ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းကခြောက်လပိုင်းဆိုတော့ ကြည်လင်သာယာနေတဲ့အပြင်အတော်လည်းနွေးသတဲ့ ။ ကီတီတို့သားအဖကတော့ဘာပြောကောင်းမလဲ ..တောင်ဘက်ကုန်းတစ်ခွင်ပြိုပြိုစင်သွားတာပဲ ။ တောင်ခြေတစ်ခုလုံးကိုနံ့နေအောင်ပြေးလွှားလိုက်ကြ ၊ မြောင်းခြောက်တွေတွေ့ရင်ခုန်ကျော်လိုက်ကြ ၊ ချုံရှုပ်ရှုပ်တွေ့ရင်ဝင်တိုးလိုက်ကြနဲ့ ကျောက်တုံးမှန်သမျှလည်း အကုန်လှန်လှောကြည့်ကြတာပဲ ။ ကရစ်ကရစ်သံကိုကျယ်ကျယ်အောင်အောင်ကြားရတဲ့ဘက်များ လိုက်ရလွန်းလို့ခြေရာတောင်ထပ်ကုန်ပေါ့ ။ ဒီလိုနဲ့တနေသာကုန်သွားပေမဲ့သူတို့လိုချင်တဲ့တိုက်ပုရစ်ကောင်းကောင်းကိုတော့ မရခဲ့ကြဘူး ။ တခုအမြတ်ထွက်သွားတာကတော့ ကီတီနဲ့သူ့အဖေတို့ပိုပြီးစိတ်ချင်းနီးစပ်လာတာပါပဲ ။ ပုရစ်မြည်သံခပ်ကျယ်ကျယ်ကြားလိုက်တိုင်း သူ့အဖေရဲ့မျက်လုံးတွေတောက်ပလာတာ ၊ ချုံရှုပ်ရှုပ်အောက်မှာအကောင်ကြီးတစ်ကောင်ဝင်ပြီး ပျောက်သွားတိုင်းမကြားတကြားရေရွတ်လိုက်တာကို ကြည့်ရင်းနဲ့အဖေဟာထင်သလောက် ကြောက်စရာကောင်းတဲ့လူကြီးမဟုတ်ပါဘူးဆိုပြီး ကီတီတွေးမိသတဲ့ ။ ဒါနဲ့ လက်လျှော့ပြီးအိမ်ပြန်ခဲ့ကြတဲ့လမ်းမှာတောင် တော်တော်လှတဲ့ပုရစ်တစ်ကောင်ကိုလွှတ်သွားလေချင်းဆိုပြီး တဖြစ်တောက်တောက်လုပ်နေတဲ့သူ့အဖေကို ကီတီမှာချစ်လို့မဆုံးတော့ဘူး ။

ခါတိုင်းဆိုဂွန္တဝင်စာအုပ်ကြီးတွေပဲတကိုင်ကိုင်လုပ်နေတဲ့သူ့အဖေဟာ အခုမှဘာလို့ပုရစ်ကိုချက်ချင်းကြီးထစိတ်ဝင်စားလာရတယ်ဆိုတဲ့အကြောင်းကို ကီတီသိစရာမလိုပါဘူး ။ သူသိတာက သူ့ဖေဖေဟာအခုမှပိုပြီးချစ်စရာကောင်းလာတာပဲ ။ တကယ်တော့ကီတီဘာမှမေးလားစမ်းလားမလုပ်တဲ့အတွက် သူ့အဖေခမြာကြိတ်ပြီးစိတ်သက်သာရာရရှာသတဲ့ ။ ဒါပေမဲ့သူတို့အိမ်ပြန်ရောက်ကြလို့ ကီတီ့အမေကပါ ညစာပြင်နေရာကနေထွက်လာပြီးစိုးရိမ်တကြီးမေးတဲ့အခါမှာတော့ တခုခုပဲဆိုတာကီတီရိပ်မိလိုက်တယ် ။

"......သားအဖတွေပြန်ခဲ့မှကိုး..ရခဲ့ကြရဲ့လား....."

"..........မရခဲ့ဘူးကွယ်...အင်း....မနက်ဖြန်တောင်ရတန်ကောင်းပါရဲ့...ဟင်း....."

ဆိုပြီးသူ့အဖေကစိတ်ပျက်လက်ပျက်နဲ့ လေးလေးကြီးပြန်ဖြေတော့ ကီတီ့မှာဘာတွေများဖြစ်ကုန်ပြီလဲဆိုပြီးအံ့သြလို့ ။ ဟုတ်တယ်လေ..သူ့အဖေပုရစ်လိုချင်တာသဘာဝကျပေမဲ့ ဘာကြောင့်အမေကပါသိချင်နေရတာတုန်း ။ ဒါနဲ့ အဲဒီညမှာ သူ့အဖေအခန်းထဲဝင်သွားတော့ ကီတီကအမေ့ကိုတိုးတိုးလေးကပ်မေးသတဲ့ ။

www.burmeseclassic.com

"......မေမေ...ဖေဖေကရောပုရစ်ချစ်တတ်တာပဲလား...သားကဒီအိမ်မှာပုရစ်ချစ်တတ်တာသားတစ်ယောက်တည်းလို့ထင်နေတာ..."

".......အင်း...သားဖေဖေကပုရစ်ချစ်တတ်မယ်လို့မေမေမထင်ပါဘူး...သားရယ်...သူ့ခမြာမလုပ်မဖြစ်လို့တိုက်ပုရစ်ကိုလိုက်ဖမ်းနေရတာပါ....သူ့အတွက်မဟုတ်ပါဘူးကွယ်....သူများကဖမ်းခိုင်းတာပေါ့......"

".......ဟင်....ဘယ်သူကဖမ်းခိုင်းတာလဲ......"

".......ရွှေနန်းတော်ကပေါ့ကွယ်.....ဒီရွာကပုရစ်ကောင်းထွက်တယ်ကြားလို့..မင့်အဖေရွာသူကြီးကိုနယ်စားမင်းကနေတဆင့်...ဘုန်းတော်ကြီးဘုရားအတွက်တိုက်ပုရစ်ကောင်းကောင်းရှာဖို့အမိန့်ချလိုက်လို့တဲ့ကွယ်....."

"......ဟင်....သားနားမလည်ဘူး..မေမေ....ဘုရင်ကြီးကရောပုရစ်ချစ်တာပဲတဲ့လား...ဒါဆိုသူကကိုယ့်ဖာသာကိုယ်မဖမ်းပဲဘာဖြစ်လို့ဖေဖေ့ကိုရှာခိုင်းရတာလဲ........."

"........မေမေလည်းနားမလည်ပါဘူး..ကီတီရယ်....ဒါပေမဲ့ဆယ်ရယ်အတွင်းမှာမှ..ဘုန်းတော်ကြီးဘုရားလိုချင်တဲ့တိုက်ပုရစ်မရှာပေးနိုင်ရင်...မင်းဖေဖေကိုထောင်ဒဏ်သို့မဟုတ်ငွေဒဏ်ချကြမတဲ့လေ...တို့မှာပေးစရာငွေမှမရှိတာကွယ်...သားဖေဖေတော့..ထောင်ဒဏ်များကျခံနေရရှာဦးမလားမသိပါဘူး....အင်း...ဒုက္ခ..ဒုက္ခ...."

မေမေကရင်ဖွင့်သလိုဆက်ပြောနေပေမဲ့ ကီတီအဖို့နားထောင်လေပိုပြီးရှုပ်ထွေးလေဖြစ်နေတာနဲ့ နားလည်အောင်ထပ်ပြီးကြိုးစားမနေတော့ဘူး ။ တိုက်ပုရစ်ရဖို့ကိစ္စဟာ သူထင်ခဲ့သလိုသူနဲ့ဖေဖေသူငယ်ချင်းဖြစ်သွားတာထက်အများကြီးပိုပြီးအရေးကြီးတယ်ဆိုတာပဲ သိထားလိုက်တော့တယ် ။

တိုက်ပုရစ်ဆိုတဲ့အကြောင်းကို ဒီမှာနည်းနည်းရှင်းပါရစေ ။ ဒီလိုလေ..မင်းယောကျ်ားများက ကြက်တိုက်၊ ကျွဲတိုက်ကြသလိုမျိုးပဲ အဲဒီခေတ်ကနန်းတွင်းသူတွေကြားမှာ ပုရစ်တိုက်တာအင်မတန်မှကိုခေတ်စားနေပါသတဲ့ ။ ပုရစ်ပွဲတွေရဲ့လောင်းကြေးကလည်း ကြောက်ခမန်းလိလိပဲ ။ ဒီလိုနဲ့တဆင့်ပြီးတဆင့်ပြန့်ပွားလာလိုက်တာ တနိုင်ငံလုံးအုံးအုံးကြွက်ကြွက်ပုရစ်တိုက်တဲ့ ရောဂါထလာတော့သတဲ့ ။ ဆောင်းလယ်ပိုင်းမှာ တိုက်ပုရစ်ဗိုလ်လုပွဲတွေကို



www.burmeseclassic.com

www.burmeseclassic.com

မိဘုရားကြီးနဲ့ထိပ်ခေါင်တင်တွေကဦးစီးကျင်းပလေ့ရှိလာတယ် ။ ပုရစ်တိုက်တာကိုလူတွေဘယ်လောက်တောင်စွဲသလဲဆိုတော့ ဆွန်ခေတ်ရဲ့နောက်ဆုံးဝန်ကြီးချုပ်ဟာ နေပြည်တော်ကို မွန်ဂိုဘုရင်ဂျင်ဂစ်ခန်ဦးဆောင်တဲ့စစ်ဘီလူးတပ်ဝင်သိမ်းနေတာတောင် ပုရစ်ပွဲမပြီးမချင်းထမကြည့်နိုင်ခဲ့ဘူးလို့ဆိုစမှတ်ရှိကြတယ် ။ ဟို..သိုးဆောင်းပြည်ကမြို့မီးလောင်နေတုံး စောင်းတီးမပျက်တဲ့အရူးဘုရင်ကြီးလိုပေါ့ ။ ဒါနဲ့ခုနကစကားဆက်ရရင် အရင်တုံးကတော့ ကီတီတို့နေတဲ့ ဟွရင်နယ်ကတိုက်ပုရစ်ကောင်းထွက်မှန်းဘယ်သူမှတောင်မသိပါဘူး ။ အတော်မျက်နှာလိုအားရလုပ်ချင်တဲ့နယ်စားတစ်ယောက်က ရွှေနန်းတော်ကိုဟွရင်နယ်ထွက် တိုက်ပုရစ်ချန်ပီယံတစ်ကောင်ဆက်သလိုက်ကတည်းကစပြီး ဟွရင်နယ်ကမြို့စားတွေ ၊ ရွာသူကြီးတွေ ၊ ဆယ်အိမ်ခေါင်းတွေဘယ်သူမှမနေရတော့ဘူး ။ ရွာအလိုက် ၊ မြို့အလိုက် ၊ ခရိုင်အလိုက်ပုရစ်ရှာပြီးဆောင်းပွဲတော်အမီဆက်သရတဲ့ထုံးစံကြီး စဖြစ်လာပါလေရော ။

ပုရစ်ပွဲဟေ့ ၊ တိုက်ပုရစ်ဟေ့ဆိုပြီးတော့သာလုပ်နေကြပေမဲ့ အမှန်ကတော့အတော်ဝွကျတဲ့အလုပ်ကိုး ။ တကယ်တော့ သူ့ဟာသူမြက်တောထဲအေးအေးနေပြီး သီချင်းဆိုလိုက် ၊ မြေတွင်းအောင်းလိုက်လုပ်နေတဲ့ပုရစ်တွေကိုအတင်းဆွပေးပြီးကိုက်ခိုင်းမှတော့ နိုင်ချင်တဲ့အကောင်ကနိုင်တော့မပေါ့ ။ အိမ်မွေးတိရစ္ဆာန်များလိုကျင့်ပေးလို့ရကောင်းတဲ့ အကောင်မျိုးမှမဟုတ်တာပဲကို ။ သို့ပေမင့် မင်းတို့အမိန့်ဆိုတော့မလွန်ဆန်သာကြပေဘူး ။ စာပေသမားသူကြီးကောဘာကောမကျန် အလိုတော်ဖြည့်နိုင်ဖို့ အတင်းလိုက်ဖမ်းကြရတော့တာပဲ ။ ခါတိုင်းအပျင်းပြေဖမ်းပြီးကစားရုံ ၊ မီးဖုတ်စားရုံလောက်ပဲအသုံးကျတဲ့ပုရစ်တွေကို ဈေးကောင်းပေးဝယ်သူတွေ ရှိလာသတဲ့ ။ နယ်စားမင်းတစ်ပါးကဆိုရင် တိုက်ပုရစ်ကောင်းကောင်းတစ်ကောင်အတွက် ငွေစတစ်ရာအထိဖြုန်းဖို့ဝန်မလေးကြောင်းသတင်းစကားတွေတောင်ထွက်လာတယ် ။ ဒါနဲ့ပေါ့လေ ရွှေနန်းတော်ကြီးကစလိုက်တဲ့ပုရစ်ပွဲဟာသာမန်ပြည်သူတွေကြားမှာပါ အစွဲကြီးစွဲကုန်တာပဲ ။ တယ်ပြီးအကျိုးရှိလှတဲ့အလုပ်မဟုတ်ပေသိ ခင်ကြီးလက်ရန်းပေါ်တက်မှတော့ ကျပ်ခိုးစင်မောင်ရှင်မတက်ရှိပါ့မလား ။ ရှေ့ဆောင်နွားလားတွေက ဒီလမ်းသွားပြမှတော့ နောက်နွားတစ်သိုက်ကလည်းဘာနေလိမ့်မတုန်း ။ ဆိုခဲ့တဲ့အတိုင်းကီတီတို့အရွယ်လေးတွေကအစ လူတိုင်းလိုလိုတိုက်ပုရစ်ကိုယ်စီနဲ့ဖြစ်ကုန်ပြီး အားတိုင်းပုရစ်စကားပဲပြောလို့လှည့်လည်ပြီးစိန်ခေါ်လိုက် ၊ ချိန်းချက်ပြီးတိုက်လိုက်ကြနဲ့လုပ်နေကြသတဲ့ ။ တစ်ယောက်ယောက်မှာများ တိုက်ပုရစ်ကျော်တစ်ကောင်ရှိပြီဆိုရင် ရွှေနဲ့ချိန်စက်ပြီးဝယ်ရင်တောင် မရောင်းနိုင်လောက်အောင်လည်း ပုရစ်ကိုစုံရေမက်ရေရှိကြတယ် ။

တချို့သခင်အားရကျွန်ပါးဝရွာသူကြီးများက ရွှေနန်းတော်ကိုဆက်သဖို့ပုရစ်ဝယ်ရအောင်လို့ဆိုပြီး ပုရစ်ခွန်ဆိုတာကောက်သေးတယ် ။ ကီတီရဲ့အဖေသူကြီးမင်းလည်းလုပ်မယ်ဆိုရင် လုပ်လို့အဖြစ်သားပေါ့ ။ ပုရစ်ခွန်



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီးငွေစတစ်ရာမျိုးနှစ်ရာမျိုးကိုကောက်လိုက်၊ ပြီးတော့ငွေကိုအသာသိမ်းထားလိုက်ပြီးကိုယ်တိုင်ရှာရင်ရှာ၊ ဒါမှမဟုတ်ငွေစသုံးလေးဆယ်လောက်တန်တဲ့အကောင်ကိုဝယ်ပြီးဆက် စသဖြင့်အများမိုးခါးရေသောက်သလိုလိုက်လုပ်ရင်ဖြစ်ပေမဲ့ လူရိုးလူဖြောင့်ကြီးချန်သူကြီးကတော့ ခေါင်းထဲတောင်မထည့်ပါဘူး ။ အထူးသဖြင့် ကျောပုမှဝမ်းအေးရရှာတဲ့ တောသူတောင်သားတွေရဲ့ဘဝကိုလည်း သိနေမင့်ဟာ ။ ဆိုတော့ တိုက်ပုရစ်ရှာပြီးဆက်စမ်းဆိုရင်ကိုယ်တိုင်မရမချင်းဖမ်းဆက်ဖို့ပဲ ဆုံးဖြတ်တာပါပဲ ။

ဖအေကြီးရဲ့မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး ကီတီလည်းဒါဟာအပျော်တိုက်ဖို့ပုရစ်ဖမ်းနေတာမဟုတ်ကြောင်းကိုနားလည်ရှာတယ် ။ ပုရစ်ဖမ်းထွက်ကြပြန်တုန်း ချုံရိပ်မှာခဏနားကြတော့ သူ့အဖေခပ်ငိုင်ငိုင်နဲ့မျက်မှောင်ကြီးကုပ်လို့ဆေးတံထိုင်ဖွာနေတာကို တိတ်တိတ်ကလေးပဲထိုင်ကြည့်နေခဲ့တာ ။ သူ့အဖေကဆေးဖွာလိုက်တခုခုပြောမဲ့ဟန်နဲ့ပါးစပ်ပြင်လိုက်၊ မပြောပဲနဲ့ဆေးတံကိုပဲကောက်တပ်လိုက်လုပ်နေသတဲ့ ။ နောက်ဆုံးတော့သူ့အဖေကြီးကမျက်နှာခပ်ညိုညို၊ အသံမပျော့တပျော့နဲ့ပြောရှာသတဲ့ ။

"…….ကီတီရေ…အဖေ့ကိုတိုက်ပုရစ်ကောင်းကောင်းတစ်ကောင်လောက်ရှာပေးနိုင်မလားကွယ်……မင်းဖမ်းလာတတ်တဲ့အကောင်မျိုးဆိုရင်ငွေအများကြီးတန်သကွဲ့……"

"…….ငွေအများကြီး…ဟုတ်လား..ဖေဖေ…."

"….အေးကွယ်…ဒီဆောင်းလယ်မှာပြည်လုံးဆိုင်ရာတံခွန်စိုက်ပုရစ်တိုက်ပွဲကြီးကို..ရွှေနန်းတော်မှာကျင်းပလိမ့်မယ်အဲဒီပုရစ်ပွဲကိုမြို့တိုင်းနယ်တိုင်းကပါဝင်ဆင်နွှဲရမှာကွဲ့…ပြီးတော့ဗိုလ်စွဲတဲ့တိုက်ပုရစ်ကျော်ပိုင်ရှင်ကိုဘုန်းတော်ကြီးဘုရားကဆုတော်ငွေတွေအများကြီးချီးမြှင့်လိမ့်မယ်…."

"……ဘုန်းတော်ကြီးဘုရားက..ဟုတ်လား..ဖေဖေ…ဘုရင်ကြီးကရောပုရစ်ချစ်တာပဲလား…."

ကီတီအဖေရဲ့မျက်နှာပေါ်မှာ ရက်ရှ့စိတ်ပျက်တဲ့အရိပ်အယောင်တွေပေါ်လာပြီး မဖြေချင့်ဖြေချင်နဲ့ဖြေရှာသတဲ့ ။

"……အေး…ဆိုပါတော့ကွယ်…တို့နိုင်ငံမှာပုရစ်မချစ်တဲ့သူမရှိသလောက်ဖြစ်နေမှပဲ…."



www.burmeseclassic.com

www.burmeseclassic.com

ကီတီကတော့ ဝမ်းသာအားတက်လို့မဆုံးတော့ဘူး ။ ဒီရွာမှာသူ့လောက်ပုရစ်အကြောင်းနားလည်တာ ဘယ်သူရှိတော့မလဲ ။

"…….သား…အကောင်းဆုံးတိုက်ပုရစ်ကိုဖမ်းပေးမယ်…ဖေဖေ…သားတို့ပုရစ်ဟာဒီတိုက်ပုရစ်ပွဲကြီးမှာဗိုလ်စွဲစေရမယ်…..ဒါနဲ့..ဒါနဲ့…သားတို့ပုရစ်နိုင်ရင်ဖေဖေကဘုရင်ကြီးကိုတွေ့ခွင့်ရမှာပေါ့နော်…."

"………အင်း…အဖေတော့မထင်ဘူးကွယ်…တိုက်ပုရစ်ကောင်းကောင်းရရင်..အဖေကနယ်စားမင်းဆီကိုဆက်သရမှာ…..အဲဒီကမှတဆင့်တို့ပုရစ်ကတကယ်ကောင်းရင်…ဝန်ကြီးချုပ်ဆီကိုရောက်သွားလိမ့်မယ်…နောက်ဆုံးအဆင့်ကတော့ဘုန်းတော်ကြီးဘုရားက..ပုရစ်တိုက်တာကိုရှုစားမှာပေါ့ကွယ်….ကီတီရေ…မင်းအခုဖမ်းပေးမဲ့တိုက်ပုရစ်ကအကောင်းတကာ့အကောင်းဆုံးဖြစ်မှရမယ်ကွဲ့…ဗိုလ်စွဲတဲ့ပုရစ်ပိုင်ရှင်ကိုဆုတော်ငွေအများကြီးချီးမြှင့်သလိုပဲ..တန်းမှီတဲ့ပုရစ်ကိုမဆက်သနိုင်တဲ့သူကြီးတွေကိုတော့..ပြစ်ဒဏ်ကြီးကြီးခတ်လိမ့်မယ်….."

"……….မပူပါနဲ့..ဖေဖေ…သား..အကောင်းတကာ့အကောင်းဆုံးအကောင်ကိုရှာပေးမယ်….ဒါမှသားတို့ဆုတော်ငွေတွေအများကြီးရမှာ……"

ကီတီကတော့ပြစ်ဒဏ်တို့ဘာတို့ကို သူတို့နဲ့မဆိုင်သလောက်ချက်ခြင်းခေါင်းထဲကထုတ်လိုက်တာပါပဲ ။ အဖေကိုကူညီချင်ဇောနဲ့ အစွမ်းကုန်အာရုံစူးစိုက်ပြီးအကောင်းဆုံးပုရစ်ကိုရှာဖို့ပဲပြင်တော့တယ် ။ သူ့အဖေကြီးကတော့မကြံုစဖူးကီတီကိုလူကြီးအရာသွင်းပြီး အကူအညီတောင်းဖွင့်တိုင်ပင်ပြီးနည်းနည်းစိတ်ပေါ့သွားသတဲ့ ။ ဒါနဲ့သူတို့ပုရစ်ဆက်ရှာကြပြန်တာပေါ့ ။ ကီတီကတော့ သူ့အဖေရဲ့အားကိုးတကြီးတိုင်ပင်ခံရတာကိုအင်မတန်မှတန်ဖိုးထားတဲ့အပြင် အမေတခါတလေဆင်းရဲတွင်းနက်လှကြောင်းညည်းရှာတာကိုလည်းပြန်သတိရမိပြီး တအိမ်လုံးရဲ့အရေးဟာသူ့ပုခုံးပေါ်ရှိနေသလိုခံယူပြီး အင်မတန်မှကိုအလေးအနက်ထားပြီးကြိုးစားရှာပါသတဲ့ ။ ကလေးတို့ရဲ့လုံးဝဥဿုံယုံကြည်မှုမျိုးနဲ့လည်း ဆိုရှာသေးတယ် ။

"……..တိုက်ပုရစ်ကောင်းကောင်းရှာပြီးရင်…ပွဲတိုင်းကိုနိုင်ရစေ့မယ်….သားတို့အကောင်ကဗိုလ်စွဲမှာပဲ……"

သူ့အဖေကတော့ ခါတိုင်းသူ့သားအရေမရအဖတ်မရလုပ်နေတယ်ထင်သမျှ အခုမှအကူအညီအင်မတန်



www.burmeseclassic.com

www.burmeseclassic.com

ရလို့ကြိတ်ပြီးကျေးဇူးတင်မိသတဲ့ ။ ဒါနဲ့သည်းကြီးမည်းကြီးနေ့စဉ်ပုရစ်ဖမ်းထွက်လိုက်ကြတာ လေးရက်မြောက်တဲ့နေ့မှာကံတက်လာတယ်ဆိုရမလားပဲ ။ တောင်ဘက်ကုန်းတွေပေါ်ကို ခါတိုင်းလိုပဲတောင်ခြေနားမှာမနေပဲထိပ်အထိတက်မိတော့ တဖက်ကကုန်းစောင်းမှာပုရစ်ခိုတတ်တဲ့ချုံထူထူတွေအင်မတန်ပေါတာကိုတွေ့ကြရလို့ သားအဖတွေအဲဒီဘက်ကိုဆင်းသွားကြရော ။ အဲဒီဆင်ခြေလျှောလေးကရှေးသချိုင်းဟောင်းကိုး ။ ကိုက်ငါးဆယ်လောက်ကအောက်ခြေရှင်းနေတဲ့ချုံလေးတွေနဲ့ ပုရစ်နေတတ်တဲ့နီဝါဝါသဲမြေမျိုးဖြစ်နေတာကြောင့် ကီတီက အဲဒီဘက်ကိုသွားဖို့အဆိုပြုတာနဲ့ဆင်းသွားကြတာ ။ ဒါနဲ့တောင်ကျချောင်းကလေးနားကနေလိုက်သွားလိုက်ကြတာ ကျောက်တုံးကျောက်ပြားဟောင်းတွေအင်မတန်ထူထပ်တဲ့နေရာကိုရောက်လာကြသတဲ့ ။ သချိုင်းဟောင်းကျောက်ချပ်တွေကြားထဲမှာပုရစ်အကောင်ပေါင်းမြောက်များစွာ နေ့ခင်းကြောင်တောင်ကြီးမှာသီချင်းဆိုနေကြသံကြားလိုက်ရတဲ့ကီတီတို့သားအဖကတော့ ဝမ်းသာလို့မဆုံးတော့ဘူး ။

အဲဒီမှာတင်ကီတီ့ခြေထောက်နားက ဖားတစ်ကောင်အနားကတွင်းထဲကိုလဲခုန်ဝင်သွားရော အင်မတန်လှပြီးတော်တော်ကြီးတဲ့ပုရစ်တစ်ကောင်ခုန်ထွက်လာသတဲ့ ။ သန်ချက်ကတော့မပြောပါနဲ့တော့ ချက်ခြင်းပဲမြေအောက်ကိုဖျတ်ကနဲပြန်ခုန်ဝင်သွားလိုက်တာ အင်မတန်လျင်တဲ့ကီတီတောင်မမိလိုက်ဘူး ။ သားအဖနှစ်ယောက်မှာအသက်တောင်ရဲရဲမရှူဝံ့ဘဲ ပုရစ်ဝင်သွားတဲ့တွင်းနားဝပ်လို့မြည်သံကိုနားထောင်ကြရတယ် ။ ဒါနဲ့ကီတီကမြက်တစ်ပင်ခူးပြီးတွင်းထဲထိုးထည့်တော့ သီချင်းသံချက်ခြင်းတိတ်သွားသတဲ့ ။ ဒါနဲ့သူတို့လိုချင်နေတဲ့တိုက်ပုရစ်ကြီးဒီတွင်းထဲရှိနေတာသေချာသွားတော့ ထွက်လာအောင်လို့နည်းမျိုးစုံနဲ့ကြိုးစားကြတော့တာပဲ ။ တွင်းကိုမြက်ပင်ရှည်ရှည်နဲ့ထိုးတယ် ။ ကီတီ့လက်သေးသေးနဲ့နှိုက်ကြည့်တယ် ။ ဖေဖေ့ဆေးတံနဲ့မီးခိုးမှိုင်းတိုက်ကြည့်တယ် ။ ဘယ်လိုလုပ်လုပ်အထဲကကောင်ကတော့ တုတ်တုတ်တောင်မလှုပ်ဘူး ။ ဒီကတည်းကအင်မတန်သတ္တိကောင်းတဲ့တိုက်ပုရစ်ဖြစ်မယ်ဆိုတာကိုသိလိုက်တဲ့ သားအဖလည်းဝမ်းသာအားရနဲ့ကြိုးစားကြတာပေါ့ ။ နောက်ဆုံးတော့ ကီတီကသူ့ရဲ့နောက်ဆုံးနည်းကိုထုတ်သုံးတဲ့အနေနဲ့ ရေသွားခပ်လာပြီးတွင်းထဲကိုရေနဲ့လောင်းချရော ။ သူ့အဖေကတော့ပုရစ်ဖမ်းပိုက်ကြီးကိုကိုင်လို့အသင့်စောင့်နေတာပေါ့ ။ တွင်းထဲရေလုံးလိုမ့်ဆင်းလာတော့ ငနဲသားလည်း နောက်ဆုံးတော့ထွက်လာရတော့တာပဲ ။

ဆိုတော့ချက်ခြင်းပဲ ပုရစ်ကြီးခုန်ထွက်လာတာနဲ့ ကီတီ့အဖေက အမိအရကိုဖမ်းလိုက်နိုင်တာပေါ့ ။ အင်မတန်လှပပြီး ထူးထူးခြားခြားကြီးတဲ့အကောင်ကြီးပါပဲ ။ ပြီးတော့တိုက်ပုရစ်ကောင်းလို့ လူတွေသတ်မှတ်ကြတဲ့ဂုတ်မည်းဆိုတဲ့အမျိုးပေါ့ ။ အောက်မေးကားကား ၊ ခါးသွယ်သွယ်နဲ့ ခြေတံရှည်ကြီးတွေသန်သန်နဲ့ အရောင်ကလဲနီညို



www.burmeseclassic.com

www.burmeseclassic.com

ရောင်တောက်တောက်နဲ့ တကယ်အမြင်လှတဲ့အကောင်ပေါ့ ။ ပင်ပန်းရကြိုးနပ်သွားတဲ့ ကီတီတို့သားအဖကတော့ ဝမ်းသာလုံးဆို့ပြီး အိမ်ကိုသုတ်ခြေတင်ကြတော့တယ် ။ အိမ်ရောက်တော့ ဂုတ်မည်းကြီးကို မြေအိုးလေးထဲမှာအ သာထည့်ပြီး အပေါ်ကနေကြေးနီဆန်ကာခုံးထူထူနဲ့အုပ်လို့ ဖေဖေ့စားပွဲပေါ်ကိုအသေအချာတင်ထားကြသတဲ့ ။ မ နက်ဖြန်မနက်စောစောမှာသူ့အဖေကနယ်စားမင်းဆီကိုသွားဆက်သတော့မှာ ။ ဒါနဲ့စိတ်လှုပ်ရှားနေတဲ့ သူကြီးမင်း လည်းကီတီ့အမေကိုအိမ်နားကိုဘယ်ကြောင်စုတ်မှမကပ်စေနဲ့လို့အမိန့်ချပြီး ဂုတ်မည်းကြီးကိုကျွေးဖို့သစ်အယ်သီး အရှာထွက်သတဲ့ ။ သူသွားနေတုံး မြေအိုးကိုဘယ်သူမှမထိရဘူးလို့လည်း မှာထားခဲ့သေးတယ် ။

တအိမ်လုံးဝမ်းသာနေကြတဲ့အထဲမှာ ကီတီကတော့အပျော်ဆုံးလို့ပြောလို့ရတယ် ။ သူမှာဖေဖေ့စားပွဲအ နားကမခွာနိုင်တော့ဘူး ။ မြေအိုးထဲကလှိုက်သံပေါက်နေတဲ့ ဂုတ်မည်းကြီးရဲ့မြည်သံကို ခဏခဏလာနားထောင် လိုက် ၊ ကြေးနီဆန်ကာထဲကနေချောင်းကြည့်လိုက်နဲ့ယောက်ယက်ခပ်နေသတဲ့ ။ ဒီတင်ဝမ်းနည်းစရာဇာတ်လမ်း စတော့တာပဲ ။

ရုတ်တရက်ပဲမြေအိုးထဲကနေပြီးအဆက်မပြတ်အော်နေတဲ့ ဂုတ်မည်းကြီးအသံတိတ်သွားပြီးတော်တော် ကြာတဲ့အထိဘာသံမှထွက်မလာတော့ဘူး ။ အင်မတန်စိုးရိမ်သွားတဲ့ကီတီက အိုးကိုခေါက်ကြည့်ပေမဲ့ဘာလှုပ်ရှား သံမှမကြားရတော့ဘူး ။ ဒါနဲ့ဆန်ကာထဲကနေအသာချောင်းကြည့်လိုက်တော့ ခုနကမြင်နေတဲ့အရိပ်မည်းမည်းပါမ ရှိတော့ဘူး ။ ဂုတ်မည်းကြီးမြေအိုးထဲမှာမရှိတော့လို့ထင်ပြီး ကီတီခမြာချွေးတွေပြန်လို့ အထဲကိုမြင်နိုင်သမျှစူးစိုက် ကြည့်ပေမဲ့အိုးထဲမှာမှောင်ရိပ်ကျနေတာကိုး ။ ဒါနဲ့အိုးကိုမပြီး အလင်းရောင်နည်းနည်းရှိတဲ့ ပြတင်းပေါက်နားထား လို့ဆန်ကာကိုနည်းနည်းဟလိုက်တာနဲ့ ဖတ်ကနဲဂုတ်မည်းကြီးကခုန်ထွက်သွားလိုက်တာ ဖေဖေ့စာအုပ်စင်ပေါ်ကို သွားကျသတဲ့ ။ ကီတီ့မှာခြေမကိုင်မိလက်မကိုင်မိနဲ့ ပြတင်းပေါက်ကိုအမြန်ပိတ်ပြီးအတင်းလိုက်ဖမ်းရတော့တယ်။ ပြန်တော့မိပါရဲ့ ။ ဒါပေမဲ့အလန့်တကြားနဲ့အမြန်လိုက်ဖမ်းရတော့ ပုရစ်ဖမ်းပိုက်မသုံးမိလို့ဂုတ်မည်းကြီးကိုပြန်မိတဲ့ အချိန်မှာ ခြေတဖက်ပြုတ်ထွက်သွားပြီး ဂုတ်လည်းကြေသွားပြီ ။

သူ့လက်ထဲကမသေမရှင်ပုရစ်ကြီးကိုကြည့်ပြီး ကီတီဟာခါတိုင်းလိုအော်ဟစ်မငိုမိပဲ မျက်လုံးကြီးတွေဝိုင်း ဝိုင်းလည်လို့ပါးစပ်တွေပါ ခြောက်လာတယ် ။ သူ့မိသားစုရဲ့အနာဂါတ် ဗိုလ်စွဲမဲ့တိုက်ပုရစ်ကြီးကို သူသတ်ပစ်လိုက် မိပြီဆိုတာကိုပဲတွေးပြီးကြောင်ကြောင်ကြီးငေးနေသတဲ့ ။ ဒီတင်သူ့အမေဝင်လာပြီး ပုရစ်နာကြီးကိုင်ထားတဲ့ကီတီ့ ကိုမြင်ပြီး အကြောင်းစုံကိုလည်းနားလည်သွားရော ရင်အစုံထုပြီးဆူပူအော်ဟစ်တော့တာပဲ ။



www.burmeseclassic.com

www.burmeseclassic.com

"………အမလေးလေး…ကိုယ်ကျိုးတော့နည်းပါပေါ့လား…ဆော့စရာရှားလို့..ရာဇဝတ်အိုးမှတုတ်နဲ့ထိုးရသလား.. ကီတီရဲ့…ဒီလောက်တောင်ကမြင်းကြောထရသလားဟင်….အေး…နင်တော့နေနင့်ဦး…နင့်အဖေပြန်လာရင်သေ ပြီသာမှတ်ပေတော့..ကိုယ့်အဖေကိုထောင်ထဲပို့မဲ့ကလေး…ဟင်..ဆွေခုနစ်ဆက်မျိုးခုနစ်ဆက်ဒုက္ခရောက်အောင် လုပ်မဲ့ကလေး…တခြားဟာတွေနဲ့ဆော့ပါတော့လားဟယ်…အခုတော့ကောင်းကြသေးရဲ့လားအေ……"

ကီတီ့မျက်နှာဖြူဖွေးသွားလိုက်တာဆိုတာသွေးတစ်စက်မှမရှိတော့ဘူး ။ ခါတိုင်းလိုကြောက်တာထက် သူ့ဘာလုပ် မိသလဲဆိုတာကိုနားလည်ပြီး ယူကျုံးမရဖြစ်ဟန်နဲ့ငိုယိုပြီးပြေးထွက်သွားတာ ညစာစားချိန်ရောက်လာတဲ့အထိပြန် ရောက်မလာတော့ဘူး ။ သူ့အဖေကတော့မင်းပြစ်မင်းဒဏ်ကိုလည်းစိုးရိမ်၊ ကီတီ့ကိုလည်းဒေါသထွက်ပြီး ပြန်လာ ရင်တော့မှတ်လောက်သားလောက်အောင်တွယ်လိုက်ဦးမယ်ဆိုပြီးကျုံးဝါးနေသတဲ့ ။ ဒါနဲ့မှောင်သာလာပေမဲ့ကီတီ ကတော့ပေါ်မလာဘူး ။ မိဘတွေကတော့ကီတီအရိုက်ခံရမှာကြောက်လို့ပုန်းနေတယ်ပဲထင်တာပေါ့ ။ ဗိုက်ဆာရင် အိမ်ပြန်လာလိမ့်မယ်..ဒီတော့မှဆီးရိုက်ဦးမယ်ဆိုပြီး တွေးနေကြပေမဲ့ မိုးစုန်းစုန်းချုပ်လို့ ညကြီးဆယ်နာရီထိုးတဲ့အ ထိပြန်မရောက်မလာတော့ ဒေါသကနေစိတ်ပူပန်မှုအဖြစ်ကူးပြောင်းသွားပြီး မီးတိုင်မီးတုတ်တွေနဲ့လိုက်ရှာကြရပါ သတဲ့ ။ နောက်ဆုံးသန်းခေါင်ကျော်မှကီတီ့ကို ရေတွင်းဟောင်းတခုအထဲမှာပြန်တွေ့ကြရတယ် ။

ဒါနဲ့စိုးရိမ်တကြီးဆယ်ထုတ်ကြတော့ကီတီဟာအသက်မြော့မြော့ပဲကျန်ပါသတဲ့ ။ ရေတော်တော်မွန်းထား တဲ့အပြင် ရေတွင်းထဲလိမ့်ကျတုန်းကခေါင်းကိုရိုက်မိဟန်နဲ့ ဟက်တက်ကွဲထားတာကလည်း နည်းတာမဟုတ်ဘူး ။ သွေးတောင်တစိမ့်စိမ့်ထွက်နေတုန်းပဲ ။ ရေတွင်းဟောင်းကတော်တော်တိမ်ပေလို့သာ အသက်မသေတာလို့ပြော ရမယ် ။ ဒါနဲ့ဆူမယ်ကြိမ်းမယ်တကဲကဲလုပ်နေကြတဲ့မိဘတွေမှာကီတီကိုရေခြောက်အောင်သုတ်ကြ၊ အဝတ်လဲကြ ခေါင်းကအနာကိုဆေးကြပ်စည်းကြနဲ့အလုပ်တွေရှုပ်ကုန်ကြရော ။ ကီတီတစ်ယောက်အသက်မျှင်းမျှင်းလေးရှုနေ သေးတာကိုပဲ ကျေးဇူးတင်ဝမ်းသာကြရှာတယ် ။ ကီတီကတော့ရေတွင်းထဲပြုတ်ကျတဲ့အရှိန်ရော ၊ ဂုတ်မည်းကြီး ကိစ္စရောပေါင်းပြီးသွေးပျက်သွားဟန်နဲ့ တညလုံးသတိပြန်လည်မလာဘူး ။ ပစ်လိုက်ရတော့မယ်လို့ထင်မိကြတာ လဲအခါခါပဲတဲ့ ။ နောက်တနေ့ညနေမှာတော့ သေတွင်းထဲကထွက်လာဟန်ရှိပေမဲ့ အကြီးအကျယ်အဖျားတက်ပြီး ဂုတ်မည်းကြီးကိုသတ်ပစ်မိတယ်…ဂုတ်မည်းကြီးသေရှာပြီ..ဆိုပြီး တချိန်လုံးယောင်ယမ်းပြောဆိုနေသတဲ့ ။

နောက်နေ့မှာတော့ အဖျားကျသွားပြီး ကီတီဟာထထိုင်လာနိုင်ပါသတဲ့ ။ ကြက်ပြုတ်ရည်လေးပါ နည်း နည်းစစားပေမဲ့ အမြဲစကားများပျော်ရွှင်နေတတ်တဲ့ကီတီမဟုတ်တော့ဘဲ လုံးလုံးပြောင်းလဲသွားခဲ့ပြီ ။ အမြဲငေါင်



www.burmeseclassic.com

www.burmeseclassic.com

နေပြီးသူ့မိဘကိုလည်းမမှတ်မိတဲ့အပြင် သူရေတွင်းထဲပြုတ်ကျတဲ့အကြောင်းကြားလို့ နယ်ဝေးကနေလာတွေ့တဲ့ အစ်မကိုလည်းလုံးလုံးမမှတ်မိဘူး ။ ကီတီ့ကိုလာကြည့်ပေးတဲ့သမားတော်ကြီးရဲ့အဆိုအရတော့ ခေါင်းကဒဏ်ရာကြောင့်မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာပြင်းပြင်းထန်ထန်ထိခိုက်ခဲ့လို့ သည်းခြေပျက်သွားသလိုဖြစ်သွားတာတဲ့လေ ။ ဒီတော့ဆေးတွေဝါးတွေကမတိုးနိုင်ဘူးဖြစ်နေတာပေါ့ ။ ကီတီကတော့အမြဲမပွင့်တပွင့်နဲ့"ဂုတ်မည်းကြီးကိုမတော်တဆသတ်ပစ်လိုက်မိတယ် " ဆိုတာကိုပဲ ထပ်ခါတလဲရေရွတ်နေရှာတော့တယ် ။

ဘာပဲဖြစ်ဖြစ်အသက်မသေရင်တောင်တော်လှပါပြီဆိုပြီး မိဘများမှာတော့အခုမှပဲဟင်းချနိုင်ရှာကြတော့သတဲ့ ။ နာလန်ထဖို့ကတော့စိတ်ရှည်လက်ရှည်စောင့်ရမှာပေါ့လေ ။ ဒါနဲ့ကိစ္စတွေနည်းနည်းငြိမ်သွားမှပဲ ကီတီ့အဖေချန်ရွာသူကြီးလည်း တိုက်ပုရစ်နောက်တစ်ကောင်သွားထပ်ဖမ်းဖို့ အချိန်လေးရက်တော့ရှိသေးတာသတိရမိလို့ စိတ်နည်းနည်းအေးသွားသတဲ့ ။ ပြီးတော့သူသာတိုက်ပုရစ်ကောင်းကောင်းနောက်တစ်ကောင်အချိန်မှီရှာဖမ်းပြီး ကီတီ့ကိုပြနိုင်ရင် နောင်တတကြီးနဲ့စိုးရိမ်ပူပန်လွန်းလို့ သည်းခြေပျက်သွားရှာတဲ့သူ့ကလေး ပြန်ပြီးကောင်းလာလိုကောင်းလာငြားဆိုတဲ့မျှော်လင့်ချက်လည်းပါတာပေါ့ ။ ပြီးတော့လည်းစိတ်သက်သာရာရစရာတခုက သူနဲ့ကီတီတို့ဂုတ်မည်းကြီးကိုရခဲ့တဲ့ရှေးသင်္ချိုင်းနားမှာပုရစ်တွေမှအများကြီးပဲကိုး ။ ချန်ရွာသူကြီးဟာတညလုံးအစီအစဉ်ချတွေးတောနေတာနဲ့ကြက်အိပ်ကြက်နိုးဖြစ်နေတုန်း မနက်အရုဏ်တက်ချိန်လောက်မှာ အိမ်ထဲကနေပုရစ်မြည်သံကျယ်ကျယ်လောင်လောင်ကြားလိုက်ရပါသတဲ့ ။ ဒါနဲ့သူလည်းတအံ့တသြနဲ့အသံလာရာ မီးဖိုချောင်ဘက်ကိုသွားကြည့်တော့ပုရစ်သေးသေးလေးတစ်ကောင်ဟာ ကျယ်ကျယ်လောင်လောင်မြည်ရင်းနံရံအပေါ် နားမှာနားနေတာကိုတွေ့ရပါရော ။

ဒါနဲ့အသံကျယ်သလောက် အကောင်ကသေးလွန်းလှလို့အသုံးမကျပါဘူးလေဆိုပြီး အဖေကြီးကအိပ်ရာဘက်ကိုပြန်မယ်အလုပ်မှာ ထူးထူးဆန်းဆန်းပဲပုရစ်ကလေးကသုံးကြိမ်သုံးခါမြည်လို့သူ့အကျီလက်ပေါ် ကိုလာနားသတဲ့ ။ သူ့အမူအရာကိုကြည့်ရတာ ကျုပ်ကိုဖမ်းပါဗျ လို့ပြောနေတဲ့အတိုင်းပဲ ။ ဒါနဲ့ချန်သူကြီးလည်းအသာဖမ်းပြီးပုရစ်ကလေးကိုအသေအချာကြည့်မိတော့ လည်ပင်းရှည်ရှည်နဲ့အတောင်မှာဆီးပွင့်ကွက်ကလေးတွေပေါ် လို့တော်တော်လှတဲ့အကောင်ကလေးဖြစ်နေတာကိုတွေ့ရသတဲ့ ။ အကောင်သာကြီးရင်တော့ တိုက်ပုရစ်ကောင်းကောင်းဖြစ်လာမဲ့ဟာမျိုးပေါ့ ။ ဒါပေမဲ့တခြားပုရစ်တွေရဲ့တစ်ဝက်စာတောင်မရှိတဲ့ဒီအသေးလေးကို ရွာသူကြီးခမြာနယ်စားမင်းကိုသွားမဆက်သရဲဘူး ။ နောက်တီးနောက်တောက်လုပ်ရကောင်းလားဆိုပြီး မျက်နှာမရခြေထောက်ရမဲ့ကိန်းမျိုးကိုး ။



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ရွာသူကြီးမင်းလည်း ပုရစ်လေးကိုအသာနံရံပေါ်ပြန်တင်လိုက်ပြီး သချိုင်းနားပဲသွားရှာပါတော့မယ်လို့စိတ်ဒုံးဒုံးချလိုက်တုန်းမှာပဲ သူ့အိမ်နားကလူငယ်တစ်ယောက်ရောက်လာသတဲ့ ။ အဲဒီလူရွယ်ရဲ့ပုရစ်ကသူတို့ရွာမှာတော့ပွဲတိုင်းကျော်ဗိုလ်ပေါ့ ။ အဲဒါချန်သူကြီးအခက်တွေ့နေကြောင်းကြားလို့ သူ့တိုက်ပုရစ်ကိုဈေးကောင်းကောင်းနဲ့ရောင်းမယ်ဆိုပြီးလာတာပဲ ။ ရွာသူကြီးလည်းတွေနေတာပေါ့လေ ။ ဒီကောင်က အတွေ့အကြုံရှိပြီးသားပုရစ်ဆိုတော့နယ်စားကိုဆက်သရရင် ကျေနပ်ကောင်းပါရဲ့ပေါ့ ။ ဒါပေမဲ့အပြောရှိသလောက် လက်တွေ့ကကောစွမ်းပါ့မလားလို့မေးတော့ လူရွယ်ကစမ်းကြည့်ပါလို့ဆိုသတဲ့ ။ ဒါနဲ့တိုက်ပုရစ်အပိုင်မရှိတဲ့သူကြီးလည်းနံရံပေါ်ကပုရစ်သေးလေးကိုအသာယူပြီး ရွာတိုက်ပုရစ်ကျော်နဲ့ တစ်ပွဲတစ်လမ်းစမ်းခိုင်းဖို့ပြင်တယ် ။ သူကြီးရဲ့လက်ထဲကအသေးလေးကိုလည်းမြင်ရော ဟိုပုရစ်ပိုင်ရှင်လူရွယ်ကရယ်တော့တာပဲ ။ ဆင်နဲ့ဆိတ်ဖြစ်နေတာကိုး ။ ဒါနဲ့ပုရစ်တိုက်ဖို့အတွက်ဇလုံကျယ်ကျယ်ထဲမှာပုရစ်နှစ်ကောင်ကိုထည့်ပြီး သံမျှင်အဖုံးအုပ်လိုက်တာနဲ့ ကီတို့အဖေသူကြီးခမြာ ပုရစ်တွေရဲ့အရွယ်အစားကြောင့် ရှက်လာပြီးပွဲတောင်ဖျက်လိုက်ချင်မိသတဲ့ ။ ဒါပေမဲ့ရွာသားလူငယ်က သူ့တိုက်ပုရစ်အစွမ်းကိုပြချင်နေတော့အဖျက်မခံဘူး ။ သူကြီးလည်း ကိုယ့်ကိုယ်ပိုင်ပုရစ်လည်းမဟုတ် ၊ အိမ်ထဲဝင်လာတဲ့ပုရစ်သေးသေးလေးနဲ့အစမ်းတိုက်တာပဲလေဆိုပြီးပဲ ထားလိုက်ရတော့တယ် ။

ဒါနဲ့ဇလုံထဲမှာ ပုရစ်နှစ်ကောင်ဆိုင်မိကြတော့ ချန်ပီယံတိုက်ပုရစ်ကြီးက အောက်မေးကိုဖွင့်ချီဟာချီနဲ့မာန်သွင်းပြီးထကိုက်မဲ့ဟန်ပြင်ပေမဲ့ အသေးလေးကတုတ်တုတ်မှမလှုပ်ဘူး ။ တိုက်ပုရစ်ပိုင်ရှင်လူရွယ်က အသေးလေးကိုငထုံဆိုတဲ့အကြည့်နဲ့ကြည့်ပြီး ဝက်မွေးရှည်ရှည်နဲ့ထိုးပြီးဆွသတဲ့ ။ ဒါလည်းဒီအတိုင်းငြိမ်နေတာပဲ ။လူရွယ်ကခိုးရယ်ရင်းအတင်းထပ်ဆွတော့ ပုရစ်ကလေးကရုတ်တရက်ပဲ တိုက်ပုရစ်ကြီးကိုခုန်အုပ်လိုက်ပါရော ။ အမြီးကလေးကိုကော့လိုက်ပြီး ဦးမှင်တစ်ထောင်ထောင်နဲ့ပုရစ်ကလေးခုန်အုပ်လိုက်တာမြန်လွန်းလို့ သူတို့အံ့သြနေကြတုန်းမှာပဲအသေးလေးက တိုက်ပုရစ်ကျော်ကြီးရဲ့ဂုတ်ကိုခဲနေပြီ ။ ဒါနဲ့သူ့တိုက်ပုရစ်အသေမခံနိုင်တဲ့ရွာသားလူရွယ်လည်းအမြန်အရှုံးပေးပြီးသူ့ပုရစ်ကြီးကိုကောက်ယူလိုက်ရသတဲ့ ။ အဲဒီတော့မှအသေးလေးကခေါင်းကိုမော့ ၊ အမြီးကော့ပြီးကြွားကြွားဝင့်ဝင့်နဲ့ ကရစ်ကရစ်မြည်တော့တာပဲ ။ ချန်ရွာသူကြီးကတော့ အံ့သြဝမ်းသာလို့မဆုံးတော့ဘူး ။ သူတို့တမိသားစုလုံးပျော်ရွှင်စွာနဲ့ တိုက်ပုရစ်အသစ်စက်စက်ကလေးကိုဝိုင်းကြည့်နေကြတုန်း အိမ်နားကကြက်ဖကြီးရောက်ချလာပြီး ဘယ်သူမှဘာမှမလုပ်နိုင်ခင်ပုရစ်ကလေးကိုကောက်ဖမ်းစားပစ်လိုက်သတဲ့ ။ ပုရစ်ကလေးဆတ်ကနဲခုန်လိုက်တယ်လို့တော့ထင်လိုက်ကြပေမဲ့ ပျောက်သွားတော့အစားခံလိုက်ရပြီလို့ပဲထင်ကြတာပေါ့လေ ။ ချန်သူကြီးခမြာမှာအခုမှကံကောင်းစရှိသေး  သူ့ပုရစ်ကိုကြက်စားသွားလို့အင်မတန်စိတ်ဓါတ်ကျသွားတုန်းမှာပဲ ကြက်ဖကကြောက်လန့်တကြားအော်ရင်းခေါင်းကိုအကြိမ်ကြိမ်ခါနေတာတွေ့ကြရပါရော ။ လက်စသတ်တော့ပုရစ်လေး



www.burmeseclassic.com

www.burmeseclassic.com

ကကြက်ဖလည်ဂုတ်ပေါ်ရောက်နေပြီး အတင်းခဲထားတာကိုး ။ ဒါမျိုးကိုတစ်သက်နဲ့တစ်ကိုယ်မကြုံဖူးကြတော့ လူတွေအကုန်လုံးအင်မတန်မှအံ့အားသင့်ကုန်ကြတော့တာပဲ ။ ဝမ်းအသာဆုံးကတော့ ကီတီ့မိဘတွေပါပဲ ။

ဒါနဲ့နောက်တနေ့ကျတော့ ကီတီ့အဖေကအသေးလေးကိုယူပြီး နယ်စားမင်းကိုအကျိုးအကြောင်းအစုံအလင်ပြောပြပြီးဆက်သသတဲ့ ။ နယ်စားမင်းကပုရစ်ကလေးရဲ့အရွယ်အစားကိုကြည့်ပြီး နည်းနည်းမှမယုံတဲ့အပြင် ကီတီ့အဖေကိုမထီမဲ့မြင်ပြုရကောင်းလားဆိုပြီးထမရိုက်ရုံတမယ်ပဲ ။ ဒါပေမဲ့ကီတီ့အဖေကအခိုင်အမာကိုပြောနေတော့သူ့အိမ်တော်ကပုရစ်တွေနဲ့စမ်းခိုင်းကြည့်တယ် ။ ထုံးစံအတိုင်း အသေးလေးကပွဲတိုင်းနိုင်တဲ့အပြင် ဆောင်းလယ်ပွဲတော်အတွက် လာဆက်သထားတဲ့အကောင်တွေကိုပါ အကုန်အနိုင်ယူပစ်လိုက်သတဲ့ ။ နောက်ဆုံးကီတီ့အဖေပြောသလိုကြက်ဖနဲ့စမ်းတဲ့အခါမှာလည်းကြက်ဖဂုတ်ကိုခဲပစ်တာပဲ ။ ဒီတင်ဆီးပွင့်လေးလို့ သူတို့ခေါ်ကြတဲ့အသေးလေးကို ဟွရင်နယ်ရဲ့ချန်ပီယံအဖြစ်လက်ခံလိုက်ကြပြီး ကြေးနီလှောင်အိမ်လေးနဲ့ အသေအချာထည့်လို့ ရွှေနန်းတော်ကိုဆက်သလိုက်ကြတော့သတဲ့ ။ အဲဒီနေ့ကမှတ်မှတ်ရရ ခုနစ်လပိုင်းရဲ့နောက်ဆုံးရက်ပါပဲ ။ တိုက်ပုရစ်ဆီးပွင့်ကလေးကို ခြေမြန်တော်တွေယူပြီး ဝန်ကြီးဆီကိုထွက်သွားကြတဲ့နေ့ပေါ့ ။

ကီတီ့အဖေကတော့ မျှော်လင့်တကြီးသတင်းတွေကိုစောင့်နားထောင်ရှာတယ် ။ တိုက်ပုရစ်တစ်ကောင်ကြောင့်စိတ်မူမမှန်ဖြစ်သွားရှာတဲ့သူ့သားကို နောက်ထပ်ပုရစ်တစ်ကောင်ကသက်သာစေလိုသက်သာစေငြားပေါ့လေ ။ မကြာခင်ပဲ ဆီးပွင့်ကလေးလို့ခေါ်ကြတဲ့အသေးလေးဟာ နယ်ပေါင်းစုံပိုလ်လုပွဲမှာ ဗိုလ်စွဲလို့နောက်ဆုံးဗိုလ်လုပွဲကိုတက်သွားပြီဆိုတဲ့သတင်းရောက်လာသတဲ့။ နောက်တစ်လဆိုရင်ပဲ ရွှေနန်းတော်မှာမိဘုရားကြီးဦးစီးကျင်းပမဲ့ဆောင်းလယ်ပုရစ်ပွဲမှာ အကောင်းဆုံးဆိုတဲ့တိုက်ပုရစ်နဲ့ အသေးလေးနဲ့တိုက်ကြတော့မယ် ။ ကီတီ့အဖေဆီကနေပြီးအသေးလေး သူ့ထက်အဆမတန်ကြီးတဲ့အကောင်တွေကိုဘယ်လိုအနိုင်ယူသလဲဆိုတဲ့ နည်းစနစ်ကိုကြားရတဲ့ကီတီ့အမေကဒီလိုမှတ်ချက်ချသတဲ့ ။

"......အင်း...ဒါကိုကြားတော့..ကျွန်မဖြင့်ကီတီခြောက်နှစ်သားတုန်းက..သူ့ဆရာကျောပေါ်ခုန်အုပ်ပြီးခေါင်းကိုအတင်းထုတာကိုတောင်သတိရမိသေးတယ်....သြော်...ကီတီ..ကီတီ..အမေ့သားလေး...ဟင်း..."

အသေးလေးကပွဲတိုင်းနိုင်နေပေမဲ့ ဒီသတင်းတွေကိုနားထောင်ဖို့တောင်ကီတီ့ခမြာသတိမကပ်ရှာပါဘူး ။ အမြဲတမ်းအိပ်ပျော်နေတာပဲများတော့ ကြက်ပြုတ်ရည်ကလေးကိုတောင် သူ့အမေကပါးစပ်ထဲကိုဇွန်းနဲ့အစက်ချလို့

www.burmeseclassic.com

ကျွေးရတယ် ။ ပထမရက်တွေမှာတော့ တစ်ကိုယ်လုံးကောက်ကွေးတောင့်တင်းပြီး ချွေးတွေရွှဲနေတာပဲ ။ ဒါနဲ့ဆေးသမားကိုခေါ်ကြရပြန်တော့ထုံးစံအတိုင်း သည်းခြေပျက်သွားတဲ့အတွက် သွေးလေဖောက်ပြန်ပြီး ခန္ဓာကိုယ်ထဲက ယင်နဲ့ယန်မညီမမျှ လွဲကုန်လို့ဖြစ်ရတာလို့ဆိုသတဲ့ ။ ပြီးတော့လိပ်ပြာပါလွင့်သွားတဲ့အတွက် စိတ်ရောကိုယ်ပါပြန်ကောင်းလာဖို့အတော်ကြာဦးမယ်လို့ ပြောပြီးပြန်သွားရော ။ ဒါနဲ့နောက်တခါကြွက်သားတွေ တောင့်တင်းပြီးတက်သလိုဖြစ်ပြန်ပြီး သုံးရက်လောက်အကြာမှာတော့ ကီတီနိုးလာသတဲ့ ။ နေမကောင်းဖြစ်နေတဲ့တလျှောက်လုံးမှာဒါ ပထမဆုံးအကြိမ်နည်းနည်းသတိကပ်လာရှာတာပဲ ။ အဲဒီနေ့ကမှတ်မှတ်ရရ ခုနစ်လပိုင်းရဲ့နောက်ဆုံးရက်ပါပဲတဲ့ ။ ကီတီ့အမေကကောင်းကောင်းမှတ်မိတယ် ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေ့ကအသေးလေးကိုရွှေနန်းတော်ပို့ဖို့ကီတီ့အဖေနယ်စားဆီတခေါက်ပြန်သွားရတဲ့နေ့ကိုး ။ ဒါနဲ့ကီတီနိုးလာတော့ သူ့အမေကိုမှတ်မိသလိုကြည့်ပြီး လေးလေးကြီးပြောသတဲ့ ။

"......သား..နိုင်တယ်.."

"......ဟယ်...သားနိုးလာပြီ...ဘယ်လိုနေသေးလဲဟင်..အမေ့သား...ခေါင်းကိုက်သလား....."

"......သား..နိုင်တယ်..."

"......ဘာကိုနိုင်တာလဲ..ကီတီရဲ့..."

"......မသိဘူး...ဒါပေမဲ့..သားနိုင်မှဖြစ်မယ်...."

ပြောပြီးတာနဲ့ ကီတီဟာချက်ခြင်းအသိစိတ်ပြန်ပျောက်သွားသလိုဖြစ်ပြီး ဝေါင်ဝေါင်ကြီးဝေးနေသတဲ့ ။ ပြီးတော့ပြန်ပြီးမြောသွားသလိုကြီး အိပ်ပျော်သွားလိုက်တာ နှစ်ပတ်လောက်ကြာသွားပြန်တယ် ။ နောက် ရှစ်လပိုင်းဆယ့်ရှစ်ရက်နေ့မှာ အရူးဏ်တက်စပဲရှိသေးတယ် ။ ကီတီဆီကနေ သူ့နဂိုသံလေးနဲ့ထအော်တဲ့အသံကြားလိုက်ကြရပါရော။

"......မေမေရေ...ဆာတယ်ဗျို့....."

www.burmeseclassic.com

ဒါဟာကီတီနေမကောင်းစဖြစ်ကတည်းက ပထမဆုံးအကြိမ်သူ့အမေကိုခေါ်တာပဲ ။ ကီတီ့မိဘများခမြာဝမ်းသာအားရနဲ့လူးလဲထကြပြီး ကီတီ့အိပ်ခန်းဘက်ကိုပြေးကြတာပေါ့ ။

"…..မေမေ..သားဗိုက်ဆာတယ်…"

ဆိုတဲ့အသံထပ်ကြားရတော့ ကီတီ့အမေခမြာအကျီလက်နဲ့မျက်ရည်သုတ်ရင်းပြောရှာသတဲ့ ။ ဝမ်းသာစိတ်ကိုဖုံးဖိမထားနိုင်တဲ့သူ့အဖေကလည်းဝင်မေးတယ် ။

"……သားလေး..မေမေ့သားနေကောင်းလာပြီနော်…"

"…..ငါ့သား…မင်းဘယ်နှယ်နေသေးလဲကွ….."

".......သားနေကောင်းပါတယ်…ဖေဖေရ..ဘာဖြစ်လို့လဲ…."

"…..မင်းကွာ…အိပ်နေလိုက်တာအကြာကြီးပဲ…."

".......ဟုတ်လား…ဘယ်လောက်ကြာသွားလို့လဲဗျ…"

"……သုံးပတ်ကျော်ကျော်ပဲကွ…တို့မှာစိုးရိမ်လိုက်ရတာ…."

"…ဟင်..သုံးပတ်တောင်…ဟုတ်လား…သားလည်းမသိလိုက်ရပါလား..ပျင်းစရာကြီးဗျာ..သုံးပတ်တောင်အိပ်နေရတာ…..ပြီးတော့ဖေဖေ..သားတောင်းပန်ပါတယ်ဗျာ..သားဂုတ်မည်းကြီးကိုယူဆော့ပြီးသတ်ပစ်တာမဟုတ်ပါဘူး…မတော်တဆလွတ်ထွက်သွားတာကို..ပြန်ဖမ်းရင်းနဲ့အခုလိုဖြစ်သွားတာပါ….စိတ်မဆိုးနဲ့နော်ဖေဖေ..သားပိုကောင်းတဲ့အကောင်ကိုပြန်ဖမ်းပေးမယ်…သိလား…ဒီနေ့ပဲသွားဖမ်းပေးမယ်…."

www.burmeseclassic.com

ကီတီ့အသံဟာပုံမှန်အတိုင်းပြန်ဖြစ်လာတဲ့အပြင် လွန်ခဲ့တဲ့သုံးပတ်ကကိစ္စကိုမနေ့ကမှဖြစ်ခဲ့သလိုပြောနေသတဲ့ ။ သူ့အဖေလည်းသက်ပြင်းချရင်း နှစ်သိမ့်ရတယ် ။

"…….ကီတီ…မစိုးရိမ်နဲ့တော့..ငါ့သားရဲ့…မင်းနေမကောင်းဖြစ်နေတုန်းမှာ..ပိုကောင်းတဲ့တိုက်ပုရစ်ကလေးတစ်ကောင်ကိုဖေဖေရှာတွေ့သကွ…နယ်စားမင်းကိုဆက်သလိုက်တော့..လက်ခံလိုက်ပြီးအခုဆိုရင်ဝန်ကြီးချုပ်ဆီကိုတောင်ရောက်သွားပြီ…ပြီးတော့တို့ပုရစ်ကလေးကပွဲတိုင်းနိုင်နေတယ်တဲ့ကွဲ….."

"……..ဒါဆိုဖေဖေ..သားကိုစိတ်မဆိုးတော့ဘူးပေါ့နော်…"

"…မဆိုးတော့ပါဘူး…သားရယ်…မစိုးရိမ်ပါနဲ့ကွယ်…မင်းကဖေဖေ့သားပဲဟာ…ပြီးတော့တို့ရဲ့ပုရစ်ကလေးကလည်းတိုက်ပုရစ်ကျော်ကြီးဖြစ်ရင်ဖြစ်လာမှာကွ…ဒီကောင်ဗိုလ်စွဲရင်..တို့တွေရွှေနန်းတော်ကိုတောင်သွားရင်သွားနေရမှာသိလား..ဆိုတော့မင်းကောင်းကောင်းနေကောင်းမှဖြစ်မှာ…ဟုတ်ပြီလား…."

အခုတော့ကီတီတို့မိသားစုကလေးဟာ အရင်ကထက်တောင်ပိုပြီးနွေးထွေးပျော်စရာကောင်းလာခဲ့သတဲ့ ။ ကီတီဟာကောင်းကောင်းထထိုင်နိုင်ပြီဖြစ်တဲ့အပြင် အစာလည်းပုံမှန်ပြန်စားနေပြီ ။ တခုပဲရှိတယ် ။ သူ့ခြေထောက်တွေပေါင်တွေနာတယ်ဆိုပြီးတော့ ညည်းညည်းနေတတ်တာပါပဲ ။ ကီတီ့အမေကသူ့အဖေကိုပြောတယ် ။

"…အဖေကြီးရေ့…..ကီတီကအိပ်ရာထဲမှာပဲနေပြီး..ခြေထောက်နာတယ်..ပေါင်နာတယ်ချည်းပြောနေသတော့်…"

"………သားလေ…မိုင်တွေအများကြီးခုန်ပေါက်ပြေးခဲ့ရသလိုပဲ..မေမေရဲ့..ပေါင်တွေကအရမ်းညောင်းပြီးနာနေတာ…."

သူ့အမေကကီတီ့ခြေထောက်ကလေးတွေကို ဆုပ်နယ်ပေးပေမဲ့ ကီတီကတော့ပေါင်တွေတောင့်နေတယ်လို့ချည်းပြောတာပဲ ။ မကြာခင်တော့ ကီတီအိပ်ရာထဲကထွက်ပြီး လမ်းလျှောက်စပြုပါသတဲ့ ။ သူနာလန်ပြန်ထပြီးသုံးရက်မြောက်တဲ့နေ့မှာ သားအမိသားအဖတတွေညစာစားပြီးတော့ စားပွဲနားထိုင်ရင်းသစ်အယ်သီးခွဲစားနေကြတုန်းကီတီကအမှတ်တမဲ့ဆိုတယ် ။

www.burmeseclassic.com

"…….ဒီသစ်အယ်သီးက…သားရွှေနန်းတော်ထဲမှာစားခဲ့ရတဲ့သစ်အယ်သီးလိုပဲ..တော်တော်ကောင်းတယ်…."

"……..ဘယ်မှာ..သားရဲ့…."

"…..ရွှေနန်းတော်မှာလေ…."

ကီတီကဘာမှမထူးဆန်းသလိုပဲ ပြန်ဖြေသတဲ့ ။ မိဘတွေကတော့ တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်နေကြပြီ ။

"…….သားရဲ့အိပ်မက်ထဲမှာလား….."

"……ဟုတ်ပါဘူး…မေမေရ….အပြင်မှာပါ…သားကောင်းကောင်းမှတ်မိတယ်…ရွှေနန်းတော်ထဲကမမလှလှတွေကရွှေရောင်..အပြာရောင်..အနီရောင်တွေဝတ်ပြီး..သားကိုဝိုင်းကြည့်နေကြတာ..သားကရွှေလှောင်အိမ်လေးထဲကနေထွက်လာတော့ချစ်စရာလေးကွယ်…လို့တောင်ဝိုင်းပြောကြသေးတယ်…."

"……..သားနေမကောင်းတုန်းက..အိပ်မက်မက်ခဲ့တာထင်ပါရဲ့ကွယ်…"

"…….မေမေကလည်း…သားမညာပါဘူးဗျ…သားရွှေနန်းတော်ထဲကိုတကယ်ရောက်ခဲ့တာပါဆို…."

"…….ဒါဆိုရင်..သားဘာတွေမြင်ခဲ့သလဲဆိုတာ..ပြောပြပါဦး…."

"…မုတ်ဆိတ်ရှည်ရှည်နဲ့လူကြီးတွေကိုလည်းမြင်ခဲ့တယ်…သူတို့ထဲကတယောက်ကဘုရင်ကြီးလားမသိဘူးဗျ..သူ့ကိုဆိုလူတွေကသိပ်ကြောက်ကြတာပဲ…သူတို့ကသားဆီကိုလာပြီးကြည့်ကြတယ်…သားကတော့ဖေဖေ့ကိုကတိပေးခဲ့တဲ့အတိုင်းနိုင်ကိုနိုင်ရမယ်လို့ပဲတွေးနေတာ……ပြီးတော့သားကိုရွှေလှောင်အိမ်လေးထဲကနေထုတ်လိုက်ကြရော..သားနဲ့ကိုက်ရမဲ့အကောင်ကြီးကအကြီးကြီးပဲဗျ….သိလား…..သူ့ဦးမှင်ကြီးတွေဆိုရင်အရှည်ကြီးပဲ…သားဖြင့်ပွဲမစမချင်းကြောက်လိုက်တာ…ဒါပေမဲ့ညတိုင်းညတိုင်းသားက..ဖေဖေ့အတွက်နိုင်ကိုနိုင်ရမယ်လို့ဆုံးဖြတ်ပြီးတိုက်

ခဲ့တာ...နောက်တော့သားမကြောက်တော့ဘူး...နောက်ဆုံးညကျတော့ခေါင်းနီကြီးတစ်ကောင်နဲ့သားတိုက်ရတယ် ခေါင်းနီကြီးကအကြီးကြီးပဲ...ဒါပေမဲ့သားမကြောက်ပါဘူး...သူ့ကိုခုန်အုပ်ပစ်တော့..သူကသားကိုဆီးပြီးကိုက်တယ် သားကခုန်ပြီးပြေးတာပဲ....အဲဒီညကသားတော်တော်ကိုမြန်သလို...နီးနီးကြားကြားရှိနေတာ...သူ့အမြီးကိုဆွဲပြီးစ ရင်းအလစ်မှာသူ့ရှေ့ခြေထောက်ကိုကိုက်ဖဲ့ပစ်လိုက်ရော....ဒါနဲ့ခေါင်းနီကြီးလဲစိတ်ဆိုးပြီးသားကိုဒေါသတကြီးဝင် ကိုက်တော့တာပဲ...သားကတော့သေပြီတောင်ထင်တာဗျ......နောက်ကျတော့ကိုက်မိကိုက်ရာလှမ်းကိုက်ပစ်လိုက် တော့မှခေါင်းနီကြီးလဲစိတ်ရှုပ်ပြီးနောက်ဆုတ်သွားတယ်.....သူ့မျက်လုံးကြီးတစ်ဖက်ကပေါက်ထွက်သွားတယ်ထင် တယ်..သွေးတွေထွက်လို့...သားလည်းသူ့ဂုတ်ပေါ်ကိုခုန်တက်ပြီးအသေကိုက်သတ်ပစ်လိုက်တော့တာ....."

ကီတီကစိတ်ပါလက်ပါနဲ့ အသေးစိတ်ပြောပြနေတာကို မိဘတွေကငြိမ်ပြီးနားထောင်နေကြသတဲ့ ။ ကလေးစိတ် စွဲပြီးအိပ်မက်ထဲမှာမြင်ခဲ့တဲ့ဟာတွေကို ပြောပြနေရှာတာလို့ပဲယုံကြည်လိုက်ကြတယ် ။ သူ့အဖေကတော့ကီတီကို အားပေးတဲ့အနေနဲ့မေးသတဲ့ ။

".......ဒီတော့သားကဆောင်းလယ်ပုရစ်တိုက်ပွဲကြီးမှာ..ဗိုလ်စွဲခဲ့တာပေါ့...ဟုတ်လား...."

".......ဟုတ်..ထင်တာပဲဗျ....သားနိုင်ခဲ့တယ်လေ....သားကဖေဖေ့အတွက်နိုင်ကိုနိုင်ရမယ်လို့ပဲတချိန်လုံးတွေးနေ ခဲ့တာကိုး...."

မိဘတွေကတော့ ကီတီလုပ်ကြံလိမ်ညာပြောနေတာမဟုတ်မှန်းလည်းသိနေတော့ ဘာလုပ်လို့လုပ်ရမှန်းမသိဘူး ။ စောင့်ကြည့်ကြတာပေါ့လေ လို့ပဲထားလိုက်ရသတဲ့ ။

ဒါနဲ့ရွှေနန်းတော်ကိုပို့ခံရတဲ့ဆီးပွင့်ကလေးလို့သူတို့ခေါ်ကြတဲ့ဟွရင်နယ်တိုက်ပုရစ်ကျော် အသေးလေးရဲ့ ဇတ်လမ်းကိုပြန်ဆက်ရရင် နောက်ဆုံးဗိုလ်လုပွဲကြီးမစမီတရက်အလိုမှာ အိမ်ရှေ့မင်းသားဆီကိုပို့လိုက်ကြတယ် ။ ဝန်ကြီးချုပ်ဟာ ဒီပုရစ်ပုစိကလေးကိုမင်းသားရဲ့လက်ကိုဆက်သဖို့ အတော်ကြီးကိုစွန့်စားလိုက်ရသတဲ့ ။ တကယ် လို့အသေးလေးကသူ့ဂုဏ်သတင်းအတိုင်းတကယ်စွမ်းရင်တော့တစ်မျိုးပေါ့ ၊ မဟုတ်ရင်တော့ ဒီလောက်သေးတဲ့ အကောင်ကိုသူမို့လို့မစဉ်းမစား တိုက်ပုရစ်လို့ခေါ်တယ်ဆိုပြီးအလှောင်အပြောင်ခံလိုက်ရမဲ့ဖြစ်ခြင်း ။ အသက်ကြီး လို့သူငယ်ပြန်နေပြီထင်ပါရဲ့ဆိုပြီး ရာထူးကိုတောင်ထိခိုက်လာနိုင်သေးတယ် ။ တွေးရင်းနဲ့တောင် ကျောချမ်းလာ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ဝန်ကြီးခမြာ စာလုံးပေါင်းသုံးထောင်ကျော်တိတိပါတဲ့သဝဏ်လွှာနဲ့ ဒီပုရစ်လေးဟာဘယ်လောက်စွမ်းကြောင်း ပွဲတိုင်းမှာဘယ်လိုအစွမ်းပြခဲ့ကြောင်း၊ ကြက်ဖကိုတောင်နိုင်ကြောင်းစသဖြင့် စုံတကာစေ့နေအောင်အမွှန်းတင်ပြီး ပို့လိုက်သတဲ့ ။ အိမ်ရှေ့မင်းသားကတော့ တိုက်ပုရစ်အသေးလေးကိုတလှည့် ၊ စာကိုတလှည့်ကြည့်ပြီးရယ်တော့ တာပဲ ။

"..အင်း....ဝန်မင်းကတော့သူငယ်ပြန်နေပြီကွဲ့....ဖြုတ်လောက်ရှိတဲ့အကောင်ကိုများ...သမုဒ္ဒရာချဲ့နေလိုက်တာ.."

"......ဘာပဲဖြစ်ဖြစ်..အပျော်သဘောနဲ့စမ်းတော့စမ်းကြည့်ရအောင်...မောင်မောင်ရယ်...ထိပ်ထားတို့ဆီမှာလဲတိုက် ပုရစ်တွေတပုံကြီးပဲဟာ.....အဖိုးကြီးသနားပါတယ်...စာတောင်တတန်တကရေးပြီးဆက်ရှာတာ...."

ဆိုပြီးသူ့မိဘုရားလေးကဝင်ပြောတော့ စမ်းဖြစ်သွားသတဲ့ ။ အသေးလေးကတော့ အံ့ဘနန်းကိုအစွမ်းပြတော့တာ ပဲ ။ သူ့အနားလှောင်ချိုင့်တွေထဲက နယ်တကာရဲ့တိုက်ပုရစ်ကျော်ကြီးတွေကိုလည်း နည်းနည်းမှကြောက်ဟန်မရှိ ဘူး ။ ပထမညမှာတင်ကို သူ့ကိုယ်နှစ်ဆရှိတဲ့အကောင်ကြီးကို ကိုက်သတ်ပစ်လိုက်ပြီးတဲ့နောက်မှာတော့ ဆီးပွင့် ကလေးဟာ နန်းတော်ထဲမှာရေပန်းအစားဆုံးအကောင်ဖြစ်လာသတဲ့ ။ အင်မတန်ကြေးကြီးတဲ့ နန်းတွင်းပုရစ်ပွဲ တိုင်းမှာလည်းအမြဲနိုင်တာပဲ ။ အသေးလေးပေါ့ပါးလျှင်မြန်ပုံကတော့ပြောစမှတ်တောင်ပြုကြရတယ် ။ သူ့ပြိုင်ဖက် တွေဟာ သူ့ကိုကိုက်မိသွားတယ်ဆိုတာ မရှိသလောက်ပဲ ။ ပြိုင်ဖက်ပုရစ်မောတဲ့အထိ ဟိုနားကိုက်လိုက် ၊ ဒီနား ကိုဆွဲလိုက်နဲ့ရန်စပြီး နောက်ဆုံးမှာဂုတ်ပေါ်တက်ခဲပြီး အပြီးသတ်လိုက်တဲ့တိုက်ကွက်ကို လူတွေဆိုတာပြောလို့ မဆုံးကြတော့ဘူး ။ ဒါနဲ့ဆောင်းလယ်ပုရစ်တိုက်ပွဲကြီးကို မြိမ့်မြိမ့်သဲသဲကျင်းပလိုက်ကြတာ ငါးရက်တိတိပဲ ။ ရှစ် လပိုင်းဆယ့်လေးရက်နေ့ကနေစလိုက်တာ ရှစ်လပိုင်းဆယ့်ရှစ်ရက်နေ့ညအထိပေါ့ ။ အဲ..နောက်ဆုံးဗိုလ်လုပွဲည မှာတော့အားလုံးကနိမိတ်ဖတ်ထားတဲ့အတိုင်း ဆီးပွင့်ကလေးလို့ခေါ်တဲ့အသေးလေးဗိုလ်စွဲသွားတော့တယ် ။ ဒါ ပေမဲ့နောက်ရက်မနက်မှာတော့ အသေးလေးဟာလှောင်အိမ်ထဲမရှိတော့ဘူး ။ လှောင်အိမ်တံခါးလည်းခတ်လျက် သားခြေရာလက်ရာမပျက်ပါပဲနဲ့ ထူးထူးဆန်းဆန်းပျောက်ကွယ်သွားတဲ့ အသေးလေးကိုနမြောစွာနဲ့ နန်းတော်တစ် ခုလုံးမြေလှန်ရှာကြသေးပေမဲ့ အပ်ပျောက်မြေကျသလိုပဲ ပုရစ်လေးကိုအစအနတောင်ရှာမရတော့ဘူးတဲ့လေ ။

ဟွာရင်နယ်ကချန်ရွှာသူကြီးဆက်သတဲ့ အသေးလေးဟာရွှေနန်းတော်ဆောင်းလယ်ပုရစ်တိုက်ပွဲမှာဗိုလ်စွဲ သွားတယ်ဆိုတဲ့သတင်း ကီတီတို့ဆီရောက်လာတော့ သူ့အဖေဟာစိတ်မထိန်းနိုင်ပဲငိုမိပါသတဲ့ ။ စိတ်လှုပ်ရှားဝမ်း



www.burmeseclassic.com

www.burmeseclassic.com

သာနေကြတဲ့မိသားစုဟာ ရှိသမျှလေးနဲ့ အကောင်းဆုံးဆင်ယင်ပြီး နယ်စားမင်းဆီကိုအခစားဝင်ကြရတယ် ။ ဟိုရောက်တော့ ကီတီ့ကိုနယ်စားမင်းကထူးထူးခြားခြားသဘောကျပြီး လစဉ်ထောက်ပံ့ကြေးနဲ့ဟွရင်တက္ကသိုလ်ကိုပို့ပေးမယ်လို့ကမ်းလှမ်းသတဲ့ ။

အဲဒီအချိန်ကနေစလို့ကီတီတို့မိသားစုရဲ့ကံဇာတာဟာပြောင်းလဲသွားတော့တယ် ။ ကီတီလည်းမကြာခင်ပဲလူပျိုပေါက်ကလေးဖြစ်လာပြီး တက္ကသိုလ်ကျောင်းစတက်ဖို့ပြင်နေခဲ့ပြီ ။ ကီတီဟာအသေးလေးရဲ့အကြောင်းကိုပြောသံကြားရင် အင်မတန်မှရှက်ကိုးရှက်ကန်းဖြစ်လာတတ်သလို ပုရစ်ကိုလည်းငယ်ငယ်တုန်းကလိုချစ်ဖို့နေနေသာသာ ပုရစ်တိုက်ပွဲသံကြားရင်ကိုအဲဒီဘက်ခြေဦးတောင်မလှည့်တော့ဘူး ။ ပုရစ်တွေ သွေးထွက်သံယိုနဲ့ ကိုက်ဖဲ့သတ်ဖြတ်နေတာမျိုးကိုလည်း နည်းနည်းမှမကြည့်ရက်နိုင်တော့ဘူး ။

ဒီလိုနဲ့တက္ကသိုလ်ကနေဘွဲ့ရပြီးတော့ ကီတီဟာဟန်လင်းသုခမိန်တစ်ပါးဖြစ်လာပြီး သူ့မိဘနှစ်ပါးရဲ့ဘဝဆည်းဆာအချိန်မှာအပြည့်စုံဆုံး တင့်တောင့်တင့်တယ်ပြုစုလုပ်ကျွေးနိုင်ခဲ့သတဲ့ ။ ကီတီ့အဖေချန်သူကြီးကတော့ အသေးလေးလို့ခေါ်ကြတဲ့ တိုက်ပုရစ်ကျော်ဆီးပွင့်ကလေးရဲ့အကြောင်းကို လူတကာကိုပြောပြလို့မဝနိုင်ဘူး ။ ပြီးရင်အမြဲတမ်းဂုဏ်ယူစွာနဲ့ဇာတ်လမ်းကို ဒီလိုအဆုံးသတ်တတ်သတဲ့ ။

"………သားသမီးတို့ရဲ့မိဘကိုရိုသေကိုင်းရှိုင်းပုံကိုင်းရှိုင်းနည်းကတော့..တစ်ယောက်တစ်မျိုးပေါ့ကွယ်….တချို့ကအိမ်အလုပ်ကူပေးမယ်…တချို့ကငွေရှာပေးမယ်….တချို့ကတော့ဘာမှထူးထူးခြားခြားမလုပ်တတ်ရှာပေမဲ့….မိဘစိတ်ချမ်းသာဖို့အတွက်ဘာမဆိုလုပ်ပေးချင်တယ်….အဲ……မိဘကိုတကယ်ချစ်တတ်ပြီးကူညီချင်တဲ့သားသမီးတွေကိုတော့မိုးနတ်မင်းကဘယ်တော့မှဒီအတိုင်းကြည့်မနေဘူးကွယ်တို့….ငါ့ကိုယ်တွေ့ပဲကွဲ့..မယုံမရှိကြနဲ့….."

………………………………………





www.burmeseclassic.com

www.burmeseclassic.com



# THE POETS' CLUB

From T'aip'ing Kwangchi, No.490. The story was written by Wang Chu (997 – 1057). Wang was a many-sided scholar who lived in the beginning of Sung Dynasty, and the decline of Tang poetry in his time may be the reason for this whimsical satire upon the latter-days poets. I have necessarily written the story, for the verses written by animals would have little meanings in translations. I have been compelled to translate the names of the poets into English, for the names in the original contain hints as to the true characters of poets.

**Lin Yutang**



www.burmeseclassic.com

www.burmeseclassic.com

# ၁၈ ။ ကဗျာ့ရိပ်မြုံ

လွန်ခဲ့တဲ့လေးနှစ်လောက်တုန်းကပေါ့ဗျာ ။ ကျုပ် ယွန်ယန်ဘက်ကိုခရီးဆန့်ရင်း မိတ်ဆွေဟောင်းကြီးချန်နဲ့မမျှော်လင့်ပဲဆုံမိတာနဲ့ အဲဒီမှာတစ်ထောက်နားလိုက်ရတုန်းကပေါ့ ။ သူလည်းနေပြည်တော်ကနေ ပန်ချန်ကိုပြန်လာရင်းနဲ့ ကျုပ်နဲ့ ယွန်ယန်မှာတိုက်တိုက်ဆိုင်ဆိုင်ကြီးလာဆုံမိကြတာကိုး ။ ဒါနဲ့ကျုပ်တို့တွေယွန်ယန်မှာရက်နည်းနည်းထပ်နေလိုက်ကြတော့တယ် ။ ကြုံတောင့်ကြုံခဲမဟုတ်လား ။ ချန်ဆိုလို့ပြောရဦးမယ် ။ ဒီလူကကဗျာသမားပီပီအလွန်စကားပြောကောင်းသလို ဟာသဉာဏ်ရွှင်တဲ့လူဗျ ။ အခုလည်း ကျုပ်တို့မတွေ့ရတဲ့နှစ်တွေ အတိုးချပြီးစကားတွေတဝကြီးပြောကြတော့ ကျုပ်ကိုသူတကယ်ကြုံခဲ့ပါတယ်ဆိုတဲ့ ဒီတောက်တီးတောက်တဲ့ဇာတ်လမ်းတစ်ပုဒ်ကိုပြောပြသဗျို့ ။ ဇာတ်လမ်းရဲ့ဘယ်နှစ်ရာခိုင်နှုန်းလောက်ကအမှန်ဖြစ်ပြီး၊ ဘယ်နှစ်ရာခိုင်နှုန်းလောက်ကပိုပြီးစိတ်ဝင်စားဖို့ကောင်းလာအောင် တည်းဖြတ်ပြုပြင်ထားသလဲတော့ကျုပ်မသိဘူး ။ ဒါပေမဲ့ ချန်မို့လို့များပြောလိုက်ရင်အင်မတန်နားထောင်လို့ကောင်းတာကိုး ။ သူကတော့ဒါလွန်ခဲ့တဲ့လကမှ ကြုံခဲ့ရတဲ့အဖြစ်အစစ်အမှန်ပါဆိုပြီးကျိန်တွယ်ပြီးတောင်ဆိုသဗျ ။ ထားပါတော့လေ ။ ကျုပ်မှတ်မိသလောက် ချန်ပြောသလိုအနီးစပ်ဆုံးပြန်ပြောရရင်ဒီလိုပါတဲ့ ။

✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍

အဲဒီတုန်းကဆယ်လပိုင်းရှစ်ရက်နေ့ကြီးဗျ..ကိုယ့်လူရဲ့ ။ ကျုပ်ကအနောက်တောင်ဘက်ကိုရောက်နေခဲ့တာ ။ ဘယ်..တစ်ရက်တောင်မနေရသေးဘူး ။ ကျုပ်အမေအသည်းအသန်ဖြစ်နေတယ်ဆိုပြီးလူလွှတ်ခေါ်ကြတာနဲ့ပြန်လှည့်ရပါလေရော ။ ကျုပ်မှာခြေမကိုင်မိလက်မကိုင်မိနဲ့ လမ်းခုလတ်ကနေပြီးလှည့်ပြန်လာခဲ့တာ ဒုတိယနေ့ရောက်တော့ ဝေနန်ဘက်ကိုပြန်ရောက်လာတယ် ။ ရာသီဥတုကလည်း နေ့ခင်းကြောင်တောင်ကြီးကို အေးခဲလာလိုက်တာဆိုတာများနှင်းတောင်ကျတော့မလိုပဲ ။ ဒါနဲ့လီတရားသူကြီးမင်းကကျုပ်ကို ဝိုင်နွေးနွေးဝင်သောက်ဖို့ခေါ်ရော ။ ဒါနဲ့ကျုပ်လည်း တပည့်ကိုဝန်စည်စလယ်တွေယူသွားပြီးသွားနှင့်ဖို့ပြောရတယ် ။ နောက်တစ်မြို့မှာကျုပ်ကိုသွားစောင့်နေဖို့ပေါ့လေ ။ အချိန်ကတော့နေ့ခင်းမွန်းတိမ်းစလေးရယ် ။ နောက်တစ်မြို့ကလည်းကပ်နေတာပါပဲ ။ အဝေးကြီးမဟုတ်တဲ့အပြင် ကျုပ်မြင်းကလည်းအတော်ကောင်းတော့ကျုပ်တပည့်ရှိရာဆီကိုညသန်းခေါင်လောက်လောက် အရောက်သွားနိုင်တာကိုး ။



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့အရက်နွေးနွေးကလေးသောက်ရင်း စကားစမြည်ပြောတုန်းရှိသေး ၊ နှင်းတွေအဆုပ်လိုက်အခဲလိုက် ကျလာတော့တာပဲ ။ လီတရားသူကြီးကတော့ ဝေနန်မှာပဲညအိပ်လိုက်ဖို့တိုက်တွန်းပါသေးတယ် ။ ဒါပေမဲ့ကျုပ်က သူ့အိမ်မှာမနေချင်တာနဲ့တပည့်ကျော်စောင့်နေကြောင်း ၊ ပြီးတော့အလျင်လည်းလိုနေကြောင်းပြောပြီး ဖွတ်ထွက် ခဲ့လိုက်ရော ။ ကျုပ်မှာမြို့ပြင်တောင်မရောက်တတ်သေးဘူးဗျာ..နှင်းပွင့်တွေကမျက်လုံးထဲဆုပ်ပက်လိုက်သလိုကို သည်းလာတာနဲ့ ဘာမှသိပ်မမြင်ရချင်တော့ဘူး ။ မြင်းကြီးခမြာလည်းရွှဲလို့စိုလို့ ။ ဒါနဲ့နှစ်ဦးသား မမြင်မကန်းနဲ့သွား ကြရင်း ချင်ရွှေကိုသွားကြမဲ့ခရီးဖော်တချို့နဲ့ဆုံမိလို့တော်သေးတယ် ။ တုန်ယန်ရောက်တော့ တထောက်နားတဲ့နေ ရာမှာညစာမှသုတ်သုတ်ကလေးစားတုန်းရှိသေး မှောင်သွားတာနဲ့ကျုပ်လည်းအမြန်ခရီးဆက်ဖို့ပြင်ရပြန်တယ် ။

တုန်ယန်ကနေထွက်လာတော့ဗျာ နှင်းဖုံးနေတဲ့တောလမ်းဟာ လရောင်အောက်မှာချောက်ချားစရာလှပ နေလိုက်တာ ။ တိမ်ခဲရောင်တွေကြားကမသာချင့်သာချင်သာရတဲ့ လရောင်ဟပ်လိုက်တော့ နှင်းတောတခုလုံးအံ့ ဩစရာအလင်းမှိန်ပြန်ဟပ်လို့ ကျောချမ်းစရာမဆုံးနိုင်တဲ့ ဆည်းဆာကမ္ဘာကြီးထဲရောက်သွားသလိုပါပဲ ။ ကျုပ်က တော့တုန်ယန်ကနေနည်းနည်းထပ်သောက်လာပြန်တော့ လူလည်းနွေးနေတဲ့အပြင် ခပ်ထွေထွေနဲ့ကြောက်ရလန့် ရကောင်းမှန်းမသိပါဘူး ။ ကျုပ်မြင်းကြီးကတော့ ဒီပတ်ဝန်းကျင်ကိုမကြိုက်ဟန်နဲ့ မကောင်းသူမကောင်းသားများ ကိုမြင်နေရသလိုပဲ ခွာတရှုပ်ရှုပ်နဲ့နှာမှုတ်ပြီးဂနာမငြိမ်ဘူး ။ ရုတ်တရက်ပဲနှင်းတွေပိုပြီးသည်းလာတော့ ရှေ့တလံ လောက်ကိုတောင်ကောင်းကောင်းမမြင်ရတော့ဘူးဗျ ။ ကျုပ်လည်းခေါင်းပေါ်ကို နှင်းကာဝတ်လုံတင်းတင်းဆွဲခြုံ ရင်းရှေ့လမ်းကိုပဲအာရုံစိုက်ထားရတယ် ။ ဒီလိုအားလုံးဖြူဖွေးနေပုံနဲ့တော့ လမ်းမှားဖို့ရာကအလွယ်လေးမဟုတ် လား ။ တကယ်လဲ လမ်းမှားသွားတော့တာပဲဗျို့ ။ ဘယ့်နှယ်..တစ်ထောက်နားတဲ့စခန်းကနေ တစ်မိုင်တောင်မရှိ တတ်သေးဘူးထင်နေရာကနေ တောင်ကြားတစ်ခုထဲကိုရောက်နေပါရောလား ။ ကျုပ်လည်းတပည့်ရှိရာမြို့ကိုဒီ ညအရောက်သွားမဲ့အကြံကိုဖျက်လိုက်ပြီး ရှေ့နားကမြင်နေရတဲ့ဘုံကျောင်းအိုလေးတစ်ခုဆီပဲ တညခိုဖို့သွားလိုက် ရတော့တယ် ။ ကျုပ်မြင်းကတော့ ဇက်ကြိုးကြီးတောင့်နေအောင်ကို ကြောက်နေတော့တာပဲဗျို့ ။ ခင်ဗျားသိတဲ့အ တိုင်း မြင်းတို့ဘာတို့ဆိုတဲ့တိရစ္ဆာန်တွေဟာ အင်မတန်အသည်းငယ်တဲ့ကောင်တွေကိုး ။ ပြီးတော့သူတို့မှာလူတွေ မခံစားနိုင်တဲ့ ဆဋ္ဌမအာရုံလိုမျိုးလည်းရှိဆို မဟုတ်လား ။ ဒါနဲ့ကျုပ်လည်းသူ့ကိုဘုံကျောင်းရှေ့က သစ်ပင်မှာချည် ပြီးလှန်ထားခဲ့တော့ခွာစုံပေါက်ပြီးပစ်ရုန်းတော့တာပဲဗျို့ ။ မျက်လုံးကြီးတွေဝိုင်းဝိုင်းလည်လို့ နှာပေါက်တွေတဆတ် ဆတ်တုန်နေတဲ့ကျုပ်မြင်းကြီးကို မနည်းချော့မော့ပြီးငြိမ်အောင်လုပ်ထားခဲ့ရတယ် ။ ဒါတောင်တချက်တချက်တုန် ယင်လို့နေခဲ့ရှာတယ် ။ ဘယ်တတ်နိုင်မလဲဗျာ ။ ဒီညတော့ဆက်သွားလို့မှမဖြစ်တော့တဲ့ဟာကို ။



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်လည်း " အရှင်ဘုရားတို့..အရှင်ဘုရားတို့" ဆိုပြီးအော်ခေါ်ကြည့်ရတာပေါ့ ။ ကြည့်ရတာတော့ဘုံကျောင်းပျက်ခင်ဗျ ။ မှောင်လို့မည်းလို့ရယ် ၊ ဘယ်သူမှရှိဟန်မတူဘူး ။ ဒါနဲ့ကျုပ်ဘုရားကျောင်းဆောင်အနောက်ကိုအသာသွားပြီးတော့ အထဲကိုချောင်းကြည့်တော့ ဟိုးအတွင်းဆောင်ဘက်မှာတော့ ဆီမီးရောင်မှိန်မှိန်လေးကိုလှမ်းတွေ့လိုက်ရတယ် ။ ဒါနဲ့လူရှိဟန်တူတယ်ဆိုပြီး ထပ်အော်ခေါ်ကြည့်ရတာပေါ့ ။

".......ဘယ်သူများရှိပါသလဲခင်ဗျာ....ကျုပ်နှင်းတောထဲမှာလမ်းမှားလာတဲ့ခရီးသည်ပါ...တညလောက်ခိုချင်လို့ပါခင်ဗျား...အရှင်ဘုရားတို့...မောင်ကျောင်းသားတို့..."

ဆိုပြီးနှစ်ခါသုံးခါအော်ခေါ်လိုက်တော့ ကျောပေါ်မှာဘုကြီးနဲ့ဘုန်းကြီးအိုကြီးတစ်ပါးထွက်လာသဗျ ။ ဝါမွဲမွဲသင်္ကန်းကိုခါးကုန်းကြီးလုံအောင်ခြုံပြီး တလှုပ်လှုပ်နဲ့လာရာတဲ့ဘုန်းတော်ကြီးဟာအိုလှပါပြီ ။ ကျုပ်ကိုလက်ဖဝါးလေးမျက်လုံးပေါ်ကာလို့ကြည့်ရင်း ခေါ်ရှာတယ် ။

".........ဟေ...ဝင်ခဲ့ပါကွယ်..ဝင်ခဲ့ပါ....."

ကျုပ်လည်းဘုန်းကြီးရှိရာအတွင်းဆောင်ဘက်ကိုဝင်သွားရော ။ ဘုန်းကြီးခမြာအိုရှာလွန်းလို့မျက်ခွံတွေတောင်တွဲကျလို့ရယ် ။ ကျောပေါ်ကဘုကြီးကြောင့်ခါးအဆမတန်ကုန်းပြီး ခေါင်းနဲ့လည်ပင်းနဲ့တတန်းတည်းငိုက်စိုက်ကြီးဖြစ်နေရှာတယ် ။ ပြီးတော့ကျုပ်ကိုမေးကလေးရှေ့ထိုးပြီး အကဲခတ်သဗျ ။ ခင်ဗျားမြင်ဖူးတယ်မဟုတ်လား ။ ဟိုလူအိုလူမင်းတွေ မျက်မှန်ပေါ်ကနေကျော်ပြီးကြည့်တဲ့အကြည့်မျိုးနဲ့ပေါ့ ။ သူ့ကိုကြည့်ရတာတခြားတယောက်ကိုမျှော်နေတဲ့ပုံပဲ ။ ကျုပ်ကိုလည်းသူမျှော်နေတဲ့ဧည့်သည်လိုများထင်သလားမဆိုနိုင်ဘူး ။ ဝမ်းသာအားရကြိုသဗျ ။

"......လာ...လာ....အထဲမှာဦးချကြီးတော့ရောက်နေနှင့်ပြီကွဲ့......"

ဒါနဲ့ကျုပ်လည်းလမ်းပျောက်လာတဲ့ခရီးသည်ဖြစ်ကြောင်းနဲ့ ဒီတညတော့ဖြစ်နိုင်ရင်ဒီမှာခဏခိုချင်ကြောင်းမြန်မြန်ရှင်းပြလိုက်တော့မှ ဘုန်းတော်ကြီးကမေးရော ။



www.burmeseclassic.com

www.burmeseclassic.com

"…….ဟော…အေး…အေး..ဒီကာကလမ်းပျောက်လာသတဲ့လား…ဒါနဲ့ဒီလောက်နှင်းမုန်တိုင်းကျနေတဲ့ညမျိုးမှာ ဘယ်များအရေးတကြီးသွားစရာရှိနေလို့တုံးကွယ်….."

"………တပည့်တော်ကအိမ်ပြန်ပြီးမိခင်ကြီးကိုစောင့်ရှောက်မလို့ပါ..ဘုရား…တပည့်တော်ကပန်ချန်ကပါ…."

"…….အင်း….ဒီကာ့ကိုကြည့်ရတာစာပေသမားဂိုက်ပဲ….တို့တွေလည်းဒီညမှာမိတ်ရင်းဆွေရင်း..ဒီကာရင်းတချို့နဲ့ စာပေဆွေးနွေးပွဲကလေးလုပ်ကြမလို့ကွဲ့…ဒီကာစိတ်ဝင်စားမယ်ဆိုရင်..တို့နဲ့အတူဝင်ပြီးဖလှယ်နိုင်ပါတယ်ကွယ်… မင်းကကဗျာသမားထင်ပါ့ရဲ့…ဟုတ်ကဲ့လား….."

"…….တင်ပါ့..ဘုရား..တပည့်တော်စာတိုပေစလက်ရာလေးတွေတော့..ရေးလေ့ရှိပါတယ်….."

"………ဟန်တာပဲကွယ်……တို့ထဲမှာလည်းကဗျာသမားတွေအများကြီးပါတယ်…ဒီညပွဲကတော့သိပ်စိတ်ဝင်စားဖို့ ကောင်းမှာပဲ…အိမ်း..အိမ်း…အထဲဝင်…ဒီကာရဲ့….အပြင်မှာအေးလှတယ်….."

အမှန်အတိုင်းပြောရရင်တော့ဒီလိုနှင်းမုန်တိုင်းကျနေတဲ့ညမျိုးမှာ ဒီလိုတောင်ကြားကဘုံကျောင်းပျက်ထဲကဗျာ သမားတွေလာစုပြီး စာပေဆွေးနွေးကြတယ်ဆိုတာကြားတော့ အတော်အံ့ဩမိသဗျ ။ နောက်မှပဲ ဒီစာပေသမား တစ်စုဟာ လူသိများထင်ရှားသူတွေမဟုတ်ကြပဲ ဝါသနာအရရေးကြစပ်ကြနဲ့ ဒီအုပ်စုကြားမှာပဲပြန်လှည့်ပတ်ဖတ် ကြ ၊ ဝေဖန်ထောက်ပြကြလုပ်နေတဲ့ တကယ့်စာပေဝါသနာအိုးတွေဖြစ်နေမှန်းသိရတော့တာကိုး ။ ပြီးတော့သူတို့ ဟာသမားရိုးကျသမားတွေမဟုတ်ပဲ ခေတ်ဆန်းကဗျာတစ်မျိုးကိုတီထွင်နိုင်ဖို့ကြိုးပမ်းနေသူတွေဖြစ်ကြပါသေးသ တဲ့ ။ ဒီအုပ်စုထဲကလူတိုင်းဟာ သူတို့သီကုံးဖွဲ့ဆိုထားတဲ့ကဗျာ့လမ်းကနေတဆင့် ဈန်ဝင်စားပြီး အမတကိုတက် လှမ်းနိုင်ဖို့ကြိုးစားနေကြတယ်ဆိုပဲ ။ အနည်းဆုံးတော့ ဒါဟာသူတို့ရဲ့မျှော်မှန်းချက်ပန်းတိုင်ပေါ့လေ ။

အဲ.. ဒါနဲ့ခုနကစကားကိုဆက်ရရင် ကျုပ်ဘုံကျောင်းအနောက်ဆောင်ထဲဝင်လာတော့ အခန်းထောင့် မှာဗိုက်ပူကြီးနဲ့လူဝကြီးတစ်ယောက်ထိုင်နေသဗျ ။ ဧည့်စိမ်းဖြစ်တဲ့ကျုပ်ဝင်လာတာကိုလှမ်းမြင်ပေမဲ့ သူ့နေရာမှာ သူအင်မတန်ပဲသက်တောင့်သက်သာရှိလွန်းလို့လား ၊ ဓလေ့ထုံးတမ်းတွေကိုပဲဂရုမစိုက်တတ်လို့လားတော့မဆို နိုင်ဘူး ၊ ထပြုပြီးနှုတ်ဆက်တာမျိုးမရှိဘူး ။ ဒါခုနကဘုန်းတော်ကြီးပြောခဲ့တဲ့ ဦးချူကြီးပဲထင်ပါရဲ့ ။



www.burmeseclassic.com

www.burmeseclassic.com

"......ဦးချူကြီးရေ...ဒါကချန်ကဗျာဆရာတဲ့ကွဲ့....ချန်ပန်နယ်သားပေါ့...ဒီညသူ့နယ်ကိုပြန်ရင်းနဲ့တို့ကျောင်းမှာတညတည်းမဲ့အတူတူ..စာပေပွဲမှာဝင်နွှဲဖို့ဘုန်းကြီးဖိတ်ခဲ့တယ်....ကိုင်း...ဒကာလေး...သူကတော့ချူဟော့တဲ့...တို့ကတော့ဦးချူကြီးလို့ပဲခေါ်ကြတယ်...."

ဒီတော့မှဦးချူကြီးဆိုတဲ့လူကြီးက မျက်မှန်ပေါ်ကနေကျော်ကြည့်ရင်း ထနှုတ်ဆက်ဖို့ပြင်သဗျ ။ ကျုပ်လည်းကပျာကယာဆိုရတယ် ။

"......ဟာ..နေပါစေ..ဦးမင်းခင်ဗျာ...ထမနေပါနဲ့...ကျွန်တော်ကညေ့်သည်ပါ...တွေ့ရတာဝမ်းသာပါတယ်...."

တကယ်လည်းကျုပ်ကဦးချူကြီးကိုတော့သဘောကျသွားရယ် ။ သူ့နာမည်ကချူဆိုတော့ဝက်လို့အဓိပ္ပါယ်ရသလိုပဲ လူကလည်းတုတ်တုတ်တိုတိုနဲ့ဝဝအိအိကြီးဗျ ။ မေးထပ်ကြီးတွေတွဲကျလို့ လက်ချောင်းဝဝတိုတိုကလေးတွေကိုရင်ပတ်ရှေ့မှာမမှီမကန်းယှက်ထားပုံကတော့ တကယ့်ကိုလယ်တောကသန့်သန့်ရှင်းရှင်းဝက်ကြီးမျိုးကိုအမှတ်ရစရာပဲ ။ ဒါနဲ့ကျုပ်လည်းအိမ်ရှင်ဘုန်းကြီးအိုကြီးဘက်ကိုလှည့်ပြီးမေးရပြန်တယ် ။

"......အရှင်ဘုရားရဲ့ဘွဲ့တော်ကိုလဲအမိန့်ရှိပါဦး...ဘုရား..."

"......အင်း...ကျုပ်ရဲ့ဘွဲ့ကတော့ခပ်ရှည်ရှည်ပဲ.....ဒါပေမဲ့ကျုပ်ကျောကုန်းပေါ်ကဘုကြီးကြောင့်လူတွေကကျုပ်ကိုဘို့တစ်လုံးဆရာတော်ဆိုပြီး..ခင်ကြီးအုတ်လို့ခေါ်ကြတော့..အဲသလိုပဲမှတ်ထားလိုက်ပေါ့ကွယ်...."

ဆိုပြီးဘုန်းကြီးအိုကြီးက လေသံလေးလေးတွဲ့တွဲ့နဲ့ အိန္ဒြေကြီးစွာဆိုတယ် ။ ခင်ကြီးအုတ်ရဲ့သင်္ကန်းအိုဝါညိုညိုကသူ့ကိုယ်လုံးပေါ်မှာချောင်ကျလို့၊ ငယ်ငယ်ကတော့အရပ်ရှည်ခဲ့ဟန်တူပါရဲ့ ။ သူ့ကုလားထိုင်ပေါ်ကုန်းကုန်းကွကွနဲ့လာထိုင်တော့ ခြေတံလက်တံရှည်ရှည်လိုလိုကြီးတွေကိုတောင် မြင်နေရသေးတယ် ။ ဦးချူကြီးကတော့အသံအစ်အစ်နဲ့ရယ်ရင်းဆိုသဗျ ။

"........ကျုပ်တို့ကတော့ချစ်စနိုးနဲ့..ဆရာတော်ဦးဘု..လို့ခေါ်တာပဲ...."



www.burmeseclassic.com

www.burmeseclassic.com

"…….သက်တော်ကကော..ဘယ်လောက်ရှိပါပြီလဲ…ဘုရား….."

"…….ကျုပ်လား..ရှစ်ဆယ်ကျော်ပြီ…ဒကာရဲ့…ကျုပ်ပျို့ရွယ်စဉ်ကတော့သွားလိုက်တဲ့ခရီးတွေဆိုတာတော့ဗျာ…အခုဒကာ့လိုပေါ့…ငယ်ငယ်ကတော့မိုင်ရှစ်ဆယ်..တစ်ရာဆိုတာဘယ့်နှယ်မှတောင်မနေဘူး…ရက်ပေါင်းမြောက်များစွာမောရမှန်းမသိ..ပန်းရမှန်းမသိ..မစားမသောက်ပဲနဲ့ကိုကြွခဲ့တာ…အခုတော့ခြေတွေလက်တွေလည်းမသန်လှတော့ဘူးဗျာ….ညောင်းညာကိုက်ခဲတတ်လာခဲ့ပြီ……

ပြောပြောဆိုဆိုနဲ့ ဂေါက်ရောဂါကြောင့် ယောင်နေတဲ့ဒူးကြီးကိုပြရှာတယ် ။ ဒီညလိုအင်မတန်အေးပြီး စိုစွတ်တဲ့ညများမှာဆိုရင်အင်မတန်ဒုက္ခပေးတဲ့ဒူးကြီးတဲ့ ။ ပြီးတော့အဝေးတနေရာကိုမျှော်ငေးလို့ ရှေးဟောင်းနှောင်းဖြစ်တွေကိုစားမြုန့်ပြန်နေဟန်နဲ့ တွေနေသေးတယ် ။ ပြီးတော့အလန့်တကြားထပြောသဗျ ။

"…….ဟေ…အချိန်တောင်မနည်းတော့ဘူး..ပါမောက္ခဦးဖြူလည်းမရောက်သေးပါလား….ခါတိုင်းဆိုသူကအဦးဆုံးရောက်တတ်တာ……"

"…….ပါမောက္ခဦးဖြူဆိုတာဘယ်သူများလဲ..ဘုရား…."

ကျုပ်လည်းမကြာခင်ပဲတွေ့ရတော့မဲ့ လူထူးလူဆန်းစာပေသမားတွေအကြောင်းကိုသိလိုစိတ်နဲ့မေးမိတယ် ။

"…….အင်း…ပါမောက္ခဦးဖြူက..တို့ထဲမှာတော့..အတော်ဆုံးဝေဖန်ရေးသမားပေါ့ကွယ်…နာမည်ရင်းကတော့ဖြူချိုဝေ့လို့ခေါ်တယ်….အခုပဲရောက်လာပါလိမ့်မယ်…နှင်းမုန်တိုင်းကြောင့်နောက်ကျနေတာထင်ပါရဲ့……လာ..လာ…ဒကာ…မီးနားတိုးထိုင်ကွဲ့…အေးလှတယ်…"

ခင်ကြီးအုတ်ဟာညှော်ဝတ်ကျော့မြွန်စွာကျုပ်ကိုနေရာထိုင်ခင်းပေးပြီးလည်ပင်းရှည်ကြီးတဆန့်ဆန့်နဲ့ထပ်ရောက်လာမဲ့သူတွေကိုမျှော်ရှာသဗျ ။ အိုလည်းအိုလှပြီဆိုတော့နေးနေးကွေးကွေးနဲ့ တံခါးဖက်ကိုပြန်လှည့်နေပုံကိုကြည့်နေမိရင်းဒီဘုန်းကြီးအိုကြီးရဲ့ရင်ထဲမှာရှင်သန်နေသေးတဲ့ ကဗျာဝိညာဉ်ကိုကျုပ်ဖြင့်လေးစားမိပါတယ် ။ စာအကြောင်း ၊ ကဗျာအကြောင်းများပြောလိုက်ရင် တောက်ပသွားတဲ့မျက်လုံးတွေကလူငယ်များလိုပဲ ။ ကျုပ်နဲ့ စကားနည်းနည်း

www.burmeseclassic.com

ထပ်ပြောမိကြတော့ ခင်ကြီးအုတ်နှစ်နှစ်ခြိုက်ခြိုက်ဖတ်လေ့ရှိတာက ချီအာတောင်ရဲ့လက်ရာတွေပါတဲ့ ။ ချီအာတောင်ကလည်းဘုန်းတော်ကြီးပဲမို့ထင်ပါရဲ့ ။ ဒါနဲ့ခင်ကြီးအုတ်က ဒေသ်မှော်နေတုန်း ကျုပ်ဦးချူကြီးနားထိုင်ပြီး စကားစမြည်ပြောဖြစ်တယ် ။ ကျုပ်ထင်တဲ့အတိုင်းပဲ ဦးချူကြီးဟာလယ်တောမှာ သူ့ကလေးတပြုံတောင်ကြီးနဲ့ နေကြသတဲ့ ။ သူ့စကားတွေအရဆိုရင် ဦးချူကြီးဟာမိသားစုကိုအတော်ချစ်တတ်မဲ့လူမျိုးဗျ ။

မကြာခင်ပဲဘုံကျောင်းရှေ့ရင်ပြင်ကွက်လပ်ကလေးကိုဖြတ်လျှောက်လာတဲ့ ခုံဖိနပ်သံတခွပ်ခွပ်နဲ့အတူ မြူးမြူးကြွကြွသီချင်းညည်းသံပါကြားလိုက်ကြရတယ် ။

"............ဘာ..ဟီ...ဘာ...ဟီ....ကိုယ်လာပါပြီ...ဒါ..ဒါ..ဒီ..ဒီ....ဟီ..ဟီ..ဟီ..ဟီ..."

အသံနဲ့အတူပိန်ပိန်ရှည်ရှည် ၊ မျက်နှာသွယ်သွယ်နဲ့လူငယ်တစ်ယောက် အခန်းထဲကိုခုန်ပေါက်လုမတတ် တက်တက်ကြွကြွဝင်ချလာသဗျ ။ သူ့ပုခုံးပေါ်ကစောင်မီးခိုးရောင်မဲ့မဲ့ကြီးမှာတော့ နှင်းဥကလေးတွေသီးလို့ရယ် ။ ရှေ့သွားဖြူဖြူကြီးကြီးတွေဝင်းနေအောင် ပြုံးနေတဲ့လူရွယ်ဟာအခန်းထဲရောက်နေတာတောင် သီချင်းဆက်ဆိုတုန်းပဲ ။

".........မိုင်ပေါင်းရာချီ..လျှောက်ခဲ့ရသည်...အို..ပန်းလုပေါ့အတည်....နွမ်းလျခဲ့ပြီ...ဟီ..ဟီ.......ကိုင်း..ကျုပ်ကဗျာလေးဘယ့်နှယ်နေသလဲဗျ..မိတ်ဆွေများ..."

"..........ဒကာချန်ရေ...ဒီကောင်ကလေးကတော့ဒွန်နယ်ကီးတဲ့...ကျုပ်တို့ကတော့ဒွန်လို့ပဲခေါ်လေ့ရှိတယ်...ဒီအုပ်စုထဲမှာတော့ပင်ကိုဇဝနဉာဏ်အင်မတန်ရှင်တဲ့..ကဗျာဆရာပေါက်စပေါ့......"

"..........ရပ်ဝေးတနယ်က..အို..အဆွေ...တွေ့ရတာဝမ်းသာလှပါသလေ....."

ဒွန်ကသီချင်းဆိုသလိုဆက်ဆိုရင်း အင်မတန်မှဖြူဖွေးကြီးမားတဲ့ရှေ့သွားတွေပေါ်အောင်ပြုံးရယ်ပြပြန်သဗျ ။ ဒီလူရွယ်ဟာပြောင်ချော်ချော်နဲ့ပေမဲ့ ခင်မင်စရာပုံတော့ပေါက်ရှာသား ။ ဆံပင်ကြမ်းကြမ်းထောင်ထောင်တွေက လည်ပင်းတုတ်တုတ်ရှည်ရှည်အပေါ်မှာဝဲဖွာကျလို့ ၊ မျက်နှာညှိုပိန်ပိန်ရှည်ရှည်နဲ့ ချောတော့မချောရှာပေသိ အင်မတန်



www.burmeseclassic.com

ကိုမြူးမြူးကြွကြွရှိတဲ့သူငယ်ကိုး ။ အခုလည်းဦးချူကြီးဘက်လှည့်ရင်း နောက်တီးနောက်တောက်နဲ့ဆိုပြန်တယ် ။

"......ဗျို့...ဦးဝတုတ်...ဒီအပိုဒ်လေးနားထောင်ကြည့်စမ်းပါဦးဗျာ....ဘာတဲ့...အဟမ်း..အဟမ်း....

.......... မိုင်ပေါင်းရာချီ..လျှောက်ခဲ့ရသည်...အို..ပန်းလှပေါ့အတည်....နွမ်းလျခဲ့ပြီ.........ဟီ..ဟီ.........
............မောင့်ခမြာတစ်ကိုယ်တည်း...ဟီး..ဟီး..အထီးကျန်အားငယ်ကာပင်...စိတ်ဘဝင်မလန်းရွှင်ပေသည်...."

"........ကောင်းသဗျား...ကောင်းသဗျား....အထူးသဖြင့်ကာရန်ယူပုံကညက်ညောလှပါပေတယ်....."

ဦးချူကြီးကတော့ သူ့ဝသီအတိုင်းသဘောမနောကောင်းစွာနဲ့ချီးမွမ်းပေမဲ့ အခန်းထောင့်နားကအသံသေးသေးစူး စူးတစ်သံကတော့ သဘောတူဟန်မတူဘူး ။

"........ဒွန်ရယ်...မင်းဟာကလည်းအထီးကျန်ပြီး..စိတ်မရွှင်ဘူးသာဆိုတယ်...သွားကြီးဖြီးနေတော့..အပြောနဲ့အ လုပ်မကိုက်လှပေါင်ကွာ....."

"..........ဟင်....ဦးဖြူတောင်ရောက်နေမှကိုးဗျ.....ဘယ်တုန်းကတည်းကရောက်နေတာတုန်း....ကျုပ်တောင်မသိ လိုက်မိပါလား......ခင်ဗျာ့မျှော်နေကြတာပဲ....ပါမောက္ခကြီးရေ့....."

ခင်ကြီးအုတ်တအံ့တသြပြောတော့ ကျုပ်တို့လည်းအခန်းထောင့်ဘက်ကိုလှည့်ကြည့်လိုက်မိတယ် ။ ခပ်သေးသေး နဲ့အရပ်ပုပုလူတစ်ယောက်က အခန်းထောင့်ကထိုင်ခုံအိုကလေးပေါ်မှာ သက်တောင့်သက်သာထိုင်လို့နေသဗျ ။ သူ့မျက်လုံးသေးသေးတွေကတော့ ဆီမီးရောင်မှိန်မှိန်ထဲတောက်ပလို့ရယ် ။ သူ့ကိုဝမ်းသာအယ်လဲဝိုင်းနှုတ်ဆက် ကြတာကိုမတုန့်ပြန်သေးဘဲ စကားစကိုပြန်ဆက်တယ် ။

"........မင့်ကဗျာသွားအရဆိုရင်အထီးကျန်စွာနဲ့..အငြင်းပယ်ခံရသူ...အဲ..ဟုတ်ပေါင်...ဘာတဲ့..နွမ်းလျစိတ်မရွှင် သူမဟုတ်လားကွဲ့....ဒါပေမဲ့အင်မတန်မှမြူးရွှင်နေတဲ့မင့်အမူအရာနဲ့တော့..နည်းနည်းမှမစပ်ဟပ်သာအောင်ကွာ ဟနေတော့...ကဗျာဟာလေးနက်သင့်သလောက်မလေးနက်ဘူးပေါ့...ဒွန်ရဲ့..."



www.burmeseclassic.com

www.burmeseclassic.com

"………ဦးဖြူနယ်…ဘယ်တုန်းကများအသာလျှိုဝင်လာပါလိမ့်ဗျာ…အသံမပေးဘာမပေးနဲ့…..”

"……အိုဗျာ..ကိုယ်တော်ကလည်း…အဆန်းလုပ်လို့…ကျုပ်ကဒွန်လိုရှေ့ပြေးခုံဖိနပ်သံတခွပ်ခွပ်နဲ့..ဆူညံခုန်ပေါက်ဝင်လာလေ့မှမရှိတာကို…..”

ကျုပ်လည်း ဝှတီးဝှကျနဲ့အတော်ကပ်တီးကပ်ဖဲ့နိုင်ဟန်ရှိတဲ့ ပါမောက္ခဖြူချီဝေ့ဆိုသူကိုအသေအချာကြည့်မိသဗျ ။ လူဖလံလေးပါပဲ ။ အဝတ်အစားနွမ်းနွမ်းဘိုသီဘတ်သီနဲ့ပေမဲ့ မျက်လုံးတွေကတော့ဉာဏ်ပညာကြီးဟန်နဲ့တလက်လက်တောက်လို့ရယ် ။ ကျွတ်ဆတ်ဆတ်မျက်နှာပေးနဲ့ ပုခုံးပေါ်ကိုဝဲကျနေတဲ့ဆံရှည်ကြမ်းကြမ်းကြီးတွေပေါင်းစပ်လိုက်တော့တကယ့်စာသမားပညာရှင်ရုပ်မျိုးပါပဲ ။ ခင်ကြီးအုတ်ကတော့ ပျော်ပျော်ရွှင်ရွှင်စကားစမြည်စပြောတော့တာပဲ ။

"……….လာ…လာ….ဦးဖြူ….မီးနားလာထိုင်ဗျ….ခင်ဗျားရဲ့ထင်မြင်ယူဆချက်တွေကအဖိုးတန်ပါပေ့ဗျာ…ဒါပေမဲ့ကောင်းကောင်းမွန်မွန်ကြားနိုင်ရင်…ပိုအဆင်ပြေတာပေါ့…..ဒွန်တို့လိုလူငယ်တွေအတွက်ကတော့မထောင်းတာလှပေမဲ့…ကျုပ်တို့လိုလူအိုလူမင်းများကျပြန်တော့…အကြားအာရုံကမသန်လှတော့ဘူးရယ်……”

"…….ခက်တာပဲဗျာ…တပည့်တော်ကဒီနားမှာအလွန်ကိုသက်တောင့်သက်သာရှိနေတဲ့ဟာကို….ကဲ..ကဲ…လာဆိုတော့လည်းလာရတာပေါ့….ဟင်း…..”

ဒါနဲ့လူ့ဝှစာပါမောက္ခကြီးက အောင့်အောင့်အင်းအင်းနဲ့ကျုပ်တို့နားရွှေ့လာတယ် ။ ခြေထောက်တိုတိုခွင်ခွင်တွေကိုပုံမကျပန်းမကျလှမ်းရင်း ခင်ကြီးအုတ်အနားကကုလားထိုင်ကြီးတစ်ခုပေါ်မှာမကြည့်မသာဝင်ထိုင်လိုက်တဲ့ ပါမောက္ခကြီးရဲ့ကိုယ်နံ့ပြင်းချက်ကတော့ဗျို့…..ကျုပ်မှာ အသက်တောင်ရဲရဲမရှူနိုင်ဘူး ။ အင်း..ပါမောက္ခကြီးရဲ့အတွင်းအဖျှတ္တဟာဖြူစင်လှပရင်လှပပေလိမ့်မယ် ။ ဗဟိဒ္ဓကတော့ အတော်အနံ့ပြင်းပြီး စိတ်ရောကိုယ်ပါ အချဉ်ပေါက်နေပုံပဲဗျ ။

မကြာခင်ပဲ နောက်ထပ်ဧည့်သည်သုံးယောက်ထပ်ရောက်လာကြတယ် ။ တစ်ယောက်ကတော့ တောင့်တောင့်တင်းတင်းနဲ့ အင်မတန်ဖျတ်လတ်ပုံပဲ ။ သူ့ကိုတော့ မုဆိုးကျော်ဂေါင်လို့ခေါ်ဝေါ်သုံးနှုန်းနေကြတာကြားမိ

www.burmeseclassic.com

တယ် ။ ရုပ်ချောချောနဲ့ခံ့ခံ့ငြားငြားခေါင်းမော့ပြီးနေတတ်တဲ့နောက်ထပ်လူရွယ်တစ်ယောက်ကတော့ မျက်နှာကြီးကိုရဲနေတာပဲ ။ နာမည်ရင်းကချင်ဂျီယန်ပါတဲ့ ။ ဒါပေမဲ့သူ့မျက်နှာရဲရဲနဲ့ ပြောင်နေအောင်သထားတဲ့ဆံပင်အမောက်ကြောင့်မောက်နီလို့ပဲပြောင်ခေါ်ကြသတဲ့ ။ဒီလုလင်ဟာအချစ်ကိစ္စတွေမှာ အင်မတန်ဝါသနာကြီးပြီး ကမ္ဘာ့ရှုးထိုးနိုင်လှသလိုချစ်သူရည်းစားလည်းအင်မတန်များတယ်လို့ ဦးချူကြီးကကျုပ်နားကိုတိုးတိုးကပ်ပြီးအတင်းအုပ်သဗျ ။ မောင်မောက်နီဟာ ရုပ်ကလည်းချောမောပြီး ၊ စာပေသမားလည်းဖြစ်ပြန်တဲ့အပြင် အခုချိန်အထိလူပျိုလူလွတ်ပဲရှိသေးတော့ မိန်းမအင်မတန်ပွေတဲ့ ပျိုတိုင်းကြိုက်နှင်းဆီခိုင်ပါတဲ့လေ ။ ပြီးတော့ မောက်နီဟာ အချစ်ဆိုမှအချစ်သက်သက်ပဲရေးဖွဲ့သလို သူ့စာတွေကနည်းနည်းလေးရာဂနွယ်တဲ့ တို့တော့မယ်တဲ့ဆိတ်တော့မယ်ဆိုတဲ့ ဖဲတော့မောင်တော့တွေများပါသတဲ့ ။ ဒါပေမဲ့လူငယ်ပရိတ်သတ်ကတော့ အတော်ကြိုက်ကြတယ်လို့ဆိုတယ် ။

ဒါပေမဲ့ဒီညမှာထူးထူးခြားခြားရှိလှသူကတော့ အသံသေးသေးစူးစူး လေပေါက်မြင့်မြင့်နဲ့စကားပြောတတ်ပြီးမိန်းမချောချောတဲ့မြောင်ပါပဲ ။ မြောင်ရဲ့သွားလာလှုပ်ရှားပြုမူပုံတွေဟာ အင်မတန်မှကိုသိမ်မွေ့ပြီးကျက်သရေရှိလွန်းလို့အံ့တောင်သြယူရသဗျ ။ နူးညံ့လွန်းလို့နည်းနည်းတောင်နွဲ့သလိုထင်ရတယ် ။ တခါတလေစကားပြောရင်းလက်ချောင်းသွယ်သွယ်တွေကို ပါးပြင်မှာကပ်ထားတတ်သေးတယ် ။ လက်သည်းတွေကတော့ ဇာတ်သမအလားမှတ်ရသဗျို့..ရှည်ပြီးချွန်မြနေတာပဲ ။ ဦးချူကြီးကတော့ သဘောကောင်းကြီးပီပီ သူသဘောမကျတဲ့သူမရှိဘူးဆိုတော့ မြောင်ဟာ အင်မတန်မှခံစားမှုပြင်းထန်တဲ့ ကဗျာဆရာဆိုပြီးချီးမွမ်းသဗျ ။ မြောင့်ကဗျာတွေဟာဆိုရင် သူ့ရဲ့အလှကျက်သရေနဲ့ အတွင်းစိတ်သဏ္ဍာန်ကိုထင်ဟပ်နေတဲ့ ရင်တွင်းခံစားချက်တွေချည်းပါပဲတဲ့ ။ မုဆိုးကျော်ဂေါင်ကတော့မြောင်နနဖတ်ဖတ်ပျော့ညက်နေပုံကိုရော ၊ သူ့ရဲ့အမြဲမျက်ရည်မစဲငိုပွဲကြီးဆင်နေတဲ့ကဗျာတွေကိုပါ နည်းနည်းမှကြည့်မရဘူးလို့ ကွယ်ရာမှာဦးချူကြီးကိုရင်ဖွင့်ဖူးပါသတဲ့ ။ ဒါပေမဲ့ပညာရှိတို့အမျက်အပြင်မထွက်ဆိုသလိုပဲ မြောင်နဲ့ မုဆိုးကျော်ဂေါင်တို့ဟာနှစ်ဦးစလုံး ယဉ်ကျေးသူသိမ်မွေ့သူတွေဖြစ်ကြတော့ တစ်ယောက်နဲ့တစ်ယောက်လုံးလုံးကိုသဘောမကျကြတာကို အပြင်မထွက်စေပဲ ထိပ်တိုက်မတွေ့အောင်ရှောင်ကြဟန်ရှိတယ် ။

ကျုပ်ကတော့လား..ကျုပ်ကတော့ဒီလိုအင်မတန်ကွဲပြားခြားနားတဲ့ ကိုယ်ရည်ကိုယ်သွေးအသွင်အပြင်နဲ့လူတစ်စုဟာ ကဗျာအပေါ် စိတ်အားထက်သန်လွန်းလို့ နှင်းမုန်တိုင်းတိုက်နေတဲ့ကြားကတောင် ဒီလိုတောင်ကြားမှာမဖြစ်ဖြစ်အောင်လာစုကြတာကိုချီးမွမ်းအံ့သြလို့မဆုံးဘူး ။ ကျုပ်ဟာလည်းစာပေနယ်မှာအတန်အသင့်နာမည်ရသူပီပီ လူသိများထင်ရှားတဲ့ကဗျာသမား ၊ စာသမားတွေကိုတော့ မသိတဲ့သူမရှိသလောက်ပေမဲ့ ဒီလူတွေကိုတော့ တခါမှမကြားဖူးခဲ့ဘူး ။ သို့ပေမဲ့ဒီမောင်တွေ ကဗျာစျာန်ဝင်ပုံကတော့စံတင်လောက်ပါပေတယ်ဗျာ ။ သူတို့အားလုံး



www.burmeseclassic.com

ဟာခေတ်ဆန်းကဗျာအသစ်မျိုးရဲ့ စွန့်ဦးတီထွင်ရှေ့ပြေးတပ်သားတွေအနေနဲ့ခံယူထားကြသလိုပဲ လူသာမန်( သူတို့ကတော့လူပြိန်းတဲ့ခင်ဗျ) တို့နားမလည်နိုင်လောက်အောင်ရှုပ်ထွေးကွဲပြားလှတဲ့ရေးဟန်ကိုလည်း အလွန်ဂုဏ်ယူကြဟန်ရှိတယ် ။ တုဖုတို့ ၊ လီပိုတို့လိုဂန္ထဝင်ကဗျာသမားကြီးတွေ ရှေ့ကနေတတ်နိုင်သလောက်လမ်းထွင်သွားခဲ့သလိုပဲ သူတို့လိုမျိုးဆက်သစ်လူငယ်လူရွယ်တွေက လမ်းသစ်တွေကိုမပြတ်ရှာဖွေနေရမယ်လို့ ဒီအုပ်စုက လက်ခံထားကြသတဲ့ ။ မျိုးဆက်သစ်ဆိုပေသိ ခင်ကြီးအုတ်တို့ ၊ ဦးဖြူတို့ကတော့မသစ်လှတော့ဘူးပေါ့လေ ။ သို့ပေမင့် စိတ်ပျိုကိုယ်နုမဟုတ်ပါလား ။ အဲ..ဆိုရရင်ဒီကဗျာ့လမ်းသစ်ကပဲ လက်ငါးချောင်းလိုတစ်ယောက်တစ်ပုံဖြစ်နေတဲ့လူတစ်စုကိုပေါင်းစည်းစုဖွဲ့ပေးလိုက်တာပါပဲ ။ဒါကြောင့်မို့ပဲတခြားကဗျာသမားတွေရဲ့အကြည်ပါခံခဲ့ကြရသလားဆိုတာတော့ သူတို့ပဲသိနိုင်ပေလိမ့်မယ် ။

ကျုပ်အဲဒီညနေမှာနားဆင်ခဲ့ရတဲ့ ကဗျာတချို့ကတော့ အပြင်လူမဆိုထားနဲ့ သူတို့အချင်းချင်းကြားထဲမှာတောင်ဘာသာပြန်ယူရတဲ့အထိပဲ ။ တစ်ပိုဒ်ပဲဥပမာပြလိုက်မယ် ။ ကြားကြားချင်းတော့ နကန်းတစ်လုံးတောင်နားမလည်ဘူးဗျ ။ အဲ ကဗျာ့အနက်ရှင်းလင်းချက်ကိုကြားမိပြန်တော့ မပြုံးမိအောင်အတော်ထိန်းထားလိုက်ရတယ် ။ လည်တိုင်ရှည်ရှည် မျက်နှာသွယ်သွယ်နဲ့ သွားဖြူကြီးတွေဖြီးနေတတ်တဲ့ သူငယ်ဒွန်နယ်ကီးရဲ့ကဗျာတစ်ပုဒ်ဆိုပါတော့ ။ ဘာတဲ့

"......နှင်းဆီဖူးအသွင်သွန်းကြွေကာ..ရွှန်းစိုလက်...

......ဝိုင်းစက်စက်စတုဂံကြည်လင်..ဦးချိုရွှေစင်..."

တဲ့ခင်ဗျ ။ စတုဂံပါဆိုမှလေးထောင့်ကြီးမို့စတုဂံခေါ်တယ်မဟုတ်လားလို့ ၊ဘယ့်နှယ်ဝိုင်းစက်တဲ့စတုဂံရယ်လို့ဗျာ ။ ပါမောက္ခဦးဖြူလိုဂွစာတောင်ခေါင်းတဆတ်ဆတ်နဲ့နှစ်သက်လို့မဆုံးတဲ့ ဒီကဗျာကိုကျုပ်မှာတစ်လုံးတစ်ပါဒတောင်နားမလည်ဘူးဗျို့ ။ ဒါနဲ့ခပ်ရှက်ရှက်ပဲ နည်းနည်းလောက်ရှင်းလင်းမိန့်ကြားပေးဖို့မေတ္တာရပ်ခံတော့ ဦးဖြူကစိတ်ရှည်လက်ရှည်နဲ့ရှင်းပြရှာတယ် ။ ဒီကဗျာဟာဒွန်နဲ့ဇနီးရဲ့ခြေသည်းအကြောင်းကို ဖွဲ့ဆိုထားတာဆိုပဲ ။ ဦးချိုဆိုတာကမာကျောကြည်လင်တဲ့ ကျွဲကော်သားလိုခြေသည်းကိုဆိုလိုတာတဲ့ခင်ဗျ ။ ကြံ့ဘူးပေါင်ဗျာတို့ ၊ ချိုနဲ့ခြေသည်းနဲ့ဘာဆိုင်လို့တုန်း ။ အဲလေ..ကိုယ်ခန္ဓာအပိုင်းအစချင်းအတူတူဆိုပါတော့..ကဲပါ..ထားပါတော့ ။ အဲ..ဝိုင်းစက်တဲ့စတုဂံဆိုတာကတော့ ခြေသည်းပုံသဏ္ဍာန်ကိုဆိုလိုပါသတဲ့ ။ ကျုပ်လည်း စိတ်ထဲကယားကျိကျိနဲ့စောဒကတက်မိတယ် ။



www.burmeseclassic.com

www.burmeseclassic.com

"......ဟင်...ဘယ့်နယ့်ဟာတုန်း...အဲလေ..အဟမ်း...ဟုတ်ပါပြီ...ထားပါတော့....ရွှန်းစိုတယ်ဆိုတာကရော...."

"......ဩော်..မောင်ရင်ကစကားစပ်ကိုသေချာနားမထောင်မိလို့ပါ....ဒီလိုလေ...ဒွန်ကသူ့စိတ်ကူးကိုကွန့်မြူးစေတဲ့ကြည်နူးစရာအဖြစ်တစ်ခုကို..သိမ်မွေ့လှတဲ့ကဗျာကနေတဆင့်..တို့တွေကိုပြောပြဖို့ကြိုးစားနေတာကွဲ....အရင်လကဒွန်နဲ့သူ့ဇနီးသည်တို့ညနေခင်းလမ်းလျှောက်ထွက်စဉ်ကအဖြစ်ပေါ့...ညမှောင်ရီပိုးတဝါးမှာအိမ်ပြန်လာကြတော့ဒွန့်ဇနီးသည်ရဲ့အဝတ်ဖိနပ်ပျော့လေးက..နှင်းရည်ရွှဲလို့ခြေချောင်းထိပ်လေးတွေကိုတောင်..ဖောက်မြင်ရမတတ်ပါတဲ့...ဆိုတော့ဒွန်က..မြက်ခင်းစိမ်းပေါ်ကနှင်းဥတွေခိုတွဲစီလို့ရွှဲနေတဲ့..ဒွန်ကတော်ရဲ့ခြေသည်းလေးတွေအကြောင်းကိုဒီကဗျာကနေတဆင့်..စာပန်းချီခြယ်လိုက်တာပဲ..မောင်ရင်ရဲ့..နှစ်ကြောင်းသာရှိတဲ့ဒီကဗျာလေးရဲ့နောက်ကွယ်ကကြည်နူးစရာဇာတ်ကြောင်းဟာ...အရိပ်အမြွက်လောက်ပဲရှိပေမဲ့...အင်မတန်ထည်ဝါတဲ့ရသကိုခံစားရတော့တာပေါ့....အင်းပေါ့လေ...တကယ်လို့မောင်ရင်ကဒွန်နဲ့သူ့ဇနီးကြားကအဖြစ်တွေကို..ကကြီးကနေအ..အဆုံးသိမယ်ဆိုရင်တော့...ဒီကဗျာကိုပိုပြီးအနှစ်အရသာရှိရှိအပြည့်အဝခံစားနိုင်မှာပေါ့ကွယ်......"

ပါမောက္ခဦးဖြူရဲ့ရှင်းလင်းချက်ကိုကြားလိုက်ရတော့ ကျုပ်မှာယောင်ယမ်းပြီးတံတွေးမြိုချမိသဗျ ။ သွယ်ဝိုက်ညွှန်းဆိုတဲ့ ဝက်ဝုတ်ဆိုတာမျိုးက ကဗျာ့အသက်ပဲဆိုတာလဲသိပါရဲ့ ။ စာရှုသူများကလည်းတိမ်မြုပ်နေတဲ့အဓိပ္ပါယ်ကိုရှာဖွေရတဲ့စာမျိုးမှ စာကောင်းထင်တာလည်းအမှန်ပါပဲ ။ ကွန်ဖြူးရှပ်ကြီးကိုယ်တိုင်ကိုက " သုံးဆယ်ရှယ်ရောက် ကြုံကြုံခံလျှောက်"ဆိုတာမျိုးသုံးခဲ့သေးတာပဲဟာ ။ မောင်ဒွန်ကိုကြည့်ရတာ ကွန်ဖြူးရှပ်ရဲ့ပရိသတ်ထင်ပါရဲ့ ။ ဘယ်လိုပဲဆိုဆိုလေ နက်နဲတဲ့အဓိပ္ပါယ်များဟာ ကြံဆတွေးတောယူရတဲ့အတွက် စာဖတ်သူများအဖို့ဂုဏ်ယူနစ်သက်စရာဖြစ်ပေမဲ့ နားလည်နိုင်မှသာခံစားလို့ရတဲ့အမျိုးမဟုတ်လား ။ ကျုပ်လည်း မနေနိုင်မထိုင်နိုင်နဲ့ထပ်ပြီးမေးမိတယ် ။

"........အင်း...ဒါပေမဲ့ဒီလိုအသုံးကလေးကတစ်ချို့သူတွေအတွက်တော့...နည်းနည်းများမရှင်းမလင်းမဖြစ်လွန်းဘူးလားလို့ပါ......."

"..........ဘယ်သူတွေအတွက်တုန်း...မောင်ရင်ရဲ့...တို့များအတွက်တော့..ပုံရေးပြသလားမှတ်ရတယ်...ရှင်းလိုက်တာမှ.....နလပိန်းတုံးတွေအတွက်ကတော့...နားလည်ဖို့ခက်ခဲမလားမဆိုနိုင်ဘူး....ဒါပေမဲ့ကိုယ်ပိုင်အတွေးအခေါ်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ခံစားမှုရယ်..သိမ်မွေ့တဲ့ကွဲပြားချက်တွေ..အနုစိတ်တဲ့အနက်တွေနဲ့သစ်ဆန်းတဲ့ရေးဖွဲ့ဟန်တွေပေါင်းစပ်ထားတဲ့ဒီလိုဝက်ဝုတ်မျိုးဟာ..တို့အတွက်တော့ရှင်းလင်းလိုက်တာမှ..မုန့်တီဟင်းလိုအကွင်းအကွင်းပေါ့......"

ကျုပ်မှာ ပါးစပ်ကြီးဟောင်းလောင်းပွင့်သွားအောင်အံ့အားသင့်မိပေမဲ့သူစိမ်းလည်းဖြစ် ၊ ဧည့်သည်လည်းဖြစ်နေလေတော့ အလွန်စိတ်အားထက်သန်နေတဲ့အိမ်ခံပါမောက္ခကြီးနဲ့အခြေအတင်မဖြစ်ချင်လို့ ငြိမ်နေလိုက်ပေမဲ့ ဟိုကပြီးသေးဟန်မတူဘူးခင်ဗျ ။ အာပေါင်အာရင်းသန်သန်နဲ့ သူ့မေးခွန်းသူအတင်းပြန်ဖြေပြီးရှင်းတော့တာပဲ ။

"........တချို့တွေအတွက်မရှင်းမလင်းဖြစ်နေမလားဆိုတော့..ဒီလိုရှိသလေ...စာဆိုဆိုတာမျိုးက..စာရှုသူတွေရဲ့ရင်ထဲတခုခုထည့်ပေးလိုက်နိုင်ဖို့..စကားလုံးတွေကိုရွေးချယ်သီကုံးရတဲ့တာဝန်ရှိသကိုးကွဲ့..ကဗျာ့ရသဆိုတာကလဲဒီစကားအသုံးအနှုန်းတွေကနေတဆင့်သာ..လှုံ့ဆော်နှိုးဆွပေးနိုင်တဲ့အမျိုးကိုး..စကားလုံးသိမ်မွေ့ကွယ်ဝှက်ပြီးအနက်ဖွင့်ရခက်လေ..ခံစားရလေမဟုတ်လား..ဒါကြောင့်လဲခေတ်အဆက်ဆက်က..ကဗျာသမားတွေမှန်သမျှကသွယ်ဝိုက်ညွှန်းဆိုတဲ့ဝက်ဝုတ်တွေကိုသုံးစွဲခဲ့ကြတာပေါ့ကွ..စကားစုလေးတစ်ခုဆိုပြီးအထင်မသေးနဲ့..မောင်..ဒီနှစ်လုံးသုံးလုံးနဲ့တင်ကို..ဇာတ်ကွက်တစ်ကွက်လုံးသာမက..ဇာတ်လမ်းတစ်ခုလုံးတောင်ဖြစ်လာအောင်တတ်နိုင်သကွဲ့...သို့ပေသိအခုများတော့..ဟိုလူကလည်းဝက်ဝုတ်..ဒီစာတိုစာစမှာလည်းဝက်ဝုတ်နဲ့..ရေးစာတွေကိုဖောချင်းသောချင်းသုံးစွဲပစ်လိုက်ကြတာ..နဂိုတန်ဖိုးတွေတောင်ပျောက်ကုန်ပါပြီကော....ဒီတော့တို့များလိုခေတ်ဆန်းစာဆိုတွေကလူသုံးမများသေးတဲ့..ဝက်ဝုတ်တွေကိုရှာဖွေပြီးတော့သုံးစွဲကြရတယ်......တချို့အသုံးတွေများတိမ်မြုပ်သွားလိုက်တာ..ပါဠိစာထဲကနေပြန်ရှာသုံးရတာတောင်ရှိသေးတယ်....ဒီလိုရှားရှားပါးပါးအသုံးတွေကိုစာကြေတဲ့သူတွေသာမှတ်မိသိပြန်တော့လည်းပီတိဖြစ်ကြရပြန်တယ်....ဆိုတော့မောင်ရင်ရေ့...လူ့အန္ဓတွေအတွက်ကတော့မတတ်နိုင်တော့ဘူးလို့သာဆိုရတော့မယ်.....တချို့သူတွေအတွက်အမယ်ဘုတ်ချည်ခင်လိုအစရှာမရပေမဲ့..ပညာရှင်တွေကတော့ချက်ကနဲတွေ့နိုင်တာပါပဲ......ကျုပ်ဆို..စာဆိုကြီးတုဖုရဲ့ရိုးရှင်းတဲ့အသုံးအဖွဲ့လေးတွေကို..ရှာဖွေလိုက်စားလာတာမောင်ရင့်တစ်သက်လောက်ရှိမပေါ့ဗျာ...ကဗျာဆိုတာမျိုးကထင်းကနဲမဟုတ်ပဲ..ကြံဆရမှအရသာရှိတာဆိုတော့ဝက်ဝုတ်များလေ..နက်နဲလေပေါ့လေ....ဒီနေ့ခေတ်ကဗျာတွေကတော့..အားထုတ်တတ်တဲ့ဝါသနာပါမှကိုက်မှာ...အရိပ်အယောင်လေးတစ်စွန်းတစ်စကိုကိုင်ပြီး..အပြင်းအထန်ကြံဆရတာကိုကအရသာဖြစ်လာတော့တာကိုး စဖတ်ကတည်းက..အကောင်ထင်နေပြီဆိုရင်တော့..စာကောင်းမမည်လှဘူးပေါ့ဗျာ...နော..."

ဆိုပြီးရှင်းလင်းပြတ်သားစွာပဲ ပါမောက္ခဦးဖြူကမိန့်သဗျား ။ ကျုပ်ကတော့အံ့သြပြီးရင်းအံ့သြလို့ပေါ့လေ ။ မကြာ



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး ။ ဘုံကျောင်းပျက်ထဲရောက်နေကြတဲ့ ကဗျာ့သူရဲကောင်းတွေ တစ်ယောက်ပြီးတစ်ယောက် အရင်တစ်လ စာကဗျာတွေစာတွေကို အသီးသီးထဖတ်ကြရွတ်ကြပြီး အချင်းချင်းဝေဖန်အကြံပေးတာတွေ ၊ မှတ်ချက်ပေးတာ တွေစလုပ်ကြတော့တာပါပဲ ။ ဝေဖန်တာထက် ချီးမွမ်းခံစားကြတာပိုများတာကိုတော့ ပြောစရာတောင်မလိုပါဘူး ။ ကိုယ့်ငါးချဉ်ကိုယ်တယ်ချဉ်တဲ့မောင်တွေကိုးဗျ ။ တစ်ယောက်ကဗျာကိုတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက်ကြီးလည်း ခံစားနားလည်ချင်ကြတော့ အလွန်အမင်းကိုရှုပ်ထွေးတဲ့အသုံးမျိုးကိုတော့ စာဆိုကပဲဝမ်းသာအားရရှင်းပြပြောဆို ပြီးစခန်းသွားကြတာပါပဲ ။ ကျုပ်ကတော့ထပ်ပြီး ဥပမာတွေမပေးပါရစေနဲ့တော့ဗျာ ။ အူနာလွန်းလို့ ။ ဟို ပြုံးဖြီးဖြီး မြည်းမျက်နှာနဲ့သူငယ်လေးဒွန့်ကဗျာနဲ့ ထူးမခြားနားဟာတွေချည်းပါပဲ ။ သူကတော့ ဒီအုပ်စုထဲမှာမှ ခေတ်လွန်သ မားတဲ့လေ ။ မြောင်ကတော့ ထူးထူးခြားခြားပဲ သူ့အဆွေးကဗျာတွေကိုညောင်ညိုညောင်ညိုနဲ့ လည်ချောင်းထဲက ချွဲသံတွေတဂူးဂူးမြည်တဲ့အထိ အသံမျည်းမျည်းလေးနဲ့ရွတ်သဗျ ။ လူပွေမောက်နီကတော့ အရင်တစ်လလုံးဘာစာ မှမရေးဖြစ်ဘူးဆိုပဲ ။ သူ့ရဲ့အချစ်စခန်းနဲ့အလုပ်များနေလို့ဆိုပြီး အသံအောက်အောက်အက်အက်နဲ့ဖြေရှင်းစကား ဆိုတယ် ။ ဒါပေမဲ့အားလုံးရဲ့ကဗျာတွေကို အသေအချာခံစားနားထောင်ပြီးတိုင်း " အောက်..အောက်..အောက် ဆုံးအပိုဒ်ကကောင်းလိုက်တာ..ဗျာတို့အို့..အို့.." ဆိုပြီး ထစ်အထစ်အနဲ့ ခပ်သွက်သွက်မှတ်ချက်ပေးတတ်တယ် ။ ဦးချူကြီးကလည်း ပုံ့ပုံ့ကြီးလှဲရင်း အစ်အစ်အိအိနဲ့အင်းလိုက်လို့ နားထောင်ရှာတယ် ။ မုဆိုးကျော်ဂေါင်ကတော့ ရင်ခေါင်းသံကြီးဟိန်းထအူနေအောင်ကို ဩဘာဝင်ဝင်ပေးတာပဲ ။ ဘွင်းဘွင်းသမားဖြစ်တဲ့အပြင် အုပ်စုကိုလည်း အင်မတန်ခင်တွယ်တတ်တဲ့သူပီပီ တခါများသူငယ်ဒွန်နယ်ကီးက သူ့ကဗျာတစ်ပုဒ်ရဲ့အနက်ကို တဟီးဟီးနဲ့ရှင်း ပြတော့ ထပြီးကောင်းချီးဩဘာပေးလိုက်တာများ နားကိုအူသွားတာပါပဲ ။ ဒီလောက်ထူးခြားကွဲပြားတဲ့လူတစ်စုရဲ့ သီးသန့်တွေ့ဆုံပွဲကလေးကိုဝင်ပါခွင့်ရတာ ကျုပ်တော့သဘောကျလို့ကိုမဆုံးတော့ဘူး ။ အိမ်ရှင်ကြီး ဆရာတော် ဦးဘုကတော့ပါးစပ်မှာကောက်ရိုးတစ်စကိုတမြုံ့မြုံ့ဝါးရင်း အတိတ်ကိုစားမြုံ့ပြန်ရှာတယ်ထင်ပါ့..တိတ်တဆိတ်ပဲ ခံစားနားထောင်ရှာပါတယ် ။

ဒီလိုနဲ့ဆွေးနွေးပြောဆိုလိုက်ကြတာ ညကြီးသန်းခေါင်တိုင်သွားတယ်ဆိုပါတော့ ။ သက်ကြီးခေါင်းချရှိန် လောက်မှာအသံမပေးဘာမပေးနဲ့ အရင်ဆုံးတိတ်တိတ်ကလေးထပြန်သူကတော့ မြောင်ဗျ ။ သူ့ရန်သူမုဆိုးကျော် ဂေါင်ရဲ့စာတွေကိုနားမဆင်ချင်လို့ထင်ပါရဲ့ ။ ဟိုကခံစားပြီးရွတ်ဆိုနေတုန်းရှိသေး လှစ်ကနဲထသွားလိုက်တာများ ဘယ်သူမှတောင်မသိလိုက်ကြဘူး ။ ကျုပ်တို့လည်းသောက်လိုက်ကြ ၊ သစ်အယ်စေ့ဝါးလိုက်ကြနဲ့ နားထောင်နေ လိုက်ကြတာ အချိန်တွေကုန်လို့ကုန်သွားမှန်းတောင်မသိလိုက်ပါဘူး ။ နောက်တော့ တညလုံးတက်တက်ကြွကြွ နဲ့ဆွေးနွေးနေတဲ့ပါမောက္ခဦးဖြူလည်း ငိုက်ကျသွားလိုက်တာ ထိုးထိုးထောင်ထောင်နဲ့သူ့ဆံပင်ကြမ်းကြမ်းကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com

ကိုဖွားထလို့ ။ အဲ..မနက်လင်းအားကြီးသုံးနာရီလောက်ကျတော့ မောက်နီကဖျတ်ကနဲထခုန်ပြီး ပြန်ဖို့ပြင်သဗျ ။ သူကအရုဏ်အတက်မှာ အိမ်ပြန်ရောက်နေဖို့လိုသတဲ့ ။ တညလုံးအပြင်ရောက်နေတာ အခုမနက်စောစောထရဦးမှာဆိုပြီးပြန်ရော ။ ဦးချူကြီးကတော့ သူ့နေရာမှာတင်အိပ်မောကျနေလိုက်တာမှ သိုးလို့ပဲ ။ သူ့ဗိုက်စူစူကြီးကသာသူ့ဟောက်သံနဲ့စည်းချက်အညီ တတုန်တုန်နဲ့လှုပ်ရှားလို့နေတော့တယ် ။ ဒွန်ရယ် ၊ မုဆိုးကျော်ရယ်ကတော့ လှုငယ်တွေမို့လို့လားမသိပါဘူးဗျာ ။ တညလုံးလန်းလန်းဆန်းဆန်းပဲထိုင်နေကြတာ ၊ ငိုက်တာပြုတာလည်းရှိကြဟန်မတူဘူး ။

မကြာပါဘူး ။ ကျုပ်လည်းဘယ်ကနေဘယ်လို အိပ်ပျော်သွားမှန်းကိုမသိတော့ပါဘူး ။ ဒီတင်ဇာတ်လမ်းစတော့တာပဲဗျို့ ။ ကြိုပြောလိုက်ပါပေရဲ့နော်...ကျုပ်အခုပြောမဲ့ဟာတွေက ဟုတ်ရောဟုတ်ပါ့မလား..ဒီလိုဟာတွေဖြစ်နိုင်ပါ့မလားဆိုပြီးတော့တော့ လာမမေးနဲ့ဗျား ။ ကျုပ်လည်းမရှင်းပြတတ်ဘူးရယ် ။ ကျုပ်ကကြုံခဲ့ရတာကိုသာဇာတ်ကြောင်းပြန်ပြရုံရှိတာ ။ အဲ..ခုနဇာတ်လမ်းပြန်ဆက်ရရင် ဒီလိုနဲ့ကျုပ်လည်းမှေးကနဲဆို အိပ်ပျော်သွားလိုက်တာ ဘုံကျောင်းပေါ်ကဆည်းလည်းသံတွေ အရုဏ်တက်လေအဟုန်မှာ တတင်တင်မြည်သံကြားရမှပဲ ပြန်နိုးလာတော့တယ် ။ နိုးဆို..အောင်မယ်လေးဗျာ ကျုပ်ကွေးနေတဲ့ဘုံကျောင်းနောက်ခန်းထောင့်တစ်ခုလုံး တင်းကုတ်အနံ့တွေလှိုင်နေတာကိုး ။ ဒါနဲ့ထပြီးတအံ့တသြဘေးဘီကြည့်လိုက်တော့ မနက်အလင်းရောင်မှိန်မှိန်ထဲမှာ လုံးလုံးကြီးပြောင်းလဲနေတဲ့မြင်ကွင်းကိုတွေ့လိုက်ရတော့တာပဲဗျို့ ။ မနေ့ညကကျုပ်စာပေသမားတစ်သိုက်နဲ့ စုစုဝေးဝေးခိုခဲ့တဲ့နေချင့်စဖွယ်အခန်းဟာအင်မတန်မှအိုဟောင်းနေပြီး မီးလင်းဖိုတွေ ၊ ပရိဘောဂတွေဆိုတာ ဘာမှရှိမနေတော့ပဲနစ်ပေါင်းဆယ်နဲ့ချီစွန့်ပစ်ထားခံရဟန်နဲ့ ယိုယွင်းပျက်စီးလို့အလွန်ဟောင်းမြင်းနေတာကိုး ။ ကျုပ်လည်းဇဝေဇဝါနဲ့တစ်ယောက်ယောက်ကိုတွေ့လိုတွေ့ငြား ဘေးနားကတင်းကုတ်နံ့ထွက်နေတဲ့အခန်းထဲကိုဝင်ကြည့်တော့ အထဲမှာကုလားအုတ်အိုကြီးတစ်ကောင် ဝပ်လို့နေရှာသဗျ ။ အနံ့ဆိုးတွေတထောင်းထောင်းထနေတဲ့ ကုလားအုပ်ကြီးခမြာကျုပ်ဝင်လာတာမြင်ပေမဲ့တုဏှိဘာဝေပဲရှိနေရှာတယ် ။ ဘာတွေဖြစ်ကုန်မှန်းလည်းမသိတော့ပါဘူး။ ဘေးနားကြည့်မိပြန်တော့ မြောက်ဘက်နားလေးမှာပိန်ညှောင်နေတဲ့မြည်းတစ်ကောင်ကိုတွေ့ပြန်တယ် ။ ခမြာရဲ့အရေပြားပေါ်မှာလည်းအရှိုးရာတွေပြည့်လို့ဗျာ ။ ကိုယ်ပေါ်မှာမီးခိုးရောင်စောင်ပိုင်းလွှမ်းထားတဲ့ မြည်းပိန်ကလေးဟာအင်မတန်ဆာလောင်နေဟန်နဲ့အသံတောင်မထွက်နိုင်ဘူး ။ ကျုပ်ဗျာ..ဒီတိရစ္ဆာန်နှစ်ကောင်ကိုသနားလွန်းလို့ ကောက်ရိုးလေးဘာလေးအရှာထွက်မယ်ဆိုပြီး အပြင်ဘက်ထွက်လာတော့ဘုံကျောင်းနံရံပြိုပျဉ်ချပ်တွေထဲမှာ ကြက်ဖတစ်ကောင်အိပ်နေတာကိုတွေ့လိုက်ရပြန်သဗျို့ ။ ကျုပ်မှာအခုမှရိပ်မိသလိုလိုဖြစ်လာပြီး ကောက်ရိုးဆက်ရှာတော့ ဘုံကျောင်းအဖီထဲမှာမြက်ခြောက်ပုံတွေ့တာနဲ့ တစ်ပွေ့ကောက်ပွေ့လိုက်မိတော့ ညောင်ကနဲဆိုပြီးကြောင်မည်းတစ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်ထွက်ပြေးသွားပါရော ။ မြန်လွန်းလို့ ဘုံကျောင်းနံရံဆေးရေးပန်းချီမှိန်မှိန်တွေပေါ် အရိပ်မည်းတစ်စဖြတ်သွားသလားအောက်မေ့ရတယ် ။ ဘာတွေဖြစ်ကုန်ကြပြီလဲဟရို့… ဒါဆိုမနှေ့ညကအဖြစ်ဟာ ဆောင်းအိပ်မက်ဂယောက်ဂယက်ပဲလားဆိုပြီး သက်ပြင်းသာတွင်တွင်ချရင်းမြည်းလေးကိုမြက်ခြောက်ချကျွေးတော့ ကျုပ်ကိုကျေးဇူးတင်စွာကြည့်ပြီးအားပါးတရစားရှာတယ် ။ ဩော်..ဒွန်..ဒွန်..ဘယ်ကတည်းကများ ငတ်ပြတ်နေရှာတယ်မသိဘူး ။ ဒါနဲ့ကျုပ်လည်းမြက်ခြောက်တွေထပ်ယူပြီး အတွင်းနားမှာချည့်နဲ့နဲ့ဝပ်နေရှာတဲ့ ကုလားအုတ်အိုကြီးအနားကိုသွားချပေးပြန်ရတာပေါ့ ။ အနားကပ်မိတော့မှ ကုလားအုတ်အိုကြီးရဲ့ဒူးဆစ်တွေကယောင်ကိုင်းနေတာကိုး ။ ကျုပ်မှာမနှေ့ညကအဖြစ်တွေကို ပြန်မြင်ယောင်မိပြီးတော့ မထိန်းနိုင်တော့ပဲ ကုလားအုတ်အိုကြီးကိုပြောမိတယ် ။

“…….မနှေ့ညကတည်းခိုခွင့်ပေးတာ..ကျေးဇူးကြီးလှပါရဲ့..ဆရာတော်…စာပေပွဲကလည်းစိတ်ဝင်စားဖို့ကောင်းလှပါတယ်…..”

ခမြာကြီးကတော့ မြက်ခြောက်မြင်ပြီးနှုတ်သီးတပြင်ပြင်နဲ့ ကျုပ်ကိုငေးစိုက်လို့သာကြည့်နေရှာတယ် ။ ကျုပ်လည်းစိတ်တွေရှုပ်ထွေးလွန်းလို့ဘုံကျောင်းအပြင်ဘက်လေကလေးဘာလေးရှူဖို့ထွက်လာတော့ အပြင်မှာခမောက်စုတ်တစ်လုံးကိုတက်နင်းမိသဗျ ။ အထဲကလှုပ်လှုပ်ရွရွနဲ့နေလို့ဘာများလဲလို့ ခမောက်ကိုအသာလှန်ကြည့်လိုက်တော့လားလား..အထဲမှာဖြူတစ်ကောင်ဖြစ်နေသကိုး ။ ကျုပ်လည်းဖြူကလေးရဲ့ မျက်လုံးသေးသေးပြောင်ပြောင်လေးတွေနဲ့ ဆူးတောင်တွေဖွားထွက်နေတာကိုကြည့်ရင်း “ပါမောက္ခကြီးဦးဖြူ..မင်္ဂလာနံနက်ခင်းပါခင်ဗျာ…” လို့စနှုတ်ဆက်လို့မှမဆုံးသေးဘူး..ဆူးတောင်တွေထောင်ထလာတာကိုတွေ့တာနဲ့ အမြန်လစ်ရတော့တာ ။ ခင်ဗျား ကျုပ်ကိုရှူးတယ်ပဲဆိုဆိုဗျာ..ဘုရားစူးရစေ့..ကျုပ်လည်းလှည့်ထွက်လာရော ၊ နောက်ကနေပါမောက္ခဦးဖြူရဲ့အသံသေးသေးစူးစူးနဲ့ “ ဒီမှာမောင်ရင်ရဲ့..ဝဏ်ဝုတ်အသုံးရဲ့ကွာခြားချက်ဟာ ” ဆိုတာလည်းကြားလိုက်ရရော ၊ ချက်ခြင်းကိုခေါင်းကြီးသွားပြီး တခါတည်းခြေကုန်သုတ်မိတော့တာပဲဗျို့ ။

တုန်တုန်ရီရီနဲ့ ဘုံကျောင်းအပြင်ဘက်ကိုကျုပ်ပြေးထွက်လာတော့ ကျုပ်မြင်းကြီးကအပြင်ဘက်မှာချည်လျက်သားပဲရှိသေးတယ် ။ မိုးလည်းစင်စင်လင်းနေမှကိုး ။ ကျုပ်လည်းမြင်းပေါ်တက်ပြီးခရီးပြန်စတော့တာပဲ ။ မကြာခင်မှာရွာလေးတစ်ရွာနားရောက်လာတော့မှပဲ ခဏဝင်နားပြီးစားဖို့သတိရမိတော့တယ် ။ ဒါနဲ့ရွာထမင်းဆိုင်ထဲဝင်ပြီး မနက်စာစားရင်း မြင်းစာလည်းကျွေးရတာပေါ့ ။ မြင်းစာကျွေးနေတုန်းမှာပဲ ခွေးကြီးတစ်ကောင်ပေါက်ချလာသဗျ ။ ကျုပ်ကိုလာပြီးနမ်းလိုက်ရှုပ်လိုက် ၊ အမြီးနှန့်လိုက်နဲ့ သိပ်ဟောင်းကျွမ်းဟောင်းကိုလာနှုတ်ဆက်နေသလိုပဲ ။



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်လည်း ရိပ်မိသွားတာနဲ့ ခွေးကြီးကိုခေါင်းပုတ်ရင်းနှုတ်ဆက်မိတယ် ။

"....ဟေ့ကောင်..မုဆိုးကျော်ကြီး...."

ဆိုတော့ခွေးပိုင်ရှင်ကတအံ့တသြမေးသဗျ ။

".....မိတ်ဆွေကဒီကောင်ကြီးအကြောင်းကိုဘယ်လိုသိတာတုန်း..."

"......သိတယ်ရယ်မဟုတ်ပါဘူးဗျာ..ခွေးကြီးကအဆက်ပေါက်ကြီးကြီးနဲ့မို့ဒီလိုပဲခေါ် လိုက်တာပါ....."

".......ဒီကောင်ကြီးကတကယ်လည်းမုဆိုးကျော်ပဲဗျ...ကျုပ်မှာရွာကကြက်ပိုင်ရှင်တွေနားပူလွန်းလို့သူ့ကိုအမြဲကြိုးနဲ့ချည်ထားရတာ....."

ကျုပ်လည်း မနေ့ညဇာတ်ကြောင်းသာပြန်လိုက်ရင် အရှုးလို့အခေါ် ခံရမှာကြိမ်းသေနေမှန်းသိတော့ ကိုယ့်ပါးစပ်ကိုကိုယ်အနိုင်နိုင်ပိတ်ပြီး ကျုပ်တပည့်စောင့်နေမဲ့မြို့ဘက်ကိုအမြန်ခရီးဆက်လိုက်ရပါသဗျား ။

●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●

ကိုင်း..ဒါကတော့ ချန်ပြောတဲ့သူ့ကိုယ်တွေ့ပါတဲ့ ။ စာရှုသူများ..မယုံရင်ပုံပြင်လို့သာမှတ်ယူကြပါတော့ ။

✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍ ✍





www.burmeseclassic.com

www.burmeseclassic.com




# THE BOOKWORM

From Laiotsai, by P'u Sungling (see note on story No.10). P'u was an original and extremely gifted scholar, but he failed in the imperial examinations. This is no way reflected upon his literary talent, for gifted scholars often had contempt for official success. In P'u's case, his contempt found expression in this humorous and very lively satire upon politicians.

**Lin Yutang**



www.burmeseclassic.com

www.burmeseclassic.com

# ၁၉ ။ စာဂျပိုး

ဒီတခါတော့ စာဂျပိုးလို့တင်စားခံရတဲ့စာပေပညာရှင်ကလေး လန်း ရဲ့အကြောင်းကိုပြောပြချင်ပါသေးတယ် ။ ပန်ချန်နယ်သားလန်းဟာ စာပေပညာရှင်မိသားစုကနေ ဆင်းသက်လာသူပီပီ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ရှေးကျမ်းဟောင်းတွေများ သူ့အဖေကြီးပြောတာနားရည်ဝလွန်းလို့ မွတ်မွတ်ညက်ညက်နေအောင်ကိုစာကျေခဲ့ပါသတဲ့ ။ ရှေးကျမ်းတွေလို့ဆိုရာမှာလည်း အခုခေတ်လူတွေအကောင်းလုပ်နေရတဲ့ ပြန်ကူး ၊ ပြန်မှီးစာမူမျိုးမဟုတ်ပဲ နောက်ဆုံးလက်ကျန်ပထမပေမူဂန္တဝင်ကျမ်းများစင်စစ်တွေပေါ့ ။ စာပေအသိုင်းအဝိုင်းမှာကြီးပြင်းလာရလေတော့ သူ့ဖအေကြီးနဲ့အပေါင်းအပါဆွေမျိုးတွေ ညညတိုင်ဆိုဝိုင်းဖွဲ့ပြီး တသောသောနဲ့ပြောဆိုဆွေးနွေးကြတဲ့စကားဝိုင်းတွေထဲက လက်ရေးစာမူတွေ ၊ ရှေးလက်ရာတွေ နဲ့ ရှေးစာဆိုတွေရဲ့ဘဝဇာတ်လမ်းတွေနဲ့လုံးထွေးပြီး စာဂျပိုးကလေးတစ်ယောက်ဖြစ်မှန်းမသိဖြစ်လာပါလေရော ။ ဖအေကြီးကလည်း အင်မတန်ရိုးသားတဲ့အရာရှိကြီးဖြစ်လေတော့ တန်စိုးလက်ဆောင်ချူတတ်တဲ့တခြားအရာရှိအရာခံတွေလို ကြွယ်ဝချမ်းသာတာမျိုးမရှိဘဲ ရသမျှလခကလေးကိုစာအုပ်ချည်းဝယ်ပစ်တတ်တဲ့သူဖြစ်နေပြန်သတဲ့ ။ ဒီလိုနဲ့ လန်းရဲ့အဘိုးကနေစလိုက်တဲ့ ကိုယ်ပိုင်စာကြည့်တိုက်ကလေးဟာ ဖအေကြီးလက်ထက်ရောက်တော့ အတော့်ကိုကြီးမားနေပြီ ။ ဒါနဲ့တအိမ်လုံးမှာစာအုပ်ပဲချမ်းသာကြတဲ့သူတွေပီပီ လန်းရဲ့ဖအေကြီးလည်းကွယ်လွန်ရော လန်းမှာဘာငွေကြေးတစ်ပြားတစ်ချပ်မှအမွေမဆက်ခံဘဲ စာအုပ်စာမူတွေတစ်ထမ်းကြီးနဲ့ပဲကျန်ခဲ့တယ် ။ ဒါပေမဲ့စာပေနဲ့အဖော်ပြုပြီးကြီးပြင်းလာတဲ့ လန်းအတွက်ကတော့ ငွေတွေကြေးတွေဟာရကောင်းတဲ့အရာလို့တောင်မမြင်ပဲ စာကြည့်တိုက်ကြီးအမွေရလိုက်တာကိုပဲ ဖြစ်ရိုးဖြစ်စဉ်လိုကျေနပ်စွာနဲ့ကျန်ခဲ့သတဲ့ ။ စာဂျပိုးဆိုတဲ့အတိုင်း လောကရေးရာတွေကိုနားမလည်တာလည်း ပါတာပေါ့လေ ။ ငွေအကြောင်းလည်းမသိ ၊ ပိုက်ဆံဘယ်လိုရှာရမယ်ဆိုတာလည်းမသိတဲ့ စာဂျပိုးလန်းဟာ ဖအေကြီးကွယ်လွန်တော့ သူ့ပိုင်ပစ္စည်းကလေးတွေချရောင်းပြီး စာဖတ်ရင်းနဲ့ပဲအသက်ရှင်နေထိုင်ရပါသတဲ့ ။ ဒါပေသိ စာသမားပီပီသူ့စာကြည့်တိုက်ထဲကပေမူတွေကိုတော့ တစ်ခုတောင်အထိမခံခဲ့လို့ လန်းတို့ဗိုက်မှောက်နေရတာအခါခါပေမဲ့ စာကြည့်တိုက်ကြီးကတော့ အရင်လိုကြွယ်ဝပြည့်စုံနေတုန်းပါပဲ ။

လန်းရဲ့ဘိုးစဉ်ဘောင်ဆက်စာကြည့်တိုက်ကြီးထဲက သူအမြတ်နိုးဆုံးအရာကတော့ သူ့အဖေကြီးကိုယ်တိုင်စုတ်ချက်လှလှနဲ့ အသေအချာကူးပေးခဲ့တဲ့ ဧကရာဇ် ဆွန်ချန်စွန်ရဲ့ " စာပေမွေလျော်ခြင်းခရီးသို့ ဖိတ်ခေါ်နှိုးဆော်ချက်"ဆိုတဲ့ဆောင်ပုဒ်ပါပဲ ။ တကယ်လည်းလန်းရဲ့ဖအေကြီးကသူမျက်စိမှိတ်မသွားခင်မှာ သူ့သားစာဂျပိုး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် တစ်သက်လုံးနာခံလိုက်လျှောက်သွားနိုင်စေဖို့ အသေအချာကူးပေးခဲ့တာပါတဲ့ ။ လန်းကလည်း ဒီဆောင်ပုဒ်ကို တယုတယဘောင်သွင်းလို့ သူ့စာကြည့်စားပွဲပေါ် ချိတ်ထားပြီး နေ့တိုင်းဖတ်ရှုဆင်ခြင်လေ့ရှိတယ် ။ ဖအေကြီးရဲ့အမွေဘဝနေနည်းလို့ဆိုရမဲ့ ဒီဆောင်ပုဒ်ကိုလန်းဟာဘယ်လောက်တန်ဖိုးထားသလဲဆိုတော့ ဘောင်သွင်းထားရုံတင်အားမရပဲ ဖုန်မတင်ရလေအောင် ဇာစပါးပါးနဲ့ပါလွှမ်းထားလိုက်သေးသတဲ့ ။ သူ့အတွက်တော့ ဒါဟာဘုရားနှုတ်ထွက်စကားလောက်နီးနီးကို အထွတ်အမြတ်ပါပဲ ။ ဒီဆောင်ပုဒ်က ဒီလိုပါတဲ့လေ ။

"..........သူကြွယ်အလား..လယ်နှင့်မြေသာအားမထားရာ..စာပေကသာကြွယ်ဝပြောင်းနံကိုရိတ်သိမ်းစေမှာ...
..........ကြေးရတတ်တို့..ဥစ္စာသိုဖို့တိုက်ဆောက်ငြား..ရတနာရွှေငွေအများ..စာပေကြားမှာသာတွေ့နိုင်ရာ......
............လူငယ်တွေချစ်သူကိုရှာဖွေနေ...စာပေတွင်နာနာမွှေက..ကျောက်စိမ်းအဆင်းနှမမေပျိုနှင့်ဆုံနိုင်ကြ....
............ရထားမြင်းနှင့်ကျွန်အားတောင့်တငြား...မနေမနားစာပေလိုက်စားစေ..မနေးအမြန်ရမည်အမှန်ပေ......
...........ကျော်ကြားမှုနှင့်ခနခံမင်က...ရှေးစာပေအားသင်အံလိုက်စား..မနေမနားအားထုတ်၍ကြိုးကုတ်ကြ........"

ဒီဆောင်ပုဒ်ဟာ အတော်ရှင်းလင်းတယ် မဟုတ်လား ။ စာပေတတ်ပွန်သူ ပညာရှင်များကသာ အရာရှိအရာခံမှူးကြီးမတ်ရာဘဝကိုတက်လှမ်းနိုင်ပြီး ကြွယ်ဝမှုနဲ့ဂုဏ်ဒြပ်တွေနဲ့ကုံလုံလာမယ်ဆိုတဲ့ဆုံးမစကားပါပဲ ။ ကြွယ်ဝချမ်းသာပြီဆိုမှတော့ ရွှေငွေရတနာ ၊ ရထားကျွန်မြင်းတွေနဲ့ ကောင်းပေ့ဆိုတဲ့အစားအသောက်တွေဆိုတာလည်းအလိုလိုတွဲပါလာတော့တာကိုး ။ သူတကာနားလည်နိုင်တဲ့ ဒီဆုံးမစကားကို စာဂျပိုးလန်းက ကြံကြံဖန်ဖန်ဘယ်လိုနားလည်သဘောပေါက်ယူသလဲဆိုတော့ သူသာစာကြည့်ခန်းထဲအချိန်ပြည့်ထိုင်ပြီး အပြင်းအထန်စာပေလေ့လာရင် ပြောင်းနံတွေ ၊ မိန်းမလှတွေအားလုံး အလိုလိုစာအုပ်ကြားထဲကနေထွက်လာလိမ့်မယ်လို့ အဓိပ္ပါယ်ပြန်ယူတယ်ဆိုပဲ ။ ဒီလိုနဲ့အသက်ဆယ့်ရှစ်နှစ်မှာလည်းစာကြည့်ခန်းထဲငုတ်တုတ် ၊ ဆယ့်ကိုးနှစ်မှာလည်းထူးမခြားနား ၊ နှစ်ဆယ်အရွယ်မှာလည်း စာအုပ်တွေကြားထဲခေါင်းထိုးလို့သာနေသတဲ့ ။

သူ့အရွယ်လုလင်တွေဆိုတာက ဖုန်တထောင်းထောင်းနဲ့ ရှေးကျမ်းဇရာမကြီးတွေထက် နံ့သာတဖွေးဖွေးနဲ့မိန်းမလှလေးတွေကိုပဲပိုစိတ်ဝင်စားကြပေမဲ့ လန်းကတော့စာမှစာ စုံရေမက်ရေရှိလှသတဲ့ ။ သူတကာလို အပန်းဖြေလည်တာပြုတာမျိုးလည်းမရှိဘူး ။ လန်းအနှစ်သက်ဆုံး အနားယူနည်းကတော့ သူ့စာကြည့်ခန်းထဲမှာအကျအနထိုင်ပြီး သူ့အကြိုက်ဆုံးလင်္ကာတွေကိုအော်ကြီးဟစ်ကျယ်ရွတ်ဆိုရတာဆိုပဲ ။ လန်းဟာ စာရူးပေရူးတို့ရဲ့အရည်အချင်းတွေအပြည့်အစုံရှိတဲ့သူပါပဲ ။ နွေနွေမိုးမိုးဆောင်းဆောင်းဝတ်ရုံတစ်ထည်တည်းကိုပဲ ချဉ်စော်နံသွားအောင်

www.burmeseclassic.com

မလဲမပြုနေတတ်တဲ့အပြင် တစ်ယောက်တည်းသမားလူလွတ်ပီပီ အတွင်းခံတွေဘာတွေလဲဖို့လည်း သိပ်စိတ်ဝင်တစားမရှိလှဘူးတဲ့ ။ မုတ်ဆိတ်ကျင်စွယ်ထိုးထိုးထောင်ထောင် ၊ ခေါင်းရှုပ်ပွကြီးနဲ့စာထိုင်ဖတ်နေတာမျိုးကတော့ အသေးအဖွဲလို့ဆိုရမယ် ။ တခါတလေတော့လန်းရဲ့သူငယ်ချင်းတွေလာလည်တတ်သတဲ့ ။ ဒါပေမဲ့စာဂျပိုးလန်းက နှုတ်ဆက်စကားတစ်ခွန်းလောက်နဲ့ ရာသီဥတုအကြောင်းနည်းနည်းမေးမြန်းပြီးတာနဲ့ စာဘက်ကိုပြန်လှည့်သွားပြီး ဧည့်သည်ကိုမေ့သွားတတ်တာများတယ် ။ တခါတခါများဆို ဧည့်သည်ကြီး ရှေ့ထားပြီး မျက်လုံးစုံမှိတ်လို့ လင်္ကာတွေ ၊ ကောက်နှုတ်ချက်တွေကိုအသံနေအသံထားနဲ့ကျကျနန အရသာခံပြီးထရွတ်နေတတ်တော့ ဧည့်သည်ခမြာ ထပဲပြန်ရမလို ၊ ဆက်ပဲနားထောင်ရမလိုနဲ့ ဝွကျရတဲ့အဖြစ်တွေလည်းမနည်းဘူးရယ် ။ နောက်ဆုံးတော့ လန်းဟာ စာကလွဲရင် ဘာမှခေါင်းထဲရှိတဲ့သူမဟုတ်ဘူးဆိုတာကို သဘောပေါက်သွားကြပြီး သူ့အနားကနေဖဲကြဉ်ခွာထွက်သွားကြတာချည်းပါပဲ ။

ဒီလိုစာမှစာဆိုပြီးအရူးမူးဖြစ်ပေမဲ့ လန်းခမြာနန်းတွင်းစာပေအရည်အချင်းစစ်စာမေးပွဲကျတော့ မအောင်မြင်ရှာတော့ဂုဏ်ထူးဆောင်စာပေပညာရှင်တော့ဖြစ်မလာပြန်ဘူး ။ ဒါပေမဲ့လဲ ဧကရာဇ်ဆွန်ရဲ့ဆိုရိုးစကားတွေကို အသည်းထက်ဇက္ကရာတင်ထားတဲ့လန်းဟာ စိတ်အားလျော့သွားတာတော့မရှိဘဲ စာပေလေ့လာမြဲလေ့လာမြဲလေ့လာသတဲ့ ။ တကယ်လည်း ရွှေရထားနဲ့မြင်းတွေ ၊ ကျွန်တွေနဲ့ ကျောက်စိမ်းအဆင်းနမပျိုကိုတော့ လိုချင်သလေ ။ ဧကရာဇ်ကြီးကိုယ်တိုင်က စာပေကိုအပတ်တကုတ်ကြိုးပမ်းအားထုတ်လေ့လာသူကသာ ဒီအရာတွေကိုရနိုင်မယ်လို့ဆိုထားမှကိုး ။ ဧကရာဇ်ရှင့်မကြီးတန်မဲ့နဲ့ မဟုတ်တာတော့ မပြောတန်ကောင်းမဟုတ်လား ။

ဒီလိုနဲ့တနေ့မှာထုံးစံအတိုင်း လန်းစာထိုင်ဖတ်နေတုန်း လေပြင်းတချက်ဝှေ့လိုက်တာ လက်ထဲကစာအုပ်ကလေး ဥယျာဉ်ထဲလွင့်ပါသွားသတဲ့ ။ ဒါနဲ့ကမန်းကတမ်းလိုက်ဖမ်းတော့ မြက်ဖုံးနေတဲ့ကျင်းတိမ်ကလေးတစ်ခုကို တက်နင်းမိပါရော ။ ဒါနဲ့လန်းလဲဘာရယ်မဟုတ် တွင်းထဲကဲကြည့်လိုက်တော့ ကျင်းထဲကအမြစ်ဆွေးတွေ ၊ ရွှံ့တွေကြားထဲမြုပ်နေတဲ့ ပြောင်းစေ့တွေကိုတွေ့မိသတဲ့ ။ ဒါနဲ့လန်းလည်းဝမ်းသာအားရနဲ့ကောက်တာပေါ့ ။ ပြောင်းတွေ ကမြေထဲမြုပ်နေတော့ပေရေနေတဲ့အပြင် မနက်စာပြောင်းဆန်ကျိုတစ်ခွက်စာတောင် မရှိပါဘူး ။ ဒါပေမဲ့လန်းအဖို့ကတော့ သူ့လက်သုံးဆောင်ပုဒ်က နိမိတ်ဖတ်ထားတဲ့အတိုင်း စာပေကနေပြောင်းဆန်ထွက်လာတာဆိုပြီးဝမ်းသာလို့ကိုမဆုံးနိုင်တော့ဘူး ။



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့တင်မဆုံးသေးဘူး ။ တစ်နေ့ကျပြန်တော့ လန်းဟာရေးကျမ်းတစ်ချို့ကိုရှာဖို့ စာအုပ်စင်အပေါ်ဆုံးကို လှေကားထောင်လို့ နှံ့နှံ့စပ်စပ်တက်ကြည့်တဲ့အခါ ထောင့်တစ်နေရာမှာ ပေကျမ်းတစ်ထုပ်နောက်ကွယ်နေတဲ့ရွှေမြင်းရထားရုပ်ကလေးကို ရှာတွေ့သတဲ့ ။ ရုပ်တုကလေးကတစ်ပေတောင်မပြည့်ပေမဲ့ အထပ်ထပ်တက်နေတဲ့ဖုန်ထုအောက်မှာကို ရွှေရောင်ဝင်းနေတာပဲ ။ လန်းလည်းဝမ်းသာအားရ မိတ်ဆွေတွေကိုပြကြည့်တော့ သူထင်သလို ရွှေစင်ရုပ်တော့မဟုတ်ပဲ ရွှေချထားတဲ့ကြေးသွန်းရုပ်သာဖြစ်နေသတဲ့ ။ သို့ပေမဲ့မကြာခင်ပဲ သူ့မိတ်ဆွေရဲ့ဖခင်ကြီးဖြစ်တဲ့တရားသူကြီးတစ်ပါးက ဒီနယ်ကိုတာဝန်နဲ့ရောက်လာရင်း လန်းရဲ့ရွှေချမြင်းရထားရုပ်ကလေးကိုမြင်တာနဲ့ တစ်ခါတည်းမျက်စိကျသွားပါလေရော ။ အဖိုးကြီးကရှေးဟောင်းပစ္စည်းမြတ်နိုးသူဖြစ်တဲ့အပြင် ပုထိုးတော်တစ်ဆူမှာဌာပနာအနေနဲ့လှူဖို့ ရှေးဟောင်းအနုပညာပစ္စည်းတစ်မျိုးကိုလိုက်ရှာနေတာနဲ့ အခန့်သင့်ဖြစ်သွားတော့ လန်းရဲ့ရုပ်တုကလေးကို ငွေစသုံးရာအပြင် မြင်းနှစ်ကောင်ပါအပိုဆောင်းပေးပြီး တောင်းတောင်းပန်ပန်နဲ့ဝယ်သွားပြန်သတဲ့ ။

ဒီလိုအံ့သြဖွယ်နှစ်ခုဆက်တိုက်ကြုံပြီးတဲ့နောက်မှာတော့ လန်းဟာ"စာပေမွေ့လျော်ခြင်းခရီးသို့ ဖိတ်ခေါ်နှိုးဆော်ချက်" ဆိုတဲ့ဆုံးမစကားကို လုံးဝကိုစိတ်ချယုံကြည်လိုက်တော့သတဲ့ ။ ကိုင်း..အခုပဲကြည့်လေ..ပြောင်းနဲ့မြင်းရတနာအပြင် ငွေစတွေအားလုံးစာအုပ်ကြားထဲကပဲထွက်လာတယ်မဟုတ်လား ။ ဒီဆိုရိုးစကားကို အဲဒီခေတ်ကမသင်အံ့ဖူးတဲ့သူဆိုတာမရှိပေမဲ့ အကြွင်းမဲ့ယုံကြည်လိုက်လျှောက်သူကတော့ လန်းတစ်ယောက်ပဲရှိမယ်ထင်ပါရဲ့ ။ ဒီလိုနဲ့ လန်းတစ်ယောက်လည်း အသက်သုံးဆယ်နားနီးလာတော့ မိတ်ဆွေတွေကကြင်ယာရှာဖို့ တိုက်တွန်းလာကြသတဲ့ ။ လန်းကတော့ ခပ်အေးအေးပဲပြန်ပြောတတ်တယ် ။

"....ကြင်ယာများ..အချိန်ကုန်ခံလို့ဗျာ..လိုက်တော့ရှာမနေတော့ပါဘူး...ဧကရာဇ်ဆွန်ကိုယ်တိုင်မိန့်ခဲ့သလို..စာပေကချီးမြှင့်မဲ့ကျောက်စိမ်းအဆင်းနမ..အလှရတနာကလေးကိုပဲစောင့်ပါရစေတော့....."

ဒါနဲ့စာဂျပိုးလန်းဟာ အိမ်ထောင်ပြုဖို့အတွက်စာအုပ်ကြားထဲကထွက်လာမဲ့ မိန်းကလေးကိုစောင့်နေတာဆိုတဲ့သတင်းလည်း လူတွေကြားပြန့်သွားရော ၊ တစ်မြို့လုံးရယ်ပွဲဖွဲ့လို့ကိုမဆုံးကြတော့ဘူး ။ တစ်ချို့ဆိုရင်လန်းကိုမြင်တာနဲ့ ဝိုင်းပြောင်တော့တာပဲ ။



www.burmeseclassic.com

www.burmeseclassic.com

"…..ဟော့..လန်း…မောင်ရင့်ကိုလပေါ်က..ယက္ကန်းမယ်ကလေးကမေတ္တာသက်ဝင်နေသကွဲ့…စောင့်သာနေ…..
တစ်ညညမှာ..သူကလေးလပေါ်ကနေ..ခင်ဗျားဆီဆင်းမလာဘူးဆိုရင်..ကျုပ်ကိုလည်ပင်းလာဖြတ်လှည့်ဗျာ……"

စာဂျပိုးလန်းကလည်း လူတွေသူ့ကိုလှောင်နေကြတယ်ဆိုတာကိုသိပေမဲ့ ဘာမှပြန်လှန်ခုခံပြောဆိုမနေပါဘူးတဲ့ ။ တစ်နေ့တော့သိလိမ့်မပေါ့..ဆိုပြီးခပ်ပြုံးပြုံးနဲ့ပဲလျစ်လျူရှုနေတတ်တယ် ။ ဒီလိုနဲ့တစ်ညနေမှာ လန်းဟာထုံးစံအတိုင်းပဲ "ဟန်မင်းဆက်သမိုင်းကြောင်း အဌမတွဲ" ကိုဖတ်နေရင်းနဲ့ စာအုပ်ထဲကနေပိုးချည်နဲ့ယက်ထားတဲ့စာအုပ်မှတ်တံလှလှကလေး ထွက်လာသတဲ့ ။ စာအုပ်မှတ်တံလေးပေါ်မှာတော့ အလွန်လှတဲ့မိန်းမပျိုလေးရဲ့ပုံကိုရောင်စုံဇာစလေးတွေနဲ့သေသေချာချာ ပုံဖော်လို့ကပ်ထားပြီး အနောက်မှာလည်း "လစန္ဒာရဲ့ ယက္ကန်းသမ" ဆိုတဲ့စာလုံးလေးတွေကို ရောင်စုံချည်နဲ့ဖော်ထားသေးတယ် ။ လန်းခမြာဒီစာအုပ်မှတ်တံပေါ်က မိန်းမပျိုလေးရဲ့မျက်နှာကိုမြင်မြင်ခြင်းပဲချစ်မိသွားလို့ ရင်တောင်တစ်လှပ်လှပ်ခုန်သွားတယ် ။ ပြီးတော့စာအုပ်မှတ်တံလေးကို တယုတယကိုင်တွယ်ရင်း အချစ်ကဗျာလေးတွေတောင် ရွတ်ဆိုမိပါသေးသတဲ့ ။ ကိုင်းလေ..အခုတော့ စာအုပ်ကပဲ ကျောက်စိမ်းအဆင်းနမကိုပါ ဖန်ဆင်းပေးပြီမဟုတ်လားဆိုပြီးတော့ စာအုပ်မှတ်တံလေးကိုစာအုပ်ထဲတရိုတသေပြန်ထည့်ရတယ် ။ အဲဒီနောက်တော့ လန်းမှာတစ်ခါတစ်လေ ထမင်းစားနေရင်းတန်းလန်းနဲ့တောင် စာအုပ်မှတ်တံလေးကိုထုတ်ထုတ်ကြည့်ရတဲ့ဘဝ ရောက်သွားပါလေရော ။ စိတ်ထဲကလည်း ဝမ်းသာကျေနပ်လို့မဆုံးဘူး ။

ဒီလိုနဲ့တစ်ညနေမှာ ထုံးစံအတိုင်းပဲ လန်းဟာစာအုပ်မှတ်တံလေးကိုထုတ်ပြီး မိန်းမပျိုရဲ့ပုံလေးကိုကြည့်ဖို့လုပ်တုန်းရှိသေး ၊ ရုတ်တရက်ပဲမိန်းကလေးကစာအုပ်မှတ်တံအထဲကနေလှမ်းထွက်လာပြီး လန်းကိုကြည့်ကြည့်စင်စင်လေးပြုံးပြသတဲ့ ။ လန်းလည်းတအံ့တသြနဲ့ခေါင်းညွှတ်ပြီးနှုတ်ဆက်တော့ မိန်းမပျိုကတစ်ပေလောက်ရှည်လာတဲ့အထိစာအုပ်ထဲကနေထထိုင်ရော ။ ဒီတခါမှအဟုတ်လန့်သွားတဲ့လန်းဟာ အလန့်တကြားနဲ့ခုန်ထပြီးထစ်ထစ်ငေါ့ငေါ့နဲ့နှုတ်ဆက်စကားဆိုတော့ မိန်းမပျိုလေးကဆင်စွယ်ပွတ်လုံးတွေလို ချောမွတ်ဝင်းဝါနေတဲ့ခြေသလုံးသွယ်သွယ်လေးတွေပေါ်တဲ့အထိ အပြင်ကိုလှမ်းထွက်လာပါသတဲ့ ။ သူ့ခြေဖဝါးလေးတွေလည်း ကြမ်းပြင်ကိုထိမိရော ၊ တစ်ခါတည်းလူအရွယ်အစားကိုရောက်လာတော့တာပါပဲ ။ ပြီးတော့ ပါးစပ်ကြီးဟောင်းလောင်းဖွင့်လို့ သွားရည်ကျမတတ်သူ့ကိုငေးနေတဲ့ လန်းကိုမျက်လုံးကလေးဝင့်ကြည့်ရင်း အသံသာသာနဲ့ဆိုပါသတဲ့ ။

"……ကျွန်မကိုစောင့်နေတာကြာလှပြီမဟုတ်လား..အစ်ကိုရဲ့…အခုရောက်လာတော့လည်း..ဒီအတိုင်းပဲကြည့်နေတော့မှာလားဟင်…စကားလေးဘာလေးတောင်..မပြောတော့ဘူးလား…"



www.burmeseclassic.com

www.burmeseclassic.com

"…..ဟိုဒင်း…အဟမ်း..ဟတ္တလေ..အဲ..ကျုပ်နမကဘယ်သူများလဲဗျာ….."

"…….မျိုးရိုးကတော့ယန်ပါတဲ့ရှင်…နာမည်ကတော့ဂျူယူ(ကျောက်စိမ်း)လို့ခေါ်ပါတယ်…လန်းကိုတော့ကျွန်မသိပါတယ်…ဒီစာအုပ်ကြီးထဲမှာနေနေခဲ့ကတည်းကဆိုပါတော့..အစ်ကိုကသာမသိတာလေ…ရှေးဆိုရိုးဆုံးမစကားတွေအပေါ်အစ်ကိုသိပ်အလေးထားတာကို..ကျွန်မသိလိုက်ရတော့..အခုလိုအပြင်ကိုထွက်လာပြီးအစ်ကို့ကိုလာတွေ့ဖို့ဆုံးဖြတ်မိတာပဲ…ဒီလိုမှသာမဟုတ်ရင်..ဒီဆုံးမစကားတွေကိုလူတွေအယုံအကြည်မဲ့ကုန်ကြတော့မယ်လေ.."

ကိုင်း..ဘာတတ်နိုင်ကြသေးလဲ ။ စာဂျပိုးလန်းရဲ့တဇောက်ကန်းယုံကြည်ချက်တွေအကုန် ဒက်ထိလာမှန်တော့မှကိုး ။ လန်းကိုများဆိုလူတွေက အရူးသာသာသဘောထားကြတာ ၊ အခုတော့သူ့ယုံကြည်ခဲ့တာတွေ အလဟဿမဖြစ်မှန်း သူသိလိုက်ရပြီ ။ စာအုပ်ထဲကမိန်းမပျို ဂျူယူဟာဘုံကြိုးပြတ်လာတဲ့ နတ်မိမယ်လိုလှပရုံတင်မကဘူး ၊ လန်းနဲ့လည်းအနှစ်နှစ်အလလက ချစ်ကြင်လာခဲ့ကြတဲ့ချစ်သူတွေလိုပဲ တန္ဓေးတထွေးရှိလှသတဲ့ ။ အမြဲတမ်းလန်းအနားမှာကယုကယင်နဲ့အနမ်းပွင့်တွေခြွေကာ ၊ ရင်ခွင်ထဲတိုးဝှေ့ကာနေတတ်တဲ့ဂျူယူကို မောင်မင်းကြီးသားလန်းခမြာ ဒီထက်ရှေ့မဆက်တတ်ရှာပါဘူး ။ စာဂျပိုးပီပီ ငုက်ပျောသီးလောက်နဲ့ အချိုကုန်နေတယ်ဆိုပါတော့ ။ အခုမှမိုးနတ်မယ်လိုလှပတဲ့ ချစ်သူတစ်ယောက်ကောက်ရလိုက်တော့ ပွပြီပေ့ဆိုပြီးစာဂျပိုးလန်းကဘာလုပ်သလဲဆိုတော့ ဂျူယူနဲ့ညကြီးသန်းခေါင်တိုင်တဲ့အထိ မအိပ်မနေစာပေအကြောင်းတွေ အားပါးတရဆွေးနွေးတယ်ဆိုပဲ ။ နောက်တော့ ကောင်မလေးလည်း မတရားငိုက်လာပြီး မနေနိုင်တော့ပဲ အိပ်ရာဝင်ဖို့ပြောရသတဲ့ ။

"……ညနက်လှပြီ..အစ်ကိုရယ်..အိပ်ကြပါစို့ရဲ့….."

"…..အေး..ဟုတ်သား..ကျုပ်နမလည်းပန်းလှရောပေါ့…"

ဒါနဲ့ဂျူယူကညဥ့်ရုံလွှာလဲဖို့အတွက် မီးခွက်မှုတ်လိုက်ရော ။ အိပ်ရာထဲရောက်ကြတော့ ဂျူယူကလန်းကိုညှင်ညှင်သာသာနမ်းရင်းဆိုသတဲ့ ။

"….အိပ်တော့နော်…အစ်ကို…"

www.burmeseclassic.com

"......ဝှါး...ဟား.....ဟေ...အေး...ဂျူယူလည်းအိပ်တော့နော်...."

ခဏနေတော့ ဂျူယူက လန်းဖက်အသာတိုးလာရင်း ဆိုပြန်သတဲ့ ။

".....ကောင်းသောညပါ..လန်းရေ..."

"......အင်း...."

စာဂျပိုးလန်းက တစ်လုံးတည်းပဲဇလုံးဇထွေးနဲ့ဆိုပြီး အိပ်မောကျသွားပါလေရော ။ ခက်လိုက်ပုံများ ပြောပါတယ် ။ ဆိုတော့ ဒီအတိုင်းတစ်ပုံစံတည်း ညစဉ်ညတိုင်းသွားနေရုံတင်မကဘူး ၊ သူ့ယုံကြည်ချက်တွေပြည့်စုံသွားလို့ အား တက်ဝမ်းသာနေတဲ့လန်းဟာ အရင်ကထက်တောင်ပိုပြီးအရူးအမူးပဲ စာပေလေ့လာပါတော့သတဲ့ ။ ဂျူယူလိုစာပေ ဆွေးနွေးဖော်ပါရလိုက်တော့သူ့ချစ်သူမိန်းကလေးကိုဘေးမှာထားပြီး မအိပ်မနေကိုဖတ်မှတ်လေ့လာနေလိုက်တာ နောက်ဆုံးတော့ စာအုပ်ထဲကနမပျိုကတောင် သည်းမခံနိုင်တော့တဲ့အထိဖြစ်လာပါလေရော ။

".....လန်းရေ...အစ်ကိုရဲ့...ဘာဖြစ်လို့ဒီလောက်တောင်မှ..တစ်ချိန်လုံးစာအုပ်ပုံထဲပဲခေါင်းထိုးနေရတာလဲ...ကျွန်မ အစ်ကို့နားမှာရှိနေတယ်ဆိုတာကိုရော..သတိရသေးရဲ့လား...ကျွန်မလူ့လောကကို.အလကားလာတာမဟုတ်ဘူး ရှင်ရဲ့...ရှင့်ကိုကူညီဖို့လာတာ..သိရဲ့လား...လန်းကအောင်မြင်ချမ်းသာချင်တယ်ဆို...အရာရှိကြီးဖြစ်ချင်တယ်ဆို.. ဒါဆိုဒီလိုချည်းနေလို့မရဘူးရှင့်...အပြင်လေးဘာလေးထွက်ပြီးတော့..မိတ်ဟောင်းတွေနဲ့ဆုံရင်း..မိတ်သစ်ရှာရင်း နဲ့အပေါင်းအသင်းဆန့်အောင်နေရတယ်...နန်းတွင်းစာမေးပွဲအောင်ပြီး..အရာရှိအရာခံဖြစ်နေတဲ့လူတွေကိုကြည့် စမ်းပါ...အစ်ကို့လိုစာအုပ်အရာအထောင်ကိုအာဂုံဆောင်နေဖို့မပြောနဲ့..စာအုပ်ဆယ်အုပ်ပြည့်အောင်တောင်မဖတ် တတ်သူတွေအများကြီးရှင့်...ချူရှီမှတ်စုရှင်းလင်းချက်လေးအုပ်လောက်..ဂွန့်ဝင်ငါးကျမ်းလောက်နဲ့လူဖော်လုပ်နေ ကြတဲ့သူတွေချည်းပဲ...စာမေးပွဲအောင်တဲ့သူတိုင်းက..စာပေပညာရှင်တွေချည်းမဟုတ်ဘူးရှင့်..ပါးနပ်စမ်းပါ..လန်း ရယ်..ကျွန်မပြောတာကိုနားထောင်ပြီး..စာအုပ်တွေကိုခဏမေ့ထားစမ်းပါ......"

စာအုပ်ဖြတ်စကားကြားတဲ့လန်းကတော့ ရေထဲကဆယ်ပြီးကုန်းပေါ်တင်ပစ်တင်ခံရတဲ့ငါးလိုပဲ ပါးစပ်ကြီး ဟစိဟစိနဲ့အသက်ရှူတောင်မှားသွားသတဲ့ ။ စာအုပ်ထဲကနေထွက်လာတဲ့ မိန်းကလေးကများ ဒီလိုပြောရကောင်း



www.burmeseclassic.com

www.burmeseclassic.com

လားဆိုပြီး အံ့လည်းသြ ၊ နာလည်းနာပေါ့လေ ။ လန်းဆိုတာက ထမင်းမစားရရင်တောင်နေနိုင်သေးရဲ့ ၊ စာမဖတ်ရရင်မနေနိုင်ပေါင်ဆိုတဲ့ လူစားမျိုးမဟုတ်လား ။ ဂျူယူကတော့ ခပ်တင်းတင်းပဲဆက်ဆိုတယ် ။

"…..ပြောလိုက်ပါပေရဲ့..လန်းရေ…အစ်ကိုအောင်မြင်ချမ်းသာချင်တယ်ဆိုရင်တော့..ကျွန်မစကားကိုနားထောင်မှဖြစ်လိမ့်မယ်….ရှင်ဒီစာအုပ်တွေကိုဖြတ်ရင်ဖြတ်..ဒါမှမဟုတ်ရင်ကျွန်မကိုပြန်တွေ့ရတော့မယ်မထင်နဲ့….ဒါပဲ…."

ဒီတော့လန်းခမြာလည်း ဘာမှမတတ်နိုင်ဘဲ ဂျူယူရဲ့စကားကိုနားထောင်လိုက်ရတော့သတဲ့ ။ စာဂျပိုးပီပီဘာမှသာအချစ်စခန်းရယ်လို့မဖွင့်တတ်ပေမဲ့ ဂျူယူသူ့အနားမှာရှိတာကိုတော့ လန်းကသိပ်သဘောကျမိတာကိုး ။ ဒါနဲ့လန်းလည်းစာပေမလေ့လာဖြစ်အောင် အတန်တန်ထိန်းနေတဲ့ကြားထဲက တစ်နေ့မှာစာကြည့်တိုက်ထဲအမှတ်တမဲ့ဝင်သွားမိပြီး စာအုပ်ပုံကြီးကိုလည်းမြင်လိုက်ရော စိတ်လွတ်ထွက်သွားပြီး သူ့အကြိုက်ဆုံးလင်္ကာတွေ ၊ ဆိုရိုးစကားတွေကိုအားပါးတရအာဂုံဆောင်မိပြန်ပါသတဲ့ ။ အတော်ကြာမှသူဂျူယူ့ကိုကတိပေးထားတာ အမှတ်ရမိပြီးအလန့်တကြားနဲ့ကြည့်လိုက်မိတော့ ဂျူယူကမရှိတော့ဘူး ။ အိမ်ထဲဘယ်နေရာမှာပဲရှာရှာ လုံးလုံးကြီးကိုပျောက်ကွယ်သွားတာကိုသိတော့မှ လန်းလည်း အလန့်တကြားနဲ့ပဲ ဂျူယူပြန်လာဖို့ကြိတ်ဆုတောင်းရင်း ရက်တော်တော်ကြာအောင်စောင့်သေးတယ် ။ ဂျူယူကတော့ အရိပ်အယောင်တောင်မရှိတော့ပါဘူး ။ နောက်ဆုံးလွမ်းကလည်းလွမ်း ၊ နောင်တလည်းရနဲ့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ အတော်ကြီးခံလိုက်ရပြီးမှ ဂျူယူဟာစာအုပ်မှတ်တံထဲကမိန်းကလေးဆိုတာကို သတိရလိုက်မိသတဲ့ ။ ဒါနဲ့ဝမ်းသာအားရနဲ့ ဟန်မင်းဆက်သမိုင်းကြောင်းအဌမတွဲကြီးကိုပြန်ထုတ်ချလာပြီး စာအုပ်မှတ်တံလေးကိုပြန်ထုတ်ကြည့်ရတယ် ။ ဂျူယူကတော့ ပိုးသားမိန်းမလှလေးအနေနဲ့ပဲနေရာမှာရှိနေသတဲ့ ။ လန်းလည်းဝမ်းသာဝမ်းနည်း အကြိမ်ကြိမ်ခေါ်ပေမဲ့ ပုံထဲကမိန်းကလေးကတော့တုတ်တုတ်တောင်မလှုပ်ဘူး ။ လန်းခမြာရင်ကွဲမတတ် အကြိမ်ကြိမ်တောင်းပန်အသနားခံပြီး ဂျူယူ့စကားအတိုင်းနာခံပါတော့မယ်လို့ကတိအထပ်ထပ်ပေးတဲ့အခါမှ ဂျူယူကမျက်နှာထားတင်းတင်းနဲ့ စာအုပ်ထဲကနေထပြီးအပြင်ကိုပြန်ထွက်လာတော့သတဲ့ ။ ပြီးတော့အေးစက်စက်နဲ့ဆိုတယ် ။

"…….အစ်ကိုရေ…ဒါနောက်ဆုံးပဲနော်….နောက်တစ်ခါဆိုရင်တော့…ကျွန်မကိုတစ်သက်လုံးစာဆုံးရှုံးလိုက်ရပြီလို့သာမှတ်လိုက်ပေတော့…"



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါတော့ လန်းလည်းပေါ့တီးပေါ့ဆမလုပ်ရဲတော့ပဲနဲ့ စာအုပ်တွေကိုကြိုးစားပြီးဖြတ်ရတော့တယ် ။ တနေ့တော့ဂျူယူက စာတစ်ရွက်အပေါ်မှာစစ်တုရင်ခုံပုံဆွဲပြီး လန်းကိုစစ်တုရင်ထိုးနည်းသင်ပေးသတဲ့ ။ ပြီးတော့ နောက်တဆင့်တိုးပြီး ဖဲကစားနည်းပါသင်ပေးပြန်တယ် ။ လန်းကတော့ ဒါတွေကိုလုံးလုံးမှဝါသနာမပါပေမဲ့ ဂျူယူကိုထပ်အဆုံးရှုံးမခံနိုင်တော့ ကြိုးစားသင်ယူရတယ် ။ ဂျူယူများတခါတလေအနားမှာမရှိဘူးဆိုရင် လန်းခမြာဆေးပြတ်နေတဲ့သူလို စာအုပ်ကိုအငမ်းမရကောက်လှန်မိပြီး ဂျူယူများအနောက်မှာရောက်နေမလားဆိုပြီး ရင်တမမနဲ့ ခိုးဖတ်ရတဲ့အကြိမ်တွေလည်းမနည်းဘူး ။ ပြီးတော့အခန့်မသင့်လို့မိများသွားရင် ဂျူယူစာအုပ်ထဲပြန်ဝင်သွားမှာစိုးလို့ဟန်မင်းဆက်သမိုင်းကြောင်းစာအုပ်ကြီးကိုလည်း တခြားစာအုပ်စင်ပေါ် နေရာပြောင်းပြီးသွားဖွက်ထားရသေးတယ် ။ သူ့နေရာဖြစ်တဲ့စာအုပ်မှတ်တံလေးရှိတဲ့စာအုပ် မျက်စိအောက်မှာရှိမနေရင် ဘယ်မှသွားနိုင်မှာမဟုတ်ဘူးလို့ စာဂျပိုးကကြံကြံဖန်ဖန်တွေးမိတာကိုး ။

ဒါနဲ့တစ်ရက်တော့ နည်းနည်းပဲခိုးဖတ်မယ်လေဆိုပြီး စာအုပ်ကောက်ကိုင်လိုက်တာ အလွန်စိတ်ပါသွားလို့ဂျူယူအနားရောက်လာတာကိုတောင် သတိမထားမိတော့ဘဲအားပါးတရဆက်ဖတ်နေမိပါသတဲ့ ။ အတော်ကြာမှမျက်လုံးထောင့်ကရိပ်ကနဲမြင်လိုက်လို့ စာအုပ်ကိုပျာပျာသလဲပိတ်ပြီး လှည့်လိုက်တော့ ဂျူယူနေရာမှာမရှိတော့ပြန်ဘူး ။ ဒီတခါတော့ ဂျူယူပျောက်သွားတာ အကြာကြီးပါပဲ ။ လန်းလည်း နောက်ဆုံးမနေနိုင်တော့ဘဲ မဝံ့မရဲနဲ့ ပဲစာအုပ်မှတ်တံလေးထည့်ထားတဲ့ ကျမ်းကြီးကိုဖွက်ထားရာကနေထုတ်ကြည့်လိုက်တော့ ဂျူယူကစာအုပ်မှတ်တံလေးအပေါ်ပြန်ရောက်နေပြီ ။ ဒီတခါလည်း အကြိမ်ကြိမ်အော်ခေါ်တောင်းပန်ပေမဲ့ မထူးပါဘူး ။ ကတိမတည်တဲ့လန်းကိုအလွန်စိတ်ဆိုးနေဟန်နဲ့ စာအုပ်ထဲကမိန်းမလှလေးဟာ တုတ်တုတ်မှမလှုပ်ပါဘူးတဲ့ ။ နောက်ဆုံးမှလန်းကိုယ်တိုင် သူဒီတစ်သက်စာအုပ်တွေကို ဘယ်တော့မှလက်ဖျားနဲ့တောင်မတို့တော့ပါဘူးလို့ ကတိပေးလိုက်တဲ့အခါကျမှ ဂျူယူဟာစိတ်မပါ့တပါနဲ့ထွက်လာပြီး ဆိုတယ်။

"......စာအုပ်တွေကိုဖြတ်ဖို့ပြောတာက..ရှင့်ကိုနာကျင်စေချင်လို့မှမဟုတ်တာ..လန်းရယ်...ရှင်ပဲအရာရှိကြီးဖြစ်ချင်တယ်ဆို...ဒီဆန္ဒပြည့်ဝအောင်ကူညီပေးဖို့ကျွန်မကလူ့လောကထဲကိုလာခဲ့ပေမဲ့..ရှင်ကကျွန်မစကားကိုနည်းနည်းမှအလေးမထားခဲ့ဘူး...ကျွန်မလည်းစိတ်ကုန်စပြုနေပြီရှင်ရေ့....နောက်တစ်ကြိမ်တွေဘာတွေလည်းကြိမ်းဝါးမနေချင်တော့ဘူး...သုံးရက်အတွင်းမှာမှရှင်စစ်တုရင်ကောင်းကောင်းမကစားတတ်လာဘူးဆိုရင်တော့...ကျွန်မရှင့်ကိုအဟုတ်ပဲထားခဲ့ရတော့မယ်...မှတ်ထားနော်..ကျွန်မကလူ့လောကထဲကိုထွက်ချည်ဝင်ချည်အကြိမ်ပေါင်းမြောက်များစွာလုပ်ခွင့်ရှိတာမဟုတ်ဘူး....ဒီတခါပြန်သွားရင်ဘယ်တော့မှပြန်လာလို့မရတော့ဘူး...ရှင်လည်းစာဂျပိုးဘဝ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ပဲဘဝကို..လူမသိသူမသိဖြတ်သန်းသွားရတော့မှာပဲ....ရှင့်သဘောပဲ..အစ်ကိုရယ်....."

ဒီတင်နောက်တစ်ခါဆိုတာရှိတော့မှာမဟုတ်ဘူးဆိုတာ နားလည်လိုက်တဲ့လန်းလည်း ဂျူယုရဲ့အလိုအတိုင်း ဦးဆုံးစစ်တုရင်ကိုကျားကုတ်ကျားခဲသင်ယူလိုက်တာ သုံးရက်မြောက်တဲ့နေ့မှာတင် ဂျူယု့ကိုနှစ်ပွဲတိတိနိုင်သွားပါသတဲ့ ။ ဒီတော့မှ ဂျူယုလည်းဝမ်းသာအားတက်လာပြီး ကြိုးခုနစ်ချောင်းတပ်စောင်းတီးနည်းသင်ပေးပြန်ပြီးငါးရက်အတွင်းသီချင်းကြီးတစ်ပုဒ်ကို ကျွမ်းကျွမ်းကျင်ကျင်တီးခတ်နိုင်ရမယ်ဆိုပြီး စမ်းသပ်ပြန်သတဲ့ ။ ဒီတခါလည်းဂျူယုပြန်သွားမှာကိုအစိုးကြီးစိုးနေတဲ့လန်းဟာ အပြင်းအထန်ထမင်းမစားဟင်းမစားတီးခတ်လေ့ကျင့်ပစ်လိုက်တာ နောက်ဆုံးသူ့လက်ချောင်းလေးတွေတောင်အကျင့်ရပြီး ဂီတကိုပါနှစ်သက်တတ်လာသတဲ့ ။ တကယ်လည်းဂျူယုကဒါကိုလိုချင်တာပါပဲ ။ စောင်းတီးသင်ပေးတာ ဂီတပညာရှင်ဖြစ်လာဖို့မဟုတ်ဘဲ ဂီတကိုခံစားမြတ်နိုးတတ်ဖို့သာရည်ရွယ်တာကိုး ။ အမှန်ကတော့လန်းကိုလူ့လောကကြီးထဲဝင်ဆန့်နိုင်စေဖို့ ဘက်စုံထောင့်စုံကနေလေ့ကျင့်ပေးနေတဲ့သဘောပါပဲ ။ တနေ့ပြီးတနေ့ဂျူယုရဲ့သင်ခန်းစာတွေဟာ များသထက်များလာသတဲ့ ။ အရက်ကိုလူဝင်ဆန့်ရုံ ၊ အာရွှင်ရုံသောက်နည်းတွေ ၊ အပေါင်းအသင်းတွေချစ်ရုံပါးပါးနပ်နပ်လောင်းကစားနည်းတွေ ၊ ပွဲလယ်တင့်အောင် ပွဲကျအောင်စကားပြောနည်းတွေနဲ့ အပေါင်းအသင်းဆန့်အောင်ပြုမူနေထိုင်နည်းတွေပေါ့ ။

လန်းရဲ့မြတ်နိုးကိုးကွယ်ရာ ဘဝနေနည်းဆောင်ပုဒ်ကိုမြင်တော့ ဂျူယုကဒါပညာကုန်မဟုတ်သေးဘူးဆိုပြီး "အောင်မြင်မှုသို့" ဆိုတဲ့အင်မတန်နက်နဲတဲ့လျှို့ဝှက်ကျမ်းတစ်စောင်ကိုထုတ်ပေးသတဲ့ ။ စာအုပ်လေးကပါးပါးလေးပေမဲ့ လန်းသိသင့်သိထိုက်တာမှန်သမျှကို ဒီစာအုပ်ထဲကနေထုတ်နှုတ်ပြီး ဂျူယုကကောင်းကောင်းကျင့်ပေးတယ် ။ ဥပမာ - စိတ်ထဲရှိရာကိုထုတ်မပြောဖို့တွေ ၊ တခါတလေစိတ်ထဲမရှိတာကိုလည်း လောကွတ်ကောင်းစေဖို့တွေ ၊ နောက်ဆုံးအရေးအကြီးဆုံးဖြစ်တဲ့တဖက်လူကြားချင်မဲ့ ၊ သူ့စိတ်ထဲရှိနေတဲ့အရာမျိုးကို လိမ္မာစွာနဲ့သိမြင်ပြီးပြောဆိုတတ်စေဖို့တွေပါပဲ ။ ဒီအဆင့်တွေကိုကျွမ်းကျင်ပိုင်နိုင်ပြီးတဲ့အခါမှာ စိတ်ထဲရှိတာရဲ့တစ်ဝက်လောက်ကိုပဲထုတ်ပြောတတ်စေဖို့ကျင့်ရပြန်တယ် ။ ဒါမှတစ်ခုခုကိုအပြတ်ကြီးငြင်းပစ်မိတာမျိုး ၊ သဘောတူပစ်မိတာမျိုးမလုပ်မိမှာကိုး ။ တကယ်လို့အခြေအနေတွေကကိုယ်ထင်ထားသလိုဖြစ်မလာခဲ့ရင် တက်သာဆုတ်သာရှိအောင်ပြောဆိုနည်းတွေဆိုပါတော့ ။

တစ်သက်လုံးစာအုပ်ကြားထဲနေပြီး လူနဲ့သူနဲ့ဆက်ဆံလေ့မရှိတဲ့ လန်းရဲ့စကားပရိယာယ်ကြွယ်ဝပုံကတော့ တောထဲကမျောက်နဲ့နင်လားငါလားအဆင့်ပေမဲ့ ဂျူယုကအင်မတန်မှကိုစိတ်ရှည်ရှာပါသတဲ့ ။ စိတ်ထဲမရှိ



www.burmeseclassic.com

www.burmeseclassic.com

တာကိုလောကွတ်နှုတ်ချိုဆိုခြင်းအားဖြင့် ရာထူးအဆင့်လေးငါးခုကိုလွယ်လွယ်လေးတက်သွားနိုင်ပုံတွေ ၊ စိတ်ထဲရှိရာကိုစွတ်မပြောဘဲ ဆိတ်ဆိတ်နေထောင်တန်လုပ်နေခြင်းအားဖြင့် နယ်ပိုင်တရားသူကြီးအဆင့်ဖြစ်တဲ့ ရာထူးအဆင့်ခြောက်လောက်အထိ ရောက်သွားနိုင်တာတွေကို လန်းနားလည်တဲ့အထိ ဥပမာဥပမေယျတွေနဲ့ရှင်းပြတတ်တယ် ။ ရာထူးအဆင့်တစ်တို့ ၊ နှစ်တို့ဖြစ်တဲ့ နယ်ပိုင်တွေ ၊ ဝန်မင်းတွေ ၊ ဝန်ကြီးချုပ်တွေဆိုရင် အမြဲလိုလိုစိတ်ထဲရှိတာရဲ့တစ်ဝက်လောက်ကိုပဲ ထုတ်ဖော်ပြောဆိုခြင်းအားဖြင့် အခြေအနေတွေကိုလိုသလိုမီးစင်ကြည့်ကနိုင်ပုံတွေကိုလည်း ရာဇဝင်ခင်းပြတတ်သေးသတဲ့ ။ ဒီအဆင့်ကတော့အင်မတန်မှဖြတ်ထိုးဉာဏ်ကောင်းကာ အမြော်အမြင်ကြီးပြီးစကားပရိယာယ်ကြွယ်ဝသလို အကွက်ကြိုမြင်တတ်တဲ့သူတွေမှတတ်နိုင်တာပါ ။ သို့ပေမင့် သူတစ်ပါးကြားချင်တတ်တဲ့ စကားရွေးပြောတတ်ရင်တောင် အဆင့်ခုနစ်လောက်ဖြစ်တဲ့ လက်ထောက်တရားသူကြီးရာထူးလောက်ရနိုင်ကြောင်း ဂျူယူကရှင်းပြတယ် ။ ဒီဟာကိုကျွမ်းကျင်ပိုင်နိုင်ဖို့ရာကတော့ မခက်ခဲလှပါဘူး ။ စိတ်ပါလက်ပါနဲ့ "ဟုတ်လိုက်တာခင်ဗျာ ၊ မှန်ပေ့ခင်ဗျာ ၊ ဟာ..ဟုတ်တာပေါ့ခင်ဗျာ" စတာတွေကို သွက်သွက်ကြီးပြောဆိုတတ်ဖို့ပါပဲ ။ ဒါကိုတော့ လန်းကအချိန်တိုအတွင်းမှာသင်ယူနားလည်သွားပါတော့သတဲ့ ။

သဘောတရားတွေကျွမ်းကျင်ပိုင်နိုင်သွားပြီးတဲ့နောက်မှာတော့ လက်တွေ့ကွင်းဆင်းတဲ့အနေနဲ့ ဂျူယူကလန်းကိုသူ့သူငယ်ချင်းတွေဆီကိုလွှတ်တော့တာပဲ ။ ဒါနဲ့မိတ်ဆွေတွေဆီ ဝင်ထွက်သောက်စားစပြုလာတဲ့လန်းကိုပြောင်းလဲသွားပြီဆိုပြီးတော့ အရင်ကလိုအရူးသာသာသဘောမထားတော့ဘဲ ကောင်းကောင်းမွန်မွန်ဆက်ဆံလာကြသတဲ့ ။ မကြာခင်ပဲသူတို့နဲ့တန်းတူရည်တူသောက်စားလိုက် ၊ ပျော်ပျော်ရွှင်ရွှင်ဖဲဝင်ရိုက်လိုက်နဲ့ ၊ ပွဲကျအောင်ပါပြောဆိုတတ်တဲ့လန်းဟာသူတို့မြို့ရဲ့လူဂုဏ်တန်တွေကြားထဲမှာ"လူ့မင်းသား"တစ်ဦးအနေနဲ့ထင်ရှားလာတော့တယ် ။ လူဝင်ဆန့်အောင် လန်းတစ်ယောက်နေတတ်ထိုင်တတ်ပြီဆိုတော့မှ ဂျူယူကကျေနပ်ဟန်နဲ့ဆိုတယ် ။

"....ကိုင်း...အခုအစ်ကို့ကို..အရာရှိရာထူးယူပေးဖို့အချိန်ကျပြီ...."

အဲ...ပြောဖို့ရာ တစ်ခုကျန်သွားတယ် ။ လူ့ဘဝမှာနေနည်းထိုင်နည်းတွေကို အပြင်းအထန်သင်ယူနေပေမဲ့ လန်းတစ်ယောက်ဟာလူမဖြစ်သေးဘူးလို့ ဆိုရမလားပဲ ။ ဒီလိုလေ .. တစ်ညမှာတော့ လန်းကသူ့ဆရာတဖြစ်လဲ ချစ်သူနမဂျူယူကိုမေးကြည့်သတဲ့ ။



www.burmeseclassic.com

www.burmeseclassic.com

"…….နမဂျူယူရေ…ကျုပ်သတိထားမိနေတာလေးတစ်ခုရှိလို့ပါဗျာ..မေးမယ်မေးမယ်နဲ့မမေးဖြစ်တာ…ကျုပ်မိတ်ဆွေတွေသူ့တို့မိန်းမတွေနဲ့အုံးစက်ရာတူယှဉ်တွဲပြီးတိုင်း..ကလေးတွေရလာပါရောလား…ကျုပ်နဲ့နမကျတော့အတူတူအိပ်စက်လာတာလည်းကြာလှပြီ…သားသမီးရယ်လို့ဖြစ်ထွန်းမလာတာ..ဘယ်လိုများပါလိမ့်…"

ဂျူယူလည်း မျက်နှာနီနီနဲ့ မသိသားဆိုးရွားလှတဲ့လူပါကလားဆိုတဲ့ အကြည့်မျိုးနဲ့ဆိုသတဲ့ ။

"…ဟင်း…ဒါတွေကြောင့်..လောကကြီးမှာစာကုန်းဖတ်နေရုံနဲ့..လူ့ဘဝရဲ့ကိစ္စအထွေထွေကိုမသိနိုင်ဘူးလို့..ကျွန်မအတန်တန်ပြောခဲ့တာပဲ…..ဘယ့်နှယ်…လန်းရယ်….ရှင့်မလဲ..ကျန်းမာသန်စွမ်းတဲ့ယောက်ျားရင့်မကြီးတန်မဲ့နဲ့..အသက်ပဲသုံးဆယ့်နှစ်နှစ်ရှိနေပြီ….လူ့ဘဝရဲ့အရေးအပါဆုံးအခန်းကဏ္ဍကိုတောင်မသိသေးဘူးဆိုတော့မလွန်လွန်းဘူးလား…ပြောတော့ဖြင့်ဗဟုသုတကြွယ်သလေးဘာလေးနဲ့…..ရှင်ဟာလေ..တကယ့်ကို..ဘာဆိုဘာမှမသိတဲ့သူပါပဲလားနော်……."

လန်းလည်း ဆတ်ဆတ်ခါနာသွားပြီး အော်ပါတော့သတဲ့ ။

"……ဟော့…ကျုပ်ကိုလူဆိုးသူခိုးစွပ်စွဲရင်တောင်..ဒီလောက်စိတ်မဆိုးဘူး…ဘယ့်နှယ်ဗျာ….တစ်သက်လုံးစာပေလေ့လာလာခဲ့တဲ့ကျုပ်ကိုဗဟုသုတမရှိဘူးပြောတာတော့..လုံးလုံးမခံနိုင်ဘူးဗျား…ကိုင်း..ကျုပ်နမပြောတဲ့လူ့ဘဝရဲ့အရေးပါတဲ့အခန်းကဏ္ဍဆိုတဲ့ဟာကို…ကျုပ်ကိုသင်ပေးပေတော့…လူအတော့အဖြစ်မခံနိုင်ဘူး…ကျုပ်မတတ်မချင်းကြိုးစားသင်မယ်…ဖဲရိုက်စောင်းတီးတောင်..ကကြီးရေက..ကနေစခဲ့တဲ့သူပဲ…ဒီလောက်များတော့ဗျာ…"

ဒါနဲ့ဂျူယူလည်း ဆန့်ကျင်ဘက်လိင်နှစ်ဦးကြားရဲ့ သဘောသဘာဝနဲ့ ဘဝကပေးအပ်ထားတဲ့ မျိုးဆက်ပြန့်ပွားရေးတာဝန်တွေ ၊ အိမ်ထောင်သားမွေးကိစ္စတွေကို ရှင်းလင်းသင်ကြားပြသပါသတဲ့ ။ ဒီတော့မှဒီကိစ္စမျိုးရှိမှန်းသိလိုက်ရတဲ့ လန်းဟာအလွန်အမင်းအံ့သြသလို နှစ်သက်မွေ့လျော်လို့လည်းမဆုံးတော့ဘူး ။ အိမ်ထောင်ပြုတယ်ဆိုတာ ဒီလောက်နှစ်ခြိုက်စရာကောင်းမှန်း မသိခဲ့ပေါင်ဗျာ..ကျုပ်နမရောက်စကတည်းကအချိန်တွေတောင်နမြောမိပါရဲ့လို့ ကျေနပ်စွာနဲ့ ဥဒါန်းတောင်ကျူးရင့်ယူရသတဲ့ ။ ဒါတင်မကသေးဘူး ။ အရှုံးအမဲသားကျွေးမိသလိုပဲအားရလို့မဆုံးတဲ့ လန်းဟာ သူ့ရဲ့ရှာဖွေတွေ့ရှိချက်ကြီးကို မိတ်ဆွေတွေပါခံစားရစေတော့ဆိုပြီး လူတစ်ကာကိုလျှောက်ဝေငှတော့ ကြားမိတဲ့သူမှန်သမျှ ပါးစပ်ကိုလက်နဲ့အုပ်ပြီးကြိတ်ရယ်ကုန်ကြသတဲ့ ။ ဒီစာဂျပိုးနှယ်..အခုမှ



www.burmeseclassic.com

တော်လာတယ်လို့ထင်ရတာ တချီတချီတော့ထဖောက်တတ်သားဆိုပြီး ရယ်လိုက်ကြတာတအုန်းအုန်းပဲ ။ နောက်ဆုံးဂျူယှူနားထဲကိုပြန်ရောက်လာတော့ ဟိုခမြာမှာအလွန်ရှက်ပြီး လန်းကိုဆူပူတော့တာပဲ ။

".......အစ်ကိုရယ်...အတယ်လို့ပြောရင်လည်းရှင်ကမကြိုက်ဘူး..ဘယ့်နယ်လုပ်ပြီးကျွန်မတို့ရဲ့အိပ်ခန်းဆောင်ထဲကအတွင်းရေးကိစ္စတွေကို..လူတကာလျှောက်ပြောနေရတာတုန်း...ရှက်စရာကောင်းလိုက်ပါဘိတော့....."

လန်းကလည်း မလျှော့ပါဘူး ။

"..........အို...ဘာရှက်စရာရှိလို့တုန်း...ကျုပ်နမရဲ့...လူ့စည်းကမ်းချိုးဖောက်တဲ့ကိစ္စမှမဟုတ်တာ...သာယာတဲ့အိမ်ထောင်တစ်ခုမှာအလွန်အရေးပါတဲ့ကိစ္စပဲဟာ...ဒါလူ့သဘာဝပဲမဟုတ်လား....ကျုပ်ကတော့မရှက်ပေါင်..."

ဒီလိုနဲ့လန်းနဲ့ဂျူယှူမှာ သားတစ်ယောက်ထွန်းကားလာသတဲ့ ။ သူတို့လည်း ကလေးထိန်းဖို့အစေခံတွေဘာတွေတောင် ငှားရပြီ ။ တကယ့်ကိုအိမ်ထောင်ကြီးတစ်ခုဖြစ်လာပြီဆိုပါတော့ ။ ဒါနဲ့သားကလေး တစ်နှစ်ပြည့်တော့ဂျူယှူကဆိုသတဲ့ ။

"........လန်းရေ...အစ်ကို့ဆီကျွန်မရောက်နေတာနှစ်နှစ်ပြည့်လို့..သားတောင်ဒီအရွယ်ရောက်လာပြီ....ကျွန်မတို့ခွဲခွာဖို့အချိန်ရောက်လာပြီကွယ်...ဒီထက်ကြာကြာဆက်နေရင်..တစ်ခုခုဖြစ်လာမှာစိုးလှတယ်....အမှန်ကတော့ဒီလောက်ကြာကြာနေဖို့ကိုမရည်ရွယ်ခဲ့မိဘူး..လန်းရဲ့ယုံကြည်ချက်ကိုချီးမြှင့်တဲ့အနေနဲ့..ခဏတဖြုတ်ပဲလာတွေ့ဖို့ပဲ...ကျွန်မတို့သံယောဇဉ်တွေ..တစ်ရစ်ထက်တစ်ရစ်ပိုတိုးမလာခင်..ခွဲကြတာအကောင်းဆုံးဖြစ်လိမ့်မယ်...လန်းမှာကျွန်မသင်ထားပေးခဲ့တဲ့ပညာတွေနဲ့..လူ့ဘဝမှာဘယ်လိုချမ်းသာအောင်မြင်အောင်နေရမလဲဆိုတာကိုလည်းကျွမ်းကျင်နေပြီပဲကွယ်....ကျွန်မသွားဖို့အချိန်တော်ပြီ....."

လန်းခမြာ အလွန်ထိတ်လန့်သွားပြီး အရူးမီးဝိုင်းတောင်းပန်တော့တာပဲ ။

".........ဘယ်လိုကွဲ့...ဂျူယှူရယ်..မသွားပါနဲ့...နမရယ်...ရှိကြီးခိုးပါရဲ့...တို့သားကလေးမျက်နှာကိုငဲ့ပါဦး...မင်းတို့သားအဖကိုထားသွားလို့မဖြစ်ဘူး...မသွားပါနဲ့...ဘာမှမဖြစ်စေရပါဘူး....သားလေးကိုမသနားဘူးလားဟင်....."



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုတော့လည်း မိခင်ပီပီဂျူယူခမြာ ကလေးကိုကြည့်ပြီး မသွားနိုင်တော့ပြန်ဘူး ။ ဒါပေမဲ့လန်းကိုတောင်းဆိုပြန်သတဲ့ ။

"......အင်း...ဒီလိုဆိုရင်လည်း..ကျွန်မဆက်နေကြည့်ပါဦးမယ်လေ...ဒါပေမဲ့အစ်ကို့စာကြည့်တိုက်ထဲကစာအုပ်တွေကိုတော့..အကုန်စွန့်ပစ်လိုက်ဖို့ပြောချင်တယ်ကွယ်.....တစ်ခုခုဖြစ်လာမှာကိုကျွန်မကြိုမြင်နေသလိုပဲ......"

".......အချစ်ရယ်...ကျုပ်နမရဲ့..ဒါတစ်ခုကိုဖြင့်ကျုပ်ကိုမလုပ်ခိုင်းပါနဲ့...စာအုပ်မဖတ်နဲ့ဆိုရင်ကျုပ်မဖတ်တော့ပါဘူး ကျုပ်ကိုအနှစ်သုံးဆယ်တိတိအဖော်ပြုခဲ့တဲ့..ဘိုးဘွားအမွေတွေကိုတော့ကျုပ်မလုပ်ရက်လို့ပါ...တောင်းပန်ပါတယ်ကွယ်...တခြားမင်းဘာခိုင်းခိုင်းလုပ်ပါ့မယ်...စာအုပ်တွေကိုတော့မထိပါရစေနဲ့...နမလည်းဒီစာအုပ်တွေထဲကပဲလာခဲ့တာပဲကွယ်....ဒီစာကြည့်တိုက်ဟာကျုပ်ရဲ့နှလုံးသည်းပွတ်မို့ပါ....ရှိကြီးခိုးပါရဲ့..ဂျူယူရယ်...နော်...."

နောက်ဆုံးတော့ ဂျူယူလည်းစိတ်လေးလေးနဲ့ပဲအလျှော့ပေးလိုက်ရသတဲ့ ။ ဒါပေမဲ့ လန်းကိုတော့သတိပေးတယ် ။

"......အင်း...ကျွန်မသွားဖို့အချိန်တော်နေတာတော့အမှန်ပဲ...ဒါပေမဲ့လည်းမတတ်နိုင်တော့ဘူး.....တစ်ခုတော့သတိထားပါ...လန်းရေ...အရာအားလုံးဟာကံစီမံရာအတိုင်းဖြစ်ပျက်ရမှာပဲကွယ်...ဒါကိုဘယ်သူကမှပြောင်းလဲဖို့ရာမတတ်နိုင်ဘူး........"

မကြာခင်ပဲ စာဂျပိုးလန်းမှာဇနီးချောလေးသာမက သားပါရှိကြောင်း တဖြည်းဖြည်းနဲ့လူတွေသိကုန်ကြသတဲ့ ။ လန်းရဲ့အိမ်နီးချင်းတွေကလည်း အိမ်ချင်းသာကပ်နေကြပေမဲ့ ဒီမိန်းကလေးဘယ်ကလာသလဲဆိုတာတွေ ၊ လန်းဘယ်တုန်းကအိမ်ထောင်ပြုလိုက်သလဲဆိုတာတွေပါ ဘာဆိုဘာမှကိုမသိကြဘူး ။ တချို့ကလည်း အတင်းချောင်းဖို့ကြိုးစားကြတယ် ။ တစ်ချို့ကတော့မသိမသာနဲ့လန်းကိုစကားတောက်ကြည့်တတ်သတဲ့ ။ လန်းကလည်းစိတ်ထဲရှိရာအကုန်မပြောဖို့ ကျွမ်းကျင်နေပြီဆိုတော့ မသိမသာနဲ့စကားလမ်းကြောင်းလွှဲပစ်တာချည်းပါပဲ ။ ဒီတင်ကောလဟာလတွေပြန့်သထက်ပြန့်လာပြီး နောက်ဆုံးလန်းဟာသရဲမနဲ့အိမ်ထောင်ကျပြီး မှင်စာကလေးမွေးထားတယ်ဆိုပြီးပြောသူကပြော ၊ မဟုတ်ပါဘူး မိုးကျနတ်မယ်ကိုရတဲ့ဖေက်ကောင်းပါလို့ဆိုသူကဆိုနဲ့ ထင်ချင်ရာထင်နေကြတော့တယ် ။ မိန်းကလေးကိုမြင်ဖူးသူလည်းမရှိ ၊ ဇစ်မြစ်လည်းမသိကြဘူးကိုး ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးမှာ ဖူချောင်နယ်ရဲ့ရာဇဝတ်တရားသူကြီးဆီကိုဒီသတင်းရောက်သွားသတဲ့ ။ ရှီဆိုတဲ့ဒီတရားသူကြီးဟာလူငယ်ပဲရှိသေးတဲ့အပြင် ဒီရာထူးကိုရထားတာကလည်းမကြာသေးတော့ ချိုသွေးချင်နေတာပေါ့လေ ။ အသက်ငယ်ငယ်နဲ့ဘွဲ့ထူးဂုဏ်ထူးတွေရထားတဲ့အပြင် အယူသီးတာတို့ဘာတို့တွေကိုလက်မခံပဲခေတ်အမြင်ရှိလှသူလည်းဖြစ်တယ်လို့ဆိုတယ် ။ ဒါနဲ့ဒီစုန်းလိုလို ၊ နတ်လိုလိုဟာနဲ့အိမ်ထောင်ကျနေတယ်ဆိုတဲ့ လန်းကိုဆင့်ခေါ်ပြီး သူ့ဇနီးကိုကိုယ်တိုင်စစ်ဆေးတွေ့ဆုံကြည့်မယ်လို့ကြံသတဲ့ ။ ဒါနဲ့လန်းရဲ့အိမ်ကို ရဲမက်တွေလွှတ်လိုက်တာနဲ့ ဂျူယူဟာအစအနရှာမရအောင်ကို ပျောက်ကွယ်သွားတော့တယ် ။ ရှီတရားသူကြီးလည်း ပိုပြီးတောင်စိတ်ထွက်လာပြီး လန်းကိုတရားရုံးအထိခေါ်လာပြီးစစ်ပြန်ရော ။ လန်းကရေငုံနှုတ်ပိတ်နေနေတော့ ဇနီးကိုဘယ်နားဖွက်ထားလဲဆိုတာမပြောရကောင်းလားဆိုပြီး အကြီးအကျယ်နှိပ်စက်ညှင်းပန်းတော့တာပဲ ။ လန်းကတော့ အသက်သာအသေခံမယ် ၊ သူ့ဇနီးရဲ့အကြောင်းကိုနည်းနည်းမှမဟဘူး ။ နောက်ဆုံးမှ သူတို့ရဲ့အစေခံမလေးဆီကနေတဆင့် လန်းရဲ့ဇနီးဟာစာအုပ်ထဲကထွက်လာသူဖြစ်ကြောင်း သိလိုက်ကြရသတဲ့ ။ ဒီတင်ဝိညာဉ်တွေဘာတွေကိုမယုံတဲ့ ရှီတရားသူကြီးဟာ လန်းရဲ့စာကြည့်တိုက်ထဲကိုမြေလှန်ပြီး ဂျူယူကိုရှာစေပြန်တယ် ။ ပြီးတော့အယူသီးတာတွေကိုလက်မခံဘူးဆိုတဲ့သဘောနဲ့ စာအုပ်တွေတစ်အုပ်မကျန်မီးပုံရှို့ခိုင်းလိုက်သတဲ့ ။ လန်းရဲ့အိမ်ရှေ့မှာတငွေ့ငွေ့လောင်နေတဲ့စာအုပ်ပုံကြီးရဲ့မီးခိုးတွေဟာ ရက်အတော်ကြာကြာတောင်မစဲပါဘူးတဲ့လေ ။ နောက်ဆုံးဂျူယူ့ကိုလည်းရှာမတွေ့ ၊ စာအုပ်တွေလည်းကုန်မှ ဘာမှမတတ်နိုင်ဘဲ လန်းကိုပြန်လွှတ်လိုက်ရတယ် ။ အဲဒီအချိန်မှာတော့ လန်းရဲ့အမြတ်နိုးဆုံးရတနာနှစ်ခုဖြစ်တဲ့ ချစ်ဇနီးနဲ့ စာကြည့်တိုက်ကြီးမရှိရှာတော့ပါဘူး ။ လန်းလည်းစိတ်နာလွန်းလို့ သူ့ဘဝကိုဖျက်ဆီးတဲ့ ရှီတရားသူကြီးကိုလက်စားချေဖို့ ပြာဖြစ်နေတဲ့စာအုပ်ပုံကြီးရှေ့မှာကျိန်ဆိုသတဲ့ ။

ဒီတင် အရာရှိတစ်ယောက်ကိုလက်စားချေဖို့ရာ သူပါအရာရှိအရာခံဖြစ်မှရမယ်ဆိုတာကို သဘောပေါက်လိုက်တဲ့လန်းဟာ ဂျူယူသင်ပေးခဲ့တဲ့ပညာကုန်ထုတ်သုံးပြီး မကြာခင်ပဲတန်ခိုးအာဏာစက်ပြင်းတဲ့မိတ်သစ်တွေရလာပါသတဲ့ ။ လူချစ်လူခင်လည်း များသထက်များလာတယ် ။ သခင်မကြီးတွေ ဦးစီးဦးဆောင်ကျင်းပတဲ့ပွဲတွေဆိုရင်လန်းကမပါမဖြစ်ပေါ့ ။ ဒီလိုနဲ့အိမ်တော်တွေနဲ့လည်းရင်းနှီးကျွမ်းဝင်လာပြီး နောက်ဆုံးအုပ်ချုပ်သူအသိုင်းအဝိုင်းထဲကတစ်ယောက်လိုသဘောမျိုးဖြစ်လာပါသတဲ့ ။ သူ့ရဲ့စာပေပညာနောက်ခံရယ် ၊ အသိုင်းအဝိုင်းအင်အားရယ်နဲ့ပေါင်းစပ်လိုက်တော့ မကြာခင်ပဲ လန်းဟာအရာရှိကြီးတစ်ပါးဖြစ်လာတော့တယ် ။



www.burmeseclassic.com

ဒီလိုအစီအစဉ်တကျလုပ်ရှားနေပေမဲ့ လန်းဟာသူ့ငယ်ချစ်ဦးလဲဖြစ် ၊ လောကကြီးထဲကိုတိုးဝင်နိုင်အောင် သင်ပေးခဲ့တဲ့ဆရာလည်းဖြစ်တဲ့ ဂျူယူကိုတနေ့မှမမေ့မရပါဘူးတဲ့ ။ ဂျူယူ့အတွက်ကမ္ဗည်းတိုင်လေးတစ်ခုထွင်းထားပြီး နေ့တိုင်းအမွှေးနံ့သာဆီမီးထွန်းညှိလို့ ဖူချောင်ကိုပြောင်းရွှေ့ခန့်အပ်ခံရဖို့ ကူညီပါမဲ့အကြောင်းတိုင်တည်တတ်တယ် ။ တိုက်ဆိုင်မှုလား ၊ ဘာလားတော့မဆိုနိုင်ပေမဲ့ သိပ်မကြာခင်ပဲဖူချောင်ကအရာရှိအရာခံတွေကို စီစစ်ပစ်ဖို့ စီမံကိန်းပေါ်လာသတဲ့ ။ အဲဒီစစ်ဆေးရေးအဖွဲ့ကို လန်းဦးဆောင်ခွင့်ရလိုက်တယ် ။ ဒါနဲ့စာရင်းဇယားတွေကို စစ်ဆေးကြတော့ ရှီတရားသူကြီးလာဘ်စားထားတာတွေ ၊ အာဏာအလွဲသုံးစားလုပ်ထားတာတွေ အကုန်ပေါ်လာပါလေရော ။ ရှီတရားသူကြီးလည်း ရုံးအတင်ခံရပြီး ပစ္စည်းတွေပါအသိမ်းခံလိုက်ရတယ် ။ အဲဒီတော့မှ လန်းလည်းတရားသဖြင့်လက်စားချေခွင့်ရလိုက်ပြီဆိုပြီး တခါတည်းနှုတ်ထွက်စာတင်လို့ သားကလေးကိုရင်မှာပွေ့ပြီးအိမ်ပြန်သွားပါတော့သတဲ့ ။





www.burmeseclassic.com

www.burmeseclassic.com



# THE WOLF OF CHUNGSHANG

This remarkable tale was written by Hsieh Liang of Sung Dynasty, but some texts give the author as Ma Chungshi of Ming Dynasty. It is possible that Ma revised and improved upon Hsien's text. The style is highly classical, making the wolf talk in the language of cultured gentlemen of Tsochuan (which I have, of course, not followed), but this fault may be forgiven in consideration of the author's very original comment on human ingratitude toward animals, who are our friends and faithful servants.

**Lin Yutang**



www.burmeseclassic.com

www.burmeseclassic.com

## ၂၀ ။ ချွန်ရှန်က ဝံပုလွေ

တစ်ရက်တော့ ချောင်မြို့စားဟာ ချွန်ရှန်တောင်တန်းတွေဘက်ကို တောလိုက်ထွက်သတဲ့ ။ မြို့စားတို့ရဲ့ ထုံးစံအတိုင်း နောက်လိုက်နောက်ပါမင်းချင်းတွေ ၊ မုဆိုးကျော်တွေ ၊ တောချောက်သမားတွေ ၊ အမဲလိုက်ခွေးတွေ တိုက်သိမ်းတွေအပြင် လေးကိုင်လှံကိုင်ရဲမက်တွေတအုပ်ကြီးနဲ့ဆူဆူညံညံအုတ်အုတ်ကျက်ကျက်ပေါ့လေ ။ ဒါနဲ့လမ်းမှာ တင် ဝံပုလွေတစ်ကောင်ကို မြို့စားကစမြင်လိုက်ပါသတဲ့ ။ ဝံပုလွေကလည်း ဒီလောက်သောင်းသောင်းသဲသဲပွက် လောရိုက်ပြီး လာနေတဲ့အမဲလိုက်အဖွဲ့ကြီးရဲ့ ရှေ့မှာတင်ကို နောက်ခြေနှစ်ချောင်းပေါ်ပတတ်ရပ်ပြီး အူနေသတဲ့ ။ ဒီတော့ အကောင်သေးမို့ မဖြစ်စလောက်ပေမဲ့ မျက်စိစူးလာတဲ့ချောင်မြို့စားက လေးနဲ့လှမ်းပစ်လိုက်တာ ဝံပုလွေ ကိုမှန်သွားပေမဲ့ ချက်ကောင်းကိုမထိပဲနဲ့ပြေးပါလေရော ။ ဒီတင် ရွှေသမင်ဘယ်ကထွက်ဆိုတဲ့ ပြဿနာမျိုးဖြစ် လာမှာကြောက်ဟန်တူတဲ့အမဲလိုက်တစ်ဖွဲ့လုံးလည်း နားကွဲမတတ်ပြာသံပေးပြီး ဖုန်တထောင်းထောင်းထအောင် အရပ်ရှစ်မျက်နှာကို ဖြန့်ကျက်ပြီးလိုက်လိုက်ကြတာ ဖုန်လုံးနဲ့လူအုပ်ကြီးထဲရောယောင်ပြီး ဝံပုလွေလည်း အသာ လေးပျောက်သွားတော့တာပဲ ။

ဒီအချိန်မှာပဲထန်ကူးလို့ခေါ်တဲ့လူတစ်ယောက်ဟာ မြည်းပိန်လေးကိုစီးပြီး ချွန်ရှန်ဘက်ကိုခရီးထွက်လာ ပါသတဲ့ ။ သူ့ခမြာခရီးသာထွက်လာပေမဲ့ ဘာမှများများစားစားမပါရှာပါဘူး ။ အဝတ်ကလေးတစ်ထည်နှစ်ထည်နဲ့ စာအုပ်တွေရယ် ၊ ပြီးတော့တခြားပစ္စည်းအသုံးအဆောင်လေးဘာလေးထည့်ထားတဲ့ အဝတ်အိတ်ကလေးတစ်လုံး ပဲပါတာပါ ။ ဘာမှမပါဆိုတော့ဒီလိုလေ ။ ထန်ကူးဟာ မော်ဇီဂိုဏ်းဝင်တစ်ယောက်ကိုး ။ မော်ဇီဆိုတာ အဲဒီခေတ် ကအလွန်ခေတ်စားလိုက်သေးတဲ့ ငြိမ်းချမ်းခြင်းနဲ့ တပါးသူကိုကူညီခြင်းသာမြတ်သောအကျင့်အကြံဆိုတာကို ဦးထိပ် ထားတဲ့ ဘာသာရေးဂိုဏ်းတစ်မျိုးဆိုပါတော့ ။ ဒီမော်ဇီတွေဟာ မိုးအန့်မြေအန့်လျှောက်သွားပြီး ရှင်ဘုရင်ကနေစ လို့ နယ်စားပယ်စားတွေသာမက ရိုးရိုးလူနဲ့သူဖုန်းစားပါမကျန်အောင် သူတို့ရဲ့အယူဝါဒတွေကိုလိုက်လံဟောပြော နေတတ်တယ် ။ ဒီဂိုဏ်းဝင်တွေမှန်သမျှဟာ အလွန်ဆင်းရဲစုတ်ပြတ်စွာနေကြပြီး သူတစ်ပါးကိုကူညီဖို့ဆိုရင် သူတို့ ရဲ့အသက်ကိုတောင်စွန့်လွှတ်တတ်ကြသူတွေဆိုပြီး လူသိများပါသတဲ့ ။



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ဇာတ်လမ်းကိုဆက်ရရင် မော်ဇီဆရာကြီးထန်ကူးဟာ သူ့အတွေးနဲ့သူတငြိမ့်ငြိမ့်သွားနေတုန်း ရုတ်တရက်ပဲ ဆူဆူညံညံအသံတွေနဲ့အတူ ဒဏ်ရာရနေတဲ့ဝံပုလွေတစ်ကောင် သူ့ဘက်ကိုပြေးလာနေတာကို တွေ့လိုက်သတဲ့ ။ နောက်မှာလည်း မုဆိုးတွေဖြစ်ဟန်တူတဲ့ လူအုပ်ကြီးကအသံပေါင်းစုံနဲ့ အော်ဟစ်ကြွေးကြော်ပြီး မြင်းစိုင်းလို့လာနေကြတယ် ။ ဒါနဲ့မြည်းပေါ်ကမော်ဇီဆရာကိုလည်းမြင်ရော အန္တရာယ်မပြုမဲ့သူမှန်းသိဟန်နဲ့ ဝံပုလွေကနာနာကျင်ကျင်ညည်းရင်း အကူအညီတောင်းဟန်နဲ့ကြည့်နေသတဲ့ ။ ဝံပုလွေရဲ့နံဘေးမှာလည်း မြှားတန်းလန်းနဲ့ ။ ဒီတင် မော်ဇီဆရာထန်ကူးလည်း အင်မတန်သနားသွားပြီး ဒီလိုဆိုသတဲ့ ။

"......အို...သနားစရာကောင်းလိုက်လေ....လာ..လာ...ငါမင်းကိုရန်မပြုပါဘူး....မင်းကျောပေါ်ကမြှားကိုနုတ်ပေးမလို့ပါ...."

ဒီတင်ဝံပုလွေက အခြေအနေကိုရိပ်မိသွားပြီး ဝမ်းသာအားရဆိုတယ် ။

"......အို...ဆရာကြီးကမော်ဇီသမားကိုး...ကျုပ်ကိုကူညီပါဦးဗျာ....မုဆိုးတွေလွန်သွားတဲ့အထိ..ဆရာကြီးရဲ့အိတ်ထဲမှာခဏလောက်ပုန်းနေပါရစေ...ကျုပ်အသက်ကိုကယ်ပါဦး...ဆရာကြီးရယ်...ကျေးဇူးမမေ့ပါဘူး........"

"....အင်း....မင်းမလဲမုဆိုးအုပ်နဲ့မှထိပ်တိုက်တွေ့တော့တာကိုး....ဒီလိုအဖြစ်မျိုးကိုရှောင်လွှဲနိုင်ဖို့တော့...မင်းရှေ့လျှောက်ကိုပါးနပ်လိမ္မာမှဖြစ်မှာကွဲ့....ကဲ..လာ..လာ...ကျေးဇူးတွေဘာတွေပြောမနေပါနဲ့ကွယ်...တို့မော်ဇီတွေကသူတပါးကိုကူညီခွင့်ရရင်ကို..စိတ်ချမ်းသာနေရတာပါ...မြန်မြန်ဝင်ဟေ့...."

ဆိုပြီးပြောပြောဆိုဆိုနဲ့ ထန်ကူးလည်းအိတ်ထဲကပစ္စည်းတွေအကုန်ထုတ်ပြီး ဝံပုလွေကိုအတင်းထိုးထည့်သတဲ့ ။ ဝံပုလွေကအကောင်တော်တော်ကြီးတာကတကြောင်း ၊ အိတ်ကလေးကလည်း ခပ်သေးသေးဆိုတော့ မဆံ့မပြေတော့ဖြစ်တာပေါ့လေ ။ ခေါင်းပိုင်းလုံသွားရင် နောက်ခြေနဲ့အမြီးကထွက်လာလိုက် ၊ နောက်ခြေကနေစပြီးဝင်ပြန်ရင်ခေါင်းနဲ့ရှေ့ခြေကမဆံ့ဖြစ်လိုက်နဲ့ ဒုက္ခများနေသတဲ့ ။ နောက်ဆုံးဘယ်လိုကြိုးစားပေမဲ့ မရတဲ့အဆုံးမှာဝံပုလွေကကြောက်လန့်တကြားနဲ့အော်ဟစ်တောင်းဆိုတော့တာပဲ ။

".....ဆရာကြီး..ကျုပ်ကိုကြိုးနဲ့တုပ်ပြီးသာအိတ်ထဲထည့်လိုက်ပါတော့...မြန်မြန်လေးလုပ်ပါ...မုဆိုးတွေနီးလှပြီ....."



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ထန်ကူးလည်း မြည်းပေါ်ကနေကပျာကယာဆင်းပြီး ဝံပုလွေရဲ့ခြေလက်တွေကိုပူးချည်လိုက်ပြီးတခါ ခေါင်းနဲ့ပါတသားတည်းဖြစ်အောင်တုပ်ပစ်လိုက်ရသတဲ့ ။ ပြီးတော့အိတ်ထဲကိုအတင်းလိမ်ဖယ်ပြီးထည့်လိုက်တော့ တစ်ကိုယ်လုံးဝင်သွားရော ။ ပြီးတာနဲ့မသိမသာပဲမြည်းကျောကုန်းပေါ်ကိုပစ်တင်လိုက်ပါသတဲ့ ။ ကိုင်း..ဝံပုလွေက တော့အိတ်ထဲရောက်သွားပြီ ။ ဒါပေမဲ့ မြားဒဏ်ရာကနေထွက်လာတဲ့သွေးတွေဟာ အိတ်ကိုလာစွန်းနေပြန်တယ် ။ ဒါတင်မကထန်ကူးရဲ့လက်တွေမှာလည်းသွေးသံရဲရဲဖြစ်နေတဲ့အပြင် သွေးစက်တွေကလည်း ဝံပုလွေပြေးလာခဲ့ရာ လမ်းတစ်လျှောက်လုံးထင်းထင်းကြီးဖြစ်နေပြန်သတဲ့ ။ မော်ဇီထန်ကူးခမြာလည်း အတော်အကြံရကြပ်သွားတာ ။ ဒါနဲ့သွေးစီးကြောင်းတွေကိုအတင်းဖုန်နဲ့ပွတ်ဖျက် ၊ လက်တွေကိုအမြန်သုတ်သင်ပြီး ၊ အိတ်ပေါ်ကသွေးကွက်ကြီး ကိုလည်းအတွင်းဘက်ကိုအတင်းရွှေ့ရပြန်တယ် ။ မကြာပါဘူး ၊ မြို့စားမင်းနဲ့ မုဆိုးအခေါ်ဘဏီတပ်ကြီးရောက်ချ လာကြတော့တာပဲ ။

"........ဟေ့...မောင်မင်း..ဒီအနားမှာဝံပုလွေတစ်ကောင်ပြေးလာတာများမတွေ့မိဘူးလားကွဲ့.......''

"..........မမြင်မိပါဘူး...မြို့စားမင်းခင်ဗျား...ဝံပုလွေတွေဆိုတာအလွန်ပါးနပ်တဲ့သတ္တဝါတွေပဲ...အရှင်တို့အနောက် ကနေလိုက်လာမှန်းသိရင်..ဒီလိုလမ်းမကြီးအတိုင်းဘယ်လာပါ့မလဲဗျာ...တောအုပ်ထဲတစ်နေရာမှာပုန်းနေမယ်လို့ ထင်တာပါပဲ......''

ဒါနဲ့မြို့စားက လက်ထဲကဓါးရှည်တဆဆနဲ့ မကျေမနပ်ဆိုသတဲ့ ။

".......အေးလေ..ထားပါတော့....ဒါပေမဲ့ငါကိုယ်တော်အမဲလိုက်တာကိုဝင်ရှုပ်ပြီး..ဒီတိရစ္ဆာန်ကိုကူညီတဲ့သူကတော့ မသက်သာဘူးသာမှတ်...ဟင်း.....''

"...ဒီဝံပုလွေကိုများတနေရာရာမှာ..ကျုပ်တွေ့မိခဲ့ရင်..အရှင့်ကိုသံတော်ဦးတင်ပါ့မယ်...ခွင့်ပြုပါဦး..မြို့စားမင်း...''

ဆိုပြီးထန်ကူးကခပ်အေးအေးပဲ ခရီးဆက်ထွက်လာသတဲ့ ။ ဒါနဲ့အမဲလိုက်အဖွဲ့ရဲ့မြင်းခွာသံတွေ တိတ်ဆိတ်သွား တဲ့နေရာရောက်တော့ အိတ်ထဲကဝံပုလွေကအော်တော့တာပဲ ။



www.burmeseclassic.com

"…အောင်မယ်လေး…ဒီအထဲမွန်းလွန်းလို့သေရပါတော့မယ်…ဗျို့..ဆရာကြီး..ကျုပ်ကိုအပြင်ထုတ်ပေးပါတော့.."

ဒါနဲ့မော်ဇီကြီးထန်ကူးလည်းမြည်းပေါ်ကအမြန်ဆင်းပြီး ဝံပုလွေကိုအိတ်ထဲကထုတ်လို့ ကြိုးတွေဖြည်ပေးရင်းနဲ့မေးရတယ် ။

"…….ဒဏ်ရာကကောနာနေသေးလားကွဲ့…ကံကြီးလို့ပါလား…မောင်ဝံပုလွေရာ……"

"……အို…ဒီဒဏ်ရာလောက်ကတော့..အသေးအဖွဲပါ…ဆရာကြီးရဲ့…ကျုပ်အသက်ကိုကယ်ခဲ့တဲ့အတွက်ကျေးဇူးတင်လက်စနဲ့ပဲ..နောက်ထပ်အကူအညီတစ်ခုတောင်းပါရစေဦးဗျာ….."

"……..ဘာများလဲကွယ်…ငါတတ်နိုင်တာဆိုရင်..အစွမ်းကုန်ကူညီပါမယ်…တို့မော်ဇီတွေဟာလောကကြီးထဲကသက်ရှိသက်မဲ့မှန်သမျှကို..မေတ္တာထားကြသူတွေပါ…ကိုင်း….ငါဘာထပ်ကူညီရဦးမလဲ…."

ဝံပုလွေက ပေစောင်းစောင်းနဲ့ မော်ဇီကြီးထန်ကူးကိုကြည့်ရင်း ဆိုသတဲ့ ။

"…….ဒီလိုလေ..ကျုပ်ဗိုက်အလွန်ဆာနေပြီ…အဲဒါ…."

"…..ဟေ…အဲဒီတော့……"

"…အဲဒီတော့…ကျုပ်အစာမစားရတာသုံးရက်တိတိရှိပြီ..ဆရာကြီးရဲ့….ခင်ဗျားကတော့ကျုပ်အသက်ကိုကယ်လိုက်တာမှန်ပါရဲ့..ဒါပေမဲ့ကျုပ်အစာပြတ်ပြီးဒီညမှာပဲသေသွားခဲ့မယ်ဆိုရင်..ဆရာကြီးကူညီခဲ့မှုဟာအလဟဿဖြစ်သွားတော့မှာပေါ့…ဒီတော့ပို့မဲ့ပို့ကူးတို့ရောက်အောင်ဆိုသလို…ဆရာကြီးကိုကျုပ်စားခွင့်ပေးပါလို့ဆိုချင်တာပါပဲ…ကျုပ်လည်းအသက်ချမ်းသာရာရတဲ့အပြင်..ဆရာကြီးလည်းသူတပါးကိုအဆုံးစွန်ကူညီခွင့်ရမှာဆိုတော့…ကျုပ်ရဲ့အစီအစဉ်မကောင်းပေဘူးလားဗျာ…."



www.burmeseclassic.com

www.burmeseclassic.com

ထန်ကူလည်း ပြောရင်းဆိုရင်း သွားရည်တမြားမြားနဲ့ အစွယ်တဖွေးဖွေးဖြစ်လာတဲ့ ဝံပုလွေကိုကြည့်ပြီး လန့်လာပါသတဲ့ ။ ဒီတင်ပဲ ဝံပုလွေကမာန်ဖီလိုက်ပြီး သူ့လည်မျိုတည့်တည့်ကိုခုန်ဟပ်လိုက်ပါလေရော ။ ထန်ကူး အရှောင်မြန်ပေလို့သာပေါ့ ။ ဒါနဲ့မြည်းကလေးကို အကာအကွယ်ယူပြီးအတင်းအော်ရသတဲ့ ။

"......ဟဲ့ကောင်...ဟဲ့ကောင်...ဝံပုလွေဆိုး...ရပ်စမ်း....မင်းငါ့ကိုဒီလိုလုပ်ဖို့ဘယ်ကောင်းမလဲကွ....."

"......ဘာဖြစ်လို့မကောင်းရမှာလဲ....ဆရာကြီးရဲ့...."

".......ဟဲ့..တိရစ္ဆာန်ရဲ့...မင်းအသက်ကိုငါအခုလေးတင်ကယ်ထားတာ..မေ့သွားပြီလား...."

ဒါနဲ့နှစ်ဦးသားမြည်းကလေးကိုအလယ်မှာထားပြီး ဝိုင်းကြီးပတ်ပတ်နဲ့လိုက်သူကလည်းအတင်းလိုက်ဆွဲ ၊ ပြေးသူကလည်းအော်ရင်းဟစ်ရင်းပြေးသတဲ့ ။ မြည်းကလေးကတော့ ရှုပ်ယှက်ခတ်နေတဲ့ကြားထဲမှာ အလန့်တကြားဟီ လို့ပေါ့ ။ အတော်မောလာတဲ့ မော်ဇီဆရာကြီးလည်း မြည်းကလေးရဲ့တစ်ဖက်ကနေ လှမ်းအော်ပြန်တယ် ။

"......ဝံပုလွေရဲ့...ငါပြောတာနားထောင်စမ်းပါဦး...မျှမျှတတတော့လုပ်ဦးမှပေါ့ကွ...ဘာကိစ္စငြင်းခုန်နေမလဲ...မင်း ကသာဗိုက်ဆာဆာနဲ့အသက်သခင်ကျေးဇူးရှင်ကိုစားပစ်ဖို့လုပ်နေပေမဲ့....ငါကတော့မင်းအယူအဆမှန်တယ်ဆို တာကိုလက်သင့်မခံနိုင်ဘူးမောင်...မင်းအခုနေငါ့ကိုအတင်းစားပစ်ပြီဆိုကြပါစို့...မင်းဆုံးဖြတ်တာမမှန်ခဲ့ရင်..မင်း တစ်သက်လုံးဘယ်လိုပ်ပြာလုံနိုင်ပါတော့မလဲ...မင်းရဲ့အယူအဆဟာယုတ္တိတန်မတန်..လုပ်သင့်မလုပ်သင့်ဆိုတာ ကိုမှမသိချင်တော့ဘူးလားကွဲ....."

"........ဟုတ်တော့ဟုတ်ပါတယ်...ဒါပေမဲ့..ကျုပ်ဗိုက်အရမ်းဆာနေပြီ...ဆရာကြီးရဲ့...ကျုပ်ရဲ့အယူအဆယုတ္တိတန် တန်မတန်တန်..သိပ်ပြီးအရေးမကြီးလှပါဘူး...."

"...ဒီလိုနဲ့တော့ငါကအလျှော့ပေးလိမ့်မယ်မထင်နဲ့ကွ...မင်းမလှုပ်နိုင်အောင်မောနေတဲ့အထိငါကအတင်းပတ်ပြေး နေမှာပဲ....မင်းကငါ့ကိုစားချင်သပဆိုရင်တော့..တို့ခုံသမာဓိရှာပြီးဒီကိစ္စကိုဆုံးဖြတ်ခိုင်းမှရမယ်.....ဒီတော့ထုံးစံအ တိုင်းသက်ကြီးဝါကြီးသုံးဦးကိုရှာပြီး...မင်းရဲ့အသက်ကိုလောလောလတ်လတ်ကယ်ထားတဲ့ငါ့ကို....မင်းစားသင့်မ



www.burmeseclassic.com

www.burmeseclassic.com

စားသင့်ဆုံးဖြတ်ခိုင်းကြတာပေါ့......"

"........ကောင်းပြီလေ...ဒါဆိုလည်းခင်ဗျားသဘောပဲ....သိပ်တော့မကြာစေနဲ့ဗျို့...ကျုပ်တို့ဝံပုလွေတွေရဲ့အယူအဆအရဆိုရင်..လူဆိုတာကဝံပုလွေတွေစားဖို့ဖြစ်လာတာပဲ...ခင်ဗျားတို့လူဆိုတဲ့အမျိုးကအစွယ်မပါဘာမပါနဲ့ကိုယ့်ကိုယ်ကိုလည်းခုခံကာကွယ်နိုင်တာမဟုတ်...အဖက်ဖက်ကနေလည်းယိုယွင်းနေသေးတာများ...ခင်ဗျားမို့လို့ကျုပ်လိုဝံပုလွေရဲ့အစာအဖြစ်ကို...အသာတကြည်လက်မခံနိုင်တာအံ့ပါရဲ့ဗျာ...."

ဒါနဲ့ပေါ့လေ..နစ်ယောက်သားခုံသမာဓိလိုက်ရှာလိုက်ကြတာ နေတောင်စောင်းသွားပါသတဲ့ ။ ဘယ်သူ့ကိုမှမတွေ့ဘူး ။ ဒါနဲ့ဝံပုလွေကစိတ်မရှည်တော့ပြန်ဘူး ။

"......ဆာလှပြီဗျို့...လှုပ်တောင်မလှုပ်ချင်တော့ဘူး...ဟောဟိုကသစ်ငုတ်ကိုပဲ..ခုံသမာဓိလုပ်မေးကြစို့ဗျာ..."

"........ဟ..ဝံပုလွေရ...ဒီသစ်ငုတ်တိုကဘာသိမှာတုန်း...."

"......မေးကြည့်မှသိမှာပေါ့ဗျ....ခင်ဗျားခုံသမာဓိလုပ်မေးစရာ..သူ့အပြင်ဘာတွေ့လို့တုန်း...."

ဒါနဲ့မော်ဇီဆရာထန်ကူးကလည်း မကြည်မသာနဲ့ သူဟာအသက်အန္တရာယ်ကိုတောင် အမှုမထားဘဲ မြို့စားနဲ့မှုဆိုးတွေရဲ့လက်ကနေ ဝံပုလွေကိုဘယ်လိုကယ်ခဲ့ကြောင်း ဇာတ်ကြောင်းပြန်ပြရင်းမေးသတဲ့ ။

"......ကိုင်း....အဲဒီတော့ဦးသစ်ငုတ်ပဲတွေးကြည့်စမ်းပါဦး...သူ့အသက်ကိုကယ်ခဲ့တဲ့ကျေးဇူးရှင်ကျုပ်ကို..ဒီဝံပုလွေကစားပစ်မယ်လုပ်နေတာအင်မတန်ကျေးစွပ်ရာကျမနေဘူးလားဗျာ....."

သစ်ငုတ်တိုက လှိုဏ်သံပါပါနဲ့ဆွေးဆွေးမြေ့မြေ့ဆိုတယ် ။

"......အင်း...ကျေးဇူးတရားနဲ့ကျေးစွပ်မှုဟုတ်လား....ကျုပ်ရဲ့ဘဝဇာတ်ကြောင်းကိုပြောပြချင်ပါသေးတယ်....ကျုပ်ကဆီး(ဇီး)ချိုပင်ပေါ့ဗျာ...ဥယျာဉ်မှူးစပျိုးတော့ကျုပ်ကအစေ့ဘဝပဲရှိသေးတယ်..တစ်နှစ်သားရောက်တော့လူတွေ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကြည်နူးရာ..ပန်းသွေးသန်းနေတဲ့အပွင့်ဖြူလွလွတွေကို..အရွက်တောင်မထိုးရအောင်စပွင့်ပေးခဲ့တာပဲ…ဒီလိုနဲ့ သုံးနှစ်သားမှာတော့ကျုပ်အသီးစသီးတယ်…..အသက်ငါးနှစ်မှာကျုပ်ပင်စည်ကလူကြီးလက်မောင်းလောက်တုတ် လာခဲ့တာပေါ့…ဆယ်နှစ်ကြာတော့ကလေးတစ်ကိုယ်စာလောက်ကိုကြီးလာခဲ့ပြီ…အခုတော့ကျုပ်အသက်နှစ်ဆယ် ပြည့်ပါပြီ…အိုပြီပေါ့ဗျာ…ကျုပ်ဘဝတစ်လျှောက်လုံးမှာ..သခင်ဉယျာဉ်မှူးနဲ့သူ့မိသားစုအတွက်အင်မတန်ချိုနှစ်နေ တဲ့အသီးတွေနှစ်စဉ်ဖောဖောသီသီသီးပေးခဲ့တာပေါ့….ဘယ်လောက်တောင်လဲဆိုမိသားစုတစ်ခုလုံး..အဝအတင်း စားရတဲ့အပြင်..အိမ်နီးချင်းတွေကိုပါဝေမျှမကုန်နိုင်လို့..ဈေးမှာတောင်တင်ရောင်းရတဲ့အထိပါပဲ…အခုတော့သခင် ဉယျာဉ်မှူးကကျုပ်ကိုအိုပြီတဲ့လေ..ကျုပ်လည်းအသက်ရလာတော့အရင်လိုအသီးမတင်လှတော့ဘူးကိုး..ဆိုတော့ အနှစ်နှစ်ဆယ်စလုံးရာသီအလျောက်ပန်းတွေ..အသီးတွေ..အရိပ်အာဝါသတင်မက..ငွေစပါဖြည့်ဆည်းပေးခဲ့တဲ့ ကျုပ်ကိုအသုံးမကျတော့ဘူးဆိုပြီး…ကျုပ်ရဲ့ခြေတွေလက်တွေအကိုင်းအခက်တွေကိုခုတ်ဖြတ်ပြီးထင်းဆိုက်သဗျ ဒါနဲ့တင်မကျေနပ်သေးပဲ..ကျုပ်ရဲ့ခန္ဓာကိုယ်ပင်စည်ကြီးကိုပါခုတ်လှဲပြီး..ပန်းပုသမားတွေဆီရောင်းပစ်တယ်လေ… အခုကျန်သမျှတော့ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ….ဆိုတော့ဒါဟာဘဝပဲမဟုတ်လား…ကျေးဇူးတရားဆိုတာခင်ဗျား တို့လူတွေဆီမှာအခေါင်းပါးဆုံးအရာပဲဟာ….ဒီတော့ခင်ဗျားအစားခံသင့်တာပေါ့..မော်ဖိုကြီးရဲ့…..”

“……ကြားရတာတန်ဖိုးရှိလိုက်တာ…သစ်ငုတ်တိုကြီးရယ်…ပညာရှိလိုက်ပါဘိ…..”

ဆိုပြီးဝံပုလွေကဝမ်းသာအားရနဲ့ ထန်ကူးကိုခုန်အုပ်ဖို့ဟန်ပြင်သတဲ့ ။

“….ဟဲ့..ဟဲ့…နေဦးလေ….နောက်ထပ်ခုံသမာဓိနှစ်ယောက်ရဲ့အမြင်ကိုလည်း..နားထောင်ဦးမှပေါ့..ဝံပုလွေရ…”

“…..အေးလေ…ဒါဆိုလဲပြီးတာပဲ…ဒါပေမဲ့ဗျာ..ကျုပ်ပဲပိုက်ပိုဆာလာလို့လားတော့မသိဘူး..ခင်ဗျားကိုကြည့်ရတာပို ပြီးတောင်အရသာနဲ့ပြည့်စုံလာသလိုပဲ….ရှလွတ်…..”

ဒါနဲ့ဆက်ရှာကြတော့ ခြံတစ်ခုထဲမှာငြီးငွေ့စွာရပ်နေတဲ့ ကျွဲအိုတစ်ကောင်ကိုတွေ့ကြပြန်သတဲ့ ။ ဝံပုလွေ ကဝမ်းသာအားရနဲ့ဆိုတယ် ။

“…..ဟာ…အတော်ပဲ..ဒီကျွဲကိုသွားမေးကြရအောင်…သူ့ကိုကြည့်ရတာဘဝအကြောင်းအတော်သိဟန်တူတယ်…”



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့မော်ဇီထန်ကူးလည်း ကျွဲအိုကြီးနားသွားပြီး သူတို့ရဲ့ဇာတ်ရှုပ်ကြီးကိုပြောပြပြန်ပြီး ဝံပုလွေကသူ့ကိုစားသင့်မစားသင့်ဆုံးဖြတ်ပေးဖို့ မေတ္တာရပ်ခံသတဲ့ ။ ကျွဲကြီးကသူတို့ကို စိတ်မပါ့တပါနဲ့ငေးကြည့်နေသေးတယ် ။ ပြီးမှမကြည်မသာနဲ့ နှုတ်ခမ်းကိုလျှာနဲ့သိမ်းသပ်ပြီးဆိုသတဲ့ ။

"…..ဆီး(ဇီး)ငုတ်တိုပြောတာမှန်သကွဲ့….ငါ့ကိုပဲကြည့်ကြစမ်းပါ…အိုမင်းလာတော့…အစာရေစာပြတ်ပြီးအလိုလိုသေသွားအောင်ပစ်ထားခံရလို့…အခုလိုပိန်ညှော်နေရတာပဲ…ငါငယ်ငယ်ကျွဲပေါက်ဘဝတုန်းကများမင်းတို့မြင်စေ့ချင်တယ်..ကျွဲပေါက်လောက်နီးနီးသန်တယ်ဆိုတာ..အလကားပြောတာမဟုတ်ဘူးကွဲ့…ငါ့သခင်လယ်သမားကသူ့နွားတွေအိုလာတော့..ငါ့ကိုဈေးကနေဝယ်လာခဲ့ပြီး..လယ်ထဲချတယ်…ငါကလည်းသန်တုန်းမြန်တုန်းဆိုတော့ရုန်းလိုက်တာဘာပြောကောင်းမတုန်း…ငါ့သခင်ရဲ့လက်ရုံးပေါ့ကွာ..သူခရီးသွားရင်လည်းငါ့စီးသွားတာပဲ..လယ်ရိုင်းတွေကိုထွင်ချင်ပြီဆိုရင်လည်း..ငါကပဲထွန်ပေးခဲ့တာပေါ့…ကောက်စိုက်ချိန်ဆိုသခင်နဲ့အတူရွှံ့ထဲရေထဲတစ္စပ်စွပ်နဲ့ထွန်လိုက်ထယ်လိုက်..ဟော..ကောက်ရိတ်ချိန်ကျတော့စပါးနယ်ပေးသေးတယ်…သခင့်လယ်နစ်ကွက်သုံးကွက်ကတော့..ငါရုန်းလို့ဖြစ်လာတာပေါ့ကွယ်…ပြောမယ်ဆိုရင်ငါ့သခင်ရဲ့အဝတ်အထည်..အစားအသောက်..အိုကုန်ကုန်ပြောရရင်..အခွန်တော်ငွေကအစငါရှာပေးခဲ့တာလို့ပြောလို့ရပါတယ်…အခုတော့သူ့မှာကျီတောင်ချဲ့ပြီးခဲ့ပြီ..သားကိုလည်းအိမ်ထောင်ချပေးခဲ့ပြီ…မြေတွေတစ်ပုံကြီးနဲ့လည်းအေးအေးဆေးဆေးနေရပြီ…မင်းတို့ငါ့လာစကသခင့်အခြေအနေကိုမြင်ရရင်အံ့ဩမှာ..အခုလိုရှုးခတ်ကျွေးမွေးမဲ့အစေခံတွေမဆိုထားနဲ့..သူကိုယ်တိုင်တောင်မြေခွက်ထဲကနေစားခဲ့ရတာကွဲ့…အခုတော့မြေအောက်ခန်းမှာတောင်အရက်စည်ထားနိုင်တဲ့အဆင့်ရောက်ပြီပေါ့လေ…ဆိုတော့ဝံပုလွေအပေါ် တင်ရှိတဲ့မင့်ကျေးဇူးဟာ..ငါ့သခင်အပေါ် ငါပေးဆပ်ခဲ့တဲ့ကျေးဇူးတွေနဲ့ယှဉ်လိုက်ရင်ဘာဖြစ်လောက်မလဲကွယ်..အခုတော့ငါ့သခင်ရဲ့မိန်းမကငါ့ကိုအိုပြီတဲ့လေ..အသုံးမကျတော့ဘူးတဲ့..ဆိုတော့တင်းကုတ်ထဲထားရင်..ကောက်ရိုးကုန်တယ်ဆိုပြီး..ငါ့ကိုအပြင်မှာမိုးထဲလေထဲလွှတ်ထားတာပဲ…အခုတောင်ငါ့မှာနည်းနည်းမှန္မေးပါစေတော့ဆိုပြီး..နေဆာလာလှုံနေရတာပဲ…မထူးပါဘူးကွာ..ညကျတော့လည်းချမ်းကချမ်းနဲ့….ငါ့တစ်ယောက်တည်းပါပဲ….ကိစ္စမရှိပါဘူးကွယ်….ဘယ်သူမဆိုအချိန်တန်ရင်အိုရနာရသေရတာပါပဲ….ဒါတောင်တစ်နေ့ကငါ့သခင်မိန်းမပြောနေသံကြားရတယ်…ငါ့ကိုသားသတ်သမားဆီပို့တော့မယ်တဲ့လေ….ကျွဲကြီးကအိုနေပေမဲ့သူ့အသားကိုအသားခြောက်တော့လုပ်လို့ရသေးတယ်…ပြီးတော့အရေခွံခွာပြီးသားရေနယ်လို့ရတာပေါ့….ချိုနဲ့ခွာကိုတော့အသုံးအဆောင်ပစ္စည်းလုပ်မယ်လေဆိုပြီး..ငါ့သခင်ကိုတိုင်ပင်နေလေရဲ့….ဆိုတော့ဒါလူတွေရဲ့ကျေးဇူးသိတတ်ပုံပေါ့ကွာ….ဒါဟာဘဝပါပဲ…မင်းသူ့အသက်ကလေးတစ်ခါကယ်ရုံနဲ့..ဒီဝံပုလွေရဲ့အစားမခံသင့်ဘူးလို့ဘာလို့ငြင်းခုန်နေရသလဲဆိုတာ..နားမလည်နိုင်ပါဘူး….မင်းတို့လူတွေလောက်ကျေးစွပ်တာရှိဦးမလားကွာ….."



www.burmeseclassic.com

www.burmeseclassic.com

ဝံပုလွေလည်း ကျွဲအိုကြီးရဲ့စကားအဆုံးမှာဝမ်းသာအားရနဲ့ ထန်ကူးရဲ့လက်မောင်းကိုထဆွဲပြန်သတဲ့ ။ ချွေးပြန်စပြုနေတဲ့ မော်ဇီဆရာထန်ကူးလည်း လက်မတင်ကလေးရှောင်တိမ်းပြီး သတိပေးရတာပေါ့ ။

"......ဟဲ့...ဟဲ့...ဝံပုလွေရဲ့...စိတ်ရှည်လက်စနဲ့တော့ရှည်လိုက်ပါဦးကွဲ့....တတိယခုံသမာဓိရဲ့အဆုံးအဖြတ်ကိုနာခံဖို့မင်းသဘောတူထားခဲ့တာပဲဟာကို...ကိုယ့်ကတိကိုကိုယ်သတိရဦးမှပေါ့ကွ...."

ဒါနဲ့တတိယမြောက်ခုံသမာဓိကိုလိုက်ရှာဖို့လုပ်ကြတော့ အခန့်သင့်ပဲအဖိုးကြီးတစ်ယောက်ဟာတုတ်ကလေးထောက်ကာထောက်ကာနဲ့ သူတို့ဘက်ကိုလာနေတာတွေ့ရသတဲ့ ။ အဖိုးကြီးက မုတ်ဆိတ်ဖြူရှည်ရှည်နဲ့အဝတ်အစားဖြူဖြူစင်စင်နဲ့ဆိုတော့ သူတော်စင်ကြီးနဲ့တောင်တူတယ် ။ ထန်ကူးလည်း လူတစ်ယောက်ကိုခုံသမာဓိအနေနဲ့မေးခွင့်ရမှာဆိုတော့ ဝမ်းသာအားရနဲ့ သူတို့ရဲ့အမှုကိုပြောပြပေးပြီး ဆုံးဖြတ်ပေးဖို့တောင်းပန်သတဲ့ ။

".....ကျုပ်အသက်ကိုကယ်ပါဦး...အဘရယ်...အဘကနောက်ဆုံးခုံသမာဓိဆိုတော့ဘဘရဲ့ဆုံးဖြတ်ချက်ကကျုပ်အတွက်အလွန်အရေးကြီးလို့ပါ...."

ဒါနဲ့သူတို့ဇာတ်လမ်းကိုလည်းကြားရော ၊ အဖိုးကြီးကဝံပုလွေကိုစိတ်ဆိုးမာန်ဆိုးနဲ့ကြည့်ပြီး ဆူပူငေါက်ငမ်းတော့တာပဲ ။

".........ဘယ်လိုကွဲ့..ကျေးဇူးကန်းလှချည်လားကွ.....ဟေ....ကျေးဇူးကန်းတဲ့သူဟာအိုမင်းမစွမ်းအရွယ်မှာကျေးဇူးကန်းတဲ့သားရပြီး..ဝဋ်လည်တတ်တယ်ကွဲ့......မင်းဘယ်လောက်ပဲလုပ်ကိုင်ကျွေးမွေးခဲ့ပေမဲ့..မင်းအသက်ကြီးလာတဲ့အခါကျရင်..မင်းသားကမင်းအပေါ် မထီမဲ့မြင်နဲ့ပစ်ထားမှာပဲကွ..ထို့..ကျေးဇူးကန်းတဲ့သတ္တဝါလောက်လောကမှာယုတ်ညံ့တာမရှိတော့ဘူး...ထွက်သွားစမ်း.....ဝံပုလွေစုတ်...တယ်...ငါသတ်မိတော့မယ်....."

"........နေပါဦး...အဘရဲ့....အဘကဒီမော်ဇီကြီးတဖက်သတ်ပြောတာကိုပဲ..နားထောင်ပြီးဆုံးဖြတ်တော့မလို့လား.ကျုပ်ပြောတာကိုလည်းနားထောင်ပါဦး....မော်ဇီဆရာကကျုပ်ကိုကယ်တာတော့ဟုတ်ပါရဲ့...ကျုပ်ကိုသူ့အိတ်ကြီးထဲထိုးထည့်ထားတုန်းကများ...အသက်တောင်မရှူနိုင်ဘူး...တကိုယ်လုံးကိုချိုးလိမ်ထားလိုက်တာလည်းသေတော့မလိုတောင်ထင်ရတယ်...ကယ်တယ်ဆိုတာနာမည်ပဲရှိတာပါဗျာ...ကျုပ်မှာနာကျင်မွန်းကြပ်တာတောင်ပိုသေး...."



www.burmeseclassic.com

www.burmeseclassic.com

"........ဒီလိုဆိုရင်တော့..ဒီမော်ဇီလည်းအပြစ်မကင်းဘူးပဲကွ..."

လို့လည်းအဖိုးကြီးကပြောလိုက်ရော တစ်ခါပြန်ပြီးပြောကြဆိုကြငြင်းကြခုန်ကြနဲ့ ဘယ်သူကဘယ်သူ့ကိုနားထောင်ရမှန်းတောင်မသိတော့လောက်အောင်ကို ဆူညံပွက်လောရိုက်ကုန်ပြန်ပါသတဲ့ ။ နောက်ဆုံးတော့ အဖိုးကြီးလည်းသည်းမခံနိုင်တော့ဘဲ ဖြတ်အော်လိုက်ပါရော ။

".......ဟေ့.....ဗိုင်းတာမသားတွေ...နေကြဦးဟ...မင်းတို့နှစ်ယောက်စလုံးကတပြိုင်တည်းပြောနေကြတော့...ငါကဘယ်လိုနားထောင်ပြီးဆုံးဖြတ်ပေးရမှာလဲကွ..ဟေ...ဒီမော်ဇီကလည်းဝံပုလွေရဲ့အသက်ကိုသူကယ်တယ်လို့ပြောတယ်....ဝံပုလွေကလည်းမော်ဇီကသူ့ကိုကယ်သလိုလိုနဲ့နှိပ်စက်သတဲ့....ဘယ်သူ့ကိုယုံရမှန်းတောင်မသိတော့ဘူးဒီတော့အမှန်ကိုသိရဖို့..တစ်နည်းပဲရှိတယ်...ကိုင်း...ဒီတော့ငါ့ကိုအစကနေပြန်သရုပ်ဖော်ပြကြစမ်း....ဒါမှမော်ဇီကဘယ်လိုကယ်သလဲ...ဝံပုလွေကလည်းဘယ်လောက်တောင်အနာတရဖြစ်သွားသလဲဆိုတာကို..ငါ့မျက်စေ့နဲ့ကြည့်ပြီးမှအမှန်ကိုဆုံးဖြတ်နိုင်မယ်......."

".......ဟုတ်ပြီလေ...အဘပြောတာမှန်ပါတယ်...ကဲ...မော်ဇီကြီး...ခင်ဗျားကျုပ်ကိုခုနင်ကဝက်တုပ်တုပ်သလိုနာနာသာတုပ်ပေတော့...ညစ်ပြီးညှာမယ်မကြံနဲ့နော်...ဟင်း...ပြီးရင်ခွေခေါက်ပြီးအိတ်ထဲသာထိုးထည့်လိုက်...."

ဒါနဲ့ဝံပုလွေကိုနာနာတုပ်ပြီး အိတ်ထဲထိုးထည့်လိုက်ရော ။ ပြီးတာနဲ့အဖိုးကြီးက မော်ဇီထန်ကူးနားကပ်ပြီးတိုးတိုးလေးမေးသတဲ့ ။

"........မင်းမှာဓါးပါသလားကွဲ့....."

မော်ဇီဆရာလည်း ဇဝေဇဝါနဲ့ပြန်ဖြေတယ် ။

".....ဟုတ်ကဲ့..ပါပါတယ်ခင်ဗျ...."

"......ဟင်...မင်းကဒါဆိုဘာကိုစောင့်နေရသေးတာတုန်းကွ....."



www.burmeseclassic.com

"…….အဘက..အဘက..ကျုပ်ကို..ဟိုဒင်း..ဒီဝံပုလွေကိုသတ်ပစ်ဖို့ပြောနေတာလား…."

"……ဒါကတော့မင်းသဘောပေါ့ကွ….သူ့မသတ်ချင်ရင်သူစားတာခံရုံရှိတာပဲ…မေတ္တာရှင်ကြီးရဲ့..အဟေးဟေး…"

ပြောပြောဆိုဆိုနဲ့ အဖိုးကြီးလည်းခါးကိုယူပြီး ရယ်ရင်းမောရင်းနဲ့ပဲ မဝံ့မရဲဖြစ်နေတဲ့မော်ဇီဆရာထန်ကူးကိုကူပြီးတော့အိတ်ထဲကတလှုပ်လှုပ်ရုန်းနေတဲ့ ဝံပုလွေကိုသုတ်သင်ပစ်လိုက်သတဲ့ ။ ဒီတင် အသက်ကယ်ခဲ့တဲ့ ကျေးဇူးရှင်ကိုစားသင့်မစားသင့်ဆိုတဲ့ ပြဿနာလည်း တခါတည်းရှင်းသွားတော့တာပါပဲ ။

☯☯☯☯☯☯☯☯☯☯☯☯☯☯☯☯☯☯





www.burmeseclassic.com